ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# တရားအမွေခံ
# ဓမ္မဒါယာဒသုတ်
# တရားတော်

-၁၆၄၂-

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# တရားအမွေခံ

# ဓမ္မဒါယာဒသုတ်တရားတော်

သာသနာ—၂၅၂၆ ကောဇာ—၁၃၄၄

[ဒုတိယအကြိမ်]

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၁၂၈၈)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၀၉၃၂)

ဒုတိယအကြိမ်

---

အုပ်ရေ—၃၀၀၀

---

၁၉၈၃-ခုနှစ်

---

ဇန်နဝါရီလ

---

ပန်းချီ-စံတိုး

---

ဘလောက်-လွင်

---

မျက်နှာဖုံးရိုက်-အောင်သာ

---

စာအုပ်ချုပ်- အေးမိသားစု

---

ဓမ္မဒါန

ဦးအောင်ကိုး (ကင်းလွတ်ခွင့်အမှတ်-၁၃၇) ရတနာပုံသာသနာ့ ရိပ်သာ၊ စိန်ပန်းရပ်-အနောက်ပြင်၊ မန္တလေးမြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြ) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၉၀၊ အေ့ဘီ၊ ဝေဇယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပ-ရန်ကုန်က ပုံနှိပ်သည်။ ဖုန်း-၅၅၉၁၅



ဆဋ္ဌသင်္ဂီတိ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

# နိဒါန်း

## ဓမ္မဒါယာဒသုတ် ဟောခြင်း အကြောင်း

အခါတပါး၌ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကောသလတိုင်း ပြည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေ တော်မူသည်။ ထိုစဉ်အခါဝယ် ဗုဒ္ဓသာသနာတော်၌ လှူဒါန်း ပူဇော်သူတို့ များပြား သောကြောင့် ပစ္စည်း လာဘ်လာဘ အလျှံ့အလျှံ့ပေါများနေစဉ်မှာ ပစ္စည်းလာဘ်လာဘ ရရှိရေး အတွက် အချို့သောပုထုဇဉ်ရဟန်းတို့က မဖွယ်မရာကျယ်လောင် စွာ ပြောဆိုကြသည်ကို ကြားသိတော်မူရ၍ "ရဟန်းတို့အား ပစ္စည်းများ မအပ်စပ်" ဟု သိက္ခာပုဒ်ပညတ်ရန် မဖြစ်နိုင်သော ကြောင့် ယင်း၏အစား ဤဓမ္မဒါယာဒသုတ်တရားကို မြတ်စွာ ဘုရားရှင်က မဟာကရုဏာတော်ဖြင့် ဟောကြားတော် မူခဲ့ ပေသည်။

## သာသနာအရေး စိတ်မအေးကြ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တရာခန့် ကာလမှစ၍ ငွေကိုမအပ်မရာအလှူခံခြင်းစသည်ဖြင့် ပစ္စည်းအ မှု ခံယူရေးကို အလေးပြုလာခဲ့ကြသောကြောင့် လည်းကောင်း၊ အထူးအားဖြင့် ယခုခေတ်အခါ၌ ကျောင်းလှူမှုများ ဇာထိ အရှုပ် အထွေးများ ထင်ရှား ပေါ်ပေါက်နေသောကြော င့်

လည်းကောင်း ဗုဒ္ဓသာသနာတော်ကို ကြည်ညို လေးစားကြသော ရဟန်းရှင်လူတို့မှာ သာသနာတော်တည်တံ့ထွန်းကားရေး သန့်ရှင်း စင်ကြယ်ရေးအတွက် စိတ်မအေးပဲ ရှိနေကြရပါသည်။

## အေးစေမည့်ကျမ်းစာ ထွက်ပေါ်လာသည်

ဤကဲ့သို့ သောကရှုပ်ထွေး စိတ်မအေးပဲ ဆင်းရဲနေကြသော အချိန်အခါ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးက ယင်းဓမ္မဒါယာဒသုတ် ပါဠိတော်ကို ဖွင့်ပြ ဟောကြားတော်မူပြီးနောက် တရားအမွေကို ခံယူမှသာလျှင် မျက်မှောက်၌ ကဲ့ရဲ့ဖွယ်စသော အပြစ်ကင်း၍ ချမ်းသာခြင်း, အပါယ်ဆင်းရဲ စသည်မှ လွတ်ကင်း၍ နိဗ္ဗာန် ချမ်းသာကို ရနိုင်ခြင်းဟူသော အကျိုးများကို ထင်ရှားဖော်ပြလျက် တရားအမွေခံ-ဓမ္မဒါယာဒသုတ် တရားတော်ဟူသော အမည်ဖြင့် စာမူသန့်ပြုလုပ်၍ ဖြန့်ချိတော်မူစေပါသည်။

## နည်းယူဖွယ်ကောင်းလှ ရေးဖွင့်ပြ

ယင်း တရားစာ၌ အလွန် သိမ်မွေ့ နက်နဲသော အနက် အဓိပ္ပာယ်ရှိသည့် (ပါဠိတော်လာ) ပုဒ်, ဝါကျတို့ကို တပုဒ်ချင်း, တဝါကျချင်း အနက်ပေးပြီးလျှင် အဓိပ္ပာယ်ကိုလည်း အသိဉာဏ်ရှင်းအောင် တဆက်တည်း ရေးသားဖော်ပြထားပါသည်။ နမူနာပုံစံထုတ်ပြရလျှင် (နှာ—၅၉ ၆၀) ဗာဟုလိကာနှင့် သာထလိကာပုဒ်တို့ကို ရှင်းပြခြင်းမျိုးပင် ဖြစ်ပါသည်။

[ဒုတိယအကြိမ်]

ယင်းသို့ တပုဒ်ချင်း, တဝါကျချင်း ရှင်းပြပြီးနောက် ပုဒ်အများ, ဝါကျအများကိုလည်း ပေါင်းစပ်၍ အဓိပ္ပာယ် ရှင်းသည်ထက် ရှင်းအောင် အကျယ် ဖွင့်ပြထားပြန်ပါသည်။ ပုံစံပြရလျှင် (နှာ–၅၉–၌) ပစ္စည်းရဖို့ လောဘ်ရဖို့ ဘုန်းကြီးမှို ဒီဘက်က ဂရုစိုက်နေတယ်–စသည်ဖြင့် ဖွင့်ပြထားခြင်းမျိုးပင် ဖြစ်ပါသည်။

အကျယ်ချဲ့၍ ဖွင့်ပြပြီးနောက် အလွယ်တကူ နှုတ်တက် ဆောင်ထားနိုင်ရန် အကျဉ်းချုပ် ဆောင်ပုဒ်များ ကိုလည်း အသင့်စီပြီး ဖော်ပြထားပါသည်။ ပုံစံပြရလျှင်(နှာ–၆၀–၌)

ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေးပေါ့လျော့လျှင်– ဟူသော ဆောင်ပုဒ်မျိုးပင်။

## တသုတ်လုံးမှ ချုံး၍ပြ

ဓမ္မဒါယာဒ တသုတ်လုံး၌ အကျယ်ဟောပြ ထားသော တရားအားလုံးကို အကျဉ်းချုံး၍ စာကြောင်းရေ(၁၀) မျှဖြင့် နှိုးနှော ဖော်ပြထားချက်လည်း ပါရှိပေသည်။ ပုံစံပြရလျှင် (နှာ ၂၀၂-၌)

မြတ်စွာဘုရားက "ငါဘုရား၏ တရားအမွေကို ခံယူကြ၊ ပစ္စည်းအမွေကို မခံယူကြနှင့်၊ ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရမနေကြနှင့်"လို့ ညွှန်ကြားတော် မူခဲ့ပါတယ်။ အဲဒါကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ကဲ့ရဲ့ဖွယ်အပြစ်သုံးပါးနဲ့ ချီး

မွမ်းဖွယ် ဂုဏ်သုံးပါးဖြင့် ဝေဖန်ဖွင့်ပြပြီးတော့ "မြတ်စွာဘုရားက ပယ်ရန်ဟောထားတဲ့ လောဘ အစ ပမာဒ အဆုံး ရှိသော ကိလေသာ (၁၆) ပါးတို့ကို ပယ်ကြရမယ်၊ အဲဒီလို ပယ်ယင် ချီးမွမ်းဖွယ်ဂုဏ်နဲ့ ပြည့်စုံပြီး တရားအမွေခံအစစ် ဖြစ်နိုင်တယ်" ဆိုတာကိုလဲ သိစေပါတယ်၊ အဲဒီ ကိလေသာ တွေပယ်ဖို့ မဂ္ဂင်ရှစ်ပါးဆိုတဲ့ အလယ်လမ်းမှန် အကျင့်တရား ကိုလဲ ထုတ်ဖော်ပြီး ဟောခဲ့ပါတယ်—ဟူ၍ တသုတ်လုံး၌ အကျယ် ဟောထားသည့် တရားအားလုံးကို အကျဉ်းချုံး၍ နှီးနှောပြထားခြင်းမျိုး ဖြစ်ပါသည်။

ဤကဲ့သို့ အကျဉ်းချုံး၍ ပြထားခြင်းသည်—

၁။ ဟောကြားသည့် ပုဂ္ဂိုလ်အားဖြင့် မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာ၊

၂။ ဟောကြားပုံ အစီအရင်အားဖြင့် မြတ်စွာဘုရား၏ တိုက်တွန်းညွှန်ကြားချက်နှင့် အရှင်သာရိပုတ္တရာ၏ အကျယ်ဟောပြချက်၊

၃။ အမွေအားဖြင့် တရားအမွေနှင့် အာမိသပစ္စည်းအမွေ၊

၄။ အပြစ်နှင့်ဂုဏ်အားဖြင့် ကဲ့ရဲ့ဖွယ်သုံးပါးနှင့် ချီးမွမ်းဖွယ်သုံးပါး၊

၅။ တရားအယုတ်အမြတ်အားဖြင့် ပယ်သင့်သော ကိလေသာ (၁၆) ပါးနှင့် ပွားစေသင့်သော ပယ်ကြောင်းအကျင့် မဂ္ဂင် (၈)ပါးဟူသော

တသုတ်လုံး၌ အကျယ် ပြထားသည့် တရားအားလုံးကို အကျဉ်းချုပ်ဆက်စပ်လျက် နှီးနှော၍ပြထားသောကြောင့် အလွန်ပင် နည်းယူဖွယ် ကောင်းလှပါပေသည်။

## သာသနာပြုရဝယ် နည်းယူဖွယ်

ဆရာတော် ဘုရားကြီးသည် ပဋိပတ္တိ သာသနာ ထွန်းကားရေးကိုမြော်မြင်ရှေးရှုအလေးပြုတော်မူ၍ အမြို့မြို့အနယ်နယ်တို့၌ ရိပ်သာကျောင်းခွဲများကို အသိအမှတ်ပြုလျက် ကူညီ စောင့်ရှောက် နေရာတွင် ကျောင်းရရှိရေး (ပြဿနာ) နှင့်စပ်၍ ဆရာတော် ဘုရားကြီးထံသို့ သက်ဆိုင်ရာပုဂ္ဂိုလ်များ မကြာမကြာရောက်လာတတ်ကြပါသည်။

ထိုသို့သောပုဂ္ဂိုလ်များအား သက်ဆိုင်ရာ ကျောင်းပြဿနာကို လောက ဓမ္မ နှစ်ဌာနလုံးတွင် အပြစ်ကင်းအောင် ညွှန်ပြမိန့်ကြားတော်မူပုံနှင့် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကျောင်းနှင့်စပ်၍ တွေ့ကြုံရသော အရှုပ်အထွေးများကို နှလုံးမသွင်း ဂရုမစိုက်တော့ပဲ စွန့်ပယ်ထားတာ လျစ်လျူရှုနေပုံတို့ကို (နှာ ၁၀-၁၁)တို့၌ ဖော်ပြထားပါသည်၊ ထိုသို့ပြထားချက်မှာ ဓမ္မအမွေခံယူကာ သာသနာပြုလိုသည့် ပုဂ္ဂိုလ်များ အတွက် နည်းယူဖွယ်ကောင်းလှပါပေသည်။

## ဘုရားရှင်အလိုတော်ကျ ရှင်းလင်းပြသည်

ယခုခေတ်ကာလ၌တချို့ကမိမိတို့ဆရာသမားထံမှအဆောက်အအုံများရတာကို အမွေရတယ်လို့ ဆိုကြသည်၊ တချို့ကတော့

[ဒုတိယအကြိမ်]

ဆရာသမား၏ ဒကာဒကာမများနှင့် အဆက်အသွယ်မပြတ်ပဲ ဆက်စပ်ခင်မင်သိကျွမ်းနိုင်တာကို အမွေရတယ်လို့ ဆိုကြသည်၊ တချို့ကတော့ ဆရာသမား၏ ဆေးပါးဓာတ်စာ ယတြာနည်းနှင့် လက်ဖွဲ့အင်းအိုင် မန္တန်နည်းစသည်တွေ ရလိုက်တာကို အမွေရတယ်လို့ ဆိုကြသည်။

ဘုရားရှင်၏ အလိုတော်အားဖြင့် အဲဒါတွေ အားလုံးဟာ ပစ္စည်းအမွေတွေချည်းပဲ၊ အဲဒီပစ္စည်းအမွေတွေကို တဏှာ အမွေအစစ်အနေနဲ့ သာယာတပ်မက်ပြီး ခံယူနေလျှင် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့်တွေ့ကြရမည့်အကြောင်းကို(နှာ—၂၀—၂၉) တို့၌—

ပစ္စည်းအမွေမျှ၊ ခံယူကာ၊ ဒုက္ခမကင်းပါ- အစရှိသော ဆောင်ပုဒ်များဖြင့် အထင်အရှားဖော်ပြထားပါသည်။

"ဓမ္မဒါယာဒါမေ ဘိက္ခဝေ ဘဝထ"ဟူသော မိန့်ခွန်းတော်အရ ဘုရားအလိုတော်ကျ ဓမ္မအမွေကိုသာ ခံယူကြရန်ကိုလည်း (နှာ—၇—၈—၉) တို့၌ ပါဠိနှင့်အနက် အဓိပ္ပာယ်တို့ကို ရှင်းလင်းဖွင့်ပြပြီးလျှင် နှာ (၁၄) စသည်၌ "ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်"ဟူသော ဆောင်ပုဒ်ဖြင့် ထပ်ကာထပ်ကာ ဖော်ပြထားပါသည်။

## ပယ်ရန်ညွှန်ပြ ကျိုးများလှ

"ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှားကြလေလျှင်" ဟူသော ဆောင်ပုဒ်ဖြင့် မြတ်စွာဘုရား ညွှန်ကြားတော်မူသည့်

အတိုင်း လောဘ ဒေါသ စသော ကိလေသာတို့ကို ပယ်ရန် ခွဲခြားပြရာ၌ ကိုယ်ဖြင့် နှုတ်ဖြင့် ကျူးလွန်လျက် ဖြစ်သော ကိလေသာကြမ်းတို့ကို သီလဖြင့်ပယ်ပုံ၊ စိတ်ကူးထဲ၌ဖြစ်သော ကိလေသာ အလတ်စားတို့ကို သမာဓိဖြင့် ပယ်ပုံ၊ ထင်ရှားသိထားသည့်အာရုံ၌ ဖြစ်ထိုက်သော အာရမ္မဏာနုသယ ကိလေသာ အနုစားတို့ကို ဝိပဿနာ ပညာဖြင့် ပယ်ပုံ၊ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်ခွင့် ရှိနေသော သန္တာနာ-နုသယကိလေသာ အနုစားတို့ကို အရိယမဂ်ပညာဖြင့် ပယ်ပုံများကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားပါသည်။ (နှာ-၇၀)

ဤကဲ့သို့ ရှင်းလင်းစွာ ခွဲပြထားခြင်းသည် မိမိတို့သန္တာန်၌ တည်ရှိနေသော ပယ်သင့်သည့် ကိလေသာအဆင့်ဆင့်နှင့် ပယ်နိုင်ကြောင်း တရားတို့ကို ဆက်စပ်၍ ညွှန်ပြထားသဖြင့် မြတ်စွာဘုရား၏ ဓမ္မအမွေမြတ်ကို တကယ်ခံယူလိုသော ပုဂ္ဂိုလ်များအတွက် အလွန်ပင် အကျိုးများဖွယ်ရှိပါပေသည်။

### ပစ္စည်းမွေမျှ ခံယူက များလှအပြစ်တွေ

ပစ္စည်းအမွေမျှခံယူသော ပုဂ္ဂိုလ်များမှာ ပစ္စည်းတွေ့ရခြင်းကြောင့် လောဘဖြစ်ပုံ၊ မရခြင်းကြောင့် ဒေါသဖြစ်ပုံ၊ လောဘဆိုတဲ့ တဏှာကို အမှီပြု၍ အကုသိုလ် ၉-မျိုး ဖြစ်ပွားပုံများဖြင့် အပြစ်များကြောင်းကို နှာ(၁၂၃)၌ ဖော်ပြထားသဖြင့် ယင်းသို့ အပြစ်များပုံကို လေးလေးနက်နက် သတိပြုမိပါက

ပစ္စည်းအမွေ ခံယူခြင်း၌ အပြစ်မြင်၍ တရားအမွေ ခံယူရန် စိတ်ဆန္ဒ ထက်သန်လာဖွယ်ရှိပေလည်း။

## ဒေါသကြဉ်ပယ် ကျိုးများဖွယ်

အမျက်ဒေါသသည် အမျက်ဒေါသရှင်ကို ယုတ်ညံ့စေလျက် ဆင်းယုတ်စေပုံ၊ မိတ်ပျက်ဆွေပျက် ဖြစ်စေလျက် အကျိုးမဲ့ ဖြစ်စေတတ်ပုံတို့ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းပေါ်လွင်စေလျက် အမျက်ဒေါသကို စက်ဆုပ်ဖွယ် ထင်လာအောင် နှာ (၁၂၅)၌ ဖော်ပြထားခြင်း၊ ဖြစ်ပေါ်လာသည့် အမျက်ဒေါသကို ဆင်ခြင်၍ ပယ်ဖျောက်နည်း၊ ဖြစ်ဆဲ၌ ရှုမှတ်၍ ပယ်ဖျောက်နည်းတို့ကို နှာ(၁၂၉)၌ ဖော်ပြထားခြင်းတို့သည် လက်တွေ့သုံးသပ်လျက် စာဖတ်သူအား လောကဓမ္မ နှစ်ဌာန လုံး၌ လက်ငင်းဖိုဌထူးမြတ်လှသည့် အကျိုးများကို ရစေမည်မှာ မုချကေန်အမှန်ပင်ဖြစ်ဖွယ်ရှိပါသည်။

## ဒေါသတူစွာ ပယ်ဖို့ရာ

အမျက်ဒေါသနည်းတူပင် ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်း၊ မက္ခ-သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ ပဠာသ-မြင့်မြတ်သူကို ဂုဏ်ပြိုင်ခြင်း၊ ဣဿာ-မနာလိုခြင်း၊ မစ္ဆရိယ-ဝန်တိုခြင်း၊ မာယာ-မိမိအပြစ်ကို ဖုံးကွယ်၍ လှည့်စားခြင်း၊ သာဌေယျ-မရှိသည့်ဂုဏ်ဖြင့် ဝါကြွားခြင်း၊ ထမ္ဘ-မကိုင်းညွတ် မရှိသေခြင်း၊

[ဒုတိယအကြိမ်]

သာရမ္ဘ-နှိမ်ချိုးရန် သူ့ထက်ကျော်အောင် ပြုခြင်း၊ မာန-အထင်ကြီးခြင်း၊ အတိမာန-ဘဝင်မြင့်၍ သူများကို အထင်သေးခြင်း၊ မဒ-မာန်ယစ်ခြင်း၊ ပမာဒ-မေ့ခြင်းဟူသော အယုတ်တရားများက ယင်းအယုတ်တရား ရှိသူကို ယုတ်ညံ့စေပုံနှင့် ယင်းအယုတ်တရားများ ပယ်ဖျောက်နည်းတို့ကို နှာ(၁၂၃-မှ ၁၃၈)အထိ ရှင်းလင်းဖော်ပြထားပေသည်၊ ထိုဖော်ပြချက်က စာဖတ်သူအား "လူဖြစ်ရကျိုးနပ်ပါပေပြီ"လို့ ဆိုရလောက်အောင် လောက ဓမ္မ နှစ်ဌာနလုံး၌ များစွာသော အကျိုးတို့ကို ရစေနိုင်မည်မှာ ထင်ရှားလှပါပေသည်။

## ထိတ်လန့်ဖွယ်ပြု သံဝေဂ

ကြုံခဲ့လှသည့် ဗုဒ္ဓသာသနာတော်နှင့် တွေ့ကြုံနေကြပါလျက် တရားအမွေ ခံယူနိုင်ကြောင်းဖြစ်သည့် သီလစသော အကျင့်ကောင်းများပျက်နေလျှင် ကပိလရဟန်းကဲ့သို့ ငရဲကျရောက်၍ အလွန်ဆင်းရဲကြရမည်ကိုလည်းကောင်း၊ ပြိတ္တာဖြစ်လျက် မီးရဲရဲတောက်နေသည့် သင်္ကန်းသပိတ်စသည်ဖြင့် အတိဒုက္ခရောက်နေကြရသော ပါပဘိက္ခု စသည်တို့ကဲ့သို့ အကြီးအကျယ် ဆင်းရဲကြရမည်ကိုလည်းကောင်း နောက်ဆက်တွဲကို ဖတ်ရှု မိသူမှာ ထင်ရှားတွေ့ရ၍ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်ပွားစေလျက် တရားအမွေခံယူရအောင် ကျင့်ခြင်းဖြင့် အကျိုးများဖွယ်ရှိသည်မှာလည်း ထင်ရှားလှပါပေသည်။

[ဒုတိယအကြိမ်]

# နိဒါန်း

## တရားအမြှပင် ခံစေချင်

ယခုခေတ်နှင့်လျော်ညီစွာ သိကောင်းစရာ အဖြာဖြာတို့ဖြင့် အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဖွင့်ပြဟောကြား ရေးသားစီရင်အပ်သော ဤတရားအမြွခံ ဓမ္မဒါယာဒသုတ် တရားတော်ကို နိဒါန်းမှ နိဂုံးအထိ နောက်ဆက်တွဲပါ စေ့စပ်သေချာစွာဖတ်ရှုကြပြီးလျှင် ကွဲရှဲဖွယ်သုံးပါးကို ပယ်ရှား၍ ချီးမွမ်းဖွယ် သုံးပါးနှင့် ပြည့်စုံကာ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် မဂ္ဂင်ရှစ်ပါးကို ပြည့်စုံအောင် ပွားများနိုင်ကြသဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အလိုတော်နှင့်အညီ တရားအမွေမြတ်ကို ခံယူနိုင်ကြပါစေ။

(မေဒိနီ) ဦးကုဏ္ဍလ

ကမ္ဘာ့အေးနာစရိယ

မဟာစည်သာသနာ့ရိပ်သာ

ရန်ကုန်မြို့

၁၃၄၀-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆-ရက်။

(၂၂-၉-၁၉၇၈)

[ဒုတိယအကြိမ်]

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တရားပလ္လင်ခံ | ၁ |
| သြဝါဒခံယူပူဇော်ပွဲ ကျင်းပခြင်းအကြောင်း | ၂ |
| ဓမ္မဒါယာဒသုတ်ကို ဟောမယ် | ၅ |
| ဒီသုတ်ကို ထပ်ဟောရခြင်း၏ အကြောင်း | ၅ |
| ဓမ္မဒါယာဒသုတ်၏ နိဒါန်း | ၆ |
| ဓမ္မဒါယာဒသုတ်ပါဠိတော်မူရင်း | ၇ |
| လောကအမွေခံယူပုံနှင့် နှိုင်းယှဉ်ပြချက် | ၉ |
| တရားအမွေခံဖို့နှင့် တိုက်တွန်းခြင်းအကြောင်း | ၁၃ |
| တရားအမွေသရုပ် | ၁၅ |
| အာမိသအမွေသရုပ် | ၂၁ |
| အာမိသအမွေမခံဖို့ မိန့်ကြားခြင်းအကြောင်း | ၂၅ |
| အာမိသအမွေမျှခံယူနေလျှင် တွေ့ရမည့်ဆင်းရဲများ | ၂၈ |
| မေ့နေသူမှာ အပါယ်ဘုံဟာ ကိုယ်ပိုင်အိမ်ဖြစ်သည် | ၃၀ |
| ပစ္စည်းအမွေမျှခံယူနေလျှင် အကဲ့ရဲ့လဲခံကြရမည် | ၃၃ |
| အင်မတန်ကြည်ညိုစရာကောင်းပါသည် | ၃၉ |
| ပုံပမာပြ၍ ဆုံးမတော်မူပုံ | ၄၀ |
| နိဂုံးချုပ် မိန့်ခွန်း | ၄၉ |

[ဒုတိယအကြိမ်]

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အရှင်သာရိပုတ္တရာ၏ အခြေခံမေးခွန်း | ၅၂ |
| အရှင်သာရိပုတ္တရာ၏ တရားတော် | ၅၂ |
| မြတ်စွာဘုရားမှာ ဝိဝေကသုံးပါးလုံးပြည့်စုံပုံ | ၅၃ |
| အကျင့်ပျက်ပုံ အမှတ် (၁) | ၅၆ |
| အကျင့်ပျက်ပုံ အမှတ်(၂) | ၅၇ |
| အကျင့်ပျက်ပုံ အမှတ်(၃) | ၅၈ |
| အပြစ်သုံးပါးဖြင့် အကဲ့ရဲ့ခံရပုံ | ၆၄ |
| ချီးမွမ်းဖွယ်ဂုဏ်နှင့် ပြည့်စုံပုံ | ၆၈ |
| ချီးမွမ်းဖွယ် အမှတ် (၁) | ၆၉ |
| ချီးမွမ်းဖွယ် အမှတ်(၂) | ၇၀ |
| ချီးမွမ်းဖွယ် အမှတ် (၃) | ၇၁ |
| ပယ်ရမည့်တရားနှင့် ပယ်နိုင်ကြောင်းအကျင့် (၁) | ၇၅ |
| ကိလေသာကို ပယ်ရန် အလယ်လမ်းမှန်အကျင့် | ၇၈ |
| မဂ္ဂင်ရှစ်ပါးက ပညာမျက်စိကိုဖြစ်စေသည် | ၇၉ |
| မသိသူက အပြစ်ပြောတတ်သည် | ၈၂ |
| အပြစ်မပြောသင့်ကြောင်း ရှင်းပြချက် | ၈၃ |
| သမာဓိဖြစ်မှ ဝိပဿနာဉာဏ်အစစ်ဖြစ်သည် | ၈၆ |
| နာမရူပ ပရိစ္ဆေဒဉာဏ်ကစ၍ဖြစ်ပုံ | ၈၇ |
| ပညာမျက်စိ ဖြစ်ပုံ | ၈၉ |
| ယထာဘူတဉာဏ်အဆင့်ဆင့်ဖြစ်ပုံ | ၉၀ |
| ကိလေသာငြိမ်းပုံ | ၉၃ |


[ဒုတိယအကြိမ်]

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဆင်းရဲခပ်သိမ်း ငြိမ်းပုံ | ၉၄ |
| အလယ်လမ်းမှန်အကျင့်သရုပ် | ၉၇ |
| လောဘ ဒေါသ ဖြစ်ပုံနှင့် ငြိမ်းပုံ | ၉၉ |
| ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါးဖြစ်ပွားပုံ | ၁၀၂ |
| ဘုရားဖြစ်အောင် ကျင့်ပုံ | ၁၀၇ |
| သာဝကတွေလဲ နည်းတူပင် ကျင့်ရသည် | ၁၀၉ |
| သမ္မာဝါယာမအဖွင့် | ၁၁၃ |
| သမ္မာသတိအဖွင့် | ၁၁၄ |
| သမ္မာသမာဓိအဖွင့် | ၁၁၄ |
| မဂ္ဂင်မဲ့ဝါဒ၌ အရိယာမရှိ | ၁၁၅ |
| မဂ္ဂင်ရှိဝါဒ၌ အရိယာရှိသည် | ၁၁၇ |
| ဗုဒ္ဓသာသနာတော်၌သာ အရိယာရှိသည် | ၁၁၈ |
| ပယ်ရမည့်တရားနှင့် ပယ်နိုင်ကြောင်းအကျင့်(၂) | ၁၂၂ |
| ကောမနှင့် ဥပနာဟ | ၁၂၄ |
| အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း ပယ်ပုံ | ၁၂၉ |
| ပယ်သင့်တာနှင့် ပယ်ရန်အကျင့်(၃) | ၁၃၂ |
| မက္ခနှင့် ပဠာသ | ၁၃၃ |
| ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၄) | ၁၃၈ |
| ဣဿာ-မနာလိုခြင်း | ၁၃၉ |
| မစ္ဆရိယ ငါးပါး | ၁၃၉ |
| ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၅) | ၁၄၇ |


[ဒုတိယအကြိမ်]

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မာယာနှင့် သာဌေယျ | ၁၄၇ |
| ဘုရားက သန့်ရှင်းသူကို ဖိတ်ခေါ်ပုံ | ၁၅၀ |
| ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၆) | ၁၅၄ |
| ထမ္ဘနှင့် သာရမ္ဘ | ၁၅၄ |
| ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၇) | ၁၅၇ |
| မာနနှင့် အတိမာန | ၁၅၈ |
| အရှင်သာရိပုတ္တာရာ၏ စိတ်သဘောထားပုံ | ၁၆၁ |
| ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၈) | ၁၆၅ |
| မဒတရား ၂၇-ပါး | ၁၆၆ |
| ပမာဒ-မေ့လျော့ခြင်း | ၁၈၃ |
| ပမာဒ-မေ့လျော့မှု ၆-ပါးခွဲခြားချက် | ၁၉၅ |
| ကိလေသာ ၁၆-ပါးကို အရိယမဂ် ၃-ပါးဖြင့် ပယ်ပုံ | ၁၉၇ |
| ဓမ္မဒါယာဒသုတ် နောက်ဆုံးအပိုဒ် | ၁၉၉ |
| ရှေးနောက် နှိုင်းနှောပြဆိုချက် | ၂၀၀ |
| မဂ္ဂင်ပွားပုံ ဘာဝနာနည်း ၂-ပါး | ၂၀၄ |
| သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်၏ မဂ္ဂင်ကို ပွားစေပုံ | ၂၀၈ |
| တရားအမွေခံရန် တိုက်တွန်းတော်မူပုံ | ၂၁၄ |
| **နောက်ဆက်တွဲ** | |
| (တရားအမွေမခံ၍ အကျိုးမဲ့ဖြစ်ပုံဝတ္ထုများ) | ၂၁၇ |

[ဒုတိယအကြိမ်]

တရားအမှာခံ

# ဓမ္မဒါယာဒသုတ် တရားတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

---

## တရားပလ္လင်ခံ

ရန်ကုန်မြို့ သာသနာ့ရိပ်သာကို ဘုန်းကြီးများ ၁၃၁၁-ခုနှစ်က ရောက်လာပြီး နတ်တော်လပြည့်နေ့မှာ စပြီး ဝိပဿနာကမ္မဋ္ဌာန်းဌာန အဖြစ်ဖြင့် ဖွင့်လှစ်ခဲ့ပါတယ်၊ အဲဒီတုန်းက ဒီသာသနာ့ရိပ်သာမှာ အဆောက်အအုံဆိုလို့ ရှိယင် ပြောပြလောက်အောင် များများမရှိသေးပါဘူး၊ နည်းနည်းလောက်သာ ရှိပါသေးတယ်၊အလျင်က ဘုန်းကြီးနေလာခဲ့တဲ့ စံကျောင်းဆိုတာရယ်၊ ဆွမ်းစားကျောင်းရယ်၊ (အဲဒီတုန်းက ဆွမ်းစားကျောင်းက ခပ်ငယ်ငယ်ပါပဲ၊ သံဃာအပါးရေ သုံးလေးဆယ်လောက်သာ ဆွမ်းကပ်နိုင်လောက်ပါတယ်။) တပါးနေ သစ်သားကျောင်းကလေး ၄-ခုရယ်၊ ဝေယျာဝစ္စအလုပ်သမားများအတွက် သစ်သားတန်းလျား ၁-ခုရယ်၊ ဒါလောက်သာ ရှိပါ

[ဒုတိယအကြိမ်]

သေးတယ်။ ဒီဖလ်ယဥ်ဓမ္မာရုံနေရာမှာ ယာယီဓမ္မာရုံမဏ္ဍပ်ကြီး ရှိခဲ့ပါတယ်၊ အဲဒီ ဓမ္မာရုံမဏ္ဍပ်ကြီးမှာ ကမ္ဘဋ္ဌာန်းဌာန ဖွင့်လှစ်ပွဲ ကျင်းပခဲ့ပါတယ်၊ အဲဒါဟာ ၁၃၁၁-ခုနှစ် နတ်တော် လပြည့် နေ့ကပါပဲ။

အဲဒီတုန်းက စပြီး တရားအားထုတ်ကြတဲ့ ယောဂီကလဲ ၂၅-ယောက်မျှသာ ရှိခဲ့ပါတယ်၊ အဲဒီတုန်းက အမျိုးသမီး ယောဂီများဟာ အောက်အနိမ့်ပိုင်းမှာ ဝါးနဲ့ ဓနိနဲ့ ဆောက် လုပ်ထားတဲ့ ယာယီအဆောက်အအုံများမှာ နေကြရပါတယ်၊ ရဟန်းယောဂီ အမျိုးသား ယောဂီများကလဲ အထက်ဘက်မှာ ဆောက်လုပ်ထားတဲ့ ဝါးဓနိ ယာယီ အဆောက်အအုံများမှာ နေကြရပါတယ်။ အဲဒီကနောက် တရားအားထုတ်တဲ့ ယောဂီ များလဲ တနှစ်ထက် တနှစ် တိုးတက်များပြားလာပါတယ်၊ ဒီ ဖလ်ယဥ်ဓမ္မာရုံကြီးနှင့်တကွ အဆောက်အအုံတွေလဲ ခမ်းခမ်း နားနား အကြီးအကျယ် တိုးတက်လာပါတယ်၊ (ယခု စာမူ ချောပြုတဲ့ ၁၃၄၀-ခုနှစ်မှာတော့ ယောဂီတွေလဲ နဲတဲ့အခါမှာ တောင် သုံးရာကျော်လောက် ရှိနေပါတယ်၊ ယောဂီများတဲ့ တပေါင်း တန်ခူး ကဆုန်လဆီမှာတော့ တထောင့် လေးငါးရာ အထိ ရှိနေပါတယ်၊ အဆောက်အအုံတွေကလဲ နောက်ထပ် ဆောက်ဖို့ နေရာအလပ်မရှိသလောက်တောင် ပြည့်နေပါပြီ။)

## ဩဝါဒခံယူပူဇော်ပွဲ ကျင်းပခြင်းအကြောင်း

ကမ္မဋ္ဌာန်းဌာန စပြီးဖွင့်ခဲ့တဲ့ ၁၃၁၁-ခုနှစ်မှ ၁၃၃၂-ခု ဒီနှစ်အထိဆိုတော့ ၂၁-နှစ် ရှိသွားပြီ၊ ဒါကြောင့် တရား

[ဒုတိယအကြိမ်]

ဆောင်ပုဒ် စာရွက်ထဲမှာ ၂၁-နှစ်မြောက်သို့ ဖော်ပြထားတာပါပဲ။ ဒီလို နှစ်ပတ်လည် သြဝါဒခံယူ ပူဇော်ပွဲ ကျင်းပရခြင်း၏ အကြောင်းကတော့ ၁၃၁၂-ခုနှစ်မှာ နှစ်ပတ်လည် အစည်းအဝေးပွဲ စပြီးကျင်းပဖို့ ဘုန်းကြီးက ညွှန်ကြားခဲ့တယ်၊ အဲဒီလို ညွှန်ကြားရခြင်း၏ ရည်ရွယ်ချက်ကတော့—ဒီရိပ်သာမှာ တရားအားထုတ်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ တနှစ် တနှစ်မှာ တကြိမ် တကြိမ် ပြန်ရောက်လာပြီးတော့ မိမိတို့ ရှေးက အားထုတ်ခဲ့တာကို ပြန်လည် သတိရပြီး တရားအဟောင်းတွေက တရားအသစ်လို ထင်ပေါ်လာကာ အားပေးသလိုဖြစ်ပြီး စိတ်တက်ကြွလာရန် ရည်ရွယ်ချက်လဲ ပါပါတယ်၊ နောက်ပြီးတော့ ဒီရိပ်သာမှာ အားထုတ်ပြီး အားထုတ်ဆဲ ပုဂ္ဂိုလ်တွေဟာ အချင်းချင်း တွေ့ဆုံကြ ရင်းနှီးကြပြီးတော့ မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာမနောကံတွေကို ပွားများနိုင်ကြဖို့လဲ ရည်ရွယ်ပါတယ်။

အဲဒီလို ရည်ရွယ်ပြီးတော့ နှစ်ပတ်လည် အစည်း အဝေးပြုလုပ်ဖို့ စီစဉ်တဲ့အခါမှာ ဒီသာသနာ့ရိပ်သာ၏ မူလအရင်းခံ ဒါယကာကြီး ဖြစ်တဲ့ ဆာ ဦးသွင်က ဒီလို ပြောပါတယ်၊ "အစည်းအဝေးဆိုတော့ နည်းနည်းပေါ့နေပါတယ်၊ သြဝါဒခံယူ ပူဇော်ပွဲဆိုယင် ပိုကောင်းပါလိမ့်မယ်"တဲ့။ ဘုန်းကြီးလဲ အဲဒီလို အမည်က ပိုကောင်းမှန်း စောစောကတည်းက သိပါတယ်၊ ဒါပေမယ်လို့ ကိုယ့်-ကိုယ်တိုင်က တီထွင်ပြီး အဲဒီအမည်ကို ပေးယင် သူများက အထင်အမြင်လွဲပြီး အပြစ်ပြောမှာစိုးရိမ်လို့ အစည်းအဝေးဆိုတဲ့ သာမန်အမည်လောက်သာ ပေးထား

[ဒုတိယအကြိမ်]

ခဲ့ပါတယ်၊ ဘယ်လို အထင်အမြင်လွဲစရာ ရှိသလဲလို့ ဆိုတော့ ဩဝါဒခံယူပွဲ ဆိုတဲ့ အမည်နဲ့ နှစ်ပတ်လည် အစည်းအဝေး ပြုလုပ်စေလျှင် ဩဝါဒခံစေရန် ခေါ်ယူတယ်လို့ ထင်မြင်စရာ ရှိပါတယ်၊ ပူဇော်ပွဲလို့ အမည်ပေးထားယင်တော့ အပူဇော်ခံချင်လို့ လုပ်တယ်လို့ ထင်မြင်စရာရှိပါတယ်၊ ဒါကြောင့် ပထမတော့ အစည်းအဝေးပွဲ ဆိုတဲ့ အမည်လောက်သာ ပေးခဲ့ပါတယ်၊ ဒါယကာကြီး ဆာ ဦးသွင်က ဩဝါဒခံယူပွဲ ပူဇော်ပွဲလို့ အမည်တပ်ရန် လျှောက်ထားတော့ အဲဒီ လျှောက်ထားချက်အတိုင်းပဲ နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲလို့ အမည်ပေးထားခဲ့ပါတယ်။

အဲဒီတုန်းက စပြီး အမည်ပေးလာခဲ့တဲ့အတိုင်း ယခု ၂၁-နှစ်မြောက်နှစ်ပတ်လည် ဩဝါဒခံယူ ပူဇော်ပွဲလို့ ဆောင်ပုဒ်စာရွက်မှာ ဖော်ပြထားပါတယ်၊ ဒီရိပ်သာမှာ ကမ္မဋ္ဌာန်းစပြီးပြလာတာ ၂၁-နှစ်မြောက် အထိမ်းအမှတ်ပွဲနှင့် ယောဂီထောက်ပံ့ရေးအဖွဲ့၏ ၁၉-နှစ်မြောက် အထိမ်းအမှတ်ပွဲကို နှစ်စဉ်ပြုနေကျအတိုင်း ယခုနှစ် ကျင်းပပြုလုပ်ပါတယ်။ ဒီလိုပြုလုပ်ရာမှာ အဝေးကရော အနီးကရော သက်ဆိုင်ရာ ရိပ်သာများမှ တော်တော်များများ တောင်တောင်စုံစုံလင်လင် လာကြပါတယ်၊ အဲဒါဟာ တရားကို အလေးပြုပြီး လာကြတာပါပဲ၊ အရပ်ရပ်ရှိ ရိပ်သာများမှ ကမ္မဋ္ဌာနာစရိယတွေလဲ လာကြတာ တော်တော်များပါတယ်။ မနေ့ညက အဲဒီကမ္မဋ္ဌာနာစရိယ ဆရာတော်များအားသင့်လျော်တဲ့ ဩဝါဒ တရားများကို ဟောကြားပြီးပါပြီ၊ ဆရာတော်

[ဒုတိယအကြိမ်]

အပါးရေ ငါးဆယ်ကျော် ရှိပါတယ်၊ လူ ပရိသတ်တွေလဲ အဝေးကရောအနီးကရောလာကြတာတော်တော်များပါတယ်။ ခုတင်က ဦးအောင်မြင့်က ဖတ်ပြသွားတဲ့အတိုင်းအများကြီးပါ ပဲ။ (၁၃၃၉-ခုနှစ် နတ်တော်လ နှစ်ပတ်လည်ပွဲဘုန်းကဆိုယင် အရပ်ဝေးက လာကြတဲ့ ရဟန်းတော်တွေဟာ ၂၀၀-ကျော် ရှိပါတယ်၊ အနီးအဝေးမှ လာကြတဲ့ လူ့ပရိသတ်တွေကတော့ ၆၀၀၀-ကျော် ရှိတယ်လို့ စာရင်းရပါတယ်။)

## ဓမ္မဒါယာဒသုတ်ကို ဟောမယ်

အဲဒီလိုလာကြတဲ့ ရဟန်းရှင်လူယောဂီတွေကို ဩဝါဒပေးဖို့ ဘုန်းကြီးမှာ တာဝန်ရှိပါတယ်၊ အဲဒီ တာဝန်ကျေပွန်အောင် နှစ်စဉ်နှစ်တိုင်း ဩဝါဒများကို ပေးလာခဲ့ပါတယ်၊ ယခု ဒီနှစ် အတွက် ဘယ်တရားကို ဟောပြီး ဩဝါဒပေးမှာလဲ ဆိုယင်- ယမန်နှစ်က ဟောပြပေးခဲ့တဲ့ ဓမ္မဒါယာဒသုတ်ကိုပင် ထပ်မံပြီး ဟောပြ ဩဝါဒပေးဖို့ ရည်ရွယ်ပြီး ဆောင်ပုဒ်စာရွက်များလဲ ဝေငှထားပါပြီ။

## ဒီသုတ်ကို ထပ်ဟောရခြင်း၏ အကြောင်း

ဒီ ဓမ္မဒါယာဒသုတ်ကို ထပ်ပြီးဟောရခြင်း၏ အကြောင်း ကတော့-အရေးကြီးလို့ပါပဲ။ သီရိဓမ္မာသောကမင်းကြီးက သူ့ ကျောက်စာထဲမှာ ဒီလို ဖော်ပြထားတယ်၊ တချို့ တချို့ တရား တွေကို သူ့ကျောက်စာထဲမှာ ထပ်ကာ ထပ်ကာ ရေးထားတယ် တဲ့၊ ထပ်ကာ ထပ်ကာ ရေးထားတယ်ဆိုတော့ အခြားပုဂ္ဂိုလ်

တွေက စာအနေနဲ့တော့ ပိုနေတယ်လို့ ထင်ကြမှာပေါ့၊ အဲဒါတွေကို ပိုတယ်လို့ ထင်မှာစိုးလို့ "ဘာကြောင့် ထပ်ပြီး ရေးထားရသလဲ"လို့ သူ့ဟာသူ မေးခွန်းထုတ်ပြီးတော့ "အဲဒါတွေဟာ အင်မတန်လေးနက်တဲ့ ကျင့်ဝတ်တရားတွေဖြစ်လို့ပါတဲ့၊ အင်မတန် လေ့လာထိုက် မှတ်သားထိုက် ကျင့်သုံးထိုက်တဲ့ ကျင့်ဝတ်တရားတွေ ဖြစ်တဲ့အတွက် ထင်ကာ ထပ်ကာ ရေးထားပါတယ်"တဲ့။

ဘုန်းကြီး ကလဲ ဒီဓမ္မဒါယာဒသုတ်ကို ထပ်ပြီး ဟောတာဟာ အင်မတန်လေးနက်တဲ့ ဘုရား၏ အဆုံးအမ ဩဝါဒ ဖြစ်တဲ့ အတွက်ပါပဲ၊ နောက်ပြီးတော့ အခုနေအခါ ကာလမှာ တရားက အလွန်လဲ အရေးကြီးပါတယ်၊ မြတ်စွာဘုရား၏ သာသနာတော်မှာ ဒီ ဓမ္မဒါယာဒသုတ်နှင့်အညီသာ ကျင့်ကြမယ် ဆိုလို့ရှိယင် လူရော ရှင်ရော ရဟန်းရော အင်မတန်ကို ကျေးဇူးများမှာပါပဲ။ မြတ်စွာဘုရား၏ သာသနာတော်ဟာလဲ ဆုတ်ယုတ်ခြင်း မရှိပဲ အင်မတန် တိုးတက်မှာပါပဲ။

## ဓမ္မဒါယာဒသုတ်၏ နိဒါန်း

မြတ်စွာဘုရားက အခါတပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအခါမှာ ဒီ ဓမ္မဒါယာဒသုတ် တရားကို ဟောကြားတော် မူပါတယ်။ ဘာကြောင့် ဟောတော်မူပါသလဲ ဆိုတော့- အဲဒီအခါတုန်းက အချို့သော ပုထုဇဉ်ရဟန်းတွေက ပစ္စည်းနှင့် စပ်ပြီး လိုချင်

[ဒုတိယအကြိမ်]

မက်မောမှု အလေးပြုမှုတွေ များနေတယ်၊ ပစ္စည်းလာဘ်လာဘ ကို အလေးပြုနေယင် သီလ သမာဓိ ပညာ အကျင့်တရား ဘက်က လစ်ဟင်းမြဲ ဓမ္မတာပဲ၊ အဲဒီလို တရားဘက်က လစ် ဟင်းပြီး အကျိုးမဲ့ မဖြစ်စေရန် မြတ်စွာဘုရားက ဒီတရားကို ဟောကြားတော် မူပါတယ်။ ဒါကြောင့် ဒီ တရားတော်ဟာ အလွန်ပင် လေးနက်ပါတယ်။ ဘယ်လို ဟောတော် မူသလဲ ဆိုတော့—

## ဓမ္မဒါယာဒသုတ်ပါဠိတော်မူရင်း

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသ ဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပာ "ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ နော အာမိသဒါယာဒါ"တိ။

ဘိက္ခဝေ-ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ မေ-ငါဘုရား၏၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြကုန်သည်၊ ဘဝထ-ဖြစ်ကြ ပါကုန်လော့။ အာမိသဒါယာဒါ-ပစ္စည်းလေးပါး စသော အာမိသအမွေကိုခံယူရုံမျှဖြင့် အားရရောင့်ရဲနေကြသောအမွေခံ အညွှန့်စားတို့သည်၊ မာ ဘဝထ- မဖြစ်ကြပါကုန်လင့်-တဲ့။

ဒါဟာ ဘုရားရှင်က မိမိ၏ အလိုတော်ကို အတိအကျ ဖော်ပြပြီး တိုက်တွန်း ညွှန်ကြားတဲ့ စကားတော်မြတ်ပါပဲ၊ ချစ်သားတို့ ငါဘုရား၏ တရားအမွေ-အမြတ်စားကို ခံယူကြ၊ ပစ္စည်းအမွေကို မခံယူကြနဲ့၊ ပစ္စည်းအမွေညံ့ကို ခံယူရုံမျှဖြင့်

အားရ ရောင့်ရဲမနေကြနဲ့တဲ့၊ မြတ်စွာဘုရားရှင်က "အင်မတန် ချစ်မြတ်နိုးတဲ့ သားကလေးတွေ သမီးကလေးတွေကို မိဘများက သေခါနီး မှာသွားသလိုပဲ" အရေးတကြီး အလေးအနက် ညွှန်ကြားတော်မူတာပေါ့ပဲ။ တချို့ မိဘဖြစ်သူတွေက အသက် အရွယ်ကြီးမှ နောက်ဆက် အိမ်ထောင်အသစ်ပြုပြီး ရထားတဲ့ သားငယ် သမီးငယ်ကလေးတွေကို မိမိက သေတော့မယ်ဆိုယင် ရှေးအိမ်ထောင်မှ သားသမီးကြီးတွေက အမွေကောင်းတွေယူ ပြီး နောက်ဆက်အိမ်ထောင်မှ သားသမီးငယ် ကလေးတွေမှာ အမွေညံ့တွေလောက်သာ ရကြမှာကို စိုးရိမ်မိတတ်ကြတယ်၊ အဲဒီ လို စိုးရိမ်ပြီးတော့ သားငယ် သမီးငယ်ကလေးများအား ရသင့် ရထိုက်တဲ့ အမွေ အနှစ်ကို စောစောက ခွဲဝေပြီးတော့လဲ ပေးတယ်၊ ဘယ်နေရာမှာ ဘယ်လို အဖိုးတန်ပစ္စည်းတွေရှိတယ်၊ အဲဒါတွေကို ရအောင် ယူရစ်ကြ စသည်ဖြင့်ယင်လဲ မှာကြား သွားတတ်ကြပါတယ်။

အဲဒါလိုပါပဲ၊ မြတ်စွာဘုရားရှင်က မိမိ၏ တပည့်သား ရဟန်းတော်တွေ၊ အမျိုးသမီးရဟန်းတွေ၊ မိမိအား ယုံကြည် အားကိုးနေကြတဲ့ ဥပါသကာ အမျိုးသားတွေ၊ ဥပါသိကာ အမျိုးသမီးတွေ အကုန်လုံးကို ရည်ရွယ်ပြီးတော့ (ဘိက္ခဝေ) ချစ်သား ရဟန်းတို့လို့ ခေါ်တော်မူပြီး သင်တို့ဟာ ငါဘုရား၏ အမြတ်ဆုံးဖြစ်တဲ့ တရားအမွေကို ခံယူကြ၊ တရား အမွေကို ရအောင်ယူကြ၊ ပစ္စည်းအမွေကို ခံယူရရှိရုံမျှဖြင့် အားရမနေ ကြနဲ့လို့ ဩဝါဒပေးတော်မူပါတယ်။

[ဒုတိယအကြိမ်]

## လောကအမြင်ခံယူပုံနှင့် နိုင်းယှဉ်ပြချက်

အမြင်ခံယူတယ်ဆိုတာဟာ လောက အမြင်ခံယူကြတာကတော့ အင်မတန် အားတက်သရောပါပဲ၊ မိဘများ ကွယ်လွန်သွားသည့်နောက် ပစ္စည်းအမွေကို ခံယူကြပုံကတော့ သက်ဆိုင်တဲ့ သားသမီးတွေဟာ ဘယ်သူမှ နောက်ကျနေတာ မရှိဘူး၊ လက်နှေးနေတာ မရှိဘူး၊ ဘယ်သူကမှ လျှော့ပြီး ယူဘယ်လို့ မရှိဘူး၊ ညီ အစ်ကို မောင်နှမတွေ အချင်းချင်း ချစ်ခင် ငဲ့ညှာပြီးတော့ ငါတို့ဟာ မရချင်နေပါစေ၊ ငါ့ညီတွေ နှမတွေ အစ်ကိုတွေ အစ်မတွေရယင် တော်ပါပြီဆိုပြီးတော့ ကိုယ်ကဖြင့် လျှော့ပြီးယူမယ်လို့ ဒီလို နှလုံးသွင်းတဲ့လူက အရှားသားပဲ၊ တဦးတလေတော့ ရှိချင် ရှိမှာပေါ့လေ၊ အဲဒါဟာ ရှားပါလိမ့်မယ်၊ ကိုယ်က အကောင်းချည်း လိုချင်တယ်။ ပိုပြီး များများ ရချင်တယ်၊ သူများရသွားတာက ကိုယ်ရတာထက် ကောင်းတယ်လို့ စောင် ထင်ပြီး မကျေမနပ် ဖြစ်တတ်သေးတယ်၊ ကိုယ်ကပိုပြီး များများရချင်တယ်၊ ကောင်းတာကို ရချင်တယ်၊ ဒါကြောင့် မူလက အင်မတန် ချစ်ခင်နေကြတဲ့ ညီအစ်ကို မောင်နှမ အချင်းချင်း မခေါ်နိုင် မပြောနိုင်အောင်တောင် ဘက်ကွဲ တပြားစီ ဖြစ်သွားတတ်ကြသေးတယ်၊ ဒီလို ဖြစ်ပုံတွေဟာ အများပင် ကိုယ်တွေ့ ဖြစ်နေကြပါတယ်၊ ဒါဟာ လောကဘက်က ပစ္စည်းအမွေခံယူရာမှာ အားတက်သရော ဖြစ်ကြပုံပါပဲ၊ အဲဒါ လူ့ဝတ်ကြောင်တွေမှာ ဖြစ်ပုံပဲ။

[ဒုတိယအကြိမ်]

ရဟန်းတွေဘက်ကလဲ ဝိနည်းအတိုင်းပါပဲ၊ ပစ္စည်းအမွေခံယူကြရမှာ အလွန် တက်တက်ကြွကြွ ရှိကြပါတယ်၊ ဘုန်းကြီးတဲ့ ဆရာတော်ကြီးတပါး ပျံလွန်တော်မူသွားယင် အဲဒီ ဆရာတော်ကြီးပိုင်တဲ့ ကျောင်းစသော ပစ္စည်းအမွေတွေကို ဆိုင်ရာတပည့်တွေကအမွေခံယူကြတယ်၊ကျောင်းတိုက်ဆိုယင်ကွယ်လွန်သွားတဲ့ ဆရာတော်ကြီးက သူ့ကို ပေးခဲ့ပါတယ်ဆိုပြီး အမွေခံတာလဲ ရှိတယ်၊ ဒွိသန္တက တိသန္တက စသည်ပြုထားတယ်ဆိုပြီး အမွေခံကြတာလဲ ရှိတယ်၊ ဝိဿာသဂ္ဂါဟ (အကျွမ်းဝင်သူအဖြစ်နဲ့ ယူထားခြင်း) ဖြင့် စောစောကတည်းက ယူထားပါတယ်ဆိုပြီး အမွေခံကြတာလဲ ရှိတယ်၊ ဂိုဏ်းက ပိုင်တယ်ဆိုပြီး အမွေခံကြတာတွေလဲ ရှိတယ်၊ အဲဒီလို အမွေခံကြတာတွေထဲမှာ ဝိနည်းတော်နှင့်အညီ တရားသဖြင့် အမွေခံတာလဲ ရှိပါလိမ့်မယ်၊ မတရားအမွေခံတာလဲ ရှိမှာပါပဲ၊ ဗြိတိသျှအစိုးရလက်ထက်က ဆိုယင် အဲဒီလို အမွေခံပြီး ကျောင်းလုမှုတွေ အများကြီး ဖြစ်ခဲ့ပါတယ်၊ အစိုးရရုံးတော်ရောက်ပြီး ငွေကုန်ကြရတဲ့အတွက် ကျောင်းဆိုင်ရာ တချို့ဒကာတွေမှာ ကိုယ်ပိုင် လယ်ယာတွေတောင် ဆုံးရှုံးပြီး ဆင်းရဲနွမ်းပါးသွားကြရတာတွေလဲ တော်တော် များများ ကြားသိရဘူးပါတယ်၊ ယခုခေတ်မှာလဲ ဒီလိုအမွေခံပြီး ကျောင်းလုကြတာတွေ ရှိနေတာပါပဲ။

တချိန်က ဒါယကာတယောက်က သူပိုင်တဲ့ ကျောင်းမှာ ဘုန်းကြီးမရှိလို့ ဒါန သီလ စသည် ကုသိုလ် ဖြစ်ပွါးစေဖို့

[ဒုတိယအကြိမ်]

ဘုန်းကြီးတပါးလာပြီး လျှောက်တောင်းပါတယ်၊သင့်တော်တဲ့ ရဟန်းတပါးကို ဘုန်းကြီးက ပေးလိုက်ပါတယ်၊ ကျောင်းကို လက်ခံဖို့တော့ မဟုတ်ပါဘူး၊ တတ်နိုင်သမျှ ဟောပြော ညွှန်ကြားပေးဖို့ပါပဲ။ အဲဒါကို အကြောင်းပြုပြီးတော့ အဲဒီအရပ်မှ ဘုန်းကြီးတပါးက အဲဒီကျောင်းဟာ သူ့ဆရာ ဘုန်းတော်ကြီး လက်ထက်က စတုသင်္ဃက ပြုထားတဲ့ ကျောင်းဖြစ်လို့ ဟိုရဟန်းကို ပြန်ခေါ်ဖို့ ဘုန်းကြီးထံ စာရေးလိုက်တယ်။ "ဘုန်းကြီးက ကျောင်းကို အလှူခံဖို့ လွှတ်လိုက်တာမဟုတ်ပါဘူး၊ အဲဒီက ဒါယကာ၏ လျှောက်ထားချက်အရ အဲဒီက ဒကာ ဒကာမများမှာ ကုသိုလ်ဖြစ်ပွါးရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ဖို့ စေလွှတ်လိုက်ခြင်းသာ ဖြစ်ပါတယ်၊ ဘုန်းကြီးတို့က ဓမ္မဒါယာဒသုတ်အရ တရား အမွေခံဖို့သာ တိုက်တွန်းဟောပြောနေပါတယ်၊ ကျောင်းရဖို့တော့ မရည်ရွယ်ပါဘူး၊ အဲဒီကျောင်းကိစ္စနဲ့ ပတ်သက်ပြီး ပြောစရာရှိယင် အဲဒီက ဆိုင်ရာဒကာကိုသာ ပြောပါ" လို့ စာပြန်ကြားလိုက်ရပါတယ်။ ယခုတော့ ဘုန်းကြီးထံမှ လွှတ်လိုက်တဲ့ရဟန်းဟာ သူ့အခြေအနေအရ သင့်လျော်တဲ့အခြားတနေရာမှာ ရောက်နေပါတယ်၊ မူလကျောင်းဆိုင်ရာ ဒကာက ပြန်ပင့်လို့တောင် မရပါဘူး၊ အဲဒီမှာ အခြားရဟန်းလဲ မရှိပဲ လစ်လပ်နေပါတယ်။

ဒီပြင်လဲ အလားတူပင် ဒကာများ၏ ပင့်လျှောက်ချက်အရ တရားဟောပြော ပြသနေတဲ့ ရဟန်းကို ဂိုဏ်းဆိုင်ရာ အခြားကျောင်းမှ ဘုန်းကြီးက ပြန်ခေါ်ဖို့ စာဖြင့် အကြောင်းကြား

တာလဲ ရှိပါတယ်၊ အဲဒါလဲ ကျောင်းဒကာတွေနဲ့သာ ဆိုင်ပါတယ်၊ ဘုန်းကြီးတို့နဲ့တော့ မဆိုင်ပါဘူး၊ အဲဒီမှာ မူလက ကျောင်းပိုင် ဘုန်းကြီးလဲ ရှိနေတာပါပဲ၊ အဲဒီဘုန်းကြီးကလဲ တရားပြမနေတဲ့ ရဟန်းကို သဘောတူ လက်ခံထားတာပါပဲ။ နောက်ပြီးတော့ တချို့ကမ္မဋ္ဌာန်းဌာနတွေမှာ ကမ္မဋ္ဌာန်းပြနိုင်သူ မဟုတ်ပဲနဲ့ အပိုင်စီးယူလို့ ဘုန်းကြီးတို့က လျစ်လျူရှုထားရတာ တွေလဲ ရှိပါတယ်၊ အဲဒါတွေနဲ့စပ်ပြီး ဘုန်းကြီးတို့က ကြောင့်ကြမစိုက်ပါဘူး၊ သူ့ဌာနဆိုင်ရာ ဒကာ ဒကာမ တွေ၏ ကံအတိုင်းပဲလို့သာ သဘောထားပါတယ်။ ဒါတွေက ဘုန်းကြီးတို့ ကိုယ်တိုင်တွေ့ရတဲ့ ပစ္စည်းအမွေ အလေးပြုကြပုံတွေပါပဲ။

အရပ်ရပ် အနယ်နယ်မှာ သူပိုင် ကိုယ်ပိုင် ကျောင်းလုပ်မှုတွေ များစွာ ရှိနေကြပါတယ်၊ အဲဒါတွေဟာ ဒီ ဓမ္မဒါယာဒ သုတ်အရ စဉ်းစားကြည့်ယင် သံဝေဂ ဖြစ်စရာတွေပါပဲ၊ အချို့ ဥပါသကာများမှာ အဲဒီလို အရှုပ်အထွေးတွေကို မြင်ရကြားရ သိရတဲ့အတွက် သံဃာတော်ကို ကြည်ညိုမှုတောင် လျော့မလိုလို ဖြစ်တဲ့ အကြောင်းလဲ ကြားသိရပါတယ်။

ဒီပြင်လဲ ဆွမ်း သင်္ကန်း၊ စသော လာဘ်လာဘတွေ, များများရဖို့ အာလေးပြုနေကြတာတွေလဲ ရှိပါတယ်၊ ရနိုင်တဲ့နည်းဖြင့် ဝိနည်း နဲ့ ဆန့်ကျင်ပြီး ရှာကြံနေကြတာတွေလဲ ရှိတယ်၊ နာမည်ကြီးဖို့ ဘုန်းကြီးဖို့ အားထုတ်နေကြတာတွေလဲ ရှိတယ်။ အဲဒါတွေဟာ ပစ္စည်းလာဘ်လာဘအတွက် အလေးပြုမှုတွေပဲ၊

[ဒုတိယအကြိမ်]

ပစ္စည်းကို အလေးပြုယင် တရားကျင့်ရေးဘက်က လစ်ဟင်းသွားတတ်တာပဲ။ ဒါကြောင့် အဲဒီလို ပစ္စည်းအလေးပြုတာတွေဟာ မြတ်စွာဘုရား အလိုတော်နဲ့ ပြောင်းပြန် ဆန့်ကျင်တာတွေပဲ၊ မြတ်စွာဘုရားက တရားအမွေကို အမြတ်တနိုးထားပြီး ခံယူကြ၊ ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရမနေကြနဲ့ တဲ့။ အရေးကြီးပါတယ်၊ ပစ္စည်းအမွေကိုသာခံယူပြီး ဆရာသမား၏ အဆုံးအမ ဩဝါဒကို မလိုက်နာဘူး, သီလ သမာဓိ ပညာ အကျင့်ကို မကျင့်ဘူး ဆိုယင် နေရာမကျဘူးပေါ့။ ဒါကြောင့် မြတ်စွာ ဘုရားက....

ဘိက္ခဝေ-ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ မေ-ငါဘုရား၏၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြကုန်သည်၊ ဘဝထ-ဖြစ်ကြပါကုန်လော့။ အာမိသဒါယာဒါ-ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံအညွှံစားတို့သည်၊ မာ ဘဝထ-မဖြစ်ကြပါကုန်လင့်- လို့ မိန့်တော်မူတာပါပဲ။

## တရားအမွေခံယူဖို့ တိုက်တွန်းခြင်းအကြောင်း

တရားအမွေကို ခံယူဖို့ တိုက်တွန်းခြင်း၏ အကြောင်းကိုလဲ ဒီလို ဆက်လက် ဖော်ပြထားပါတယ်... ''အတ္ထိ မေ တုမှေသု အနုကမ္ပာ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ နော အာမိသဒါယာဒါ''တိ-တဲ့။

မေ-ငါဘုရား၏၊ သာဝကာ-တပည့်သာဝကတို့သည်၊ ကိန္တိ-ဘယ်ပုံ ဘယ်နည်းဖြင့်၊ ဓမ္မဒါယာဒါ- တရားအမွေကို ခံယူကြ

ကုန်သည်၊ ဘဝေယျုံ- ဖြစ်ကြပါကုန်အံ့နည်း၊ အာမိသဒါယာဒါ- ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံ အညွှံစားတို့သည်၊ နော ဘဝေယျုံ-မဖြစ်ပါကုန်အံ့နည်း၊ ဣတိ- ဤသို့၊ မေ-ငါ့အား၊ တုမှေသု-သင်ချစ်သားတို့၌၊ အနုကမ္ပာ- နောင်ရေးကို မျှော်တွေး၍ အစဉ်သနားခြင်းသည်၊ အတ္ထိ-ရှိနေပါသည် တဲ့။

တရားအမွေခံယူကြဖို့ တိုက်တွန်းတာဟာ သင်တို့၏ နောင်ရေးကို မျှော်တွေးပြီး သနားခြင်းကရုဏာ ရှိနေတဲ့အတွက်ပါပဲ တဲ့။ အဲဒါကို ဆောင်ပုဒ်ကလေးများ စီထားတယ်၊ ပါဠိနဲ့ အနက် ပြန်ဆိုချက်ကတော့ ကြည်ညိုဖွယ်ဖြစ်အောင်လို့ ရွတ်ပြရတာပါပဲ၊ ဒီဆောင်ပုဒ်ကလေးများဖြင့်ပင် ပြည့်စုံလုံလောက်နေပါတယ်၊ နားလည်နိုင်ပါတယ်။

၁။ ဓမ္မဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာ ဟောမိန့်သည်။

ဓမ္မဒါယာဒသုတ်မှာ မြတ်စွာဘုရားက ဟောထားပါတယ် တဲ့။ ဘယ်လို ဟောသလဲဆိုတော့....

၂။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

ငါ့တပည့်တွေ တရားအမွေကို ခံယူစေချင်တယ်တဲ့၊ ဒီလို မြတ်စွာဘုရားက မိန့်တော်မူပါတယ်။ နောက်ပြီးတော့....

၃။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

အာမိသခေါ်တဲ့ ပစ္စည်းအမွေတွေကို ပယ်စေချင်ပါတယ် တဲ့၊ ဒီလိုလဲ ဟောထားပါတယ်။ အဲဒီမှာ ပစ္စည်းအမွေကို ပယ်

စေချင်တယ် ဆိုပေမဲ့ လုံးလုံးလက်မခံပဲ မသုံးဆောင်ပဲ ပယ်ဖို့ တော့ မဟုတ်ပါဘူး၊ မသာယာဖို့ မတွယ်တာဖို့ပါပဲ၊ သုံးဆောင်သင့်သမျှကိုတော့ လက်ခံပြီး သုံးဆောင် ရမှာပါပဲ၊ ဒါပေမဲ့- အဲဒီ အာမိသ ပစ္စည်းလောကီသာ အလေးပြုပြီး သာယာ စွဲလမ်းမနေကြဖို့ပါပဲ။ ဒီအပိုဒ်ကလေး ၃ ပိုဒ်ဖြင့်ပင် တော်တော်လုံလောက်နေပါပြီ။ ကဲ အဲဒီဆောင်ပုဒ်ကလေးတွေကို ဆိုကြရမယ်။

၁။ ဓမ္မဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာဟောမိန့်သည်။

၂။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

၃။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

## တရားအမွေသရုပ်

တရားအမွေဆိုတာ အစစ်လဲရှိတယ်၊အတုလဲရှိတယ်၊ ၂ မျိုး ရှိပါတယ်။ တရားအမွေ အစစ်ကို ခံယူနိုင်ယင် အဲဒါဟာ အကောင်းဆုံးပဲ၊တရားအမွေအတုကို ခံယူတာလဲ ကောင်းတာ ပါပဲ၊ ဒါကြောင့် တရားအမွေ အစစ်နှင့်အတု ၂ မျိုးလုံးကို ခံယူဖို့ရာ မြတ်စွာဘုရားက တိုက်တွန်းဟောကြားတော် မူပါတယ်။ အဲဒီမှာ အဋ္ဌကထာက ဒီလိုဖွင့်ပြထားပါတယ်။

မဂ္ဂဖလနိဗ္ဗာနဘေဒေါ-မဂ်ဖိုလ်နိဗ္ဗာန်အလိုအားဖြင့် သုံးမျိုး ကွဲပြားသော၊ နဝဝိဓောပိ လောကုတ္တရဓမ္မော- (မဂ်က လေးပါး၊ ဖိုလ်က လေးပါး၊ နိဗ္ဗာန်က တပါးဟု ခွဲခြား၍ယူလျှင်) ၉ ပါးအပြား ရှိသည်လည်းဖြစ်သော လောကုတ္တရာတရားသည်

[ဒုတိယအကြိမ်]

နိပ္ပရိယာယဓမ္မော- အကြောင်းပရိယာယ်နှင့် မစပ်ပဲ မုချအားဖြင့် သိအပ်သော တရားအမွေအစစ်ပေတည်း။

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ် ဆိုတဲ့ အရိယမဂ်က လေးပါး၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် ဆိုတဲ့ အရိယဖိုလ်က လေးပါး၊ နိဗ္ဗာန်က တပါး၊ ဒီ ၉-ပါးဟာ လောကုတ္တရာ တရားတွေပဲ၊ အဲဒီ လောကုတ္တရာတရား ၉-ပါးဟာ မြတ်စွာဘုရားသာသနာတော်မှာမှ ရနိုင်တဲ့ တရားအမွေ အစစ်တွေပဲ။ ဒီ ၉-ပါးထဲမှာ မဂ်လေးပါးရယင် ဖိုလ်လေးပါးလဲ ရတယ်၊ နိဗ္ဗာန်ကိုလဲ ရသင့်သလောက်ရတယ်။ သောတာပတ္တိမဂ် ရယင် သောတာပတ္တိဖိုလ်လဲ ရတာပဲ၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုရတယ်၊ အဲဒီလို သောတာပတ္တိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရယင် အပါယ်လေးပါးသို့ ကျရောက်ကြောင်း ကိလေသာတွေ အကုန် ကင်းငြိမ်း သွားတယ်၊ ဒါကြောင့် အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်မြောက် သွားတယ်၊ ဒါဟာ ပထမ တရားအမွေ အမြတ်ကို ခံယူရခြင်းရဲ့ အကျိုးပဲ၊ နောက်ပြီးတော့ လူ့လောက နတ်လောကမှာ ဖြစ်ပြီး အိုရ, နာရ, သေရ စသော ဆင်းရဲတွေလဲ ခုနစ်ဘဝထက် ပိုလွန်ပြီး မခံစားရတော့ဘူး၊ ဒါလဲ အဲဒီအမွေခံမြတ်၏ အကျိုးပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက အောက်ထစ်ဆုံး ဒီတရားအမွေမြတ်လောက်တော့ ခံယူဖို့ရာ တိုက်တွန်း ဟောပြတော် မူတာပါပဲ။

[ဒုတိယအကြိမ်]

ဒုတိယ တရားအမွေဖြစ်တဲ့ သကဒါဂါမိ မဂ်ဖိုလ်ကို ရယင်တော့ လူ့လောက နတ်လောကမှာ ဖြစ်ပြီး အိုရ နာရ သေရ စသော ဆင်းရဲတွေကို ၂-ဘဝထက် ပိုလွန်ပြီး မခံစားရတော့ဘူး၊ အဲဒီအမွေကို ရအောင် အားထုတ်နိုင်ယင် ပိုပြီးကောင်းပါတယ်။ နောက်ပြီးတော့ တတိယ တရားအမွေမြတ် ဖြစ်တဲ့ အနာဂါမိမဂ်ဖိုလ်ကို ရယင်တော့ လူ့လောက နတ်လောကမှာ ဖြစ်ပြီး ခံစားရမည့် ဆင်းရဲဟူသမျှ အကုန်လုံးကင်းငြိမ်း သွားတယ်၊ ဗြဟ္မာ့လောက၌ ဖြစ်ဖို့သာ ရှိတော့တယ်၊ အဲဒီအမွေကို ရယင် ပိုပြီး ချမ်းသာတာပေါ့။ အရဟတ္တမဂ်ဖိုလ်ဆိုတဲ့ အမြတ်ဆုံး တရားအမွေကို ရယင်တော့ ဘာဆင်းရဲကိုမျှ မခံစားရတော့ဘူး၊ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားတော့တာပဲ၊ ဒါကြောင့် တတ်နိုင်ယင် ဒီအရဟတ္တမဂ်ဖိုလ် တရားအမွေအထိ ရအောင် ကျင့်သုံးခံယူဖို့ရာ မြတ်စွာဘုရားက ညွှန်ကြား တိုက်တွန်းတော်မူတာပါပဲ။

ယခုပြောခဲ့တဲ့ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ၉-ပါးဟာ တရားအမွေအစစ် တွေပဲ၊ အဲဒီတရားအမွေအစစ်တွေကို ရအောင် ကျင့်သုံးအားထုတ်ဖို့ရာပဲ။ အဲဒါကို (တရားအမွေ၊ အစစ်ပေ၊ ၉-ထွေလောကုတ်ပါလို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၄။ တရားအမွေ၊ အစစ်ပေ၊ ၉-ထွေလောကုတ်ပါ။

ရဟန်းများဆိုယင်တော့ ဒီတရားမွေအစစ်ကို ခံယူဖို့ရာပါပဲ။ တရားအမွေ အတုကတော့-ဝဋ်ဆင်းရဲ ကင်းရာ နိဗ္ဗာန်ကို ရည်

သန့်ဆုတောင်းပြီး ပြုတဲ့ဒါန သီလစသော ကုသိုလ်ပါပဲ၊ ဒါ ကြောင့် အဋ္ဌကထာမှာ ဒီလိုပြဆိုထားပါတယ်။

ဣဓ—ဤလောက၌၊ ဧကစ္စော-အချို့ပုဂ္ဂိုလ်သည်၊ ဝိဝဋ္ဋ-ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို- ပတ္ထေန္တော-ရည်သန် ဆုတောင်းလျက်၊ ဒါနံ-လှူဖွယ်ကို၊ ဒေတိ-ပေးလှူ၏၊ သီလံ သမာဒိယတိ-သီလကို ဆောက်တည်ကျင့်သုံး၏။ ဥပေါသထကမ္မံ ကရောတိ-ဥပုသ်စောင့်ခြင်းကို ပြု၏၊ ဂန္ဓမာလာဒီဟိ-ပန်းနံ့သာ စသည်တို့ဖြင့်၊ ဝတ္ထုပူဇံ-စေတီတော်စသော ဝတ္ထုအား ပူဇော်ခြင်းကို၊ ကရောတိ-ပြု၏၊ ဓမ္မံ သုဏာတိ ဒေသေတိ—တရားကို နာကြား၏၊ ဟောပြော၏၊ဈာနသမာပတ္တိယော-ဈာန် သမာပတ်တို့ကို၊ နိဗ္ဗတ္တေတိ-ဖြစ်စေ၏၊ ဧဝံ ကရောန္တော-ဤသို့ ပေးလှူမှု စသည်ကို ပြုလျှင်၊ ဝါ-ပြုသူသည်၊ အနုပုဗ္ဗေန-ယင်း ကုသိုလ်ကြောင့် လူဖြစ်ခြင်း နတ်ဖြစ်ခြင်း တရားနာခြင်း တရားကျင့်ခြင်း စသော အစဉ်အားဖြင့်၊ အမတံ နိဗ္ဗာနံ-သေခြင်း ဆင်းရဲ အမြိုက်နိဗ္ဗာန် ဟူသော၊ နိပ္ပရိယာယဓမ္မ-တရားအမွေ အစစ်ကို၊ ပဋိလဘတိ—ရပေ၏။ အယံ-ဤဒါန စသော ကုသိုလ် တရားသည်၊ ပရိယာယဓမ္မော-တရားအမွေ အတုပေတည်းလို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ အဲဒါကို (နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ-လို့) ဆောင်ပုဒ် စီထားတယ်။ နိဗ္ဗာန်ကို ရည်သန်ဆုတောင်းပြီး ပြုတဲ့ကုသိုလ်ဟူသမျှဟာ တရား အမွေ အတုချည်းပါပဲ၊ လူဝတ်ကြောင်းများမှာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်အောင် မကျင့်နိုင်-အားမထုတ် နိုင်သေးယင်

[ဒုတိယအကြိမ်]

မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရပါလို၏-လို့ ရည်သန်ဆုတောင်းပြီး ဒါနသီလစသော ကုသိုလ်ကို ပြုလုပ်အားထုတ်ကြဖို့ ပါပဲ၊ အဲဒီလို မဂ်ဖိုလ်နိဗ္ဗာန်ရည်သန်ပြီး ပြုလုပ်တဲ့ ကုသိုလ်တွေဟာ နောက်ကာလ တခုခုသော ဘဝ၌ လူဖြစ် နတ်ဖြစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်ပါတယ်၊ အဲဒီလို တရားအမွေအစစ်ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြောင်းဖြစ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ရည်သန်ဆုတောင်းပြီး ပြုတဲ့ကုသိုလ်ကို တရားအမွေအတုလို့ ဆိုတာပါပဲ၊ အဲဒါကို ဒီလို ဆောင်ပုဒ်စီထားတယ် ''နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ''တဲ့။ အဲဒါကို ဆိုကြရမယ်။

၅။ နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ။

အဲဒီ တရားအမွေအစစ်နဲ့ တရားအမွေအတုကို ခံယူကြဖို့ရာ မြတ်စွာဘုရားက ဘိက္ခဝေ-ရဟန်းတို့၊ တုမေ-သင်တို့သည်၊ မေ-ငါဘုရား၏၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြကုန်သည်၊ ဘဝထ-ဖြစ်ကြပါကုန်လော့-လို့ တိုက်တွန်းတော် မူပါတယ်၊ အဲဒါကိုလဲ (စစ်-တု ၂-ထွေ၊ တရားမွေ၊ ခံစေလိုလှပါ-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၆။ စစ်-တု ၂-ထွေ၊ တရားမွေ၊ ခံစေလိုလှပါ။

တရားအမွေအစစ် ဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရအောင်အားထုတ်ကြဖို့၊ အဲဒီလောက် မကျင့်နိုင် အားမထုတ်နိုင်သေးတဲ့ လူဝတ်ကြောင်တွေမှာဘော့ မဂ်ဖိုလ်နိဗ္ဗာန် ရည်သန်ဆုတောင်းပြီး ပြုတဲ့ဒါန သီလစသော တရားအမွေအတုကို ခံယူကြဖို့

မြတ်စွာဘုရားက တိုက်တွန်းတော်မူပါတယ်။ မြတ်စွာဘုရား၏ သာသနာတော် ဆိုတာကလဲ တွေ့ကြုံရခဲတယ်၊ သာသနာတော်နဲ့ တွေ့ကြုံပြန်ယင်လဲ ယုံကြည်တဲ့ သဒ္ဓါတရားက ရှိဦးမှ၊ သဒ္ဓါတရားနဲ့ ပြည့်စုံပြီး ဘုရား တရား သံဃာကို အမြတ်ဆုံး အနေဖြင့် ကိုးကွယ်ဆည်းကပ်နေကြတဲ့ ဥပါသကာ အမျိုးသားတွေ ဥပါသိကာ အမျိုးသမီးတွေ၊ သာသနာတော်တွင်း ဝင်ရောက်ပြီး ရဟန်းပြုနေကြတဲ့ အမျိုးသားရဟန်းတွေ အမျိုးသမီးရဟန်းတွေ-ဒီပုဂ္ဂိုလ်လေးမျိုးဟာ မြတ်စွာဘုရား၏ တပည့်တွေပဲ၊ အဲဒီမြတ်စွာဘုရား၏ တပည့်တွေဟာ စွမ်းနိုင်ယင် ဘုရားသာသနာတော်မှာ ရနိုင်တဲ့ အကောင်းဆုံးအမွေကို ရအောင် အားထုတ်ကြ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ကို ယခုဘဝတွင်ပဲ ရအောင် အားထုတ်ကြလို့ ဆိုလိုပါတယ်၊ အဲဒီလောက် အားမထုတ်နိုင်ယင်လဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ဆုတောင်းပြီး ဒါနသီလစသော ကုသိုလ်ကိုပြုကြ၊ ကုသိုလ်ကောင်းမှု ပြုတဲ့ အခါလဲ လူ့ချမ်းသာ နတ်ချမ်းသာဆိုတဲ့ လောကီချမ်းသာ ဆလေးများ လောက်သာ ရည်သန်ဆုတောင်းပြီး မပြုကြနဲ့၊ အမြတ်ဆုံးချမ်းသာဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ပြီးပြုကြ၊ အဲဒီလိုဆိုယင် တရားအမွေအတုကို ခံယူသည်မည်ပါတယ်၊ ယခုပြောခဲ့တဲ့အတိုင်း တရားအမွေအစစ်နဲ့ အတု ၂-မျိုးလုံးကို ခံယူစေချင်တယ်လို့ ဆိုလိုပါတယ်။

အာမိသ ဆိုတဲ့ ပစ္စည်းအမွေကိုတော့ မြတ်စွာဘုရားက မခံယူစေချင်ဘူး၊ အဲဒါကို သားယာနှစ်သက် မနေစေချင်ဘူး။

[ဒုတိယအကြိမ်]

အဲဒီမှာ အာမိသအမွေ ဆိုတာကလဲ အစစ်နဲ့အတု ၂-မျိုးရှိတယ်၊ အာမိသအမွေအစစ်ဆိုတာ ရဟန်းများမှာ အမြဲတမ်းသုံးဆောင်နေကြတဲ့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဆိုတဲ့ ပစ္စည်းလေးပါးပါပဲ၊ သာသနာဘောင်ဝင်ပြီး ရှင်ရဟန်းပြုလို့ရှိယင် ဒီအမွေကရတော့တာပဲ၊ ရှင်သာမဏေဖြစ်ဖြစ်၊ ရဟန်းဖြစ်ဖြစ် စားရေးအတွက် အလွယ်တကူနဲ့ ရတာပဲ၊ မပင်ပန်းဘူး၊ နံနက်ပိုင်းမှာ သပိတ်ကိုပွေ့ပြီး ရွာထဲ မြို့ထဲက အိမ်ရှေ့များမှာ လျှောက်ပြီး ဆွမ်းခံသွားယင် စားစရာဆွမ်းကို အလွယ်တကူနဲ့ ရတာပဲ၊ ဝတ်စရာ သင်္ကန်းလဲ အလွယ်တကူနဲ့ ရတာပဲ၊ ကြည်ညိုဖွယ်ဂုဏ်နှင့် ပြည့်စုံယင် သင်္ကန်းကိုလဲ ဒကာ ဒကာမတွေက လှူကြတာပဲ၊ နေစရာ ထိုင်စရာ ကျောင်းကလဲ ရလွယ်ပါတယ်၊ ရဟန်းတွေအတွက် ကျောင်းက ကောင်းတာချည်းပါပဲ၊ ရပ်ရွာထဲမှာ လူတွေနေစရာအိမ်ကတော့ တော်ရုံသင့်ရုံပါပဲ၊ တချို့အိမ်များ နေဖြစ်ရုံပဲ၊ ဝါးနဲ့ ဓနိနဲ့ သက်ကယ်နဲ့ ဆောက်လုပ်ထားတယ်၊ ကျယ်ကျယ်လဲ မဟုတ်ဘူး၊ ကျဉ်းကျဉ်းကလေးပဲ၊ ရဟန်းတွေအတွက် ကျောင်းတွေကတော့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားချည်းပဲ များပါတယ်။ ဆေးပစ္စည်းတွေလဲ အလွယ်တကူရတာပဲ၊ ယခုနေအခါ နိုင်ငံခြားကလာတဲ့ ဆေးတွေကို သာမန်လူများမှာ ရနိုင်ခဲပေမယ်လို့ ရဟန်းများအတွက်ကတော့ ရလွယ်ပါတယ်။ အဲဒီ ပစ္စည်းလေးပါးဟာ မြတ်စွာဘုရား၏ သာသနာတော်ကိုမှီပြီး ရတာပဲ၊ ဒါကြောင့် ဘုရား၏ ပစ္စည်း အမွေတွေလို့ ဆိုရတယ်၊ အဲဒီ ပစ္စည်းအမွေလောက်ချရုံနဲ့ နှစ်သက် သာယာမနေကြနဲ့လို့ ဆိုလိုပါတယ်။

[ဒုတိယအကြိမ်]

တချို့ကဒီပစ္စည်းလေးပါးကိုအလွယ်တကူရအောင်ဘုန်းကြီး အောင် ကြိုးစား အားထုတ်နေကြတယ်၊ လှူဒါန်းမည့် ဒကာ ဒကာမတွေ များအောင် နည်းအမျိုးမျိုးနဲ့ အားထုတ်နေကြ တယ်၊တချို့က အကြားအမြင်ပေါက်သယောင်ယောင်သူတပါး စိတ်ကို သိသယောင်ယောင် ဟန်ဆောင်နေကြတာလဲ ရှိတယ်၊ ရဟန္တာဖြစ်သယောင်ယောင် ဟန်ဆောင်နေကြတာလဲ ရှိတယ်၊ တချို့က ထွက်ရပ်ဝိဇ္ဇာပေါက် သယောင်ယောင် ကျန်းမာရေး စီးပွားရေး ရာထူးဌာနန္တရ မဆုတ်ယုတ်ပဲ တိုးတက်ရေးစသည် အတွက် စွမ်းဆောင်နိုင်သယောင် ဒီလို ဟန်ဆောင်နေတာလဲ ရှိတယ်၊ အဲဒီလို မတရားသဖြင့် စီးပွားရှာမှုကိုတော့ ဝိနည်းတော်အရ လုံးဝ မပြုသင့်ပါဘူး၊ တရားသဖြင့် ရှာပြီးတော့လဲ ပစ္စည်း အမွေမျှဖြင့် အားရနေယင် အာမိသအမွေကိုခံယူသည် မည်တယ်၊ အဲဒီ အာမိသအမွေအစစ်ကို နားလည်ရအောင်လို့ စီထားတဲ့ ဆောင်ပုဒ်ကတော့ "အာမိသမွေ၊ အစစ်ပေ၊ လေးထွေ ပစ္စည်းပါ"တဲ့။ အဲဒါကို ဆိုကြရမယ်။

## ၇။ အာမိသမွေ၊ အစစ်ပေ၊ လေးထွေ ပစ္စည်းပါ။

ဒီအာမိသအမွေ အစစ်ကတော့ ရဟန်းတော်များနဲ့သာ ဆိုင်ပါတယ်။ လူတွေနဲ့ဆိုင်တဲ့ အာမိသမွေ အတုကတော့ "လူ့နတ်သုခ၊ ရည်သန်က၊ ဒါန- သီလ-ဘာ" တဲ့။ လူ့ချမ်းသာ နတ်ချမ်းသာကိုသာ ရည်သန်တောင့်တပြီးပြုတဲ့ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တွေပါပဲ၊ အဲဒီလို လောကီ ချမ်းသာလောက်သာ တောင့်တပြီးပြုတဲ့ ဒါနစသော ကုသိုလ်

တွေကတော့ လောကီ ချမ်းသာလောက်သာ ရစေနိုင်တယ်၊ သာသနာတော်တွင်းမှ ဘုရားတရားသံဃာအား လှူဒါန်းတဲ့ ကုသိုလ်ဟာ အင်မတန် အကျိုးကြီးပါတယ်၊ လူ့ဘဝပေါင်း များစွာ နတ်ဘဝပေါင်းများစွာကို ဖြစ်စေပြီးတော့ လူ့ချမ်း သာ နတ်ချမ်းသာတွေကိုအကြီးအကျယ် ရစေနိုင်တယ်၊ သီလနှင့် ပြည့်စုံတဲ့ ရဟန်းအားလှူယင်လဲ အကျိုးကြီးတာပဲ၊ သီလနှင့် ပြည့်စုံတဲ့ လူဝတ်ကြောင်အား ပေးလှူယင်တောင်မှ အကျိုး ကြီးသေးတာပဲ၊ထို့အတူပင် ငါးပါးသီလ ရှစ်ပါးသီလကုသိုလ် ကလဲ အကျိုးကြီးတာပဲ၊ ဈာန်သမာပတ် ဘာဝနာကုသိုလ် ကတော့ ဗြဟ္မလောက ရောက်စေနိုင်သည်အထိ အကျိုးကြီးပါ တယ်၊ ဒါပေမယ့် အဲဒီလောကီချမ်းသာလောက်သာ တောင့်တ ပြီး ပြုပြင် အဲဒီကုသိုလ်တွေက မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့လောကုတ္တရာ ချမ်းသာကိုတော့ မရစေနိုင်ဘူး၊ အဲဒီလို လူ့ချမ်းသာ နတ် ချမ်းသာလောက်သာ ရစေနိုင်တဲ့အတွက် အဲဒီကုသိုလ်ကို အာ မိသအမွေအတု ပစ္စည်းအမွေ အတုလို့ ဆိုတာပါပဲ၊ အဲဒီ အာမိသအမွေအတု ဆောင်ပုဒ်ကို ဆိုကြရမယ်။

၇။ လူ-နတ်သုခ၊ ရည်သန်က၊ ဒါန, သီလ, ဘာ။

အဲဒီမှာ ဘာ-ဆိုတာက ဘာဝနာကုသိုလ်လို့ ဆိုလိုပါတယ်။ အဲဒီ အာမိသအမွေ ၂-မျိုးထဲမှ ပစ္စည်းလေးပါးဆိုတဲ့ အာမိသ အမွေအစစ်မျှဖြင့် အားရရောင့်ရဲနေယင်တော့ နောက်နောက် ဘဝတွေမှာ လူ့ချမ်းသာ နတ်ချမ်းသာတွေကို ရဖို့တောင်မှ မသေချာဘူး၊ အပါယ်ဆင်းရဲတွေနဲ့ တွေ့ကြုံသွားမှာလဲ စိုးရိမ်

စရာရှိပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ပစ္စည်းကိုသာ သာယာနှစ်သက်နေယင် သီလလဲ မပြည့်စုံပဲ ရှိတတ်ပါတယ်၊ ဒါကြောင့်ပါပဲ။ လူ့ချမ်းသာ နတ်ချမ်းသာလောက်သာ ရည်သန်ပြီးပြုတဲ့ ဒါနစသော အာမိသအမွေအတုမျှနှင့် အားရနေယင်လဲ ကုသိုလ်က အားနည်းပြီး အကုသိုလ်က အားကြီးတဲ့အခါ အပါယ်လေးပါးလဲ ကျသွားနိုင်သေးတယ်၊ ကုသိုလ်က အားကောင်းနေလို့ လူ့လောက နတ်လောကမှာ ဖြစ်ပြီး လူ့ချမ်းသာနတ်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ ဘဝတွေမှာလဲ အိုခြင်း နာခြင်း သေခြင်း အစရှိတဲ့ ဆင်းရဲတွေနဲ့တော့ မတွေ့ကြုံ ခံစားနေကြရဦးမှာပဲ၊ ဒါကြောင့် အာမိသမွေ အတုဟာလဲ အမွေညံ့ပဲ။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၉။ အာမိသမွေ၊ အတုတွေ၊ မှတ်လေ မွေညံ့သာ။

လူ့ချမ်းသာ နတ်ချမ်းသာဆိုတဲ့ လောကီချမ်းသာလောက်သာ ရည်သန်တောင့်တပြီး ပြုတဲ့ ဒါန သီလစသော အမွေတုကြောင့် လူချမ်းသာ နတ်ချမ်းသာတွေကို အကြီးအကျယ်များစွာရနိုင်ပေမယ်လို့ အပါယ်လေးပါးမှတော့ အစဉ်ထာဝရ မလွတ်နိုင်သေးဘူး၊ အိုနာသေစသောဆင်းရဲတွေလဲ မကင်းငြိမ်းသေးဘူး၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်ပြုတဲ့ တရားအမွေတုလောက် မကောင်းမြတ်ဘူး၊ ဒါကြောင့် အဲဒီလိုကုသိုလ်ကို အမွေညံ့လို့ ဆိုရတာပါပဲ။ ပစ္စည်းလေးပါး အာမိသအမွေညံ့ပုံကတော့ အထူးပြောစရာ မလိုပါဘူး၊ ဘာကြောင့်လဲ

ဆိုယင် အဲဒီ ပစ္စည်းလေးပါးလောက်နဲ့ နှစ်သက်ရောင့်ရဲနေယင် ကိုယ်ကျင့်တရားများပါ ချွတ်ယွင်းပြီး အပါယ်ဆင်းရဲတွေအထိ ရောက်စေနိုင်သောကြောင့်ပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက "အာမိသ ဒါယာဒါ- ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံအညွှန့်စားတို့သည်၊ မာ ဘဝထ- မဖြစ်ကြပါကုန်လင့်"လို့ သတိပေး မိန့်ကြားတော်မူတာပါပဲ။

## အာမိသအမွေမခံဖို့ မိန့်ကြားခြင်းအကြောင်း

အဲဒီလို သတိပေး မိန့်ကြားရတာကလဲ မြတ်စွာဘုရားက မိမိ၏တပည့်သားရဟန်းတော်စသည့်များအပေါ်မှာနောင်ရေးမြော်တွေးပြီး သနားတော်မူလို့ပါတဲ့။ ဘယ်လို မြော်မြင်ပြီး သနားတော် မူသလဲဆိုတော့ ပစ္စည်းကိုသာ မက်မောနေယင် ကိုယ်ကျင့် တရားတွေက ချွတ်ယွင်းပြီး အပါယ်လေးပါးမှာ ကျရောက်လျက် အကြီးအကျယ် ဆင်းရဲနေရတတ်တယ်၊ အဲဒီလို မြင်တော်မူပုံကို အဋ္ဌကထာမှာ ဒီလို ဖွင့်ပြထားပါတယ်။

အာမိသဂရုကာနံ-အာမိသခေါ်သည့် လာဘ်လာဘပစ္စည်းလေးပါးကို အလေးပြုကြလျက်၊ အာမိသေ ဥပက္ခလိတာနံ-အာမိသ ပစ္စည်း၌ အကျင့် ချွတ်ယွင်းကုန်သော၊ (ကပိလရဟန်းနှင့်တကွ ပါပဘိက္ခုစသည်တို့၏–ဟု ဆက်စပ်ယူရမည်) တာဝ- ရှေးဦးစွာ၊ အတီတကာလေ- ကဿပဘုရား လက်ထက်တော်မှစ၍ အတိတ်ကာလ၌ဖြစ်သော၊ ကပိလဿ ဘိက္ခုနော-ကပိလ ရဟန်း၏၊ အပါယပရိပူရဏတ္တံ- အပါယ်ဘုံ တို့၌

ကျရောက်၍ ပြည့်စေခဲ့ခြင်းကိုလည်းကောင်း၊ (ယင်း ကပိလ ရဟန်းသည် ကဿပဘုရားသာသနာတော်နောက်ပိုင်း၌ ဝိနည်း သိက္ခာပုဒ်များကိုပယ်၍ ချွတ်ယွင်းစွာကျင့်ခဲ့သောကြောင့် အဝီစိ ငရဲ၌ ကျရောက်ခဲ့သည်။ ယခုဘုရားလက်ထက်၌ ငါးကြီးဖြစ်၍ တဖန် ငရဲသို့ ပြန်ကျရောက်သွားသည်။ သုတ္တနိပါတ-ဋ္ဌ နှာ-၄၂) သံဃာဋိပိ အာဒိတ္တာ၊ ပတ္တောပိ အာဒိတ္တော။ ပေါ်တီတို အာဒိနာ နယေန- ဿက်န်းသည်လည်း ရဲရဲတောက် မီးလောင်နေသည် စသည်ဖြင့် ပြထားသောနည်းဖြင့်၊ အာဂတပါပဘိက္ခုဘိက္ခုနီသိက္ခမာနာ- ဒီနံ အနေကသတာနံ- ထင်ရှားလာသော ယုတ်မာသောရဟန်း- ရဟန်းမိန်းမသိက္ခမာန်စသော အရာမက များစွာသော ပုဂ္ဂိုလ် တို့၏၊ အပါယပရိပူရဏတ္တံ စ-အပါယ်၌ကျရောက် ပြည့်စေခဲ့ခြင်း ကိုလည်းကောင်း၊ဘဂဝါ-မြတ်စွာဘုရားသည်၊ပဿတိကိရ-မြင် တော်မူပါသတဲ့။ (ကဿပဘုရားသာသနာ၌ သီလချွတ်ယွင်းခဲ့ သော ရဟန်းယုတ် စသည်တို့သည် ငရဲ၌ကျရောက်ကြပြီးနောက် ယခု ဘုရားလက်ထက်မှာ မီးရဲရဲတောက်နေသော သင်္ကန်း ကျောင်း စသည်ဖြင့် အတိဒုက္ခရောက်နေသည့် ပြိတ္တာတွေဖြစ်နေ ကြသည်။ ဝိ-၁ နှာ-၁၄၁၊ သံ-၁ နှာ-၄၅၁) အတ္တနော သာသ နေ-မိမိ၏သာသနာ၌၊ပဗ္ဗဇိတာနဉ္စ ဒေဝဒတ္တာဒီနံ—ရှင်ရဟန်းပြု ကြသော ဒေဝဒတ်စသည်တို့၏ အပါယ်၌ကျရောက်၍ ပြည့်စေ ကြခြင်းကိုလည်း၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ပဿတိ ကိရ- မြင်တော်မူပါသတဲ့။ ပန-ထို့ပြင်လဲ၊ ဓမ္မဂရုကာနံ သာရိပုတ္တ- မောဂ္ဂလာန မဟာကဿပါဒီနံ- တရားကို အလေးပြုကြသော အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အရှင်မဟာကဿပ

[ဒုတိယအကြိမ်]

စသည်တို့၏၊ အဘိညာပဋိသမ္ဘိဒါဒိဂုဏပဗ္ဗရိလာဘံ- အဘိညာဉ် ၆-ပါး, ပဋိသမ္ဘိဒါဉာဏ် ၄-ပါးစသော ဂုဏ်များ ရခြင်းကိုလည်း မြင်တော်မူပါသတဲ့။ တသ္မာ-ထို့ကြောင့် တေသံ- မိမိ၏ တပည့်ဖြစ်ကြသော ထိုရဟန်း စသည်တို့၏၊ အပါယာ ပရိမုတ္တိံ-အပါယ်မှလွတ်ခြင်းကိုလည်းကောင်း၊သမ္ဗဂုဏာသမ္ပတ္တိဉ္စ ဂုဏ်ကျေးဇူး အားလုံးတို့နှင့် ပြည့်စုံခြင်းကိုလည်းကောင်း၊ ဥ္လစ္ဆန္တော-လိုလားတော်မူသောကြောင့်၊အတ္ထိ မေ တုမှေသု အနုကမ္ပာ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ နော အာမိသဒါယာဒါ- တိ-ငါ့တပည့်တို့သည် ဘယ်ပုံဘယ်နည်းဖြင့် တရားအမွေခံ ဖြစ်ကြပါမည်နည်း၊အာမိသအမွေခံမဖြစ်ပဲ ရှိကြပါမည်နည်းဟု သင်ချစ်သားတို့၌ ငါဘုရား၏ နောင်ရေးကို မြော်မြင်၍အစဉ်သနားခြင်းရှိနေပါသည်ဟူ၍၊အာဟ-မိန့်တော်မူပါသည်။(စာကြည့်သူတို့အား သုတပွားစေရန် ဤအဋ္ဌကထာ အဖွင့်ကို မူချော်ပြုစဉ် ဖြည့်စွက်လိုက်သည်။)

အဲဒီအဖွင့်ထဲမှာ "အပါယ်မှ လွတ်မြောက်ခြင်းကို လိုလားတော်မူသည်"ဆိုတဲ့ စကားဖြင့် တရားအမွေမခံပဲ ပစ္စည်းအမွေမျှသာ ခံယူနေကြလျှင် အပါယ်သို့ ထပ်ကာထပ်ကာ ကျရောက်နိုင်သည်ကိုလည်းကောင်း၊"ဂုဏ်အားလုံးနှင့် ပြည့်စုံခြင်းကို လိုလားတော်မူသည်"ဆိုတဲ့စကားဖြင့် ပစ္စည်းအမွေမျှသာ ခံယူနေကြလျှင် ထပ်ကာထပ်ကာ အိုကြရ, နာကြရ, သေကြရမည်ကိုလည်းကောင်း သိစေပါသည်။ ဒါကြောင့် တရားအမွေမခံဘဲ ပစ္စည်းအမွေမျှသာ ခံယူနေယင် ဘဝအသစ်အသစ် ဖြစ်ဖြစ်ပြီး

[ဒုတိယအကြိမ်]

ထပ်တလဲလဲ အိုနေကြရမယ်၊ နာနေကြရမယ်၊ သေနေကြရမယ်၊ အပါယ်ငရဲလဲ ထပ်တလဲလဲ ကျနေကြရမယ်ဆိုတာကိုလဲ မြတ်စွာဘုရားကမြင်တော်မူပြီး သနားတော်မူသောကြောင့်"ငါဘုရားတပည့်တွေဟာ ဘယ်ပုံဘယ်နည်းဖြင့် အာမိသအမွေခံယူရုံမျှဖြင့် အားရမနေပဲ တရားအမွေကို ခံယူသူတွေ ဖြစ်ကြပါမည်နည်းလို့ နောင်ရေးကို မြော်မြင်ပြီးတော့ ငါဘုရားမှာ သင်ချစ်သားတို့အပေါ်၌ သနားခြင်းကရုဏာ ရှိနေပါတယ်လို့ ဖော်ပြမိန့်ကြားတော်မူပါတယ်။ အဲဒီလို မြော်မြင်ပြီး သနားကရုဏာဖြစ်ပုံနဲ့ဆိုင်တဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

**အာမိသအမွေမျှ ခံယူနေလျှင် တွေ့ရမည့်ဆင်းရဲများ**

၁၀။ ပစ္စည်းမွေမျှ၊ ခံယူက၊ ဒုက္ခရောက်ကြမှာ။

၁၈။ ထပ်တလဲလဲ၊ အိုမစဲ၊ ဆင်းရဲနေကြမှာ။

ပစ္စည်းအမွေမျှသာ ခံယူနေယင် ကံအားလျော်စွာ ဘဝအသစ်အသစ် ဖြစ်ဖြစ်ပြီး အဲဒီဖြစ်ရာဘဝမှာ အိုမင်းရတဲ့ဆင်းရဲကိုလဲ ခံစားနေကြရမယ်တဲ့၊ အဲဒါက အင်မတန်ထင်ရှားပါတယ်၊ ယခုနေအခါ အသက်အရွယ် ကြီးရင့်လို့ အိုမင်းရင့်ရော်ပြီး ဆင်းရဲနေကြရတဲ့ အဖိုးအိုတွေ အဖွားအိုတွေကို မျက်မြင် တွေ့နေကြရတာပါပဲ၊ အဲဒီလို ထပ်တလဲလဲ အိုမင်းပြီး ဆင်းရဲနေကြရမှာကိုလဲ ငါဘုရားကမြင်ပြီး သနားပါတယ်တဲ့။ ကဲ...ဆက်ဆိုကြရမယ်။

[ဒုတိယအကြိမ်]

၁၂။ ထပ်တလဲလဲ၊ နာမစဲ၊ ဆင်းရဲနေကြမှာ။

၁၃။ ထပ်တလဲလဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ။

၁၄။ ထပ်တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲကျနေမှာ။

ဖြစ်ရာရာဘဝမှာ မကျန်းမမာဖြစ်ပြီး နာခြင်းဆင်းရဲကိုလဲ ထပ်ကာ ထပ်ကာ အဖန်ဖန် တွေ့ကြုံခံစားနေကြရမယ်၊ အဲဒါကလဲ ထင်ရှားပါတယ်။ နာဖျားမကျန်းမမာ ဖြစ်တယ်ဆိုတာ ခဏခဏတွေ့နေကြရတာပဲ၊ ဆေးရုံမှာသွားကြည့်ယင် အဲဒီလို ဒုက္ခရောက်နေတဲ့ လူတွေကို အများကြီး တွေ့ရတယ်၊ သနားစရာလဲ အလွန်ကောင်းပါတယ်။ တသက်လုံး ကျန်းမာနေတယ်ဆိုတဲ့သူလဲ နောက်ဆုံး သေခါနီးကျတော့ သေလောက်တဲ့ အနာရောဂါဖြင့် အနှိပ်စက်ခံရပြီး သေသွား ရတော့တာပဲ။ အဲဒီသေတာတတော့ နတ်လောကတွေ မှာလဲ သေရတာပဲ။ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားအမွေမြတ်ကိုရအောင် အားမထုတ်ပဲ ပစ္စည်းအမွေမျှနဲ့ အားရနေယင် တဘဝပြီးတဘဝ ဖြစ်ဖြစ်ပြီး အဖန်ဖန် အိုနေရ နာနေရ သေနေရမှာချည်းပဲ၊ ဒါ့ကြောင့် ထပ်တတဲလဲ အိုနာမစဲ သေမစဲနဲ့ ဆင်းရဲနေကြရမှာ တွေကို မြင်တော်မူလို့ မြတ်စွာဘုရားက သနားတော်မူပြီး တရားအမွေကို ခံယူကြဖို့ တိုက်တွန်းတော်မူတာပါတဲ့။

နောက်ပြီးတော့ ထပ်တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲကျနေမှာလို့ ဆိုတဲ့အတိုင်း အပါယ်လေးပါးလဲ ကျမြဲကျနေမယ်၊ အဲဒီအပါယ် လေးပါးထဲက ငရဲကိုလဲ ကျမြဲကျနေမယ် ဆိုတာကိုလဲ မြင်ပြီး

တော့ မြတ်စွာဘုရားက သနားတော်မူပါတယ်။ အဲဒီမှာ ကျမြဲ ဆိုတဲ့ စကားက ပါနေတယ်၊ အဲဒီစကားအရ အလျင်ကလဲ အပါယ်ငရဲကျနေခဲ့ပြီလို့ ဆိုရာရောက်တယ်၊အဲဒီအတိုင်း ဟုတ်လဲ ဟုတ်ပါတယ်၊ အလျင်ကလဲ အပါယ်ငရဲ ကျနေခဲ့ကြတာချည်း ပါပဲ။ ဒါကြောင့် အဋ္ဌကထာမှာ....

ပမတ္တဿ ဟိ နာမ စတ္တာရော အပါယာ သဃရေဟ-သဒိသာ–လို့ ပြဆိုထားပါတယ်။

မေ့နေသူမှာ အပါယ်ဘုံက ကိုယ်ပိုင်အိမ်ဖြစ်သည်

ပမတ္တဿ နာမ - မေ့လျော့နေသူ မည်သည်မှာ၊ စတ္တာရော အပါယာ-အပါယ်လေးဘုံတို့သည်၊ သကဂေဟသဒိသာ-မိမိ၏ ကိုယ်ပိုင်အိမ်နှင့် တူကြပေသည် တဲ့။ မေ့လျော့နေတဲ့သူမှာ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံဟာ မိမိ၏ ကိုယ်ပိုင်အိမ်နှင့် တူပါတယ်တဲ့၊ အဲဒီမှာ မေ့လျော့တယ်ဆိုတာ ပမာဒပဲ၊ အဲဒီ ပမာဒကို ဆောင်ပုဒ်စာရွက်တဲက နောက်ဆုံး အပိုဒ်မှာ ဖော်ပြထားပါတယ်။

ဒုစ္စရိုက်သုံးပါး၊ကာမငါး၊စိတ်သွားစေဖို့ လွှတ်ထားလျှင်တဲ့၊ သတ်ခြင်း ခိုးခြင်းစသော ကာယဒုစ္စရိုက်၊ လိမ်ခြင်း ကုန်းတိုက် ခြင်း ဆဲရေးခြင်း စသော ဝစီဒုစ္စရိုက်၊ သူ့ဥစ္စာကို ကိုယ့်ဥစ္စာ ဖြစ်စေလိုခြင်း သူတပါးကို ပြစ်မှားခြင်းစသော မနောဒုစ္စရိုက် ဆိုတဲ့ ဒီဒုစ္စရိုက်သုံးပါး မကောင်းမှုတရားတွေပြုလုပ်ဖို့ စိတ်ကို

လွှတ်ထားယင် အဲဒါဟာ မေ့လျော့မှု ပမာဒပဲ။ နောက်ပြီး တော့ ကာမဂုဏ်ငါးပါး ခံစားဖို့ စိတ်ကိုလွှတ်ထားယင် ဒါလဲ မေ့လျော့မှု ပမာဒတရားပဲ။ တဲ့တဲ့ပြောရယင် ဒုစရိုက်အကုသိုလ် အမှုတွေကို ပြုနေယင် ပမာဒပဲ၊ ကာမဂုဏ်တွေ အာရုံပြု ခံစား နေယင်လဲ ပမာဒပဲ။

နောက်ပြီးတော့ "ကုသိုလ်တရား၊ ပွားဖို့ကား၊ လေးစား ကောင်းစွာမပြုလျှင်" တဲ့။ ဒါန သီလ ဘာဝနာကုသိုလ်တွေကို ပွားစေဖို့ မကြံစည် မပြုလုပ်လျှင် အဲဒါလဲ ကုသိုလ်ကိုမေ့နေတဲ့ ပမာဒပါပဲ။ ဒီပမာဒအကြောင်း အကျယ်ကိုတော့ နောက်ဆုံး ပိုင်းကျမှ ပြည့်ပြည့်စုံစုံပြောရမယ်၊ အတိုချုပ်အားဖြင့် ပြောရ ယင်တော့ မကောင်းမှုအကုသိုလ်တွေ ပြုနေတာလဲ ပမာဒပဲ၊ ကာမဂုဏ်ထဲ စိတ်ဝင်စားနေတာလဲ ပမာဒပဲ၊ ဘာဝနာအလုပ် ကို အားမထုတ်ပဲ စိတ်ကို လွှတ်လွှတ်လွှတ်ထားတာလဲ ပမာဒ- မေ့လျော့မှုပဲ။ အဲဒီ ပမာဒ အလိုအားဖြင့် မေ့လျော့နေတဲ့ ပုဂ္ဂိုလ်မှာ အပါယ်လေးဘုံတွေက ကိုယ်ပိုင်အိမ်နဲ့တူပါတယ် တဲ့။ လူတွေဟာ ဘယ်မှာ နေကြရသလဲ ဆိုယင် မိမိတို့၏ ကိုယ်ပိုင် အိမ်မှာပဲ နေနေကြရပါတယ်၊ အရေးကိစ္စရှိလို့ တခြားတပါး အိမ်မှာ သွားနေကြရတာကတော့ တရံတခါ တခဏမျှ တရက် နှစ်ရက် စသည်မျှ မကြာလှပါဘူး၊ ကိစ္စပြီးတဲ့အခါ ပြန်လာပြီး ကိုယ့်အိမ်မှာပဲ နေနေကြရတယ်၊ အဲဒါလိုပဲ ဒါန သီလ ဘာဝနာ ကုသိုလ်ရေးဘက်မှာ မေ့ပြီး မကောင်းမှုတွေကို ပြုနေ ကြတဲ့သူတွေ၊ ကာမဂုဏ်အာရုံတွေခံစားပြီး မေ့နေကြတဲ့သူတွေ

မှာ ကိုယ်ပိုင်အိမ်နဲ့တူတဲ့ အပါယ်လေးပါးမှာ ဖြစ်နေကြရတာ ကပဲ များပါသတဲ့။ ဒါန သီလ စသော ကုသိုလ်ကံ၏ အစွမ်း ကြောင့် ရံခါ လူ့ဘ၀ နတ်ဘ၀ ရောက်နေကြရတာကတော့ သိပ်မကြာလှ မများလှဘူး၊ သူများအိမ်သို့ ခေတ္တခဏလောက် သွားနေရတာလိုပင် ခေတ္တခဏမျှပါပဲတဲ့။ ဒါကြောင့် "ထပ် တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲကျနေမှာ" လို့ ဖော်ပြထားပါတယ်။ ပုထုဇဉ်တွေဟာ အများအားဖြင့် ဓိအတိုင်းပဲ အပါယ်လေးပါး ကျရောက်နေရတာက များပါတယ်၊ ဒါကြောင့် အရိယမဂ်ဖိုလ် တရားအမွေကို မရသေးယင် အပါယ်လေးပါးကျကျပြီး ဒုက္ခ ရောက်နေကြရမှာကိုလဲ မြင်တော်မူလို့ မြတ်စွာဘုရားက သနား တော်မူပြီး တရားအမွေကို ခံယူကြဖို့ တိုက်တွန်းတော်မူတာ ပါပဲ။ ကဲ-ခုတင်က ဆောင်ပုဒ်ကလေးကို ထပ်ဆိုကြရမယ်။

၁၄။ ထပ်တလဲလဲ၊ ပါယ်ငရဲ၊ ကျမြဲကျနေမှာ။

၁၅။ သင်တို့နောင်ရေး၊ ငါမြော်တွေး၊ ဝန်လေးသနားပါ။

"ထပ်တလဲလဲ အိုနာ သေနေ ကြရမယ်၊ အပါယ်ငရဲလဲ ရောက်နေကြရမယ်"ဆိုတဲ့ သင်တို့၏နောင်ရေးကို မြင်တော်မူလို့ "အင်မတန် ဝန်လေးတာပဲ" လို့ သနားတော်မူပါတယ် တဲ့။ အဲဒီလို သနားတော် မူသောကြောင့် တရားအမွေ ခံယူဖို့ တောင်းပန် တိုက်တွန်းတော်မူပါတယ် တဲ့။ အဲဒါနဲ့ ဆိုင်တဲ့ ဆောင်ပုဒ်များလဲ ဆိုကြရမယ်။

၁၆။ ထို့ကြောင့်အများ၊ တပည့်သား၊ ဘုရားတောင်းပန် သည်။

[ဒုတိယအကြိမ်]

၁၇။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။
၁၈။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

## ပစ္စည်းအမွေ ခံယူနေလျှင် အကဲ့ရဲ့လဲ ခံကြရမည်

နောက်ပြီးတော့ ရဟန်းတွေက ပစ္စည်းအမွေမျှသာ ခံယူနေကြလျှင် အခြားလူတွေက သင်တို့ကိုရော ငါဘုရားကိုရော ကဲ့ရဲ့ကြ အပြစ်တင်ကြပါလိမ့်မယ်၊ဒါကြောင့်လဲပစ္စည်းအမွေကို မခံယူပဲ အလေးမပြုပဲ တရားအမွေကိုသာ ခံယူကြပါလို့ တိုက်တွန်းတော်မူကြောင်းကိုလဲ ဒီလို ဖော်ပြတော်မူပါတယ်။

စ-အကြောင်းတခုကို ဆက်၍ပြရလျှင်၊ ဘိက္ခဝေ·ရဟန်းတို့၊ တုမှေ·သင်တို့သည်၊ မေ· ငါ၏၊ အာမိသဒါယာဒါ· ပစ္စည်းအမွေကိုသာ ခံယူကြ၍၊ နော ဓမ္မဒါယာဒါ ဘဝေယျာထ· တရားအမွေကို မခံယူကြသည် ဖြစ်ကြပါမူ၊ တေန· ထိုသို့ပစ္စည်းအမွေသာ ခံယူ၍ တရားအမွေကို မခံယူခြင်းကြောင့်၊ တုမှေပိ·သင်တို့သည်လည်း၊ အာဒိယာ ဘဝေယျာထ· ကဲ့ရဲ့ဖွယ်အဖြစ်ဖြင့် ယူအပ်သည် ဖြစ်ကုန်ရာ၏၊ ဝါ· အကဲ့ရဲ့ခံရ ကုန်ရာ၏၊ (ဘယ်လိုလဲဆိုလျှင်)အာမိသဒါယာဒါ သတ္ထုသာဝကာ ဝိဟာရန္တိ နော ဓမ္မဒါယာဒါတိ· ဂေါတမဆရာ၏ တပည့်တွေဟာ တရားအမွေမခံယူပဲ ပစ္စည်းအမွေလောက်သာ ခံယူနေကြသည်ဟု အကဲ့ရဲ့ခံရသည် ဖြစ်ကြရာ၏။ အဟမ္ပိ တေန အာဒိယော ဘဝေယျံ·ထိုအကြောင်းကြောင့် ငါဘုရားလဲ အကဲ့ရဲ့ခံရသည် ဖြစ်ရာ၏၊ (ဘယ်လိုလဲဆိုလျှင်) အာမိသဒါယာဒါ သတ္ထု

[ဒုတိယအကြိမ်]

သာဝကာ ဝိဟရန္တိ နော ဓမ္မဒါယာဒါတိ-ဂေါတမဆရာ၏ တပည့်တွေဟာ တရားအမွေကို မခံယူပဲ ပစ္စည်းအမွေ လောက်သာခံယူနေကြရသည်ဟု အကဲ့ရဲ့ခံရသည် ဖြစ်ရာ၏ တဲ့။

ဒီနေရာမှာ ဘုရားရှင် အကဲ့ရဲ့ခံရပုံကို အဋ္ဌကထာက ဒီလိုလဲ ပြထားပါသေးတယ်၊ တရားအလုံးစုံကို သိတယ်လို့ ဝန်ခံထား ပါလျက် မိမိ၏ တပည့်သားတွေကို ပစ္စည်းအမွေမခံပဲ တရား အမွေကို ခံယူအောင် ဘာ့ကြောင့် မဆုံးမနိုင်ရသလဲလို့ ကဲ့ရဲ့ကြ ပါလိမ့်မည်၊ ဥပမာအားဖြင့် အနေအထိုင်အကျင့် မပြည့်စုံတဲ့ ရဟန်းများကိုမြင်ရလျှင် ဘယ်ဆရာရဲ့ တပည့်တွေလဲလို့ ဆရာကို ကဲ့ရဲ့ကြသလိုပင် ကဲ့ရဲ့ကြပါလိမ့်မယ် တဲ့။ တနည်း ဥပမာအား ဖြင့် အကျင့်ပျက် ယဉ်ကျေးမှုပျက်နေတဲ့ လူကလေးမိန်းကလေး များကို မြင်ရလျှင် ဘယ်သူ၏ သားသမီးတွေလဲလို့ မိဘများကို ကဲ့ရဲ့ကြသလိုပင် ကဲ့ရဲ့ကြပါလိမ့်မယ် တဲ့။ အဲဒါများလိုပင် တရား အလုံးစုံသိတဲ့ သဗ္ဗညုဘုရား ဖြစ်ပါလျက် မိမိ၏တပည့်သားတွေ ကို ပစ္စည်းအမွေမခံပဲ တရားအမွေ ခံယူအောင် ဘာ့ကြောင့် မဆုံးမနိုင်ရ မစွမ်းနိုင်ရသလဲလို့ ကဲ့ရဲ့ကြပါလိမ့်မယ် တဲ့၊ ဒီလို အဋ္ဌကထာက ပြဆိုထားပါတယ်။ အဲဒီတော့ မိမိကိုအကြောင်း ပြုပြီးတော့ ဘုရားလဲ အကဲ့ရဲ့မခံရအောင် ဗုဒ္ဓသာသနာကိုလဲ သူများက အထင်မသေးရအောင် အထူးသတိပြုကြဖို့ အလွန် အရေးကြီးပါတယ်။

စ-ထိုမှတပါးအကျိုးကိုပြရလျှင်၊ဘိက္ခဝေ-ရဟန်းတို့၊တုမှေ- သင်တို့သည်၊ မေ-ငါ၏။ ဓမ္မဒါယာဒါ ဘဝေယျာထ နော

[ဒုတိယအကြိမ်]

အာမိသဒါယာဒါ-တရားအမွေသာ ခံယူကြ၍ ပစ္စည်းအမွေ အလေးမပြု မခံယူပဲနေကြသည် ဖြစ်ကြပါမူ၊ တေန-တရားအမွေသာ ခံယူ၍ ပစ္စည်းအမွေကို မခံယူခြင်းဆိုတဲ့ ထိုအကြောင်းကြောင့်၊ တုမှေပိ–သင်တို့သည်လည်း၊ န အာဒိယာ ဘဝေယျာထ-အကဲ့ရဲ့မခံရသည် ဖြစ်ကြရာ၏။ (ဘယ်လိုလဲဆိုလျှင်) ဓမ္မဒါယာဒါ သတ္ထု သာဝကာ ဝိဟရန္တိ နော အာမိသဒါယာဒါတိ–ဂေါတမဆရာ၏ တပည့်တွေဟာ ပစ္စည်းအမွေ မခံယူကြပဲ တရားအမွေသာ ခံယူနေကြသည်ဟု အကဲ့ရဲ့မခံရပဲချီးမွမ်းခံရသည် ဖြစ်ကြရာ၏။ အဟမ္ပိ တေန န အာဒိယော ဘဝေယျံ-ထိုအကြောင်းကြောင့် ငါဘုရားလဲ ကဲ့ရဲ့မခံရသည် ဖြစ်ရာ၏၊ (ဘယ်လိုလဲဆိုလျှင်၊) ဓမ္မဒါယာဒါ သတ္ထု သာဝကာ ဝိဟရန္တိ နော အာမိသ ဒါယာဒါတိ-ဂေါတမဆရာ၏ တပည့်တွေဟာ ပစ္စည်းအမွေ မခံယူကြပဲ တရားအမွေသာ ခံယူနေကြသည်ဟု အကဲ့ရဲ့မခံရပဲ ချီးမွမ်းခံရသည် ဖြစ်ရာ၏။ (စာမူချော ပြုသော အခါ မူရင်းပါဠိအနက် ပြည့်စုံစေရန် ဖြည့်စွက်လိုက်သည်)။

(မူလဟောပုံ အကျဉ်းချုပ်ကတော့) တုမှေ စ မေ ဘိက္ခဝေ အာမိသဒါယာဒါ ဘဝေ ယျာထ နော ဓမ္မဒါယာဒါ–သင်ချစ်သားတို့ဟာ ငါဘုရား၏ တရားအမွေကို မခံယူပဲ ပစ္စည်းအမွေမျှသာ ခံယူနေကြယင်၊ တုမှေပိ တေန အာဒိယာ ဘဝေယျာထ–အဲဒီလို တရားအမွေးမခံပဲ ပစ္စည်းအမွေမျှသာ ခံယူနေခြင်းကြောင့် သင်တို့လဲ သူများတွေရဲ့ အကဲ့ရဲ့ခံနေကြရလိမ့်မယ်တဲ့၊ ဘယ်လိုလဲ ဆိုတော့ အာမိသဒါယာဒါ သတ္ထု သာဝကာ

ဝိဟာရန္တိ နော ဓမ္မဒါယာဒါတိ-ဂေါတမဆရာ ဘုရား၏ တပည့် ရဟန်းတွေဟာ ပစ္စည်းအမွေသာ ခံယူနေကြတယ်၊ တရားအမွေ တော့ မခံယူကြဘူးလို့ ဒီလို သူတပါးတွေရဲ့ ကဲ့ရဲ့ခြင်းကိုခံကြ ရပါလိမ့်မယ် တဲ့။

အဲဒါကိုဒီလိုဆောင်ပုဒ်စီထားတယ်။ ပစ္စည်းမျှပင်၊ ခံယူလျှင်၊ လူရှင် ဆိုကြမှာ တဲ့။ သင်ချစ်သားတို့က မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားအမွေရအောင် မကျင့်ကြမခံယူကြပဲ ပစ္စည်းအမွေလောက် သာ ခံယူနေကြလျှင် အခြားသော လူတွေ ရှင်ရသေ့တွေက ကဲ့ရဲ့ပြောဆိုကြပါလိမ့်မယ် တဲ့။ ဘယ်လိုလဲဆိုတော့ "ဘုရား သားတွေ၊ ပစ္စည်းမွေ၊ ခံနေရုံမျှသာ"-လို့ ကဲ့ရဲ့ကြပါလိမ့်မယ် တဲ့။ ဂေါတမဘုရား၏ တပည့်သားဖြစ်ကြတဲ့ ရဟန်းတွေဟာ ဗုဒ္ဓသာသနာတော်၏ အရှိန်အဝါကို မှီပြီး စားဝတ် နေရေး ကျန်းမာရေးဆိုင်ရာ ပစ္စည်းအမွေလောက်သာခံယူနေကြတာပဲ၊ တရားအကျင့်ကိုတော့ မကျင့်ကြပါဘူးလို့ ဒီလို အကဲ့ရဲ့ခံကြရ ပါလိမ့်မယ်၊ အစားချောင်လို့ အဝတ်အနေအထိုင် ချောင်လို့ ထကန်းငတ်နေကြတာ၊ ဘုရားအဆုံးအမ ဩဝါဒအရ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း သီလ သမာဓိ ပညာအကျင့်ကိုတော့ ကျင့်တာ မဟုတ်ဘူးလို့ ကြည်ညိုတဲ့သူတွေ သဒ္ဓါတရားမရှိတဲ့ သူတွေက ကဲ့ရဲ့ကြလိမ့်မယ် တဲ့။

အဲဒီလို ကဲ့ရဲ့တာ အခုနေအခါလဲရှိတယ်၊ ဟာ ဒီကိုယ်တော် တွေဟာ သာသနာဘောင်မှာ အစားအသောက် အနေအထိုင် ချောင်လို့ နေကြတာပဲ၊ ဘုရားတရားတော့ သူတို့ဘာမှ ကျင့်

[ဒုတိယအကြိမ်]

တာမဟုတ်ဘူး၊ အားထုတ်တာ မဟုတ်ဘူးလို့ ဒီလိုလဲ ပြောနေတာ ယခုနေအခါလဲ ရှိတာပဲ၊ နောက်ပြီးတော့ သင်တို့ရဟန်းများသာ မဟုတ်ဘူး၊ ငါဘုရားလဲ ဒီလို အစွပ်အစွဲ အကဲ့ရဲ့ခံရမှာပဲတဲ့၊ ဘုရားတပည့် ရဟန်းတွေဟာ ပစ္စည်းအမွေခံရုံမျှပါပဲ၊ တရားတော့ ကျင့်ကြတာ အမွေခံကြတာ မဟုတ်ပါဘူး။ ဒီလို ဖြစ်တာဟာ တခြားကြောင့် မဟုတ်ဘူး၊ ဆရာဖြစ်တဲ့ဘုရားကိုယ်တိုင်ကက အဆုံးအမည့်လို့ အမွေခံအညံ့စားတွေဖြစ်နေကြတာပဲလို့ ငါဘုရားလဲ အကဲ့ရဲ့ခံရလိမ့်မယ်တဲ့။ အဲဒီလိုသင်တို့လဲ အကဲ့ရဲ့မခံကြရအောင်, ငါဘုရားလဲ အကဲ့ရဲ့မခံရအောင် တရားအမွေကိုခံယူကြလို့ ဒီလိုရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရားက အဆုံးအမ ပေးတော်မူပါတယ်။

၁၉။ ပစ္စည်းမျှပင်၊ ခံယူလျှင်၊ လူရှင် ဆိုကြမှာ။

၂၀။ ဘုရားသားတွေ၊ ပစ္စည်းမွေ၊ ခံနေရုံမျှသာ။

(၁၆) ထို့ကြောင့်အများ၊ တပည့်သား၊ ဘုရားတောင်းပန်သည်။

(၁၇) ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

(၁၈) အာမိသဒ္ဓမ္မ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

အမှတ် (၁၆၊ ၁၇၊ ၁၈) ဒီ ၃-ပုဒ်ကတော့ ရှေ့နားက ဆိုခဲ့ပြီးတွေပါပဲ။ အဲဒါဟာ တဿာတိဟ မေ ဘိက္ခဝေ ဓမ္မဒါယာဒါ ဘဝထ မာ အာမိသဒါယာဒါ-စသည်ဖြင့် မိန့်တော်မူတဲ့ စကားရပ်အတွက် ဆောင်ပုဒ်များပါပဲ၊ အနက်ကတော့—

[ဒုတိယအကြိမ်]

ဘိက္ခဝေ-ရဟန်းတို့၊ တသ္မာ-သင်တို့၏ နောင်ရေးကို မြော်တွေး၍ သနားခြင်း, အကဲ့ရဲ့မခံရစေလိုခြင်း ဟူသော ထို အကြောင်းကြောင့်၊ တုမှေ-သင်ချစ်သားတို့သည်၊ မေ-ငါဘုရား၏၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြကုန်သည်၊ ဘဝထ-ဖြစ်ကြပါ ကုန်လော့၊ အာမိသဒါယာဒါ-အာမိသ ခေါ်သည့် ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံအညံ့စားတို့သည်၊ မာ ဘဝထ-မဖြစ်ကြပါကုန်လင့်။ မေ-ငါဘုရား၏၊ သာဝကာ-တပည့်သား ရဟန်းတို့သည်၊ ကိန္တိ-ဘယ်ပုံဘယ်နည်း ဖြင့်၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြကုန်သည်၊ ဘဝေယျုံ ဖြစ်ကြပါ ကုန်ရာသနည်း၊ အာမိသဒါယာဒါ-ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံအညံ့စားတို့သည်၊ နော ဘဝေယျုန္တိ-မဖြစ်ကြပါကုန်ရာသနည်း ဟူ၍၊ မေ-ငါဘုရား အား၊ တုမှေသု-သင်ချစ်သားတို့၌၊ အနုကမ္ပာ-နောင်ရေးကို မြော်တွေး၍ အစဉ်သနား ခြင်းသည်၊ အတ္ထိ-ရှိနေပါသည်၊ ဘိက္ခဝေ-ရဟန်းတို့ တဲ့။

ဘုရား သာသနာတော်ဆိုတာ အင်မတန် ကြုံတွေ့ခဲပါတယ်၊ အဲဒီလို ကြုံတွေ့ခဲတဲ့ ဘုရားသာသနာတော်ကို ကြုံတွေ့ပြီးတော့ သရဏဂုံ ၃-ပါး ဆောက်တည်ပြီး ဗုဒ္ဓသာသနာ၀င် ဥပါသကာ အမျိုးသားတွေ၊ ဥပါသိကာ အမျိုးသမီးတွေ ဖြစ်လာကြတယ်၊ ပဗ္ဗဇ္ဇမင်္ဂလာကံ ဥပသမ္ပဒမင်္ဂလာကံ ဆောင်ပြီး ရှင်ရဟန်းလဲ ဖြစ်လာကြတယ်၊ အဲဒီလို ဘုရားကို ယုံကြည် အားကိုးနေကြတဲ့ ဗုဒ္ဓသာသနာ၀င် ပုဂ္ဂိုလ်တွေ ရှင်ရဟန်းတွေ

ဖြစ်နေလျက်နဲ့ မဂ်ဖိုလ်နိဗ္ဗာန် တရားအမွေကို ရအောင်မကျင့်လို့ ရှိယင် နောင်အခါကာလမှာ အပါယ်လေးပါး၌ မဖြစ်ရတော့ ဘူးလို့တော့ မသေချာသေးဘူး၊ သာသနာတွင်းကုသိုလ်ကြောင့် လူ့ဘဝ နတ်ဘဝတွေမှာ အကြိမ်ပေါင်း များစွာဖြစ်နိုင်ပေမဲ့ အကုသိုလ်ကံက လုံးဝကင်းတာ မဟုတ်တော့ တချိန်ချိန်မှာ အပါယ်လေးပါးလဲ ကျသွားနိုင်သေးတာပဲ၊ အဲဒီတော့ ဘုရား ကိုးကွယ်ပါလျက်နဲ့ အပါယ်ငရဲ ကျရတယ်ဆိုတာ အလွန်ပင် မသင့်မတော်တာပဲ၊ တရားအမွေ မခံယင် အဲဒီလို အပါယ် လေးပါးကျပြီး ဆင်းရဲနေကြရမှာကိုလဲ မြတ်စွာဘုရားက မြင် တော်မူတယ်၊နောက်ပြီးတော့ လူ့ဘဝ နတ်ဘဝတွေမှာ ဖြစ်နေ ရတဲ့အခါများမှာလဲ အိုနာသေဆိုတဲ့ ဆင်းရဲတွေကို ထပ်တလဲလဲ ခံစားနေကြရဦးမယ်၊ အဲဒါတွေကိုလဲ မြင်တော်မူတယ်၊ အဲဒီလို မြင်တော်မူပြီး သနားတော်မူတဲ့ ကရုဏာ ရှိနေပါတယ်၊ အဲဒီလို သနားတော်မူသောကြောင့် တရားအမွေကိုခံယူကြဖို့ တိုက်တွန်း ညွှန်ကြားတော်မူတာပါတဲ့။

## အင်မတန်ကြည်ညိုစရာ ကောင်းပါသည်

အဲဒီမှာ တပည့်သားတို့ နောင်ရေးကို မြော်မြင်ပြီး သနား တော်မူလို့ ဓမ္မဒါယာဒ ဘဝထ-တရားအမွေ ခံယူကြပါလို့ အလွန်နူးညံ့သာယာတဲ့ စကားဖြင့် တိုက်တွန်းပုံကို ကြားရတော့ အင်မတန်ကို ကြည်ညိုစရာကောင်းပါတယ်၊ ဘုန်းကြီးတို့ဟာ ဒီတရားစာကို ဖတ်ကြည့်နေယင်း ဘုရားနဲ့ကိုယ်တိုင်ပင် တွေ့နေရ သလို ဘုရားစကားတော်ကို ကြားနာရသလို ဖြစ်ပြီးတော့

မြတ်စွာဘုရားအပေါ်မှာ ကြည်ညို ယုံကြည်တဲ့ သဒ္ဓါတွေ များစွာ ဖြစ်ပွားပါတယ်၊ ယခု ဒီတရားကို ကြားနာရ (ဖတ်ရှုရ) တဲ့ ရဟန်းရှင် လူတွေမှာလဲ နည်းတူပင် သဒ္ဓါတရားတွေ ဖြစ်ပွားပါလိမ့်မယ်လို့ ထင်မြင်မိပါတယ်။

## ပုံပမာပြ၍ ဆုံးမတော်မူပုံ

အဲဒီကနောက် မြတ်စွာဘုရားက ဥပမာဖြင့် ပြပြီးတော့လဲ ဒီလိုမိန့်တော်မူပြန်ပါတယ်။ အဲဒီပါဠိကတော့ စာတမျက်နှာလောက်ရှိပါတယ်။ အဲဒီပါဠိကိုတော့ လိုရင်းလောက်ပဲ ဖော်ပြပြီး ဗမာစကားဖြင့် ပေါ်လွင်အောင် ပြောသွားရမှာပဲ။

ဣဓာဟံ ဘိက္ခဝေ ပဝါရိတော-စသည်ဖြင့် ငါဘုရားဟာ ဆွမ်းဘုဉ်းပေးပြီးပြီဆိုပါတော့ တဲ့၊ ဆွမ်းဘုဉ်းပေးလို့ ပြည့်စုံသွားပြီ၊ ဗမာအရပ်သုံးစကားအရဆိုယင် ဝသွားပြီတဲ့၊ အဲဒီလို ဆွမ်းဝလို့ပြည့်စုံသွားတဲ့အခါ ဆွမ်းတွေက အပိုအကျန်တွေလဲ ရှိနေသေးတယ်။ အဲဒီအခါ အရပ်ဝေးမှ ရဟန်း ၂-ပါးကလဲ ရောက်လာတယ်၊အဲဒီရဟန်း၂-ပါးတလဲ ဆွမ်းမစားရသေးဘူး၊ ခရီးဝေးမှ လာခဲ့ရလို့ အင်မတန် ပင်ပန်းအားနဲ့နေကြတယ်၊ ဆွမ်းလဲ ဆာလောင်နေကြတယ် ဆိုပါတော့ တဲ့၊ ဇိဃစ္ဆာဒုဗ္ဗလျပရေတာ-ဆာလောင်ခြင်း၊အားနည်းခြင်းဖြင့် အနှိပ်စက်ခံနေကြရရှာတယ် တဲ့၊အဲဒီလို ဆာလောင်ပင်ပန်းပြီး အားနည်းတဲ့ ရဟန်း ၂-ပါးက ရောက်လာတယ်၊ မြတ်စွာဘုရားက အဲဒီရဟန်း ၂-ပါးအား ဒီလိုအမိန့်ရှိပါတယ်။ ငါဘုရားတော့ ဆွမ်းဘုဉ်းပေးပြီးပြီ၊ဆွမ်းအကျန်တွေကလဲရှိနေတယ်၊သင်တို့စားချင်

လဲ စားကြ၊ သင်တို့မစားယင်လဲ အဲဒီဆွမ်းတွေ စွန့်ပစ်ရတော့မှာပဲလို့ ဒီလို ဖိတ်မန်မိန့်ကြားတော်မူပါတယ်။

အဲဒီအခါ အဲဒီရဟန်း ၂·ပါးထဲက တပါးက ဒီလိုဆင်ခြင်မိတယ်၊ မြတ်စွာဘုရားမှာ ဆွမ်းကိစ္စပြီးသွားပြီ၊ ဆွမ်းကျန်တွေလဲ ရှိနေတယ်၊ အဲဒါတွေကို ငါတို့မစားယင်လဲ စွန့်ပစ်ရမှာပဲ၊ ဒါပေမဲ့ မြတ်စွာဘုရားက တရားအမွေကို ခံယူကြ၊ အာမိသပစ္စည်းအမွေကို မခံယူကြနဲ့လို့ ညွှန်ကြားဆုံးမထားတယ်၊ ယခုမြတ်စွာဘုရား၏ ဆွမ်းကျန်ဆိုတာ အာမိသခေါ်တဲ့ ပစ္စည်းတမျိုးပဲ၊ အဲဒီဆွမ်းကို လက်ခံပြီးစားယင် အာမိသအမွေခံဖြစ်မှာပဲ၊ အာမိသအမွေခံမဖြစ်ရအောင် အဲဒီဆွမ်းကို မခံယူပဲမစားပဲ ဒီ တနေ့တညကို ဆာလောင်ပင်ပန်းပြီး အားနည်းလျက်ပင် သည်းခံပြီး ကုန်လွန်စေတာက ကောင်းမှာပဲလို့ဆင်ခြင်ပြီး အဲဒီရဟန်းက မြတ်စွာဘုရားထံမှ ဆွမ်းကို မခံယူမသုံးဆောင်ပဲ ဆာလောင်အားနည်းလျက်ပင် သည်းခံပြီး အဲဒီနေ့ညဉ့်ကို ကုန်လွန်စေတယ်။

ဒုတိယရဟန်းကတော့ မြတ်စွာဘုရား၏ ဆွမ်းကျန်တွေဟာ ငါတို့မစားယင် အလဟဿ အကျိုးမဲ့ စွန့်သွန်ပစ်ရတော့မှာပဲ၊ အဲဒါကို စားပြီး ဆာလောင်အားနည်းမှုကို ကင်းငြိမ်းစေပြီးတော့ ဒီတနေ့တညကို ချမ်းသာစွာနဲ့ ကုန်လွန်စေရယင် ကောင်းမှာပဲလို့ ဆင်ခြင်ပြီး အဲဒီဆွမ်းကို သုံးဆောင်တယ်၊ ဆာလောင်အားနည်းမှု ကင်းငြိမ်းပြီး အဲဒီတနေ့တညကို ကုန်လွန်

စေတယ် ဆိုပါတော့ တဲ့။ အဲဒီ ၂-ပါးထဲက မြတ်စွာဘုရားထံမှ ဆွမ်းကို လက်မခံ မသုံးဆောင်ပဲ ကျင့်တဲ့ရဟန်းက သာပြီး ပူဇော်ထိုက်တယ်၊ သာပြီး ချီးမွမ်းထိုက်တယ်လို့ မြတ်စွာဘုရား က ဥပမာဖြင့် မိန့်တော်မူပါတယ်။

အဲဒီ ၂-ပါးထဲက ဘုရားထံမှဆွမ်းကိုသုံးဆောင်ပြီး တရား ကျင့်တဲ့ ဒုတိယရဟန်းကို သာမန်ပုဂ္ဂိုလ်တို့၏ အမြင်အားဖြင့် ချီးမွမ်းဖွယ်ရှိနေပါတယ်၊ ဆွမ်းအပိုအကျန်တွေလဲ အလဟဿ အကျိုးမဲ့မဖြစ်စေရဘူး၊ ဆွမ်းစားပြီး ဆာလောင်ပင်ပန်းမှု အား နည်းမှု ကင်းငြိမ်းသွားတော့ တရားကျင့်သုံးရာမှာ သာပြီးထက် သန်ဖွယ်လဲရှိပါတယ်၊ ဒါကြောင့် သာမန်ပုဂ္ဂိုလ်တို့၏ အမြင် အားဖြင့် ချီးမွမ်းဖွယ် ရှိနေပါတယ်၊ မြတ်စွာဘုရားကလဲ အဲဒီရဟန်းကို မရှုတ်ချပါဘူး၊ ဒါကြောင့် မြတ်စွာဘုရားထံမှ ဆွမ်းကျန်ကို ခံယူပြီးတော့ သုံးဆောင်ပြီး တရားကျင့်သုံးတဲ့ ရဟန်းကိုလဲ ကောင်းတယ် မြတ်တယ်လို့ ဆိုရမှာပါပဲ၊ ဒါပေမယ့် မြတ်စွာဘုရားက ဆွမ်းအမွေလက်မခံပဲ တရားကျင့်တဲ့ ပထမ ရဟန်းကို ဒီလို ချီးကျူးတော်မူပါတယ်။

အထခေါ- စင်စစ်အားဖြင့်သော်ကား၊ မေ- ငါဘုရား၏၊ အသုယေ၀ ပုရိမော ဘိက္ခု- ဆွမ်းကျန်ကို လက်ခံ၍ မသုံး ဆောင်ပဲ ဆာလောင်အားနည်းစွာနှင့် တနေ့တညကို ကုန်လွန် စေသော ပထမရဟန်းသည်သာလျှင်၊ ပုဇ္ဇတရော စ- သာ၍ လဲ ပူဇော်ထိုက်ပေသည်၊ ပါသံသတရော စ- သာ၍လဲ ချီးမွမ်း ထိုက်ပေသည် တဲ့။

[ဒုတိယအကြိမ်]

ဒီစကားရပ်ဖြင့် ဆွမ်းကျန်ကို လက်ခံသုံးဆောင်တဲ့ရဟန်းလဲ ပူဇော်ထိုက် ချီးမွမ်းထိုက်ပါတယ်၊ ဒါပေမယ့် ဆွမ်းကျန်ကိုလက်မခံ မသုံးဆောင်တဲ့ရဟန်းက သာပြီး ပူဇော်ထိုက် ချီးမွမ်းထိုက်တယ်လို့ ဆိုလိုတာပါပဲ၊ ဘာ့ကြောင့် သာပြီး ပူဇော်ထိုက် ချီးမွမ်းထိုက်ပါလလဲဆိုတော့–

ဟိ-သာ၍ ပူဇော်ထိုက်ချီးမွမ်းထိုက်ခြင်း၏အကြောင်းကား၊ ဘိက္ခဝေ-ရဟန်းတို့၊ တဿ ဘိက္ခုနော- ထိုရဟန်း၏၊ တံ- ထိုဆွမ်းကျန်ကို လက်မခံပဲ သည်းခံ၍ ကျင့်သုံးခြင်းသည်၊ ဒီဃရတ္တံ- ရှည်စွာသော ကာလပတ်လုံး၊ အပ္ပိစ္ဆတာယ- အလိုနည်းခြင်းငှါ၊ သန္တုဋ္ဌိယာ- ရောင့်ရဲလွယ်ခြင်းငှါ၊ သလ္လေခါယ- ကိလေသာတို့ကို ခေါင်းပါးစေခြင်းငှါ၊ သုဘရတာယ- ဒကာ ဒကာမတို့က ပြုစုမွေးမြူလွယ်ခြင်းငှါ၊ ဝီရိယာရမ္ဘာယ- လုံ့လ ဝီရိယကို ထက်သန်စွာအားထုတ်ခြင်းငှါ၊သံဝတ္တိဿတိ-ထိုရဟန်းမှာ ဖြစ်ပါလိမ့်မယ် တဲ့။

ဗုဒ္ဓသာသနာတော်မှာ အလိုနည်းဖို့ဆိုက အရေးကြီးပါတယ်၊ အလိုကြီးနေယင် မတရားတဲ့နည်းများဖြင့် ပစ္စည်းရှာခြင်းကိုလဲ ပြုလုပ်တတ်တယ်၊ မသုံးသင့်တဲ့ ပစ္စည်းဝတ္ထုတွေလဲ သုံးစွဲခံစားပြီး အကြီးအကျယ် အပြစ်ဖြစ်တတ်တယ်၊ အလိုနည်းတဲ့ရဟန်းမှာတော့ အဲဒီလိုအပြစ်တွေ မဖြစ်ဘူး။ ဘုရားက ပေးတဲ့ဆွမ်းဆိုတာ အင်မတန် စင်ကြယ်ထူးမြတ်တဲ့ ပစ္စည်းပဲ။ အဲဒီလိုဆွမ်းကိုတောင်မှလက်မခံပဲ သည်းခံပြီး ကျင့်လာနိုင်ယင် နောင်အခါတပါးမှာ (အတြိစ္ဆတာ-အရ) သာကောင်းတယ်

ထင်တဲ့ တခြားပစ္စည်းကို ရချင်လာယင်၊ (ပါပိစ္ဆတာ- အရ) စိနည်းနဲ့ဆန့်ကျင်ပြီး မတရားသဖြင့် ယုတ်မာစွာရချင်လာယင်၊ (မဟိစ္ဆတာ- အရ) ရရှိးရစဉ်ထက် ပိုပြီး အများကြီး ရချင်လာယင် အဲဒီလိုချင်မှုတွေကို ဒီလိုဆင်ခြင်ပြီး အလွယ်တကူနဲ့ ပယ်ဖျောက်နိုင်ပါလိမ့်မယ်။ ဘယ်လိုလဲဆိုတော့-''ဟေ့...မောင်ရဟန်း၊ သင်ဟာ ဘုရားကပေးတဲ့ အင်မတန်စင်ကြယ် ထူးမြတ်တဲ့ ဆွမ်းကိုတောင် မသုံးဆောင်ပဲ ဆာလောင်ပင်ပန်းတာကို သည်းခံပြီး ကျင့်လာခဲ့တယ် မဟုတ်လား၊ အဲဒီတော့ ယခုလို သာပြီးကောင်းတာကို လိုချင်တာ, မတရားသဖြင့် လိုချင်တာ, ပိုပြီး များများလိုချင်တာဆိုတဲ့ အလိုဆိုးတွေကို ဘာကြောင့် လက်ခံနေရသလဲ'' စသည်ဖြင့် ဆင်ခြင်ပြီး အလိုဆိုးတွေကို ပယ်ဖျောက်နိုင်ပါလိမ့်မယ် တဲ့။ ထို့အတူပင် မရောင့်ရဲတဲ့အလို ဖြစ်ပေါ်လာယင်လဲ ဆင်ခြင်ပြီး ပယ်နိုင်ပါလိမ့်မယ်၊ ကိလေသာ အဖြစ်နဲ့အောင် ခေါင်းပါးအောင်လဲ နှလုံးသွင်းနိုင်ပါလိမ့်မယ် တဲ့။

နောက်ပြီးတော့ ဒကာ ဒကာမများက လှူဒါန်းပြီး မွေးမြူပြုစုရန်အတွက်လဲ လွယ်ကူပါလိမ့်မယ်တဲ့၊အဲဒါကလဲ အရေးကြီးပါတယ်၊ တချို့ရဟန်းက ဒကာ ဒကာမတွေ လှူဒါန်းတဲ့ ဆွမ်းစသည်ဖြင့် အားမရပဲ ညည်းညူနေတတ်တယ်၊ ဟိုဟာလဲ မကောင်းဘူး၊ဒီဟာလဲ မကောင်းဘူးလို့ညည်းညူနေတတ်တယ်။ အဲဒီလို ရဟန်းကို သက်ဆိုင်ရာ ဒကာ ဒကာမတွေက လှူဒါန်း ပြုစုဖို့ခက်တာပေါ့၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်လောက်က

မော်လမြိုင်မြို့နယ်ထဲမှာ ဘုန်းတော်ကြီး တပါးရှိခဲ့တယ်၊ အဲဒီ ဘုန်းတော်ကြီးက ဆွမ်းစားတဲ့အခါ ကြက်သားဟင်းပါမှ စားတယ်၊ ကြက်သားဟင်း မပါယင် အဲဒီနေ့မှာ ဆွမ်းမစားပဲ နေသတဲ့၊ ဒါကြောင့် သူ့ ဒကာ ဒကာမတွေက နေ့စဉ် ကြက်သားဟင်းပါအောင် ကြောင့်ကြစိုက်ပြီး ဆွမ်းကပ်လှူနေကြရပါသတဲ့၊ ခရီးသွားတဲ့အခါဆိုယင် ကြက်သားဟင်း အဆင်သင့်ပါအောင်လဲ ယူဆောင်သွားကြရပါသတဲ့၊ ဘာ့ကြောင့် ကြက်သားဟင်းကို ဒီလို စွဲနေသလဲတော့ မပြောတတ်ပါဘူး၊ ဒကာ ဒကာမတွေမှာတော့ လှူဒါန်းပြုစုကြရတာ ခဲယဉ်းကြရှာမှာပဲ။ ဘုရား၏ ဆွမ်းကျန်ကိုတောင် လက်မခံပဲ ဓမ္မဒါယာဒသက်သက်ဖြစ်အောင် ကျင့်တဲ့ ဒီရဟန်းမှာတော့ အဲဒီလို လှူဒါန်းပြုစုရန် မခက်ခဲပဲလဲ ရှိပါလိမ့်မယ်တဲ့။

နောက်ပြီးတော့ တရားကျင့်ရေးနဲ့စပ်ပြီး စိတ်အားလျော့လာယင်လဲ "ဘုရားထံမှ ဆွမ်းကိုတောင် မသုံးဆောင်ပဲ ဓမ္မဒါယာဒ သက်သက်ဖြစ်အောင် ဆာလောင်ပင်ပန်းတာကို သည်းခံပြီး အားထုတ်ခဲ့သေးတာပဲ၊ ဘာ့ကြောင့် စိတ်အားလျော့နေရသလဲ" စသည်ဖြင့် ဆင်ခြင်ပြီး လုံ့လဝီရိယထက်ထက်သန်သန်နဲ့ အားထုတ်ကျင့်သုံးဖို့ရာလဲ ဖြစ်ပါလိမ့်မယ် တဲ့။ ဒါကြောင့် အပ္ပိစ္ဆတာ-အလိုနည်းခြင်း၊ သန္တုဋ္ဌိတာ-ရောင့်ရဲလွယ်ခြင်း၊ သလ္လေခ-ကိလေသာကို ခေါင်းပါး စေခြင်း၊ သုဘရတာ — ပြုစုမွေးမြူလွယ်ခြင်း၊ ဝီရိယာရမ္ဘ - လုံ့လဝီရိယ ထက်သန်စွာအားထုတ်ခြင်းဆိုတဲ့ အကျိုးများကို ရစေနိုင်သော

ကြောင့် အဲဒီ ရဟန်းဟာ သာပြီး ပူဇော်သိုက် ချီးမွမ်းထိုက် ပါတယ် တဲ့။ အဲဒီ ဘုရားဆွမ်းကျန် လက်မခံသူ လက်ခံသူ ဥပမာ နဲ့ဆိုင်တဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

၂၁။ ဆွမ်းဘုဉ်းပြီးခါ၊ ဘုရားမှာ၊ များစွာ ဆွမ်းကျန်ရှိ သည်။

၂၂။ ရဟန်း ၂·ပါး၊ ဆာလောင်များ၊ ဘုရားထံ ရောက် သည်။

၂၃။ ဘုရားဆွမ်းကျန်၊ သုံးဆောင်ရန်၊ ဖိတ်မန်ခွင့်ပြု သည်။

မြတ်စွာဘုရားက ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆွမ်းကျန်တွေ တလဲ ရှိနေတယ်၊ အဲဒီအခါ အရပ်ဝေးမှ ရဟန်း ၂·ပါးက ဘုရားထံ ရောက်လာကြတယ်၊ အဲဒီ ရဟန်း ၂-ပါးက ဆွမ်းလဲ မစားရသေးလို့ ဆွမ်းလဲဆာနေတယ်၊ ခရီးကလဲပန်းလို့ အားလဲ နည်းနေကြတယ်၊ အဲဒီ ရဟန်း ၂·ပါးအား မြတ်စွာဘုရားက ဆွမ်းကျန်ကို စားသုံးဖို့ ဖိတ်မန်ခွင့်ပြုတယ်၊ ဒါပေမဲ့ တပါးက တော့ အာမိသအမွေခံ မဖြစ်စေချင်လို့ ဘုရားထံမှ ဆွမ်းကို မစားသုံးပဲ ဆာလောင်ပင်ပန်းစွာနှင့်ပင် အဲဒီ တနေ့နှင့်တညကို အချိန်ကုန်စေတယ်၊ ကျန် တပါးကတော့ အဲဒီဆွမ်းကျန်ကို စားသုံးပြီး အချိန်ကုန်စေပါတယ်တဲ့။ အဲဒါကို ဆိုကြရမယ်။

၂၄။ တပါးသာစား၊ ကျန်တပါး၊ ပယ်ရှား ကျင့်သုံး သည်။

[ဒုတိယအကြိမ်]

ဘုရားဟော တရားထဲမှာတော့ ပထမတပါးက မစားပဲ ကျင့်တယ်၊ ကျန်တပါးက စားပြီး ကျင့်တယ်လို့ ဒီလို အစဉ် ရှိပါတယ်၊ ဒါပေမဲ့ မြန်မာသံပေါက် လက်ာမှာတော့ ကာရန် ရသည့်အတိုင်း "တပါသာစား၊ ကျန်တပါး၊ ပယ်ရှားကျင့်သုံး သည်"လို့ ရှေ့နောက်ပြန်ပြီး စီထားရပါတယ်၊ ဒါပေမယ့် တပါးကတော့ မစားဘူး၊ တပါးကသာ စားတယ်ဆိုတဲ့ အနက် ကတော့မပျက်ပါဘူး။ အဲဒီ ၂-ပါးလုံး အပြစ်မရှိပဲ ကျင့်ကြတဲ့ အတွက် ပူဇော်ထိုက် ချီးမွမ်းထိုက်တာချည်းပါပဲ၊ ဒါပေမယ့် အာမိသအမွေခံမဖြစ်ပဲ တရားအမွေခံမျှဖြစ်အောင် ဘုရားထံမှ ဆွမ်းကိုမစားမသုံးပဲ တရားကျင့်တဲ့ရဟန်းက သာပြီး အပူဇော် ခံထိုက် ချီးမွမ်းထိုက်ပါတယ် တဲ့။ အဲဒီဆောင်ပုဒ်ကို ဆိုကြ ရမယ်။

၂၅။ ပယ်ရှားသူသာ၊ ကျိုးများမှာ၊ မြတ်စွာ ချီးကျူး သည်။

ဘုရားထံမှ ဆွမ်းကို လက်မခံ မသုံးဆောင်ပဲ ကျင့်တဲ့ ရဟန်းက ခုတင်က အကျယ်ပြောခဲ့တဲ့အတိုင်း အလိုနည်းခြင်း စသည်နှင့် ပြည့်စုံသောကြောင့် သာပြီး အပူဇော်ခံထိုက် ချီးမွမ်း ထိုက်တယ်၊ အဲဒါကို ဒီဆောင်ပုဒ်မှာ အကျိုးများတယ်လို့ အတိုချုပ် ပြဆိုထားပါတယ်။ အဲဒါဟာ မြတ်စွာဘုရားက ဥပမာပြပြီး ဆုံးမတာပဲ၊ မိဘများက သားကလေးတွေ သမီး ကလေးတွေကို ချော့ပြီး ဆုံးမသလိုလဲ မြတ်စွာဘုရားက ဆုံးမ နေပုံဟာ သိပ်ပြီး နူးညံ့သိမ်မွေ့တာပဲ၊ သိပ်ကြည်ညိုစရာကောင်း

တာပဲ၊ အဲဒီလို ဆုံးမနေပုံကို ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ပြောဲ ဟိုတုန်းက ရဟန်းတော်တွေကို မြတ်စွာဘုရားက ဆုံးမနေတာဟာ မိဘများက သားငယ်ကလေးများသမီးငယ်ကလေးများ ဆုံးမနေသလိုပဲ၊ အင်မတန်ကြီးမားတဲ့ သနားခြင်း ကရုဏာဖြင့် ဆုံးမနေတာပါလား၊ အင်မတန် ကြည်ညိုစရာ ကောင်းတာပဲလို့ ထင်ရှား ပေါ်လာပါတယ်၊ ဘုရားက မိမိအား တိုက်ရိုက် ဆုံးမနေသလိုလဲ ထင်မြင်လာပါတယ်၊ ဒါကြောင့် "ဤသို့မြတ်စွာ၊ ပုံဆောင်ကာ၊ သာယာဆုံးမသည်" လို့ ဆောင်ပုဒ်စီထားတယ်၊ ပုံပမာ ဆောင်ပြီးတော့ မြတ်စွာဘုရားက အင်မတန် သာသာယာယာနဲ့ ဆုံးမတော်မူပါပေတယ် လို့ ဆိုလိုပါတယ်။ တချို့က တပည့်တွေကို ငေါက်ငမ်းပြီး ကြမ်းကြမ်းတမ်းတမ်း ဆုံးမတာလဲ ရှိတယ်၊ ငေါက်ငမ်းရုံတင်တောင် မကဘူး၊ တချို့က ရိုက်နှက်ပြီး ဆုံးမတာလဲ ရှိတာပဲ၊ တချို့ ကတော့ စာချနေယင်း ထွေးခံနဲ့ပေါက်ပြီးတော့တောင် ဆုံးမတာလဲ ရှိတာပဲ၊ အဲဒီလို ကြမ်းကြမ်းတမ်းတမ်း ဆုံးမတာ ကတော့ တော်တော် နေ့ရာမကျတာပဲ၊ ကရုဏာစနဲ့ မဟုတ်ပဲ ဒေါသနဲ့ ဆုံးမတာပဲ။ ယခု ဖော်ပြခဲ့တဲ့အတိုင်း မြတ်စွာဘုရား ဆုံးမပုံကတော့ သိပ်သိမ်မွေ့တာပဲ၊ သိပ်ကြည်ညိုစရာ ကောင်းတာပဲ၊ အတုယူစရာလဲ သိပ်ကောင်းတာပဲ။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၂၆။ ဤသို့မြတ်စွာ၊ ပုံဆောင်ကာ၊ သာယာ ဆုံးမသည်။
၂၇။ ဘုရားစကား၊ တို့အများ၊ လေးစားကျင့်ထိုက်သည်။
၂၈။ လေးစားသူမှာ၊ ဆင်းရဲကွာ၊ ချမ်းသာ ရပေမည်။

[ဒုတိယအကြိမ်]

အဲဒီလို မြတ်စွာဘုရားက သာသာယာယာ ကလေးနဲ့ ဆုံးမ တာတွေကိုလေးစားကျင့်ထိုက်တယ်လို့ဖော်ပြပါတယ်၊အားလုံး ပုဂ္ဂိုလ်တွေလဲ စဉ်းစားကြည့်ယင် ဒီအတိုင်း ပေါ်မှာပဲ၊ ဘယ်သူမှ ငြင်းစရာရှိမှာ မဟုတ်ပါဘူး၊ ဒီလောက်ချိုချိုသာသာ ကလေးနဲ့ ဆုံးမတာကို မလေးစားပဲနေလို့ ဘယ်တော့မလဲ၊ လေးစားလိုက်နာရ ကျင့်ရမှာချည်းပါပဲ၊ အဲဒီလို လေးလေး စားစားနဲ့ လိုက်နာပြီးကျင့်ယင် ဘယ်သူမှာ အကျိုးရသလဲ ဆိုတော့ လေးလေးစားစား ကျင့်တဲ့သူမှာ ဆင်းရဲဒုက္ခငြိမ်းပြီး ချမ်းသာသုခကို ရသွားတာပါပဲ၊ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာ တွေကို ရသွားမယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မရသေးတောင် လူ့ချမ်းသာ နတ်ချမ်းသာတွေကို အကြီးအကျယ် ရသွားမယ်၊ ဒါကြောင့် "လေးစားသူမှာ၊ ဆင်းရဲကွာ၊ ချမ်းသာရပေ မည်"လို့ ပြဆိုထားတာပါပဲ။ ယခုပြောပြခဲ့တဲ့အတိုင်း ဥပမာ ဖြင့်လဲ ပြပြီးတဲ့နောက် တရားအမွေခံဖို့ရာ မြတ်စွာဘုရားက ဒီလို နိဂုံးချုပ်ကိုလဲ ဟောကြားတော်မူပါတယ်။

## နိဂုံးချုပ် မိန့်ခွန်း

စာသ္မာတိဟ မေ ဘိက္ခဝေ ဓမ္မဒါယာဒါ ဘဝထ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ နော အာမိသ ဒါယာဒါတိ။

[ဒုတိယအကြိမ်]

ဘိက္ခုဝေ-ရဟန်းတို့၊ တသ္မာ-ထိုသို့ အာမိသအမွေကို မခံပဲ တရားအမွေကိုသာ ခံယူလျှင် သာ၍ ပူဇော်ထိုက် ချီးမွမ်းထိုက် ခြင်း အကျိုးများခြင်းကြောင့်၊ တုမှေ- သင်ချစ်သားတို့သည်၊ မေ- ငါဘုရား၏ ဓမ္မဒါယာဒါ- တရားအမွေကို ခံယူကြကုန်သည်၊ ဘဝထ- ဖြစ်ကြပါကုန်လော့၊ အာမိသဒါယာဒါ-အာမိသခေါ်သည့် ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံအညံ့စားတို့သည်၊ မာ ဘဝထ- မဖြစ်ကြပါကုန်လင်၊ မေ- ငါဘုရား၏၊ သာဝကာ- တပည့်သာဝကတို့သည်၊ ကိန္တိ- ဘယ်ပုံဘယ်နည်းဖြင့်၊ ဓမ္မဒါယာဒါ- တရားအမွေကို ခံယူကြကုန်သည်၊ ဘဝေယျုံ- ဖြစ်ကြပါကုန်ရာသနည်း၊ အာမိသဒါယာဒါ-အာမိသခေါ်သည့် ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေကြသောအမွေခံအညံ့စားတို့သည်၊နော ဘဝေယျုံ-မဖြစ်ကြပဲ ရှိကုန်ရာသနည်း၊ ဣတိ- ဤသို့၊ မေ- ငါအား၊ တုမှေ- သင်ချစ်သားတို့၌၊ အနုကမ္ပာ- နှောင်ရေးကို မြော်တွေး၍ အစဉ်သနားခြင်းသည်၊ အတ္ထိ- ရှိနေပါသည်–လို့ နိဂုံးချုပ် အနေအားဖြင့် ထပ်မံပြီး မိန့်ကြားတော်မူပါတယ်။

ဒီ နိဂုံးချုပ်စကားဖြင့် သိစေလိုတာကတော့ ရှေ့ပိုင်းနားက ဖော်ပြခဲ့တဲ့အတိုင်း တရားအမွေခံယူရရှိမှ ဆင်းရဲခပ်သိမ်းအကုန်ငြိမ်းပြီး အမြဲတမ်း ချမ်းသာသွားမယ်၊ တရားအမွေ မခံယူပဲ ပစ္စည်းအမွေမျှနဲ့ အားရနေယင်တော့ ဘဝအသစ် ထပ်တလဲလဲ ဖြစ်ပြီး ထပ်တလဲလဲ အိုရ နာရ သေရ ဆင်းရဲတွေ ခံစားနေကြရမယ်၊ အပါယ်လေးပါး ကျရောက်ပြီးတော့လဲ ဆင်းရဲနေရ

မယ်၊ ဘုရားသာသနာ ဝင်ရောက်ပြီး ရဟန်းပြု နေတာဟာ စားဝတ်နေရေး ချောင်ရုံ ပစ္စည်းအမွေခံရုံမျှပဲလို့ ဒီလိုလဲ အကဲရှဲခံရမယ်၊ အဲဒါတွေကို မြင်ပြီးတော့လဲ မြတ်စွာဘုရားက သနားတော်မူတယ်၊တရားအမွေခံမှုပိုပြီး ပူဇော်ထိုက် ချီးမွမ်း ထိုက်မယ်ဆိုတာ မြင်ပြီးတော့လဲ ပိုပြီးအပူဇော်ခံထိုက် အချီး မွမ်းခံထိုက်စေလိုသောအားဖြင့် သနားတော်မူတယ်၊ဒါကြောင့် တရားအမွေကို ခံယူကြပါ၊ ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရ မနေကြပါနဲ့လို့ ဟောင်းပန်တိုက်တွန်းတာပါလို့ သိစေတော်မူ ပါတယ်။ အဲဒါနဲ့စပ်ဆိုင်တဲ့ ဆောင်ပုဒ်ကလေးများကို ထပ်ပြီး ဆိုကြရဦးမယ်။

၁၅။ သင်တို့နှောင်ရေး၊ ဝါမြော်တွေး၊ ဝန်လေးသနား သည်။ (နောက်ပုဒ်များနှင့် ညီစေရန် သည်-ဟုပင် ချပါ)။

၁၆။ ထို့ကြောင့်အများ၊ တပည့်သား၊ ဘုရားတောင်းပန် သည်။

၁၇။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

၁၈။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

ယခု ရွတ်ပြခဲ့တဲ့ နိဂုံးချုပ် စကားကို မိန့်တော်မူပြီးတော့ မြတ်စွာဘုရားက တရားပလ္လင်မှ ထပြီး ဂန္ဓကုဋိကျောင်းခန်းသို့ ကြွသွားတော် မူပါတယ်၊ အဲဒီလို ကြွသွားတော် မူတာကလဲ ရဟန်းတော်များအား တရားအမွေခံခရးနှင့်စပ်ပြီး အရှင်သာရိ

[ဒုတိယအကြိမ်]

ပုတ္တရာက ဟောပြောဖို့ပါပဲ။ ဒါကြောင့် မြတ်စွာဘုရား ကြွသွားတော်မူတဲ့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကရဟန်းတော်များကို ဒီလိုမေးတော်မူပါတယ်။

## အရှင်သာရိပုတ္တရာ၏ အခြေခံမေးခွန်း

အာဝုသော- ငါ့ရှင်တို့၊ ပဝိဝိတ္တဿ- ကိုယ် စိတ် ဥပဓိ သုံးပါးလုံး အလိုအားဖြင့် ဆိတ်ငြိမ်သည်ဖြစ်၍၊ ဝိဟရတော-နေတော်မူသော၊ သတ္ထု- ဆရာဘုရား၏၊ ဝိဝေကံ- ဆိတ်ငြိမ်မှုအကျင့်ကို၊ သာဝကာ-တပည့်တို့သည်၊ ကိတ္တာဝတာ-အဘယ်မျှဖြင့်၊ နာနုသိက္ခန္တိ နုခေါ-လိုက်နာ၍ မကျင့်ပဲရှိကြပါသနည်း၊ ကိတ္တာဝတာ စ ပန- အဘယ်မျှဖြင့်မူကား၊ အနုသိက္ခန္တိ-လိုက်နာ၍ ကျင့်ကြပါသနည်း လို့ မေးပါတယ်။(ထပ်နေသောပါဠိပုဒ်များကို ချန်ထားပါသည်) အဲဒီတော့ တရားနာနေကြတဲ့ ရဟန်းများက "အရှင်သာရိပုတ္တရာ ဟောတာကို နာကြားကြဖို့ ဝေးလံသော အရပ်များမှ လာခဲ့ကြရ ပါတယ်၊ အရှင်ဘုရားဘာပင် ဟောကြားတော်မူပါ"လို့ တောင်းပန်ကြတယ်။ အဲဒီတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလိုအမေးအဖြေဖြင့် ဟောတော်မူပါတယ်။

## အရှင်သာရိပုတ္တရာ၏ တရားတော်

အာဝုသော- ငါ့ရှင်တို့၊ ပဝိဝိတ္တဿ - ကိုယ် စိတ် ဥပဓိ သုံးပါးလုံး အလိုအားဖြင့် ဆိတ်ငြိမ်သည်ဖြစ်၍၊ ဝိဟရတော-

[ဒုတိယအကြိမ်]

နေတော်မူသော၊ သတ္တု-ဆရာဘုရား၏၊ ဝိဝေကံ- ဆိတ်ငြိမ်မှု အကျင့်ကို၊ သာဝကာ- တပည့်တို့သည်၊ ကိတ္တာဝတာ-အဘယ် မျှဖြင့်၊ ဝါ- အဘယ်သို့နေထိုင်ခြင်းဖြင့်၊ နာနုသိက္ခန္တိ နုခေါ်- လိုက်နာ၍မကျင့်ပဲ ရှိကြပါသနည်းဆိုလျှင်၊ အာဝုသော- ငါ့ ရှင်တို့၊ ဣဓ- ဤသာသနာတော်၌၊ သာဝကာ- ဘုရားတပည့် ရဟန်းတို့သည်၊ သတ္တု ပဝိဝိတ္တဿ ဝိဟရတော- ဆိတ်ငြိမ်မှု သုံးပါးအလိုအားဖြင့် ဆိတ်ငြိမ်လျက်နေသော ဆရာဘုရား၏၊ ဝိဝေကံ- ဆိတ်ငြိမ်မှုအကျင့်ကို၊ နာနုသိက္ခန္တိ- လိုက်လျော၍ မကျင့်ကြကုန် တဲ့။

## မြတ်စွာဘုရားမှာ ဝိဝေကသုံးပါးလုံးပြည့်စုံပုံ

ဒါက ဆိတ်ငြိမ်မှုအကျင့်ကို လိုက်လျောမကျင့်ပုံအကျင့်ပျက် ပုံ အမှတ်(၁)ပဲ။ မိမိတို့၏အားကိုးရာ အစစ်ဖြစ်တော် မူသော မြတ်စွာဘုရားက (ကာယဝိဝေက-ဆိုတဲ့) ကိုယ်ဖြင့် ဆိတ်ငြိမ်တဲ့ အကျင့်နဲ့လဲ အမြဲတမ်း ပြည့်စုံနေတော် မူပါတယ်၊ ကိုယ်ဖြင့် ဆိတ်ငြိမ်တယ်ဆိုတာ အခြားပုဂ္ဂိုလ်များနဲ့ ရောနှောမနေပဲ မိမိ တကိုယ်တည်း နေတာပါပဲ၊ အဲဒီလို တကိုယ်တည်းနေတာဟာ အင်မတန် ချမ်းသာပါတယ်၊ ဘယ်သူ့ကိုမှမငဲ့ရဘူး၊ အင်မတန် အေးချမ်းပါတယ်၊ အကြောင်းထူး မရှိတဲ့အခါ အဖော်မရှိပဲ တကိုယ်တည်းနေရတာ အကောင်းဆုံးပါပဲ၊ အခြားသူ၏ အကူ အညီရှိမှ ကိစ္စပြီးနိုင်တဲ့အခါ တရားဟောရတဲ့အခါ စသည်ဖြင့် ဒီလိုအကြောင်းထူးရှိတဲ့အခါကျတော့အခြားသူများနဲ့ရောနှော

တွေ့ဆုံနေရတဲ့အခါလဲ ရှိပါသေးတယ်၊ အဲဒီလို အကြောင်းထူးမရှိတဲ့အခါများမှာတော့ တကိုယ်တည်းနေရတယ်၊ အဲဒါဟာ ကိုယ်ဖြင့် ဆိတ်ငြိမ်တဲ့အကျင့်ပဲ၊ အဲဒီ အမှတ် (၁) ဆိတ်ငြိမ်မှု ကာယဝိဝေကနဲ့လဲ မြတ်စွာဘုရားမှာ အမြဲတမ်းပြည့်စုံနေပါတယ်။

နောက်ပြီးတော့ (စိတ္တဝိဝေက) စိတ်ဖြင့် ဆိတ်ငြိမ်တယ်ဆိုတဲ့ အကျင့်ကတော့ ဈာန်သမာပတ်တွေ ပါပဲ၊ မြတ်စွာဘုရားမှာ ဈာန်သမာပတ် ဟူသမျှတွေနဲ့လဲ အကြွင်းမဲ့ ပြည့်စုံနေပါတယ်။ ဒါက အမှတ်(၂) ဝိဝေကနဲ့ ပြည့်စုံနေပုံပါပဲ။

နောက်ပြီးတော့ (ဥပဓိဝိဝေက) ဆိုတာ ဆင်းရဲကြောင်းဖြစ်တဲ့ ဥပဓိလေးပါး ကင်းဆိတ်တဲ့ သဘော တရား ပါပဲ၊ အဲဒါက ဘာလဲ ဆိုယင် အမြတ်ဆုံး အားဖြင့် နိဗ္ဗာန်ပါပဲ၊ နိဗ္ဗာန်မှာ ကာမဂုဏ်အာရုံတွေ ဆိုတဲ့ ကာမုပဓိလဲ ကင်းဆိတ်နေတယ်၊ လောဘ ဒေါသ စသော ကိလေသာ ဥပဓိတွေလဲ ကင်းဆိတ်နေတယ်၊ အကုသိုလ်ကံ ကုသိုလ်ကံဆိုတဲ့ အဘိသင်္ခါရဥပဓိလဲ ကင်းဆိတ်နေတယ်၊ ရုပ် နာမ် ခန္ဓာဆိုတဲ့ ခန္ဓုပဓိလဲ ကင်းဆိတ်နေတယ်၊ ဒါကြောင့် နိဗ္ဗာန်ကို ဥပဓိဝိဝေက လို့ဆိုရတယ်၊ အရိယမဂ်ဖိုလ် စသည်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနေယင် အဲဒီ ဥပဓိဝိဝေကနဲ့ ပြည့်စုံနေတာပဲ၊ အထူးအားဖြင့် အရဟတ္တဖိုလ် ရောက်ပြီးဖြစ်တဲ့ ရဟန္တာမှာ ဘယ်အချိန်မဆို အရဟတ္တဖိုလ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သောကြောင့် ဥပဓိဝိဝေကနဲ့

ပြည့်စုံနေတယ်လို့ ဆိုရတာပဲ၊ 'ဒါကြောင့် မြတ်စွာဘုရားမှာ အဲဒီ အမှတ် (၃) ဥပဓိဝိဝေကနဲ့လဲ အမြဲတမ်း ပြည့်စုံနေပါတယ်။ ဝိပဿနာရှုနေသူမှာ အနိစ္စ ဒုက္ခ အနတ္တ ဟု ကိုယ်တိုင်တွေ့သိသော ဝိပဿနာဉာဏ် ဖြစ်ခိုက်၌ အဲဒီ ဥပဓိလေးပါးတင်းဆိတ်တဲ့ ဥပဓိဝိဝေကနဲ့ တဒင်္ဂအားဖြင့် ပြည့်စုံနေတယ်လို့ဆိုရပါတယ်၊ ဘာကြောင့်လဲဆိုယင် အနိစ္စ စသည်ဖြင့် သိတိုင်းသိတိုင်း ကာမဥပဓိလဲ ကင်းနေတယ်၊ ကိလေသာဥပဓိ အဘိသင်္ခါရဥပဓိ တွေကလဲ ကင်းနေတယ်၊ အဲဒီ သိရတဲ့ အာရုံနဲ့စပ်ပြီး ဖြစ်ထိုက်တဲ့ ဘဝသစ် ခန္ဓာဥပဓိလဲ ကင်းနေတယ်၊ ဒါကြောင့်ပါပဲ။

ဘုရားတပည့်ဖြစ်တဲ့ ရဟန်းဟာ တကိုယ်တည်း ဆိတ်ငြိမ်စွာမနေပဲနဲ့ အကြောင်းထူး မရှိပါပဲ အများနဲ့ ရောနှောနေယင် မြတ်စွာဘုရား၏ ကာယဝိဝေက အကျင့်ကို အတုလိုက်ပြီး မကျင့်ရာရောက်တယ်၊ ကာယဝိဝေက အကျင့်ပျက်နေတယ်လို့ ဆိုရမှာပဲ။ နောက်ပြီးတော့ သမာဓိအကျင့်ကို မကျင့်ယင် မြတ်စွာဘုရား၏ စိတ္တဝိဝေကအကျင့်ကို အတုလိုက် မကျင့်ပဲ စိတ္တဝိဝေက အကျင့်ပျက်နေတယ်လို့ ဆိုရမှာပဲ၊ ဝိပဿနာအကျင့်ကို မကျင့်ယင်တော့ မြတ်စွာဘုရား၏ ဥပဓိဝိဝေကအကျင့်ကို အတုလိုက်မကျင့်ပဲ ဥပဓိဝိဝေက အကျင့်ပျက်နေတယ် ဆိုရမှာပဲ။ ဒါပေမယ့် ''ဝိဝေကံ နာနုသိက္ခန္တိ-ဆရာဘုရား၏ ဝိဝေကအကျင့်ကို လိုက်နာပြီး အတုလိုက်ပြီး မကျင့်ကြဘူး'' ဆိုတဲ့ စကားရပ်ဖြင့် ကာယဝိဝေကအကျင့်ကို အတုလိုက်ပြီး

မကျင့်ကြောင်းကိုသာ ဆိုလိုတယ်လို့ အဋ္ဌကထာမှာ ပြဆိုထားပါတယ်၊ ဒါကြောင့် တကိုယ်တည်းတပါးတည်းမနေပဲအများနဲ့ ရောနှောနေလျှင် မြတ်စွာဘုရား၏ဝိဝေကအကျင့်ကို အတုလိုက်ပြီး မကျင့်ပဲ အဲဒီကာယဝိဝေကအကျင့် ချွတ်ယွင်း ပျက်စီးနေတာပါပဲ။ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၁။ ဆိတ်ငြိမ်တရား၊ မြတ်ဘုရား၊ ပွားများ ထာဝစဉ်။

မြတ်စွာဘုရားက တပါးတည်းနေလျက် ကိုယ်ဖြင့်လဲ ဆိတ်ငြိမ်စွာ ကျင့်နေပါတယ်၊ ဈာန်သမာပတ်များ ဝင်စားလျက် စိတ်ဖြင့်လဲ ဆိတ်ငြိမ်စွာ ကျင့်နေပါတယ်၊ အရဟတ္တဖိုလ်ရောက်ပြီးတော့ ဥပဓိဆိတ်ငြိမ်ခြင်းနဲ့လဲ ပြည့်စုံနေပါတယ်လို့ ဆောင်ပုဒ်က ဆိုလိုတာပါပဲ။ ဝိဝေက် နာနုသိက္ခန္တိ- ဆရာဘုရား၏ အဲဒီဝိဝေကကို တပည့်တွေက လိုက်လျောပြီး အတုလိုက်ပြီး မကျင့်ကြဘူးဆိုတဲ့ စကားအရ ဆောင်ပုဒ်ကိုလဲ ဆိုကြရမယ်။

### အကျင့်ပျက်ပုံ အမှတ် (၁)

၂။ တပည့်တို့ကား၊ ထိုတရား၊ မပွားမလိုက်လျှင်။—(၁)

မြတ်စွာဘုရားက အမြဲတမ်း ပွားများနေတဲ့ ဝိဝေကသုံးပါးကို တပည့်ရဟန်းတွေက အတုလိုက်ပြီး မပွားများ မကျင့်သုံးလို့ ရှိယင်တဲ့၊ အောက်ထစ်ဆုံးအားဖြင့် ကာယဝိဝေက အကျင့်ကိုတောင် အတုလိုက်ပြီး မကျင့်ကြလို့ရှိယင် အဲဒါဟာ အစဆုံး အကျင့်ပျက်နေတာပဲ၊ အမှတ် (၁) အကျင့်ပျက်နေတာပဲ၊

[ဒုတိယအကြိမ်]

ဒါကြောင့် အဲဒီ ဆောင်ပုဒ်အဆုံးက နောက်နားမှာ (၁) လို့ ပြထားတာပဲ။

## အကျင့်ပျက်ပုံ အမှတ် (၂)

အမှတ် (၂) အကျင့်ပျက်ပုံကတော့ စ-ထို့ပြင်၊ ယေဿံ ဓမ္မာနံ ပဟာနံ-လောဘ ဒေါသ စသော အကြင်ကိလေသာ တို့ကို ပယ်ခြင်းကို၊ ဝါ-ပယ်ရန်၊ သတ္ထာ အာဟ-ဆရာဘုရားက ဟောကြားတော်မူသည်၊ တေ စ ဓမ္မေ-ထို ကိလေသာတရား တို့ကိုလဲ၊ နပ္ပဇဟန္တိ-တပည့်တို့က မပယ်ကြကုန်၊ ဝါ-ပယ်နိုင် အောင် မကျင့်ကြကုန်-တဲ့။

ဆရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားက လောဘ ဒေါသစသော ကိလေသာတွေကို ပယ်ကြရမယ်လို့ ဟောကြား ထားတယ်၊ အဲဒီ ပယ်ရမည့် တရားတွေကိုလဲ မပယ်ကြယင် ပယ်နိုင်အောင် မကျင့်ကြယင် ဒါက ဆရာဘုရား၏ ဝိဝေက အကျင့်ကို အတုလိုက်မကျင့်ပဲ အကျင့်ပျက်တာ တခုပဲ၊ အမှတ် (၂) အကျင့်ပျက်တာပဲ။ အဲဒါကိုလဲ ဆိုကြရမယ်။

၂။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှား မပြုလျှင်။ — (၂)

ပယ်ဖို့ရာ ညွှန်ကြားထားတဲ့ လောဘ、 ဒေါသ စသော ကိလေသာတွေကို မပယ်ပဲ လက်ခံနေလို့ရှိယင် အဲဒါဟာ ဒုတိယ အကျင့်ပျက်မှုပဲ၊ အမှန်ကတော့ လောဘ ဒေါသ စသည်တွေ ဖြစ်ပေါ်လာယင် ဆင်ခြင်ပြီးတော့ယင်လဲ ပယ်ရမယ်၊ ရှုမှတ်

ပြီးတော့ယင်လဲ ပယ်ရမယ်၊ ဒါပေမဲ့ ဆင်ခြင်ပြီး ပယ်ရုံနဲ့တော့ အမြစ်ပြတ် မငြိမ်းဘူး၊ မရှုမမှတ်လျှင် ဖြစ်နိုင်တဲ့ လောဘ ဒေါသစသည်တွေကို ဖြစ်နိုင်ခွင့်မရှိအောင် မြင်တိုင်းကြားတိုင်း တွေ့တိုင်းသိတိုင်း ချက်ခြင်း ရှုမှတ်ပြီး ပယ်မှ ရှုမိတဲ့အာရုံမှာ ဖြစ်ခွင့်မရှိတော့ပဲ အမြစ်ပြတ်ငြိမ်းသွားတာ၊ နောက်ဆုံးအရိယ မဂ် ရောက်တဲ့အခါကျတော့ ရှုမှတ်သူ၏ သန္တာန်မှာ လုံးဝမဖြစ် နိုင်တော့ပဲ အမြစ်ပြတ်ငြိမ်းသွားတယ်၊အဲဒီလိုဆင်ခြင်ပြီး,ရှုမှတ် ပြီး မပယ်ယင် အဲဒီ ကိလေသာတွေကို လက်ခံနေသည်မည်တာပဲ၊ ယခု ဒီရိပ်သာမှာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ် ရှုမှတ်နေကြတာဟာ ဖြစ်ထိုက်တဲ့ အဲဒီ ကိလေသာတွေကို ပယ်နေကြတာပါပဲ၊ အဲဒီလို ပယ်ရှားနိုင်အောင် မကျင့်လို့ ရှိယင် ဆရာဘုရား၏ ဝိဝေကအကျင့်ကို အတုလိုက်မကျင့်ပဲ အကျင့်ပျက်နေသည် မည်တာပဲ၊ ဒါက အမှတ် (၂) အကျင့် ပျက်ပုံပါပဲ။ အဲဒီမှာ ပယ်ရမည့် တရားတွေကတော့ လောဘ ဒေါသ စသည် ၁၆-ပါး ရှိပါတယ်၊ အဲဒါတွေကို ပယ်ပုံ ပယ်နည်းနှင့်တကွ နောက်ပိုင်းကျတော့ အရှင် သာရိပုတ္တရာ မထေရ်မြတ်က အပြည့်အစုံပဲ ပြထားပါတယ်။ အမှတ် (၃) အကျင့်ပျက်ပုံကတော့—

## အကျင့်ပျက်ပုံ အမှတ် (၃)

စ-ထို့ပြင်၊ (သာဝကာ-ဘုရားတပည့် ရဟန်းတို့သည်) ဗာဟုလိကာ-ပစ္စည်းများရေးကို အလေးပြုကုန်သည်၊ ဟောန္တိ-

ဖြစ်ကုန်၏။ ဆွမ်း သင်္ကန်း ကျောင်း ဆေးစသော ပစ္စည်း ပေါများရေး လာဘ်လာဘ များများရရေး ဘုန်းကြီးရေးကို အလေးပြုနေကြတယ် တဲ့၊ အဲဒီလို စီးပွားရေးကို အလေးပြုနေယင် သာထလိကာ- တရားကျင့်ရေး၌ လျော့ပေါ့ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏ တဲ့။ လာဘ်လာဘ ပစ္စည်းပေါများဖို့ ဘုန်းကြီးဖို့ အလေးပြုနေယင် သီလကျင့်ဖို့ သမာဓိပညာကျင့်ဖို့ ဘက်ကတော့ ပေါ့လျော့နေတယ်တဲ့၊ ပစ္စည်းဥစ္စာရဖို့ လာဘ်လာဘရဖို့ ဘုန်းကြီးဖို့ ဒီဘက်က ဂရုစိုက်နေတယ်၊ ဒီဘက်ကတော့ မနွေးဘူး၊ အင်မတန်ကို ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်နဲ့ ထက်ထက်သန်သန် ဒီဘက်က အားထုတ်နေတယ်၊ သီလ သမာဓိ ပညာအကျင့် ကျင့်ဖို့ရာကျတော့ လျော့လျော့ပဲတဲ့၊ သီလလဲ ရှိရှိသေသေ မကျင့်ဘူး၊ သမာဓိ ပညာအကျင့်ကျတော့ တချို့ကလုံးလုံးမကျင့်တာလဲ ရှိပါတယ်၊ ကျင့်တော့မှုလဲ စားကောင်း သောက်ကောင်း နေကောင်း ထိုင်ကောင်း တော်ရုံလျော်ရုံပဲ ကျင့်နေတယ်၊ တချို့က တရားအားထုတ်တယ် ဆိုပေမယ့် တရားအားထုတ်တယ်လို့ ပြောရရုံပဲ၊ သမာဓိဖြစ်အောင် အားထုတ်တာလဲ မဟုတ်၊ ပညာဖြစ်အောင် အားထုတ်တာလဲ မဟုတ်၊ ပါရမီဖြစ် ကုသိုလ်ဖြစ်ဆိုပြီး တော်ရုံသင့်ရုံ အားထုတ်နေတာလဲ ရှိတယ်၊ လုံးလုံးအားမထုတ်ပဲ နေတာလဲ ရှိတယ်၊ အဲဒါကို သာထလိကာ- တရားကျင့်ရေးမှာ လျော့ပေါ့နေကြတယ်တဲ့၊ ပစ္စည်းများဖို့ကို အလေးပြုနေယင် အကျင့်ဘက်မှာ လျော့နေတာပဲ၊ အကျင့်ဘက်က လျော့နေယင်လဲ ပစ္စည်းများဖို့ အားထုတ်နေတတ်ကြတာပဲ၊ ဝိနည်းကျင့်ဝတ်နဲ့

ဆန့်ကျင်ပြီး လာဘ်လာဘ များများရအောင် အားထုတ်နေတာလဲ ရှိတာပဲ၊ ဝိနည်းက လုံး ဝခွင့်မပြုတဲ့ ငွေတွေကို များများ စုမိအောင် အားထုတ်နေတာလဲ ရှိတာပဲ၊ အဲဒီလိုဆိုတော့ သီလပြည့်စုံဖို့တောင် မျှော်လင့်ဖွယ် မရှိပါဘူး၊ သီလ မပြည့်စုံယင် သမာဓိပညာအကျင့်ကို ကျင့်ဖို့ရာကတော့ ဝေးသွားတော့တာပဲ၊ အဲဒါတွေဟာ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေးလျော့ပေါ့လျှင်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ဆရာဘုရား၏ ဝိဝေကအကျင့်ကို အတုလိုက်ပြီး မကျင့်ပဲ အကျင့်ပျက်နေကြပုံတွေပါပဲ။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၄။ ပစ္စည်းများရေး၊ အလေးပေး၊ ကျင့်ရေးလျော့ပေါ့
လျှင်။

ဒါက အမှတ် (၃) အကျင့်ပျက်မှုတဲက ပထမပိုင်းမျှပါပဲ။ ဒုတိယပိုင်းကတော့ ဩက္ကမနေ ပုဗ္ဗင်္ဂမာ- ဆုတ်ယုတ်ကြောင်းဖြစ်သော အလုပ်၌ ရှေ့သွားခေါင်းဆောင် ဖြစ်ကြတယ်တဲ့။ ဆုတ်ယုတ်ကြောင်း လုပ်ငန်း အကျင့်ဘက်မှာတော့ ရှေ့သွားခေါင်းဆောင်တွေ လမ်းပြတွေ ဖြစ်နေကြတယ်တဲ့၊ ဆုတ်ယုတ်ကြောင်းဆိုတာ နီဝရဏတရားတွေပဲ၊ နီဝရဏဆိုတာ သမာဓိပညာ မဖြစ်ရအောင် တားမြစ်တတ်တဲ့တရားတွေပဲ၊ ဘာတွေလဲဆိုယင် ကာမဂုဏ် အာရုံတွေကို လိုလား နှစ်သက်ပြီး စိတ်ကူးကြံစည်နေတဲ့ ကာမစ္ဆန္ဒ ဆိုတာလဲ နီဝရဏပဲ၊ စိတ်ဆိုး ပြစ်မှားပြီး ကြံစည်နေတဲ့ ဗျာပါဒဆိုတာလဲ နီဝရဏပဲ၊ ကုသိုလ်ရေးနဲ့ စပ်ပြီး ပျင်းရိတာ တရားအားမထုတ်ချင်တာ တရား

[ဒုတိယအကြိမ်]

မနာချင်တာ ဆိုတဲ့ ထိနမိဒ္ဓ ဆိုတာလဲ နီဝရဏပဲ၊ တရားအား ထုတ်နေယင်း ပျင်းလာတာ စိတ်အား လျှော့လာတာလဲ ထိနမိဒ္ဓပဲ၊ စိတ်တွေ သွားချင်ရာသွားပြီး ပျံ့လွင့်နေတဲ့ ဥဒ္ဓစ္စ ဆိုတာလဲ နီဝရဏပဲ၊ ပြုမှားပြောမှားတာတွေဟာ စဉ်းစားပြီး စိတ်ပူပန်တဲ့ ကုက္ကုစ္စ ဆိုဟာလဲ နီဝရဏပဲ၊ ဘုရားစစ် တရားစစ် သံဃာစစ် ဟုတ်မှ ဟုတ်ရဲ့လေလား, ဒီလိုရှုမှတ်ရုံနဲ့ မဂ်ဖိုလ်နိဗ္ဗာန် ရတယ်ဆိုဟာ ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှား ကြံတွေးနေတဲ့ ဝိစိကိစ္ဆာ ဆိုတာလဲ နီဝရဏပဲ၊ အဲဒီနီဝရဏ စိတ်ကူးတွေဖြင့် ကြံစည်စိတ်ကူးမှုမှာ အလေးပြုနေတယ်၊ အဲဒီလို အကြံတွေ ကြံရာမှာ ရှေ့သွားခေါင်းဆောင်သဖွယ် ဖြစ်နေတယ်တဲ့။

ယခုနေ့အခါမှာ ထေရ်ကြီး ဝါကြီးတွေက တရား အားမ ထုတ်ပဲ ဒီလို နီဝရဏစိတ်ကူးတွေနဲ့ အချိန်ကုန်နေစေလို့ ရှိယင် တပည့်တွေကလဲ ဒီလိုနေရမယ်လို့ အောက်မေ့ကြတာပဲ၊ မိဘ ဖြစ်သူတွေက တရားအကျင့်နဲ့ဝေးပြီး ဒီလိုစိတ်ကူးမျိုးတွေနဲ့သာ အချိန်ကုန်စေကြယင် သားသမီးတွေကလဲ ဒီလိုနေဖို့သာ စိတ် ရှိကြမှာပဲ၊ မိဘဖြစ်သူတွေက မူးယစ်သောက်စား လောင်းကစား ပြုလုပ်နေယင် သားသမီးတွေကလဲ အဲဒီလိုလုပ်ဖို့ စိတ်ဝင်စား နေကြမှာပဲ၊ မိဘတွေက ပွဲလမ်းတွေ လိုက်စားကြည့်ရှုနေယင် သားသမီးတွေကလဲ အဲဒီအတိုင်းပဲ စိတ်ဝင်စားနေကြမှာပဲ။ အဲဒါလိုပင် ရဟန်းတော်များ ဘက်မှာလဲ ကြီးတဲ့ပုဂ္ဂိုလ်တွေက နီဝရဏ ဖြစ်ပွားရေး အလေးပြုနေယင် ရှင်ရဟန်းငယ်တွေကလဲ

အဲဒီအတိုင်းပဲ စိတ်ဝင်စားနေကြတယ်။ ဒါကြောင့် ဆုတ်ယုတ်ကြောင်း နိဝရဏ စိတ်ကူးတွေ လက်ခံ အားပေးနေယင် မိမိအတွက်သာ မဟုတ်ဘူး၊ မိမိနှင့်စပ်ဆိုင်သူများကိုလဲ ရှေ့ဆောင်လမ်းပြသလို ဖြစ်နေပါတယ်။ ဒါကြောင့်—

သြက္ကမနေ ပုဗ္ဗင်္ဂမာ-ဆုတ်ယုတ်ကြောင်း စိတ်ကူးကြံတွေးမှု နိဝရဏအလုပ်၌ ရှေ့သွားခေါင်းဆောင်ဖြစ်ကြ၍၊ ပဝိဝေကေ-ကိလေသာစသော ဥပဓိကင်းဆိတ်ရေးအကျင့်ဘက်၌၊ နိက္ခိတ္တဓုရာ-ချထားအပ်သော ဝန်ရှိကုန်သည်၊ဟောန္တိ-ဖြစ်ကုန်၏ တဲ့။

အဲဒီ နိဝရဏ စိတ်ကူးတွေကို လက်ခံအားပေး နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ကိလေသာ စသည် ကင်းဆိတ်ကြောင်း ဝိပဿ-နာ အကျင့်ဘက်မှာတော့ ''ငါတို့နှင့် မဆိုင်ဘူး၊ ငါတို့အလုပ်မဟုတ်ဘူး၊ ဒီအလုပ်ကို ငါတို့မလုပ်ပါဘူး''လို့ စွန့်ပယ်ထားသလိုပင် ဖြစ်နေကြတယ်။ ထမ်းဆောင်လာတဲ့ ဝန်ထုပ်ကို ပစ်ချထားသလိုပင် အဲဒီ ကိလေသာ ဥပဓိ ကင်းဆိတ်ကြောင်း၊ ဝိပဿနာအလုပ်ကို စွန့်ပစ်ထားကြတယ် တဲ့။ တချို့ကလုံးလုံးအားမထုတ်ပဲ နေတာလဲ ရှိတာပဲ၊ အဲဒါတွေက များပါတယ်။ တချို့ကတော့ အတော်အသင့်လောက် အားထုတ် ပြီးတော့ ဝိပဿနာအလုပ်ကို ရပ်စဲစွန့်ပစ်ထားကြတယ်။ တချို့က သူများတွေ အားထုတ်နေတာတောင် အားမထုတ်ချင်အောင် နှောင့်ယှက် ပြောဆိုနေတာတွေလဲ ရှိတာပဲ၊ အဲဒါကတော့ သူများအတွက်ပါ ဝန်ချထားတဲ့ သဘောပါပဲ။ အဲဒီ ''ဆုတ်ယုတ်ရေး၌ ရှေ့ဆောင်ကြတယ်၊ဆိတ်ငြိမ်ရေး၌ ဝန်ချထားကြတယ်''

[ဒုတိယအကြိမ်]

ဆိုတဲ့ နှစ်ပိုဒ်ကို (ဆုတ်ရန်ရှေသွား၊ ကျင့်ရန်ကား၊ ချထားဝန်ရှိလျှင်-လို့) ဆောင်ပုဒ်စီထားတယ်၊ အဲဒါကို ဆိုကြရမယ်။

၅။ ဆုတ်ရန်ရှေသွား၊ ကျင့်ရန်ကား၊ ချထားဝန်ရှိလျှင်။——(၃)

ကုသိုလ်တရားကို ဆုတ်ယုတ်စေတတ်တဲ့ နီဝရဏစိတ်ကူးမှာ အားပေး ရှေဆောင် နေကြတယ်၊ ကိလေသာဥပဓိကို ကင်းပ ဆိတ်ငြိမ်စေတတ်တဲ့ ဝိပဿနာ အကျင့်မှာတော့ အားမထုတ်တော့ဘူးဆိုတဲ့အနေနဲ့ ဝန်ချထားကြတယ်။ ဒီ ၂-ပိုဒ်နဲ့ အမှတ် (၄)ဆောင်ပုဒ်က ၂-ပိုဒ်ဟာ မြတ်စွာဘုရား၏ ဝိဝေက အကျင့်ကို အတုလိုက်ပြီး မကျင့်ပဲ ချွတ်ယွင်းနေပုံ အကျင့်ပျက်နေပုံပါပဲ။ အဲဒီ ဆောင်ပုဒ် အမှတ် (၄) နှင့် အမှတ် (၅) ဟာ ဘုရားတပည့် ရဟန်းများ၏ အကျင့်ပျက်ပုံ အမှတ် (၃) ပဲ၊ ဒါကြောင့် အမှတ်(၅) ဆောင်ပုဒ်အဆုံးမှာ (၃)လို့ ပြထားပါတယ်။

အဲဒီဆောင်ပုဒ်တွေ၏အဆုံးမှာ (မပွားမလိုက်လျှင်၊ပယ်ရှားမပြုလျှင်၊ ကျင့်ရေး လျော့ပေါ့လျှင်၊ ချထားတဲ့ဝန် ရှိလျှင်) ဆိုတဲ့ အပိုဒ်များကို ယခုပြဆိုမည့် ဆောင်ပုဒ်(၆)ထဲက "ကဲ့ရဲ့ဖွယ်၊ သုံးသွယ်ငြိစွန်းသည်" ဆိုတဲ့ ပဓာနပုဒ်နဲ့ ဆက်စပ်ပြီး အနက် အဓိပ္ပာယ် ယူဖို့ပါပဲ။ အဲဒီ ဆောင်ပုဒ် ၄-ခု ထဲမှာ ပြထားတဲ့အတိုင်း အကျင့်ပျက်မှုများရှိနေလျှင်မထေရ်ကြီးရော၊ အလတ်စားရဟန်းပျိုရော၊ ရဟန်းသစ် ရဟန်းငယ်ရော ကဲ့ရဲ့ဖွယ် သုံးပါးနဲ့ ငြိစွမ်းတယ်-လို့ ဆိုလိုပါတယ်။ အဲဒီ ကဲ့ရဲ့ဖွယ် အပြစ်

သုံးပါးဆိုတာကလဲ တခြားဟာတွေ မဟုတ်ပါဘူး၊ ဖော်ပြခဲ့ပြီး ဖြစ်တဲ့ အကျင့်ပျက်ကွက် ချွတ်ယွင်းချက် သုံးပါးပါပဲ၊ အဲဒီ အကြောင်းကို သူ့မူရင်းအတိုင်းလဲ သိထားရအောင် ယခု ပါဠိ အနက်တွဲပြီး ရွတ်ဆိုဖော်ပြပါဦးမယ်။

## အပြစ်သုံးပါးဖြင့် အကဲ့ရဲ့ခံရပုံ

အာဝုသော-ငါ့ရှင်တို့၊ တတြ-ထိုသို့ အကျင့်ပျက်ချွတ်ယွင်း ကြရာ၌၊ ထေရာ ဘိက္ခူ ဆယ်ဝါပြည့်၍ ထေရ ( မထေရ် ) မည်သော ရဟန်းတို့သည်၊ တီဟိ ဌာနေဟိ - သုံးပါးသော ချွတ်ယွင်းချက်ဌာနတို့ဖြင့်၊ ဂါရယှာ-ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက် ကုန် သည်၊ ဘဝန္တိ - ဖြစ်ကုန်၏။ ဆယ်ဝါရပြီး ထေရ်ကြီးရဟန်း တွေက အကျင့်ပျက်ချွတ်ယွင်းလျှင် အဲဒီ ထေရ်ကြီးရဟန်းတွေ ဟာ ချွတ်ယွင်းချက်သုံးခုဖြင့် အကဲ့ရဲ့ခံရထိုက်ပါတယ်။ ပညာရှိ သူတော်ကောင်းတို့၏ အကဲ့ရဲ့ ခံကြရပါတယ်တဲ့။ ဘယ်လိုလဲ ဆိုတော့-

ပဝိဝိတ္တဿ ဝိဟရတော - ဝိဝေကသုံးပါးဖြင့် ဆိတ်ငြိမ်စွာ နေတော်မူသော၊ သတ္ထု - ဆရာဘုရား၏၊ သာဝကာ - တပည့် ရဟန်းတို့သည်၊ ဝိဝေကံ-ဆရာဘုရား၏ ဆိတ်ငြိမ်အကျင့်ကို၊ နာနုသိက္ခန္တိ-အတုလိုက်၍ မကျင့်ကြပါတကားဟူ၍၊ ဣမိနာ ပဌမေန ဌာနေန - ဤပဌမ ချွတ်ယွင်းချက် ဌာနဖြင့်၊ ထေရာ ဘိက္ခူ - ထေရ်ရဟန်းတို့သည်၊ ဂါရယှာ - ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက် ကုန်သည်၊ ဘဝန္တိ - ဖြစ်ကြပါတယ်တဲ့။ ဆိုလိုတာကတော့-

[ဒုတိယအကြိမ်]

မြတ်စွာဘုရား၏ တပည့်သားတွေ ဖြစ်ကြပါလျက်နဲ့ မြတ်စွာဘုရားလို ဝိဝေကဆိုတဲ့ဆိတ်ငြိမ်အကျင့်ကို အတုလိုက်ပြီး မကျင့်ကြဘူး၊ ဘုရားတပည့်လို့ ဝန်ခံနေကြပေမယ့် ဘုရားလို ဆိတ်ငြိမ်အကျင့်တော့ မကျင့်ကြဘူး၊ ဘုရားနှင့် အကျင့်ချင်း မတူဘူးလို့ ကဲ့ရဲ့ထိုက်ပါတယ်တဲ့၊ ပညာရှိ သူတော်ကောင်းများက အဲဒီအတိုင်း ကဲ့ရဲ့ကြမှာပါပဲ၊ ဗုဒ္ဓသာသနာအပြင်ပက လူတွေကလဲ နည်းတူပင် ကဲ့ရဲ့ကြမှာပါပဲ။ ဒါကြောင့် အဲဒီလို အကဲ့ရဲ့မခံရအောင် ဘုရား၏ ဝိဝေက အကျင့်ကို အတုလိုက်ပြီး ကျင့်သင့်တယ်၊ အယုတ်ဆုံးအားဖြင့် တပါးတည်း တကိုယ်တည်းနေပြီး ကာယဝိဝေက အကျင့်ကို အတုလိုက်ပြီး ကျင့်သင့်တယ်လို့ ဆိုလိုတာပါပဲ။ ယခုနေအခါ ဆယ်ဝါရပြီး ရဟန်းတော်တွေဟာ ဒီအပိုဒ်အရ အပြစ်ကင်းအောင်ကျင့်ဖို့ အထူး သတိပြုသင့်လှပါတယ်။ ဒုတိယဌာနဖြင့် အကဲ့ရဲ့ခံရထိုက်ပုံကတော့—

စ-ထို့ပြင်၊ ယေသံ ဓမ္မာနံ-လောဘ ဒေါသစသော အကြင် ကိလေသာတရားတို့ကို၊ ပဟာနံ-ပယ်ခြင်းကို၊ ဝါ-ပယ်ရန်၊ သတ္ထာ အာဟ-ဆရာဘုရားက ဟောကြားတော်မူသည်၊ တေ စ ဓမ္မေ - ထိုကိလေသာ တရားတို့ကိုလည်း၊ နပ္ပဇဟန္တိ - မပယ်ကြကုန်၊ ဝါ-ပယ်နိုင်အောင် မကျင့်ကြ အားမထုတ်ကြကုန်ဟူ၍၊ ဣမိနာ ဒုတိယေန ဌာနေန-ဤဒုတိယ ချွတ်ယွင်းချက်ဌာနဖြင့်၊ ထေရာ ဘိက္ခူ-ထေရ်ကြီး ရဟန်းတို့သည်၊ ဂါရယှာ-ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်ကုန်သည်၊ ဘဝန္တိ-ဖြစ်ကြပါတယ်တဲ့။ မြတ်စွာဘုရားက လောဘ ဒေါသစသော ကိလေသာတွေကို သီလအကျင့်

သမာဓိအကျင့် ပညာအကျင့်ဖြင့် ပယ်ဖို့ ဟောထားပါလျက် အဲဒီကိလေသာတွေ ပယ်နိုင်အောင် သီလအကျင့် သမာဓိအကျင့် ပညာအကျင့်များကို ကောင်းစွာကျင့်ပြီး မပယ်ကြဘူးလို့ ဒီလိုလဲ အကဲ့ရဲ့ခံကြရပါတယ်တဲ့။ အဲဒီလို ကဲ့ရဲ့ဖွယ်မှ လွတ်ကင်းအောင် သီလ သမာဓိ ပညာ အကျင့်များကို ရိုရိုသေသေကျင့်ပြီး ကိလေသာတွေကို စွမ်းနိုင်သမျှ ပယ်သင့်ကြပါတယ်၊ အောက်ထစ်ဆုံး သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်နိုင်တဲ့ သောတာပတ္တိမဂ် ရောက်အောင် အားထုတ် သင့်ကြတာပါပဲ၊ တတိယဌာနဖြင့် အကဲ့ရဲ့ခံရပုံကတော့—

(ဣမေ-ဤရဟန်းတို့သည်) ဗာဟုလိကာ စ-ပစ္စည်း လာဘ်လာဘရရေး၌အလေးပြု၍လဲ နေကြ၏၊ သာထလိကာ စ-တရားကျင့်ရေး၌ ပေါ့လျော့၍လဲနေကြ၏။ ဩက္ကမနေ ပုဗ္ဗင်္ဂမာ စ-ဆုတ်ယုတ်ကြောင်း စိတ်ကူးရေး၌ ရှေ့သွားဖြစ်၍လဲ နေကြ၏၊ ပဝိဝေကေ နိက္ခိတ္တဓုရာ စ-ကိလေသာစသော ဥပဓိကင်းဆိတ်ကြောင်းအကျင့်၌ ချထားအပ်သည့်ဝန်ရှိ၍လဲ နေကြ၏၊ ဝါ-ဥပဓိကင်းဆိတ်ကြောင်း ဝိပဿနာအကျင့်ကို လုံးဝအားမထုတ်ပဲလဲနေကြ၏၊ ဣတိ-ဤသို့၊ ဣမိနာ တတိယေန ဌာနေန-ဤတတိယ ချွတ်ယွင်းချက်ဌာနဖြင့်၊ ထေရာ ဘိက္ခူ - ထေရ်ကြီးရဟန်းတို့သည်၊ ဂါရယှာ–ကဲ့ရဲ့အပ် ကဲ့ရဲ့ထိုက်ကုန်သည်၊ဘဝန္တိ-ဖြစ်ကြပါတယ်တဲ့။ ဒီမထေရ်ကြီးတွေဟာ ပစ္စည်းလာဘ်လာဘရရေးကိုသာ အလေးပြုနေကြတာပဲ၊ သီလ သမာဓိ ပညာ အကျင့်ကို ကျင့်ဖို့ကျတော့ ပေါ့လျော့နေကြတာပဲ၊ ကာမ

[ဒုတိယအကြိမ်]

အလိုဆန္ဒစသော ဆုတ်ယုတ်ကြောင်း စိတ်ကူးတွေဘက်မှာတော့ ရွေသွားအနေဖြင့် လက်ခံအားပေး နေကြတာပဲ။ ဝိပဿနာ အကျင့်ဆိုတဲ့ ပဝိဝေကအကျင်ကိုတော့ ဝန်ထုပ်တွေကို ပစ်ချ ထားသလိုပင် ဘာမှ အားထုတ် ကျင့်သုံးခြင်း မရှိကြဘူးလို့ ဒီလိုလဲ အကဲ့ရဲ့ခံကြရပါတယ်တဲ့၊ ဒါကြောင့် အဲဒီလို အကဲ့ရဲ့ မခံကြရအောင်လဲ အထူးသတိပြုပြီး သီလသမာဓိ ပညာအကျင့် များကို ကျင့်သင့်ကြပါတယ်။

ယခု ပြောပြခဲ့တာဟာ ဆယ်ဝါရပြီး ရဟန်းတော်များမှာ အကျင့် ချွတ်ယွင်းနေကြလို့ ချွတ်ယွင်းချက် အပြစ်သုံးမျိုးဖြင့် အကဲ့ရဲ့ခံရပုံကို ပြဆိုချက်ပါပဲ။ ထို့အတူပင် ငါးဝါရပြီး ဆယ် ဝါ မပြည့်သေးတဲ့ အလတ်စား ရဟန်းပျိုများရော၊ ငါးဝါ မပြည့်သေးတဲ့ ရဟန်းသစ် ရဟန်းငယ်များရော ချွတ်ယွင်းချက် သုံးမျိုးဖြင့် အကဲ့ရဲ့ခံရထိုက်ပုံကိုလဲ အကျယ် ဖော်ပြထား ပါတယ်။ ယခု ဒီမှာတော့ ထေရ်ကြီး အလတ် အငယ် သုံးပါး လုံးကိုပေါင်းပြီး အကျဉ်းချုပ် ပြဆိုရမှာပဲ။ ရှေ့နားကပြခဲ့တဲ့ အတိုင်း ထေရ်ကြီးဖြစ်ဖြစ်၊ အလတ်ဖြစ်ဖြစ်၊ ရဟန်းသစ်ရဟန်း ငယ်ဖြစ်ဖြစ် မြတ်စွာဘုရား၏ ဝိဝေကအကျင့်ကို အတုလိုက်ပြီး မကျင့်လျှင် ကိလေသာတွေကို ပယ်နိုင်အောင် မကျင့်လျှင် မစွည်းရရေး အလေးပြုခြင်း, ကျင့်ရေး၌ လျော့ပေါ့ခြင်း, ဆုတ်ယုတ်ရေး၌ ရှေ့ဆောင်နေခြင်း, ပဝိဝေက အကျင့်၌ မကျင့်ပဲ ဝန်ချထားခြင်းများ ရှိနေလျှင် အဲဒီအကျင့်ပျက်ခြင်း သုံးမျိုးဖြင့် အသီးအသီး အကဲ့ရဲ့ခံရထိုက်ကြတာ ချည်းပါပဲတဲ့ အဲဒီအတွက် ဆောင်ပုဒ်ကို ဆိုကြရမယ်။

[ဒုတိယအကြိမ်]

၆။ ထေရ်ကြီး, လတ်, ငယ်၊ ကဲ့ရဲ့ဖွယ်၊သုံးသွယ် ဗြိစ္ဆန်း
သည်။

ဆောင်ပုဒ် (၂-၃-၄-၅) တို့မှာ ပြထားတဲ့အတိုင်း အကျင့်ပျက်တဲ့ ချွတ်ယွင်းချက် သုံးမျိုးရှိနေယင် ထေရ်ကြီးဖြစ်ဖြစ်၊ ရဟန်းလတ်ဖြစ်ဖြစ်၊ ရဟန်းသစ် ရဟန်းငယ်ဖြစ်ဖြစ် အဲဒီ ချွတ်ယွင်းချက် သုံးမျိုးဆိုတဲ့ သုံးဌာနဖြင့် ကဲ့ရဲ့ဖွယ်ရှိတာ ချည်းပဲ၊ အကဲ့ရဲ့ခံရမှာချည်းပဲလို့ ဆိုလိုပါတယ်။ အဲဒီလို ထေရ်ကြီးရော အလတ်ရော အငယ်ရော သုံးမျိုးခွဲခြားပြီး အသီး အသီး ပြဆိုတာဟာ ရဟန်းတိုင်းက မိမိနှင့်လဲ သက်ဆိုင်တယ် ဆိုတာ သိပြီး အပြစ်ကင်းအောင် ကျင့်စေရန် အကျယ်ပြဆိုတာ ပဲတဲ့။ အကယ်၍ သာမညပြထားယင်တော့ ရဟန်းငယ်တွေ ကလဲ ငါတို့နှင့် မဆိုင်ဘူးလို့ ထင်ချင် ထင်နေမယ်၊ ရဟန်း အလတ်တွေကလဲ ငါတို့နှင့် မဆိုင်ဘူးလို့ ထင်ချင်ထင်နေမယ်၊ ထေရ်ကြီးများကလဲ ငါတို့နှင့် မဆိုင်ဘူးလို့ ထင်ချင်ထင်နေမယ်၊ အဲဒီလို အထင်မလွဲရအောင် ထေရ်ကြီး ရဟန်းကိုလဲ သီးခြား၊ အလတ် ရဟန်းကိုလဲ သီးခြား၊ ရဟန်းသစ် ရဟန်းငယ်ကိုလဲ သီးခြားခွဲပြီး အကျယ်ပြဆိုတော်မူတာပါပဲ။ အဲဒီပြဆိုချက် ထဲမှာ ကဲ့ရဲ့ထိုက်တယ် ဆိုတာကတော့ လောကရေးအရ ထင် ရှားသိလွယ်လို့ ဖော်ပြထားတာပါပဲ၊ လိုရင်းကတော့ တရား အမွေမခံပဲ ပစ္စည်းအမွေသာ ခံယူယင် သံသရာဝဋ်ဆင်းရဲ အပါယ်ဆင်းရဲတွေနဲ့ ထပ်တလဲလဲ တွေ့ကြုံပြီး ဆင်းရဲသွားရ လိမ့်မယ်ဆိုတာက သိစေလိုရင်းပါပဲ။

[ဒုတိယအကြိမ်]

## ချီးမွမ်းဖွယ်ဂုဏ်နှင့် ပြည့်စုံပုံ

မြတ်စွာဘုရား၏ ဝိဝေကအကျင့်ကို အတုလိုက်ပြီးကျင့်ကြတဲ့ ရဟန်းများမှာတော့ ချီးမွမ်းဖွယ်ဂုဏ်များနှင့် ပြည့်စုံကြောင်း ကိုလဲ ဒီလိုဆက်ပြီး ဖော်ပြတော်မူပါတယ်။

အာဝုသော-ငါ့ရှင်တို့၊ ဣဓ-ဤသာသနာတော်၌၊ သာ-ဝကာ-ဘုရားတပည့်ရဟန်းတို့သည်၊ သတ္ထု ပဝိဝိတ္တဿ ဝိဟရ-တော-ဆိတ်ငြိမ်မှုသုံးပါးအလိုအားဖြင့် ဆိတ်ငြိမ်လျက်နေသော ဆရာဘုရား၏၊ ဝိဝေကံ-ဆိတ်ငြိမ်မှုအကျင့်ကို၊ အနုသိက္ခန္တိ—အတုလိုက်၍ ကျင့်ကုန်၏ တဲ့။

## ချီးမွမ်းဖွယ် အမှတ် (၁)

ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားက ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက ဆိုတဲ့ ဝိဝေကသုံးပါးဖြင့် ဆိတ်ငြိမ်စွာ ကျင့်နေတော်မူသလို တပည့်ရဟန်းတော်များကလဲ အဲဒီဝိဝေက အကျင့်ကို အတုလိုက်ပြီး ရှိရှိသေသေ ကျင့်နေကြပါတယ်တဲ့၊ အဲဒါဟာ ဆရာဘုရား၏ ဝိဝေကအကျင့်ကို အတုလိုက်ပြီး ကျင့်ခြင်းဖြင့် ကျင့်ဝတ်ပြည့်စုံပုံ အမှတ် (၁) ပါပဲ။ ဆောင်ပုဒ်ကတော့ ခုတင်က ဆိုခဲ့ပြီး အမှတ် (၁) ဆောင်ပုဒ်နဲ့တွဲပြီး ဆိုကြရမယ်။

(၁) ဆိတ်ငြိမ်တရား၊ မြတ်ဘုရား၊ ပွါးများထာဝစဉ်။

၇။ ဆိတ်ငြိမ်တရား၊ တပည့်များ၊ ကျင့်ပွါး နေကြလျှင်—
(၁)

[ဒုတိယအကြိမ်]

## ချီးမွမ်းဖွယ် အမှတ် (၂)

အမှတ် (၂) အကျင့်ပြည့်စုံပုံကတော့-စ-ထို့ပြင်၊ ယေသံ ဓမ္မာနံ-လောဘ ဒေါသစသော အကြင် ကိလေသာတို့ကို၊ ပဟာနံ-ပယ်ခြင်းကို၊ ဝါ ပယ်ရန် အတွက်၊ သတ္ထာ အာဟ-ဆရာဘုရားက ဟောကြားတော် မူသည်၊ တေ စ ဓမ္မေ-ထိုကိလေသာတရားတို့ကိုလဲ၊ ပဇဟန္တိ-တပည့်ရဟန်းတော်တို့က ပယ်ကြပါသည် တဲ့။

ဆရာဘုရားက ပယ်ရမယ်လို့ ဟောထားတဲ့ လောဘ ဒေါသ စသော ကိလေသာတရားတွေကို (သီလ သမာဓိ ပညာအကျင့် များကို ရှိသေစွာ ကျင့်ပြီး) ပယ်ကြလို့ရှိယင် အဲဒါဟာ ကျင့် ဝတ်ပြည့်စုံပုံ အမှတ်(၂)ပဲ။ အဲဒီဆောင်ပုဒ်ကိုလဲ ဆိုကြရမယ်။

၈။ ပယ်ရန်ညွှန်ကြား၊ တရားများ၊ ပယ်ရှား ကြလေ လျှင်...(၂)

မြတ်စွာ ဘုရားက ဒီတရား ဒီတရား တွေကို ပယ်ရမယ် လို့ ညွှန်ကြားထားတဲ့အတိုင်း အဲဒီပယ်သင့်တဲ့ ကိလေသာ တရားတွေကို ပယ်နိုင်အောင် သီလ သမာဓိ ပညာအကျင့် များကို ရိုသေစွာကျင့်ပြီး ပယ်ရတယ်၊ ကာယကံမြောက် ဝစီ ကံမြောက် ကျူးလွန်နိုင်တဲ့ ကိလေသာ အကြမ်းစားတွေကို သီလအကျင့်ဖြင့် ပယ်ရတယ်၊ စိတ်ကူးကြံစည်လျက် ဖြစ်နေတဲ့ ပရိယုဋ္ဌာန်ခေါ်တဲ့ ကိလေသာ အလတ်စားတွေကို သမာဓိ အကျင့်ဖြင့် ပယ်ရတယ်၊ မရှုမမှတ်မိတဲ့ အာရုံမှာ ဖြစ်ခွင့်ရှိတဲ့

အာရမ္မဏာနုသယခေါ်တဲ့ ကိလေသာအနုစားတွေကို ဝိပဿနာ ပညာအကျင့်ဖြင့် ပယ်ရတယ်၊ အကြောင်းညီညွတ်ယင် ဖြစ်နိုင်တဲ့ သန္တာနာနုသယခေါ်တဲ့ ကိလေသာ အနုစားတွေကိုတော့ အရိယမဂ်ပညာဖြင့် ပယ်ရတယ်၊ အဲဒီလို ပယ်ပုံတွေကိုတော့ တော်တော်ကြာမှ အသေးစိတ်အားဖြင့် ပြောကြားရမယ်၊ အဲဒီလို ပယ်နိုင်အောင်ကျင့်ပြီး ကိလေသာတွေကို ပယ်တာဟာ ကျင့်ဝတ်ပြည့်စုံပုံ အမှတ် (၂)ပါပဲ။ အမှတ်(၃)ကတော့—

## ချိုးမွမ်းဖွယ် အမှတ် (၃)

စ-ထို့ပြင်၊ ဗာဟုလိကာ-ပစ္စည်းများရေးကို အလေးပြုကုန်သည်၊ န ဟောန္တိ-မဟုတ်ကြပေ၊ န သာထလိကာ-တရားကျင့်ရေး၌ လျော့ပေါ့ကုန်သည်လည်း မဟုတ်ကြပေ—တဲ့။

ပစ္စည်းလာဘ်လာဘ ပေါများဖို့လဲ မရည်သန်ကြ အလေးမပြုကြဘူး၊ သီလစသည်ကျင့်ရေး ဘက်မှာလဲ လျော့ပေါ့ခြင်းမရှိပဲ အပြည့်အစုံ ရှိရှိသေသေ ထက်ထက်သန်သန် အားထုတ်နေကြပါတယ်တဲ့၊ ဒါက ကျင့်ဝတ်ပြည့်စုံပုံ အမှတ်(၃)၏ ပထမပိုင်းပဲ။ ဒုတိယပိုင်းကတော့—

ဩက္ကမနေ-ဆုတ်ယုတ်ကြောင်း နီဝရဏ စိတ်ကူးကြံစည်မှုအလုပ်၌၊ နိက္ခိတ္တဓုရာ-လက်ခံမထား စွန့်ပယ်ရှား၍ ချထားအပ်သော ဝန်ရှိကြပေသည်၊ ပဝိဝေကေ၊ ကိလေသာစသော ဥပဓိကင်းဆိတ်ရေးအကျင့်၌၊ ပုဗ္ဗင်္ဂမာ-ကျင့်သုံးပွားများ ရှေ့သွား ခေါင်းဆောင်သဖွယ်ဖြစ်ကြပေသည် တဲ့။ ဆုတ်ယုတ်ရေး

[ဒုတိယအကြိမ်]

နီဝရဏ စိတ်ကူးကြံစည်မှုတွေကို လက်မခံပဲ ပယ်ချထားတယ်၊ ကိလေသာ စသော ဥပမိကင်းဆိတ်ရေး အကျင့်ကိုတော့ ရှေ့ဆောင်သဖွယ် တက်တက်ကြွကြွ ကျင့်သုံးနေတယ်တဲ့၊ဒီ ၂-ပုဒ်က ကျင့်ဝတ်ပြည့်စုံပုံ အမှတ် (၃)၏ ဒုတိယပိုင်းပဲ။ အဲဒီ ကျင့်ဝတ် ပြည့်စုံပုံ အမှတ် (၃)အတွက် ဆောင်ပုဒ် ၂-ပုဒ်ကို ဆိုကြရမယ်။

၉။ ပစ္စည်းများရန်၊ မရည်သန်၊ ကျင့်ရန် မလျော့လျှင်။

၁၀။ ဆိတ်ငြိမ်ကျင့်ရေး၊ ရှေ့ဆောင်ပေး၊ ဆုတ်ခရေး ပယ်ရှားလျှင်....(၃)

ပစ္စည်းများရန် မရည်သန်ဘူး၊ အဲဒီအတွက် ဂရုမစိုက်ဘူး၊ ကျင့်ကြံဖို့သာ ဂရုစိုက်တယ်၊ သီလလဲ မလျော့စေရဘူး၊ သမာဓိလဲ မလျော့စေရဘူး၊ ပညာအကျင့်လဲ မလျော့စေရဘူး၊ တင်းတင်းရင်းရင်းပဲ ကျင့်တယ် တဲ့။ အဲဒီလို ကျင့်နေယင် ဝိဝေက ဆိတ်ငြိမ်ရေးအကျင့်ဘက်မှာ ရှေ့ဆောင် ပုဂ္ဂိုလ်ဖြစ်နေတာပါပဲ၊ ဒီလိုပုဂ္ဂိုလ်တွေကို အမှီပြုပြီးတော့ တပည့်တွေကရော တရားလိုလားတဲ့ အခြားပုဂ္ဂိုလ်တွေကရော လိုက်ပြီး ကျင့်ကြတာပဲ၊ ရှယ်တူသီတင်းသုံးဖော်ချင်းလဲ အတုလိုက်ပြီး ကျင့်ကြတာပဲ၊ ငယ်တဲ့ပုဂ္ဂိုလ်ကိုလဲ အတုလိုက်ပြီး ကျင့်ကြတာပဲ၊ ဒါကြောင့် ဝိဝေကအကျင့်ကို ကျင့်နေလို့ရှိယင် ဒီပုဂ္ဂိုလ်က ရှေ့ဆောင်လမ်းပြပဲတဲ့၊ ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက အကျင့်ကို ရှိရှိသေသေ ကျင့်နေလို့ရှိယင် ရှေ့ဆောင်လမ်းပြ ဖြစ်ပြီးနေတယ်၊ အဲဒီလိုကျင့်နေယင် ဆုတ်

ယုတ် စေတတ်တဲ့နီဝရဏတရားတွေကိုလဲ ပယ်ရှားပြီး ဖြစ်နေတာပါပဲ၊ ဒါကြောင့် အဲဒီပါဠိစာပိုဒ်ထဲက "နစ ဗာဟုလိကာ ဟောန္တိ-နှင့် န သာထလိကာ" ဆိုတဲ့ ၂-ပုဒ်လဲ အရအားဖြင့် အတူတူပါပဲ၊ အဲဒီ ၂-ပုဒ်နဲ့"ဩက္ကမနေ နိက္ခိတ္တဓုရာ, ပဝိဝေကေ ပုဗ္ဗင်္ဂမာ" ဆိုတဲ့ ၂-ပုဒ်ဟာလဲ အရအတူတူပါပဲ၊ ဒါကြောင့် အဲဒီ ၄-ပုဒ်အရ (ပစ္စည်းများရန်၊ မရည်သန်၊ ကျင့်ရန် မလျော့လျှင်။ ဆိတ်ငြိမ်ကျင့်ရေး၊ ရှေ့ဆောင်ပေး၊ ဆုတ်ရေးပယ်ရှားလျှင်—ဆိုတဲ့)ဆောင်ပုဒ် ၂—ခုဖြင့် ကျင့်ဝတ် ပြည့်စုံပုံ အမှတ်(၃)ကို ပြတာပါပဲ။

ယခု ရွတ်ဆိုခဲ့ကြတဲ့ အမှတ် (၇-၈-၉-၁၀) ဆောင်ပုဒ်များအရ အကျင့်ကောင်း ၃—ပါးနှင့် ပြည့်စုံနေယင် ထေရ်ကြီးရဟန်းလဲ အဲဒီအကျင့်ကောင်း ဂုဏ် ၃-ပါးဖြင့် (ပါသံသာဟောန္တိ) ချီးမွမ်းထိုက်ပါတယ်တဲ့၊ (၁) ဆရာဘုရား၏ ဝိဇ္ဇာအကျင့်ကို အတုလိုက် ကျင့်ကြပါပေတယ်လို့လဲ ချီးမွမ်းထိုက်ပါတယ်၊ (၂) ဆရာဘုရားက ပယ်ရမယ်လို့ ဟောထားတဲ့ ကိလေသာတွေကို သီလ သမာဓိ ပညာအကျင့်တွေ ကျင့်ပြီး ပယ်ကြပါပေတယ်၊ ပယ်နိုင်အောင် အကျင့်ကောင်းအကျင့်မှန်ကို ကျင့်ကြပါပေတယ်လို့လဲ ချီးမွမ်းထိုက်ပါတယ်၊ (၃) ပစ္စည်းများရေး ဂရုမစိုက်ပဲ သီလစသော အကျင့်ကိုသာ တင်းတင်းရင်းရင်းကျင့်ကြပါပေတယ်၊ ဆုတ်ယုတ်ကြောင်းနီဝရဏတွေကို စွန့်ပယ်ပြီးတော့ ဆိတ်ငြိမ်ရေး အကျင့်ကိုသာ ရှေ့ဆောင်ပြီး ကျင့်ကြပါပေတယ်လို့လဲ ချီးမွမ်းထိုက်ပါတယ်တဲ့။ ထို့အတူပင်

ရဟန်းလတ် ရဟန်းပျိုများလဲ အဲဒီဂုဏ် ၃-ပါးဖြင့် ချီးမွမ်းထိုက်ပါတယ်။ ရဟန်းသစ် ရဟန်းငယ်များလဲ နည်းတူပင် ချီးမွမ်းထိုက်ပါတယ်တဲ့၊ ဒါကြောင့် (ထေရ်ကြီး လတ်-ငယ်၊ ချီးမွမ်းဖွယ်၊ သုံးသွယ်ပြည့်စုံသည်လို့-) ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၁၁။ ထေရ်ကြီး- လတ်- ငယ်၊ ချီးမွမ်းဖွယ်၊ သုံးသွယ် ပြည့်စုံသည်။

ဒီလိုဟောပြတော်မူတဲ့ အရှင်သာရိပုတ္တရာ၏ စကားတော်အတိုင်း သီလကို ရှိရှိသေသေ ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ သမာဓိအကျင့်ကို ရှိရှိသေသေ ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ဝိပဿနာ ပညာအကျင့်ကို ရှိရှိသေသေ ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုပုဂ္ဂိုလ်တွေ အားလုံးဟာ ချီးမွမ်းဖွယ် ဂုဏ်တွေနဲ့ ပြည့်စုံနေကြတာပဲ၊ ဒါကြောင့် ယခု ဒီမှာ သီလနှင့် ပြည့်စုံပြီးတော့ ဝိပဿနာ သမာဓိနှင့် ပညာတွေ ဖြစ်ပွားအောင်, ပြည့်စုံသည်ထက် ပြည့်စုံအောင် ရှုမှတ်ကျင့်သုံးနေကြတဲ့ ရဟန်းတော်တွေဟာ မြတ်စွာဘုရား၏ အလိုတော်အတိုင်းဟောကြားထားတဲ့ အရှင်သာရိပုတ္တရာ၏ စကားတော်နှင့်အညီ ငါတို့မှာ ချီးမွမ်းဖွယ် ဂုဏ်တွေနှင့် ပြည့်စုံနေကြတာပဲလို့ ဆင်ခြင်ပြီး အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။ အချို့တကျ ရှုမှတ်အားထုတ်နေကြတဲ့ အမျိုးသားတွေ, အမျိုးသမီးတွေလဲ ငါတို့မှာ ချီးမွမ်းဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံနေကြတာပဲလို့ ဆင်ခြင်ပြီး အင်မတန် ဝမ်းမြောက်စရာ ကောင်းတာပါပဲ။

[ဒုတိယအကြိမ်]

အရှင် သာရိပုတ္တရာ၏ စကားတော်ထဲမှာ "ပါသံသာ-ချီးမွမ်းထိုက်ကြတယ်" ဆိုတာကတော့ လောကဘက်က ထင်ရှားတဲ့ စကားဖြင့် စိတ်အားတက်လွယ်အောင် ဖော်ပြထားတာပါပဲ၊ လိုရင်းကတော့ ကျင့်ဝတ်ပြည့်စုံတယ် ဆိုတာဟာမြတ်စွာဘုရား၏ တရားအမွေခံ ဖြစ်နေတာပါပဲ၊ အဲဒီ တရားအမွေခံဖြစ်ပြီး အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေမှ ကင်းလွတ်ပြီး အစဉ်ထာဝရ ချမ်းသာသွားဖို့က လိုရင်းပါပဲ၊ အဲဒီလို တရားအမွေခံဖြစ်ပြီး ဆင်းရဲခပ်သိမ်းငြိမ်းအောင် ကျင့်ကြရန်အတွက် အရှင်သာရိပုတ္တရာ မထေရ်မြတ်က ပါသံသ-ချီးမွမ်းထိုက်တယ် ဆိုတဲ့ ပရိယာယ်စကားတမျိုးဖြင့်အများနားလည်လွယ်အောင်, စိတ်တက်တက်ကြွကြွနှင့် အားထုတ်ချင်အောင် ပြဆိုဟောကြားတော်မူတာပါပဲ။ ဒါကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကလဲ ဓမ္မဒါယာဒ-တရားအမွေခံ ဖြစ်ရေးကိုပင် အားပေးဟောကြားတော်မူတယ် ဆိုတာကိုလဲ သိနားလည်ထားကြဖို့ပါပဲ။

## ပယ်ရမည့်တရားနှင့် ပယ်နိုင်ကြောင်းအကျင့် (၂)

အရှင်သာရိပုတ္တရာ၏ စကားတော်များမှ ထုတ်ဖော်ပြထားတဲ့ ဆောင်ပုဒ်တွေထဲက အမှတ်(၃)ပယ်ရန် ညွှန်ကြား၊ တရားများ၊ပယ်ရှား မပြုလျှင်-ဆိုတဲ့ ဆောင်ပုဒ်နှင့် အမှတ်(၈)ပယ်ရန် ညွှန်ကြား တရားများ၊ ပယ်ရှားကြလေလျှင် ဆိုတဲ့ ဆောင်ပုဒ် ၂-ခုထဲက ပယ်ရန်ညွှန်ကြားထားတဲ့ တရားတွေက ဘယ်လိုဟာတွေလဲ၊ ပယ်နိုင်အောင် ကျင့်ရမှာက ဘယ်လိုဟာလဲလို့ မေး

စရာရှိပါတယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်က အဲဒီပယ်ရမည့် တရားတွေနှင့် ပယ်နိုင်အောင် ကျင့်ရမည့် အကျင့်ကို ဒီလို ဆက်လက်ပြီး ဖော်ပြတော်မူပါတယ်။

တတြာဝုသော လောဘော စ ပါပကော၊ ဒေါသော စ ပါပကော၊ လောဘဿ စ ပဟာနာယ ဒေါသဿ စ ပဟာနာယ အတ္ထိ မဇ္ဈိမာ ပဋိပဒါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အာဝုသော-ငါ့ရှင်တို့၊ တတြ- ငါဟောပြခဲ့သော ထိုတရားထဲ၌၊ (ပရိယာပန္နော- ပယ်ရမည့် ပဟာတဗ္ဗတရားအဖြစ်ဖြင့် ပါဝင်သော) လောဘော စ- လောဘသည်လည်း၊ ပါပကော- ယုတ်မာ၏- ယုတ်ညံ့၏၊ ဒေါသော စ- ဒေါသသည်လည်း၊ ပါပကော- ယုတ်မာ၏- ယုတ်ညံ့၏-တဲ့။

(ယေသံ ဓမ္မာနံ ပဟာနံ အာဟ- အကြင်တရားတို့ကို ပယ်ခြင်းကို၊ ဝါ-ပယ်ရန် ဟောတော်မူ၏လို့) ပြဆိုခဲ့တဲ့ စကားထဲမှာ ပယ်ရမည့်တရားဖြစ်တဲ့ လောဘဟာလဲ ယုတ်မာတယ် ယုတ်ညံ့တယ်၊ ဒေါသဟာလဲ ယုတ်မာတယ် ယုတ်ညံ့တယ် တဲ့။ အဲဒီ ၂-ပါးထဲက လောဘ ဆိုတာ "လိုချင်တာ တပ်မက်တာ နှစ်သက်တာ သာယာတာ ချစ်ခင်တာ တွယ်တာတာ မက်မောတာ" ဒီလိုပြောဆိုနေတဲ့ တရားပါပဲ၊ ဒါကတော့ ထင်ရှားပါတယ်၊ ဗမာစကားလိုတောင်ဖြစ်နေပါပြီ၊ အဲဒီ လိုချင် တပ်မက်

နှစ်သက်သာယာ ချစ်ခင်တဲ့သဘောဟာ ယုတ်မာတယ်၊ ယုတ်ညံ့တယ်၊ အယုတ်အညံ့တွေ ပြုလုပ်နေကြတာဟာ ဒီလောဘနဲ့လဲ ပြုလုပ်နေကြတာပဲ၊ အဲဒီ လိုချင်နှစ်သက်တာတွေကို ရအောင် အားထုတ်နေရသောကြောင့်လဲ ဆင်းရဲနေကြရတယ်၊ ချစ်ခင်တဲ့ အာရုံ ပုဂ္ဂိုလ်များ၏ အလိုလိုက်နေကြရလို့လဲ ဆင်းရဲနေကြရတယ်၊ အဲဒီ လိုချင်နှစ်သက်ခြင်းကြောင့် ခိုးမှု လိမ်မှု သတ်မှု စသည်ကို ပြုလုပ်ယင် အကုသိုလ်ကံ ဖြစ်တယ်၊ အဲဒီအကုသိုလ်ကံကြောင့် အပါယ်ငရဲ ကျရောက်ပြီးတော့လဲ ဆင်းရဲနေကြရတယ်၊ ဒီလောဘဖြင့် နှစ်သက်သာယာမှု ရှိနေသမျှကာလပတ်လုံး ဘဝအသစ် အသစ် ထပ်တလဲလဲဖြစ်ပြီး အိုနာသေစသော ဆင်းရဲတွေကို ခံစားနေကြရတယ်၊ ဒါကြောင့် ဒီလောဘဟာ ယုတ်မာတဲ့တရား ယုတ်ညံ့တဲ့ တရားပဲ၊ ဒီတရားကို ပယ်ရမယ်လို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။

ဒေါသဆိုတာ စိတ်ဆိုးတာ အမျက်ထွက်တာ နှိပ်စက်ချင်တာ ဖျက်ဆီးချင်တာ သတ်ချင်တာ စသည်တွေပါပဲ၊ ဒါဟာလဲ ထင်ရှားပါတယ်၊ ဗမာစကားလိုတောင် ဖြစ်နေပြီ၊ အဲဒီဒေါသ ရှိနေသောကြောင့် မမြင်ချင်တာကို မြင်ရယင်၊ မကြားချင်တာကို ကြားရယင်၊ မတွေ့ချင်တာကိုတွေ့ရယင် စိတ်ပျက် စိတ်ဆိုးပြီး ဆင်းရဲနေကြရတယ်၊ ဒေါသ အလိုလိုက်ပြီး သူတပါးကို သတ်ခြင်း နှိပ်စက်ခြင်းစသည်ကို ပြုလုပ်ယင် အကုသိုလ်ကံ ဖြစ်တယ်၊ အဲဒီကံကြောင့် အပါယ်ငရဲကျပြီး ဆင်းရဲနေကြရတယ်၊ လူဖြစ်လာပြန်တော့လဲ အသက်တိုခြင်း အနာများခြင်း

[ဒုတိယအကြိမ်]

စသော ဆင်းရဲတွေကို ခံစားနေကြရတယ်၊ ဒါကြောင့် ဒီဒေါသ လဲ ယုတ်မာတာ ယုတ်ညံ့တာပဲ၊ ဒီဒေါသကိုလဲ မြတ်စွာ ဘုရားက ပယ်ရမယ်လို့ ဟောတော်မူခဲ့ပါတယ်။

ရောဂါကို ဆေးကုရမယ် ဆိုရာမှာ ပျောက်စေနိုင်တဲ့ ဆေးရှိဖို့ လိုပါတယ်၊ အဲဒါလိုပဲ လောဘ ဒေါသကို ပယ်ရ မယ် ဆိုရာမှာလဲ ပယ်နိုင်တဲ့ အကျင့်လမ်းမှန် ရှိဖို့ လိုပါတယ်၊ အဲဒီလိုအကျင့်လမ်းမှန်က ရှိပါရဲ့လားလို့မေးစရာရှိသောကြောင့် အဲဒီအကျင့်လမ်းမှန်ရှိကြောင်း ဒီလို ဆက်လက်ပြီး ဖော်ပြ တော်မူပါတယ်။

## ကိလေသာကိုပယ်ရန် အလယ်လမ်းမှန်အကျင့်

လောဘာသ စ ပဟာနာယ-လောဘကိုလဲ ပယ်ရန်၊ ဒေါ-သဿ စ ပဟာနာယ-ဒေါသလိုလဲ ပယ်ရန်၊ မဇ္ဈိမာ ပဋိပဒါ-အလယ်လမ်းအကျင့်သည်၊ အတ္ထိ-ရှိပါသည်တဲ့။ လောဘ ဒေါသ ကို အမြစ်ပြတ် အစဉ်ထာဝရ ငြိမ်းသွားအောင် ပယ်နိုင် တဲ့ အလယ်လမ်းအကျင့် ဆိုတာ ရှိပါတယ်၊ ဘယ်လို အလယ် လမ်းလဲ ဆိုတော့ ကိုယ်စိတ်ပင်ပန်းအောင် ဘာမှ မလုပ်ပဲ အငြိမ်းစားနေပြီး ကာမအာရုံတွေကို သာယာခံစားနေတဲ့ လျော့ပေါ့လွန်းတဲ့ အကျင့်လမ်းက တခု၊ သတိ သမာဓိဉာဏ်ကို မဖြစ်စေနိုင်ပဲ ကိုယ်မင်ပန်းရုံမျှ တင်းလွန်းတဲ့ အကျင့်လမ်းက တခု၊ အဲဒီလို လျော့လွန်းတာလဲ မဟုတ်၊ တင်းလွန်းတာလဲ

မဟုတ်လို့ မလျော့မတင်းတဲ့ အကျင့်လို့ ဆိုရတဲ့ အလယ်လမ်း ပါပဲ၊ ဒီအလယ်လမ်းဟာ ဗုဒ္ဓသာသနာ အပြင်ဘက်မှာ မရှိဘူး၊ သာသနာတွင်းမှာသာ ရှိတယ်၊ ဒါကြောင့် လောဘကိုပယ်ရန်၊ ဒေါသကို ပယ်ရန် မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်းရှိတယ်လို့ အရှင်သာရိပုတ္တရာက ဝန်ခံဟောပြတော်မူပါတယ်။ အဲဒီ အလယ်လမ်းအကျင့်က ဘယ်လိုစွမ်းရည် ဂုဏ်ထူး ရှိပါသလဲ ဆိုတော့—

## မဂ္ဂင်ရှစ်ပါးက ပညာမျက်စိကို ဖြစ်စေသည်

''စက္ခုကရဏီ-ပညာမျက်စိကိုလဲ ပြုတတ်ဖြစ်စေတတ်ပါသည်၊ ဉာဏကရဏီ-အသိဉာဏ်ကိုလဲ ပြုတတ်-ဖြစ်စေတတ်ပါသည်'' တဲ့။ အဲဒီ အလယ်လမ်းဟာ သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင်ရှစ်ပါးပင်ဖြစ်ကြောင်း ဆက်လက်ပြီး ဖော်ပြပါလိမ့်မယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါး ဆိုတာကလဲ မိမိသန္တာန်မှာ ခဏမစဲ ဖြစ်ပျက်နေတဲ့ ဥပါဒါ-နက္ခန္ဓာခေါ်တဲ့ ရုပ်နာမ်တရားတွေ၏ အဖြစ်အပျက်ကို ရှုသိပြီး ဖြစ်ပွား စရတဲ့တရားတွေပါပဲ၊ ဒါကြောင့် မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို ရှုမှတ်ပြီး ဖြစ်ပွားစေလို့ရှိယင် အဲဒီ မဂ္ဂင်ရှစ်ပါး အလယ်လမ်း အကျင့်တရားက ဉာဏ်မျက်စိကိုလဲ ဖြစ်စေတတ် ပါတယ်၊ အသိဉာဏ်ကိုလဲ ဖြစ်စေတတ်ပါတယ်တဲ့၊ အဲဒီမှာ ဉာဏ်ပညာမျက်စိ ဆိုတာနဲ့ အသိဉာဏ်ဆိုတာဟာ အမည်မျှသာ ကွဲတယ်၊ တရားကိုယ်အရကတော့ ထပ်တူပါပဲ၊ မျက်စိဖြင့် မြင်ရသလို ထင်ရှားသိတတ်လို့ အသိဉာဏ်ကိုပဲ စက္ခု-မျက်စိလို့ ဟောထား

တာပါပဲ၊ ဒါဟာ ဓမ္မစကြာသုတ်မှာ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့အတိုင်း ဟောထားတာပါပဲ။

အဲဒီ မြင်သိတဲ့ ဉာဏ်မျက်စိကို ဖြစ်စေပုံကတော့-မြင်တိုင်း ကြားတိုင်း နံသိတိုင်း စားသိတိုင်း ထိသိတိုင်း စိတ်ကူးကြံသိတိုင်း မြင်တယ် ကြားတယ် စသည်ဖြင့် မပြတ် ရှုသိနေရတယ်၊ အဲဒီလိုဖြစ်ဆဲမှာ ရှုနေယင် တကယ် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ် သဘောတရားတွေကို အမှန်အတိုင်းသိတော့တာပဲ၊ မြင်တယ်လို့ ရှုတဲ့အခါ မျက်စိနဲ့ အဆင်းက တခြား (အာရုံကို မသိတတ်တဲ့ ရုပ်တရားပဲ)၊ မြင်သိတာနဲ့ ရှုသိတာကတခြား(အာရုံကို သိတတ်တဲ့ နာမ်တရားပဲ)လို့ ဒီလိုခွဲခြားပြီး သိတယ်၊ ကြားတယ်လို့ ရှုတဲ့အခါ နားနဲ့ အသံကတခြား၊ ကြားသိတာနဲ့ ရှုသိတာက တခြား ဒီလိုခွဲခြားပြီးသိတယ်။ နံတယ်လို့ရှုတဲ့အခါ နှာခေါင်းနဲ့ အနံ့က တခြား၊ နံသိတာနဲ့ ရှုသိတာက တခြား ဒီလို ခွဲခြားပြီး သိတယ်၊ စားသောက်နေယင်း အရသာသိတာကို သိတယ်လို့ ရှုတဲ့အခါ လျှာနဲ့အရသာကတခြား၊ အရသာသိတာနဲ့ ရှုသိတာက တခြား ဒီလိုခွဲခြားပြီးသိတယ်၊ ထိတယ်လို့ ရှုတဲ့အခါ ထိရာဌာနက ကိုယ်အကြည်နဲ့ထိတာကတခြား၊ ထိသိတာနဲ့ရှုသိတာက တခြား၊ ဒီလိုခွဲခြားပြီးသိတယ်၊ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံတယ်လို့ ရှုတဲ့အခါ တည်မှီရာရုပ်ကတခြား ကြံသိတာနဲ့ ရှုသိတာကတခြား၊ ဒီလိုခွဲခြားပြီးသိတယ်၊ ရုပ်ဝတ္ထုကို ကြံသိတဲ့ အခါမှာ ရှုယင်တော့ ကြံသိရတာကတခြား၊ ကြံသိတာနဲ့ ရှုသိတာက တခြား၊ ဒီလိုလဲ ခွဲခြားပြီးသိတယ်။ အဲဒါဟာ စာပေ ကျမ်းဂန်အရ ခွဲခြားသိပုံအခြေခံအပြည့်အစုံပါပဲ။

[ဒုတိယအကြိမ်]

(ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ စသည်ဖြင့်) ဟောထားတဲ့ သတိပဋ္ဌာန် ဒေသနာတော်အရ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်၊ ကွေးတယ်၊ဆန့်တယ်၊လှုပ်တယ် စသည်ဖြင့် ရှုရာမှာလဲ ယခုပြောခဲ့တဲ့ နည်းအတိုင်းပဲ ရုပ်နှင့် နာမ်ကို ခွဲခြားပြီးသိပါတယ်၊ သိပုံကတော့ သွားတယ် ညာ လှမ်းတယ် ဗယ်လှမ်းတယ် ကြွတယ် လှမ်းတယ် ချတယ်စသည် ဖြင့် ရှုတဲ့အခါမှာ တောင့်တင်းတာ လှုပ်ရှားတာက တခြား၊ ရှုသိတာက တခြား-ဒီလိုခွဲခြားပြီးသိတယ်။ ရပ်တယ် ထိုင်တယ် အိပ်တယ် စသည်ဖြင့် ရှုရာမှာလဲ တောင့်တင်း တည်နေတာက တခြား၊ ရှုသိတာက တခြား- ဒီလိုခွဲခြားပြီးသိတယ်။ ဝမ်းဗိုက် က ဖောင်းတာ ပိန်တာကို စူးစိုက်ပြီး ဖောင်းတယ် ပိန်တယ်လို့ ရှုရာမှာလဲ တောင့်တင်း၊ လှုပ်ရှားတာက တခြား၊ ရှုသိတာက တခြား- ဒီလို ခွဲခြားပြီး သိပါတယ်။ ကိုယ်အမူအရာကို ရှုတိုင်း ရှုတိုင်း ရှုသိရတာက တခြား၊ရှုသိတာက တခြား-ဒီလို ခွဲခြားပြီး သိတာပဲ။ အဲဒါဟာ ရုပ်နဲ့ နာမ်ကို အမှန်အတိုင်း ခွဲခြားပြီး သိတာပဲ၊ အဲဒီလို အသိရှင်းတော့ ကိုယ်ထဲမှာ သိစရာနဲ့ သိတာ ဒီရုပ်နာမ် ၂-မျိုးမျှ ရှိတာပဲ၊ အသက်ရှင်နေတဲ့ အကောင် ရယ်လို့ မရှိဘူးဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သဘောကျပြီး သိပါတယ်၊ အဲဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ် ဖြစ်ပုံပါပဲ၊ အဲဒီလို သိတာကလဲ ကြံတွေးသိတာမျိုးမဟုတ်ဘူး၊ မှန်းဆပြီး သိတာမျိုးလဲ မဟုတ်ဘူး၊ မျက်စိနဲ့ မြင်ရသလို ကိုယ် တွေ့အားဖြင့် ထင်ထင်ရှားရှား သိတာပါပဲ၊ ဒါကြောင့် ဒီလို အသိအမြင် ဖြစ်ပုံကို—

''စက္ခုကရဏီ- ပညာမျက်စိကိုလဲပြုတတ်- ဖြစ်စေတတ်ပါသည်၊ ဉာဏကရဏီ-အသိဉာဏ်ကိုလဲ ပြုတတ် ဖြစ်စေတတ်ပါသည်'' လို့ ဓမ္မစကြာသုတ်မှာ မြတ်စွာဘုရားက ဟောကြားသလိုပင် ဒီမှာလဲ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဟောတော်မူတာပါပဲ။ အဲဒီလို ထူးခြားတဲ့ အသိအမြင်ဟာ တရားဂုဏ်တော် ၆-ပါးထဲက သန္ဒိဋ္ဌိက ဂုဏ်နဲ့လဲ အညီပါပဲ၊ မဟာသတိပဋ္ဌာနသုတ်ဒေသနာနှင့်အညီ ကိုယ်တိုင်ကျင့်ယင် ကိုယ်တိုင်တွေ့ရတဲ့ အသိအမြင်ဉာဏ်ပါပဲ။

## မသိသူက အပြစ်ပြောတတ်သည်

ဒါပေမယ့် (ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ) သွားလျှင်လဲသွားတယ်လို့ သိ၏-စသည်ဖြင့် ဟောထားတဲ့ရှုသိနည်းကို သဘောမပေါက် မယုံကြည်တဲ့သူတွေက သွားတယ်, ညာလှမ်းတယ်, ဗယ်လှမ်းတယ်, ကွေးတယ်, ဆန့်တယ်, ဖောင်းတယ်, ပိန်တယ်စသည်ဖြင့် ရှုမှတ်တာကို အပြစ်တင် ရှုတ်ချနေကြတယ်၊ သွားတယ်, ညာလှမ်းတယ်, ဗယ်လှမ်းတယ်, ဆိုတာတွေဟာ သိပြီးသားတွေပဲ၊ ရှုနေဖို့ မလိုပါဘူးလို့လဲ ရှုတ်ချပြောဆိုကြတယ်၊ ဘယ်-ညာ ဘယ်-ညာလို့ ဒရိမ်းပြ လေ့ကျင့်နေတာသိုပင် ဘာမျှထူးခြားတဲ့အသိ မဖြစ်နိုင်ပါဘူးလို့လဲ ရှုတ်ချပြောဆိုကြတယ်။ အဲဒီလို ပြောကြတာကတော့ သူတို့ကိုယ်တိုင်က သတိပဋ္ဌာန် တရားတော်နှင့်အညီ အားမထုတ်ဘူးလို့ သူတို့မှာ ကိုယ်တိုင် အတွေ့အသိ မရှိသေးလို့ ပြောဆိုတာပါပဲ။

[ဒုတိယအကြိမ်]

## အပြစ်မပြောသင့်ကြောင်း ရှင်းပြချက်

အာနာပါန ကမ္မဋ္ဌာန်းဆိုတာ အင်မတန် ထင်ရှားနေတာပဲ၊ သိပြီးသားမို့ မရှုရဘူးဆိုယင် ထွက်လေဝင်လေလဲ ရှုဖို့ မလိုဘူးလို့ ဆိုရလိမ့်မယ်၊ အဲဒီလိုကတော့ ဘယ်သူမှ မပြောဆိုဝံ့ကြပါဘူး။ နောက်ပြီးတော့ အိန္ဒိယနိုင်ငံမှာ သာသနာပက ရသေ့တွေလဲ အာနာပါနကို ရှုနေကြတာပဲ၊ အဲဒီ သာသနာပက ရှုနည်းကတော့ သမာဓိဖြစ်ရုံပဲ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တော့ မဖြစ်ပါဘူး၊ ဒါပေမယ့် အဲဒီရသေ့တွေမှာလိုပင် အာနာပါနကို ရှုခြင်းဖြင့် ဝိပဿနာဉာဏ် မဂ်ဉာဏ် မဖြစ်နိုင်ဘူးလို့ မပြော မဆိုသင့်ပါဘူး။ အဲဒါလိုပဲ ဘယ်ညာ ဘယ်ညာလို့ ဒရိမ်းပြနေတဲ့ လူများမှာလိုပင် ဘယ်လှမ်းတယ် ညာလှမ်းတယ်လို့ ရှုမှတ်တာကို သတိ သမာဓိ ဉာဏ်မဖြစ်ဘူးလို့ မပြောဆိုသင့်ပါဘူး၊ ဘာကြောင့်လဲဆိုယင် ဒရိမ်းပြ လေ့ကျင့်နေတဲ့လူတွေက သတိ သမာဓိ ဉာဏ်ဖြစ်အောင် လေ့ကျင့်တာမှ မဟုတ်ပဲ၊ ကျန်းမာရေး စသည်အတွက် လေ့ကျင့်ကြတာပဲ။ သတိပဋ္ဌာန်နည်းအရ ရှုမှတ်နေကြတဲ့ သူတွေကတော့ သတိ သမာဓိဉာဏ်ထူးများဖြစ်ဖို့ ရှုနေကြတာပဲ၊ သတိပဋ္ဌာန် ဒေသနာအရ ရှုနေတာကို ပစ်ပယ်ယင် မြတ်စွာဘုရား တရားတော်ကို ပစ်ပယ်ရာရောက်တာပါပဲ။

နောက်ပြီးတော့ သိပြီးတွေ မရှုကောင်းဘူးလို့ အပြစ်မတင်သင့်တဲ့ အကြောင်းတွေက များစွာပင် ရှိနေပါတယ်၊ ပသဝိ

[ဒုတိယအကြိမ်]

ကသိုဏ်းစသည် နီလကသိုဏ်း စသည်ကို ရှုတာဟာ သိပ်ပြီး
တွေ့ပြီးဖြစ်တဲ့ မြေကြီး စသည် အညိုရောင် အဆင်းစသည်တို့
ကို မြေ မြေ စသည်ဖြင့် အညို အညို စသည်ဖြင့် ရှုရတာပဲ၊
အဲဒီလိုရှုတာကို သိပ်ပြီးသားတွေ ရှုတဲ့အတွက် ဘာမျှအကျိုးမရှိ
ဘူး၊ ဈာန်မရနိုင်ပါဘူးလို့ မဆိုသင့်ပါဘူး။ နောက်ပြီးတော့
ဆံပင် မွေးညှင်း စသည်ကို ရှုရတဲ့ ကမ္မဋ္ဌာန်းလဲရှိတယ်၊ ဆံပင်တို့
အမွေးတို့ လက်သည်း ခြေသည်းတို့ သွားတို့ အရေတို့ဆိုတာတွေ
ဟာ သိပ်ပြီးတွေ့ပြီးသားတွေပဲ၊ အဲဒါတွေကို သိပ်ပြီးဖြစ်တဲ့အတွက်
မရှုကောင်းဘူးလို့မဆိုသင့်ပါဘူး၊ ကျင်ကြီးကျင်ငယ်ဆိုတာတွေ
လဲတွေ့ပြီး သိပ်ပြီးတွေပဲ၊ အဲဒါတွေလဲ ဆင်ခြင်ပြီး ရှုကောင်းတာ
ပါပဲ၊ အဲဒါတွေကို ရှုမြင်ရာမှာလဲ ကမ္မဋ္ဌာန်းအဖြစ်နဲ့ရှုမှ ကမ္မ
ဋ္ဌာန်းဖြစ်တာ၊ မိလ္လာသန့်ရှင်းသမားတွေဟာ ကျင်ကြီးတွေကို
အမြဲတမ်းလိုပင် မြင်နေကြရတာပါပဲ။ ဒါပေမယ့် သူတို့က အသု
ဘအနေနဲ့ တရားအားထုတ်တာ မဟုတ်လို့ သူတို့မှာ သမာဓိ
ဉာဏ် အထူးဖြစ်ကြောင်း မကြားမသိရဘူး၊ အဲဒီလူများမှာ
လိုပင် တွေ့မြင်ပြီးဖြစ်တဲ့ ကျင်ကြီးကျင်ငယ်တွေကိုရှုလို့ ကုသိုလ်
မဖြစ်ဘူး၊ သမာဓိဉာဏ်မဖြစ်ဘူးလို့ မဆိုသင့်ပါဘူး၊ နောက်ပြီး
တော့ သုသာန်က သုဘရဇာတွေဟာ လူသေကောင်တွေ အမြဲ
တွေ့နေကြရတာပဲ၊ ဒါပေမယ့် ကမ္မဋ္ဌာန်းအဖြစ်နဲ့ ရှုကြတာ
မဟုတ်လို့ အဲဒီသုဘရဇာတွေမှာ အသုဘဈာန်ရတယ်လို့ မထင်
ရှားဘူး၊ ဒါကြောင့် တွေ့မြင်ပြီးဖြစ်တဲ့ ဥဒ္ဓုမာတက စသော
သူသေကောင်ကို ရှုခြင်းဖြင့် ကုသိုလ်မဖြစ်ဘူး၊ ဈာန်မရနိုင်ဘူး
လို့ မပြောမဆိုသင့်ပါဘူး၊ အဲဒီလို မပြောမဆိုသင့်တာတွေကို

ပြောဆိုနေယင် ဗုဒ္ဓသာသနာတော်က သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားတွေကို ပယ်ဖျက်ရာ ရောက်နေတာပါပဲ။

အဲဒါတွေလိုပါပဲ၊ သတိပဋ္ဌာန်ဒေသနာတော်အရ ရုပ်နာမ် စသည်ကို အမှန်အတိုင်းသိပြီး ဝိပဿနာဉာဏ်တွေ ဖြစ်အောင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း စသော ကိုယ်အမူအရာတွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ မပြတ်လိုက်ပြီး ရှုမှတ်နေတာကိုလဲ အပြစ်မတင်သင့် ပါဘူး၊ သိပြီးတွေကို ရှုနေလို့ အကျိုးမရှိဘူးလို့ မပြောမဆို ကောင်းပါဘူး၊ သွားတာ ရပ်တာ စသည်တွေကို ပကတိလူတွေ သိနေကြတာက သတိ သမာဓိ ဉာဏ်ဖြင့် သိကြတာ မဟုတ်ပါ ဘူး၊ မွေးလာကတည်းက သိရိုးသိစဉ်အတိုင်း သိလာကြတာပဲ၊ အဲဒီ သိရိုးသိစဉ် ဓမ္မတာအသိတွေက မြဲတဲ့အနေ ချမ်းသာတဲ့ ကောင်းတဲ့အနေနဲ့ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ သိနေတဲ့ အဝိဇ္ဇာက ရှေ့ဆောင်ပြီး သိနေတာပဲ၊ ဒါကြောင့် အဲဒီ သိရိုးသိစဉ်ကို မှီပြီး လောဘ ဒေါသ စသော အကုသိုလ်ကိလေသာတွေ ဖြစ် ပွားနေကြတာပဲ။ သတိပဋ္ဌာန် ဒေသနာတော်အရ သွားခိုက် စသည်မှာ သတိသမာဓိဖြင့် စူးစိုက်ပြီး ရှုသိနေတာကတော့ အဲဒီ သိရိုးသိစဉ် အမှားအသိတွေကို ပယ်နိုင်အောင်လို့ ရှုသိ နေကြရတာပဲ။

ဒါပေမယ့် ရှုခါစ သမာဓိအားမရှိသေးခင်တော့ အဲဒီအမှား သိတွေကို မပယ်နိုင်သေးပါဘူး၊ ဘုရားလက်ထက်က ပါရမီထူး ရှိကြတဲ့ ပုဂ္ဂိုလ်တွေမှာတော့ တထိုင်အတွင်းမှာလဲ ထူးခြားတဲ့

ဝိပဿနာ ဉာဏ်အသိတွေ ဖြစ်ပြီး တခဏလေးအတွင်းမှာတောင် အရိယမဂ်ဖိုလ် ရောက်သွားကြတာတွေလဲ ရှိကြပါတယ်၊ ယခု နေအခါလဲ ပါရမီထူးတဲ့ တဦးတလေမှာတော့ တရက် နှစ်ရက် အတွင်း သုံးလေးရက်အတွင်းလောက်မှာ သမာဓိဖြစ်ပြီး ဝိပဿ နာဉာဏ်အထူးတွေ ဖြစ်သွားတာ ရှိပါတယ်။ အဲဒီလို သမာဓိ ဖြစ်ပြီး ကိုယ်တိုင်တွေ့ပြီးသိတဲ့ ဝိပဿနာဉာဏ် စသည်တွေ ဖြစ် တာဟာ—

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု၊ ယထာဘူတံ ပဇာနာတိ—

စလည်ဖြင့် ဟောထားတဲ့ ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်နှင့် အညီပါဘဲ။

## သမာဓိဖြစ်မှ ဝိပဿနာဉာဏ်အစစ်ဖြစ်သည်

ဘိက္ခဝေ-ရဟန်းတို့၊ သမာဓိံ—စိတ်ကို တည်ငြိမ်အောင် ကောင်းစွာထားမှု သမာဓိကို၊ ဘာဝေထ-ဖြစ်ပွားစေကြကုန် လော့၊ ဘိက္ခဝေ-ရဟန်းတို့၊ သမာဟိတော-စိတ်ကို ရှုသင့်ရာ၌ သာ တည်ငြိမ်အောင် ကောင်းစွာ ထားနိုင်သော၊ ဝါ-သမာ ဓိနှင့် ပြည့်စုံသော၊ ဘိက္ခု-ရဟန်းသည်၊ ယထာဘူတံ-သူဖြစ် သည့်အတိုင်း အမှန်ကို၊ ဝါ-ဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ- သိ၏ တဲ့။

ဘယ်လိုမှန်စွာ သိသလဲဆိုတော့ မြင်ဆဲ၌ မြင်တယ်လို့ ရှုမှတ် ယင် သမာဓိအားကောင်းတဲ့ အခါကျတော့ မြင်သိမှု၏တည်ရာ

[ဒုတိယအကြိမ်]

မျက်စိအကြည်ရုပ်ကိုလဲ မမြဲဘူးလို့သိတယ်၊မြင်ရတဲ့အဆင်းကိုလဲ မမြဲဘူးလို့သိတယ်၊သိမြင်စိတ်ကိုလဲ မမြဲဘူးလို့သိတယ်၊ မြင်တွေ့တာကိုလဲ မမြဲဘူးလို့သိတယ်၊ မြင်လို့ကောင်းတာ မကောင်းတာကိုလဲ မမြဲဘူးလို့သိတယ်၊ မြင်တယ်လို့ရှုမှတ်ရာ၌ သိပုံ အကျယ်ကိုလဲ အသေးစိတ်ဝေဖန်ပြီး ဟောတော်မူပါတယ်၊ထို့အတူ ကြားဆဲ စသည်၌ ကြားတယ်စသည်ဖြင့်ရှုမှတ်ပြီး အမှန်အတိုင်း သိပုံကိုလဲ ဝေဖန်ပြီး ဟောတော်မူပါတယ်။

အဲဒီလိုဟောထားတဲ့ဒေသနာကို အထူးသတိပြုသင့်ပါတယ်၊ သမာဓိရှိမှ အမှန်အတိုင်းသိတဲ့ ဉာဏ်ဖြစ်တယ်၊ သမာဓိမရှိပဲ စဉ်းစားဆင်ခြင်ရုံမျှဖြင့် ကိုယ်တိုင်တွေ့ပြီး အမှန်အတိုင်းသိတဲ့ ဉာဏ်မဖြစ်ဘူးဆိုတာ ကိန်းသေမှတ်ထားကြဖို့ပါပဲ။

## နာမရူပပရိစ္ဆေဒဉာဏ်က စ၍ဖြစ်ပုံ

ယခုထုတ်ပြခဲ့တဲ့ ဒေသနာမှာ မမြဲဘူးလို့ အမှန်အတိုင်း သိတယ်ဆိုတာကတော့ ပြဋ္ဌာန်းတဲ့ ဝိပဿနာဉာဏ်အစစ် ဖြစ်ပုံကို ဟောပြတော်မူတာပါပဲ။ ဒါပေမယ့်သမာဓိဖြစ်လျှင်ဖြစ်ခြင်း မမြဲဘူးလို့ စပြီးသိတာတော့ မဟုတ်ပါဘူး၊ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ် ဖြစ်ပုံ အရအားဖြင့် နီဝရဏကင်းအောင် စိတ်တည်ငြိမ်တဲ့အခါ စိတ္တဝိသုဒ္ဓိဖြစ်တယ်၊ အဲဒီ စိတ္တဝိသုဒ္ဓိဖြစ်တဲ့အခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရုပ်နဲ့နာမ်ကို ခွဲခြားပြီးသိတယ်၊ အဲဒီလို သိတာဟာ ရှုမှတ်ခါစ၌ ဖြစ်တာ မဟုတ်ဘူး၊ သမာဓိ အားရှိလာတဲ့

[ဒုတိယအကြိမ်]

အခါကျမှ ဖြစ်တာ၊ အဲဒီလို ရုပ်နဲ့ နာမ် ခွဲခြားသိပုံကတော့ ခုတင်က ဉာဏ်မျက်စိဖြစ်ပုံကို ဖော်ပြရာမှာ ပြောခဲ့တဲ့အတိုင်း ပါပဲ၊ သွားတယ်လို့ ရှုမှတ်တဲ့အခါ သွားတာက ရုပ်၊ မှတ်သိတာက နာမ် စသည်ဖြင့် သိစရာရုပ်နဲ့ သိတဲ့နာမ် ဒီ ၂-ပါးသာ ရှိတယ်လို့ သိသိသွားတာပါပဲ၊ အဲဒီလို အသိဉာဏ်က အားကောင်းလာတဲ့အခါ သိစရာရုပ်နဲ့ သိတဲ့နာမ် ဒီ ၂-ပါးသာ ရှိတာပဲ။ ဒီရုပ်နာမ်မှတပါး အသက်ရှင်နေတဲ့ အကောင်ရယ်လို့ မရှိဘူးလို့ အသိဉာဏ် ရှင်းလာတယ်၊ အဲဒါက ဒိဋ္ဌိဝိသုဒ္ဓိပဲ။

အဲဒီကနောက် သွားတယ် ကွေးတယ် စသည်ဖြင့် ရှုမှတ်နေယင်း သွားချင်တဲ့စိတ် ကွေးချင်တဲ့စိတ် စသော အကြောင်းကိုပါ ခွဲခြားပြီး သိလာတယ်၊ သွားချင်လို့ သွားတာပဲ၊ ကွေးချင်လို့ကွေးတာပဲ၊ သွားအောင် ကွေးအောင် ပြုလုပ်ပေးတဲ့ ငါကောင်ရယ်လို့ မရှိဘူးဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် သိလာတယ်၊ မြင်ရာမှာလဲ မျက်စိရှိလို့ မြင်တယ်၊ မြင်စရာရှိလို့ မြင်တယ်၊ မြင်အောင်ပြုလုပ်တဲ့ ငါကောင်ရယ်လို့ မရှိဘူး စသည်ဖြင့်လဲ ရှင်းပြီးသိလာတယ်၊ ရှုမှတ်တိုင်းလဲ ရှုသိစရာရှိလို့ ရှုမှတ်ရန် နှလုံးသွင်းမှုရှိလို့ ရှုသိမှုဖြစ်တာပဲ၊ ရှုသိမှုဖြစ်အောင် ပြုလုပ်တဲ့ ငါကောင်ရယ်လို့ မရှိဘူး စသည်ဖြင့်လဲ အကြောင်းနဲ့ အကျိုးကို ခွဲခြားပြီး သိလာတယ်၊ အဲဒါက ပစ္စယပရိဂ္ဂဟဉာဏ်ပဲ၊ အဲဒီဉာဏ် အားကောင်းလာတဲ့အခါကျတော့ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဆိုတာ ဖြစ်တယ်၊ ယခုနေအခါ အကြောင်းနဲ့ အကျိုးမျှ ရှိတာလို ရှေးကလဲ အကြောင်းနဲ့ အကျိုးမျှရှိခဲ့မှာပဲ၊

[ဒုတိယအကြိမ်]

နောင်အခါလဲ အကြောင်းနဲ့ အကျိုးမျှ ရှိမှာပဲလို့ ပိုင်နိုင်စွာသိတဲ့အတွက် ရှေးဘဝတုန်းက ငါဆိုတာ ရှိခဲ့လေသလား၊ ယခုမှ ရှိလာတာလေလား၊ နောင်လဲ ရှိဦးမှာလေလား စသည်ဖြင့် ယုံမှားမှုကို ကင်းစေတဲ့ ဉာဏ်ပါပဲ၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်ပြီး မဂ္ဂင်ရှစ်ပါးကို ပွားစေလျှင် ယခုပြောခဲ့တဲ့ အတိုင်း ရှင်းလင်းပြတ်သားစွာ သိတဲ့ ဉာဏ်တွေဖြစ်တယ်၊ အဲဒါဟာ မမြင်ဘူးတာကို မြင်ရသလို အထူးသိမြင်မှု ဖြစ်သောကြောင့် အဲဒီဉာဏ်ဖြစ်ပုံကို စက္ခုကရဏီ-ပညာမျက်စိကို ဖြစ်စေတယ် လို့ ပြဆိုထားတာပါပဲ။

## ပညာမျက်စိဖြစ်ပုံ

ဟုတ်တယ်၊မျက်စိကွယ်နေရာမှ ဆေးကောင်းကြောင့် မျက်စိအမြင် ဖြစ်ပေါ်လာသလိုပဲ၊ မရှုမမှတ်ခင်ကရော၊ ရှုမှတ်ခါစကရော သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ ကွေးတာ၊ ဆန့်တာ စသည်တွေကိုရော၊ မြင်တာ ကြားတာ စသည်တွေကိုရော ငါကောင်လို့ ထင်နေခဲ့တယ်။ အဲဒီတုန်းက "တရားတော်အရ ရုပ်နဲ့ နာမ်မျှပဲ ရှိတယ်၊ အကြောင်းနဲ့အကျိုးမျှပဲ ရှိတယ်။ ငါကောင်ရယ်လို့ မရှိဘူး" ဆိုတာကို ကြားဘူး မှတ်သားဘူးပေမယ့် အဲဒီသွားတာ မြင်တာ စသည်တွေကို ငါကောင်လို့ထင်မြဲထင်နေတာပဲ၊ ယခုပြောခဲ့တဲ့အတိုင်း ရှုမှတ်နေယင်း ရုပ်နာမ်, အကြောင်းအကျိုးကို ခွဲခြားပြီး တွေ့သိလာတော့မှ ဖြစ်ပေါ်လာတဲ့ အမှန်သိဟာ မျက်စိအမြင် ဖြစ်ပေါ် လာသလိုပဲ ထင်ရှားတယ်၊

[ဒုတိယအကြိမ်]

ဒါကြောင့် စကျုကရဏီ-ပညာမျက်စိကို ပြုတတ် ဖြစ်စေတတ် သည်လို့ ဖော်ပြထားတာပါပဲ။

## ယထာဘူတဉာဏ် အဆင့်ဆင့်ဖြစ်ပုံ

အဲဒီ ပညာမျက်စိဖြစ်ပုံက ဒါလောက်တွင်မဟုတ်သေးပါဘူး။ သမာဓိဉာဏ် ဆောင်အားတက်လာတဲ့အခါကျတော့ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ပြင်တယ်၊ ကြွားတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ စိတ်ကူးတယ်၊ ကြံတယ်၊ ညောင်းတယ်၊ ပူတယ် စသည်ဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း မှတ်သိရတဲ့အာရုံ၏ အစဖြစ် ပေါ်လာတာ၊ အဆုံး ကွယ်ပျောက် သွားတာကိုလဲ သိရတယ်။ အဲဒီလို သိတာဟာ အဖြစ်အပျက်ကို အမှန်အတိုင်း သိတဲ့ ယထာဘူတဉာဏ်ပဲ။ ပထမ သိခါစမှာတော့ အမျိုးတူ ရုပ်နာမ် အစဉ်၏ သန္တတိအားဖြင့် ခပ်ကျကျပဲသိတယ်၊ အဲဒီလို သန္တတိ ဖြင့်အဖြစ်အပျက်ကို သိတဲ့အခါမှာ "ရှေးက ငါတို့ဟာ မရှုမှတ် လို့ မသိတာပဲ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲတာချည်းပဲ၊ ဆင်းရဲ ချည်းပဲ၊ အတ္တကောင် ငါကောင်မဟုတ်တဲ့ အနတ္တသဘောမျှ ချည်းပဲ" လို့ ဒီလို ဆင်ခြင်သုံးသပ်တဲ့ သမ္မသနဉာဏ် ဖြစ်တယ်။ ဒါလဲ အယင်က မဖြစ်ဘူးတဲ့ ပညာမျက်စိဖြစ်လာတာပဲ။

အဲဒီကနောက် သမာဓိဉာဏ် တဆင့်တိုးတက် အားကောင်း လာတဲ့အခါကျတော့ ခြေတလှမ်းအတွင်း၊ လက်တကွေးအတွင်း မှာပင် အပိုင်းအပိုင်း ပြတ်ပြတ်ပြီး အဖြစ်အပျက်တွေကို များ စွာတွေ့ရတယ်။ တဖောင်း တပိန် အတွင်းမှာလဲ တရွေ့တရွေ့ ချင်း ပြတ်ပြတ်ပြီး ကုန်ကုန်သွားတာတွေကို များစွာ တွေ့ရ

တယ်။ ကြွားတဲ့အခါဆိုယင် ကြွားလိုက် ပျောက်လိုက်၊ ကြွားလိုက် ပျောက်လိုက်နဲ့ ပြတ်ပြတ်သွားတာတွေကိုသာတွေ့ရတယ်။ ရှေ့အသံနဲ့ နောက်အသံ မဆက်မိတဲ့ အတွက် ဘာပြောတယ်ဆိုတာ မသိရဘူး၊ မြင်ရာမှာလဲ ဉာဏ်ထက်တဲ့ သူမှာဆိုယင် တရိပ်ရိပ်နဲ့ ပျောက်သွားတာ ကိုသာ သိရတယ်။ အဲဒါက (ဥဒယဗ္ဗယဉာဏ် ဖြင့် တွေ့သိပုံပါပဲ။ အဲဒီအခါမှာ အရောင် အလင်းတွေကိုလဲ တွေ့ရတယ်၊ ဝမ်းမြောက်တက်ကြွတဲ့ ပီတိတွေ ဖြစ်ပေါ်လာတာကိုလဲ တွေ့ရတယ်။ တကိုယ်လုံး အလွန်ပေါ့ပါးပြီး အလွန်နေကောင်းထိုင်သာ ဖြစ်နေတာကိုလဲ တွေ့ရတယ်။ မမှတ်နိုင်တာ မသိတာရယ်လို့မရှိပဲ သတိဉာဏ်တွေ အလွန်လျင်မြန်စွာ ဖြစ်နေတာကိုလဲ တွေ့ရတယ်။ ဒါလဲ ပညာမျက်စိအထူး၊ အသိအမြင်အထူး ဖြစ်ပေါ်လာတာပါပဲ။

အဲဒီကနောက် ဘင်ဉာဏ် ရောက်တဲ့အခါကျတော့ သွားတယ် ကြွတယ် လှုပ်တယ် ချတယ်လို့ မှတ်နေပေမယ့်လို့ ခြေပုံသဏ္ဌာန် ကိုယ်ပုံသဏ္ဌာန် မထင်ရှားတော့ဘူး။ တောင့်တင်းရွှေ့ရှားတဲ့ သဘောမျှသာထင်ရှားတယ်။ အဲဒါကလဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်။ ရပ်တယ် ထိုင်တယ် ကွေးတယ် ဆန့်တယ် ဖောင်းတယ် ပိန်တယ် စသည်ဖြင့် ရှုမှတ်ရာတွေမှာလဲ ဒီအတိုင်းပဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကိုချည်း ထင်ရှားတွေ့နေရတယ်။ အဲဒီရှုသိရတဲ့ အာရုံနှင့် တပါးတည်းပင် ရှုသိတဲ့စိတ်လဲ ပျောက်ပျောက် သွားတာကိုသာ ထင်ရှားတွေ့ရတယ်။ အထူးကြောင့်ကြစိုက်ပြီး မရှုမမှတ်

ပေမယ့်လို့ မြင်တိုင်းကြားတိုင်းစသည်မှာလဲ အာရုံရောအသိရော တရိပ်ရိပ်နဲ့ ပျောက်ပျောက် သွားတာကိုချည်း တွေ့နေရတယ်။ အဲဒီတော့ အနိစ္စ-ဒုက္ခ-အနတ္တ သိပုံဟာ သာပြီးထင်ရှားပါတယ်၊ အဲဒီလို အမှန်အတိုင်း သိတာဟာ (သမာဟိတော- စိတ်တည်ကြည်သော ရဟန်းသည်၊ ယထာဘူတံ ပဇာနာတိ- ဟုတ်တိုင်းမှန်စွာ သိသည်လို့) ဟောထားတဲ့ ဒေသနာတော်နှင့် အညီပါပဲ။ အဲဒီလို ရှုမှတ်နေယင်း အမှန်အတိုင်းသိမြင်တာကို ဒီသုတ်မှာရော ဓမ္မစကြာသုတ်မှာရော စက္ခုကရဏီ- ပညာမျက်စိကိုလဲ ပြုတတ် ဖြစ်စေတတ်သည် လို့ ဟောပြထားတာ ပါပဲ။ အဲဒီ ဝိပဿနာ ပညာမျက်စိက ရင့်သန်ပြည့်စုံတဲ့အခါ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုလဲ သိမြင်သွားတယ်။ အဲဒါလဲ ဘယ်တော့ကမျှ မမြင်ဘူးတဲ့ နိဗ္ဗာန်ကို သိမြင်သွားတဲ့ အထူးအမြတ်ဆုံး ပညာမျက်စိ ဖြစ်ပေါ်လာတာ၊ ပညာမျက်စိ ပွင့်လာတာ ပါပဲ။ ဒါကြောင့် ဓမ္မစကြာသုတ်မှာရော၊ ဒီဓမ္မဒါယာဒသုတ်မှာရော မဇ္ဈိမပဋိပဒါ ခေါ်တဲ့ အလယ်လမ်းလို့ ဆိုရတဲ့ မဂ္ဂင်ရှစ်ပါးက စက္ခုကရဏီ- ပညာမျက်စိကို ပြုတတ်ဘယ် ဖြစ်စေတတ်တယ် ဆိုတာဟာ အလွန်ပင် မှတ်သားစရာလဲ ကောင်းပါတယ်၊ အားကိုးစရာလဲ အလွန်ကောင်းပါတယ်။

နောက်ပြီးတော့ အဲဒီအလယ်လမ်းလို့ ဆိုရတဲ့ မဂ္ဂင်ရှစ်ပါးက ရှုမှတ်ပွားများ နေတဲ့ သူအား ဉာဏကရဏီ- အသိဉာဏ်ကိုလဲ ပြုတတ် ဖြစ်စေတတ်ပါသည်တဲ့။ ဒါကတော့ ခုတင်က ပြောခဲ့တဲ့ ပညာမျက်စိနဲ့အရ အတူတူပါပဲ။ နောက်ပြီးတော့ အဘိ

[ဒုတိယအကြိမ်]

ညာယ - ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ၊ သံဝတ္တတိ - ဖြစ်ပါသည်တဲ့။ ဒါကလဲ ပညာမျက်စိနဲ့ အတူတူပါပဲ၊ မရှုမမှတ်ပဲ နေကြတဲ့သာမန်ပုဂ္ဂိုလ်တွေမှာ ဒီအသိဉာဏ်မဖြစ်ဘူး။ ရှုမှတ်တဲ့ ပုဂ္ဂိုလ်တွေမှာမှ အထူးဖြစ်လာတာမို့ ထူးသောဉာဏ်ဖြင့် သိတယ်လို့ ဆိုရတာ ပါပဲ။ နောက်ပြီးတော့ သမ္ဗောဓာယ သံဝတ္တတိ-ထိုးထွင်း၍သိရန် အလို့ငှါလဲ ဖြစ်ပါသည်တဲ့။ ဒါလဲ ပညာမျက်စိနဲ့ အတူတူပါပဲ။ နံရံစသည်ဖြင့် ဖုံးကွယ်နေလို့ မမြင်နိုင်တဲ့အရာကို နံရံဖောက်ပြီး ကြည့်မြင်တာလိုပင် မူလက မသိမမြင်နိုင်တဲ့ အနိစ္စ စသည်တွေကိုရော နိဗ္ဗာန်ကိုရော သိမြင်သွားတာဟာ အဝိဇ္ဇာ အကာအကွယ်ကို ဖောက်ထွင်းပြီးသိတဲ့ သဘော ဖြစ်သောကြောင့် သမ္ဗောဓ-ထိုးထွင်းသိတယ်လို့ ဆိုရတာပါပဲ။

## ကိလေသာငြိမ်းပုံ

နောက်ပြီးတော့ ဉာဏကထာပုဒ်၏အခြားမဲ့မှာ ဥပသမာယ-မဂ္ဂင်ရှစ်ပါးဟာ ကိလေသာငြိမ်းရန် အလို့ငှာလဲ ဖြစ်သည်လို့လဲ ဖော်ပြထားပါတယ်။ ရှုမှတ်ပြီး ရုပ်နာမ်မျှပဲ အကြောင်းနဲ့ အကျိုးမျှပဲ ခဏမစဲ ဖြစ်ပျက်နေလို့ အနိစ္စ - မမြဲတာချည်းပဲ စသည်ဖြင့် သိတိုင်းသိတိုင်း အဲဒီသိရတဲ့အရာမှာ ကိလေသာတွေဖြစ်ခွင့်မရှိပဲ ငြိမ်းငြိမ်းသွားတယ်၊ အရိယမဂ္ဂင် ဖြစ်တဲ့အခါကျတော့ အဲဒီရှုမှတ်သူ၏သန္တာန်မှာဖြစ်ထိုက်တဲ့ကိလေသာတွေဟာ အမြစ်ပြတ် ငြိမ်းငြိမ်းသွားတယ်။ အဲဒီလို တဒင်္ဂအားဖြင့်ရော၊ သမုစ္ဆေဒအားဖြင့်ရော ငြိမ်းစေတာကို ရည်ပြီးတော့

ဥပသမာယ-ကိလေသာငြိမ်းရန် အလို့ငှာလည်း ဖြစ်သည်-လို့ ဟောပြတော်မူတာပါပဲ။

## ဆင်းရဲခပ်သိမ်းငြိမ်းပုံ

နောက်ပြီးတော့ နိဗ္ဗာနာယ သံဝတ္တတိ-နိဗ္ဗာန်အလို့ငှာလည်း ဖြစ်သည်တဲ့။ ဖြစ်ဆဲရုပ်နာမ်ကို ရှုမှတ်ပြီး ဖြစ်ပွားတဲ့ ဝိပဿနာ မဂ္ဂင်တွေက ကိလေသာတွေကို တဒင်္ဂအားဖြင့် ငြိမ်းစေတယ်။ အဲဒီ ကိလေသာတွေ ငြိမ်းတိုင်း ငြိမ်းတိုင်း အဲဒီ ကိလေသာ ကြောင့် ဖြစ်မည့်ကံလဲ ဖြစ်ခွင့်မရှိပဲ ငြိမ်းငြိမ်းသွားတယ်။ အဲဒီ ကိလေသာနဲ့ကံကြောင့် ဖြစ်ရမည့် ဘဝသစ်ရုပ်နာမ်ခန္ဓာ ဆိုတဲ့ အကျိုးတရားတွေလဲ ငြိမ်းငြိမ်းသွားတယ်။ အဲဒီလို ငြိမ်းတာဟာ ဝိပဿနာမဂ္ဂင်၏ အစွမ်းဖြင့် ကိလေသာ, ကံ, ဝိပါက် ဆိုတဲ့ ဝဋ်ဆင်းရဲငြိမ်းတဲ့ တဒင်္ဂနိဗ္ဗာန်ပဲ။ အဲဒီ ဝိပဿနာမဂ္ဂင်၏အစွမ်း ကြောင့် အရိယမဂ္ဂင်တွေ ဖြစ်လာတဲ့အခါ ကိလေသာဟူသမျှ ကံဟူသမျှ, ဝိပါက်ရုပ်နာမ်ဟူသမျှ ဖြစ်ခွင့် မရှိတော့ပဲ အမြစ် ပြတ်ချုပ်ငြိမ်းသွားတယ်။ အဲဒါကတော့ သမုစ္ဆေဒပဟာန်အလို့ အားဖြင့် ပြီးစီးတဲ့နိဗ္ဗာန်အစစ်ပဲ။ ဘုရားရဟန္တာများ ပရိနိဗ္ဗာန် ပြုကြတယ်ဆိုတာ အဲဒီ ချုပ်ငြိမ်းခြင်း သဘောသို့ ဆိုက်ရောက် သွားကြတာပဲ။ အဲဒီလို ကိလေသာတွေ ကံတွေ ဘဝသစ် ရုပ် နာမ်တွေ ဖြစ်ခွင့်မရှိတော့ပဲ အမြစ်ပြတ် ချုပ်ငြိမ်းသွားယင် အိုခြင်း နာခြင်း သေခြင်း စသော ဆင်းရဲဟူသမျှမှ အစဉ် ထာဝရ ကင်းငြိမ်းပြီး အမြဲတမ်း ချမ်းသာသွားတော့တာပဲ။ မဂ္ဂင်ရှစ်ပါး အလယ်လမ်းအကျင့်က အဲဒီဆင်းရဲခပ်သိမ်းငြိမ်းရာ

နိဗ္ဗာန်သို့ ရောက်ဖို့ရာလဲ ဖြစ်ပါတယ်။ အဲဒီနိဗ္ဗာန်သို့လဲ ရောက်စေနိုင်ပါတယ်တဲ့။ ဒါကြောင့်....

လောဘဿ စ ပဟာနာယ - လောဘကိုလဲ ပယ်ရန်- ဒေါသဿ စ ပဟာနာယ-ဒေါသကိုလဲ ပယ်ရန်၊ မဇ္ဈိမာ ပဋိပဒါ-အလယ်လမ်း အကျင့်သည်။ အတ္ထိ·ရှိပါသည်။ (အဲဒီ အကျင့်က ဘယ်လို စွမ်းရည်ဂုဏ်ထူးရှိပါသလဲ ဆိုတော့၊ သာ၊ ထိုအကျင့်သည်၊) စက္ခုကရဏီ-ပညာမျက်စိကိုလဲ ပြုတတ်·ဖြစ်စေတတ်သည်၊ဉာဏကရဏီ-အသိဉာဏ်ကိုလဲ ပြုတတ်·ဖြစ်စေတတ်သည်၊ ဥပသမာယ–ကိလေသာငြိမ်းရန်လဲ ဖြစ်သည်၊ဝါ·ကိလေသာကိုလဲ ငြိမ်းစေတတ်သည်၊ အဘိညာယ-ထူးသောဉာဏ်ဖြင့် သိရန်လဲ ဖြစ်သည်၊ ဝါ·ထူးသောဉာဏ်ဖြင့်လဲ သိစေတတ်သည်။

(ထူးသောဉာဏ်ဖြင့် သိတယ်ဆိုတာက ခုတင်က ပြောခဲ့တဲ့အတိုင်း မရှုမမှတ်ပဲ နေစဉ်က မသိခဲ့ဘူးတဲ့ အထူးသိဖြင့် သိတာကို ဆိုတာပါပဲ၊ မရှုမမှတ်တဲ့သူတွေ ရှုမှတ်ခါစ ပုဂ္ဂိုလ်တွေမှာ ရုပ်နဲ့နာမ် ဒီ ၂-ပါးသာရှိတယ်ဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့်မသိဘူး၊ အကြောင်းနဲ့ အကျိုးမျှသာရှိတယ်လို့လဲ မသိဘူး၊ ခဏမစဲ ဖြစ်ပျက်နေတာကိုလဲ မသိဘူး၊ အနိစ္စ ဒုက္ခ အနတ္တမျှဆိုတာလဲ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိဘူး၊ ရုပ်ကိုယ်ကြီးလဲ ငယ်ငယ်ကတည်းက ယခုထက်ထိ အမြဲတည်ရှိနေတယ်လို့ ထင်နေတယ်၊ သိတဲ့စိတ်ကလဲ အမြဲတည်နေတယ်လို့ပဲ ထင်နေတယ်၊ ရုပ်ကိုယ်နဲ့ အသိစိတ်ကို ငါတယောက်တည်း

ပဲလို့ ထင်နေတယ်။ မြင်တိုင်းကြားတိုင်းစသည်မှာ မပြတ် ရှုမှတ်နေလို့ သမာဓိအားကောင်းလာတဲ့အခါကျတော့ ရုပ်ကတခြား အသိစိတ်ကတခြား ကွဲပြားပြီး ဉာဏ်ထဲမှာ ထင်လာတယ်၊ အကြောင်းနဲ့အကျိုးလဲ ကွဲပြားပြီး ထင်လာတယ်၊ အသစ်အသစ် ဖြစ်ပေါ် ဖြစ်ပေါ်ပြီး ပျောက်ပျောက် သွားတာကိုလဲ ထင်ရှား တွေ့ရတယ်၊ အဲဒီတော့ မမြဲဘူး မမြဲတာချည်းပဲလို့လဲ သိရတယ်၊ ဆင်းရဲချည်းပဲ၊ အသက်ရှင်နေတဲ့ ငါကောင်မဟုတ်ဘူး သဘောတရားမျှချည်းပဲလို့လဲ ရှုမှတ်နေယင်း ကိုယ်ပိုင် ဉာဏ်ဖြင့် သိလာတယ်၊ အဲဒီလို သိလာတာဟာ ရှေးက မဖြစ်ဘူးတဲ့ အသိဉာဏ်ထူးတွေချည်းပဲ၊ အဲဒီ အသိဉာဏ် အထူးဖြင့် သိဖို့ရာလဲ ဖြစ်တယ်၊ အဲဒီလို ထူးသော အသိဉာဏ်ကိုလဲ ဖြစ်စေတတ်ပါတယ်လို့ ဆိုလိုတာ ပါပဲ။

သမ္ဗောဓာယ·ထိုးထွင်း၍ သိရန်လဲ ဖြစ်သည်၊ ဝါ·ထိုးထွင်း၍လဲ သိစေတတ်သည်၊ နိဗ္ဗာနာယ သံဝတ္တတိ·ဝဋ်ဆင်းရဲခပ်သိမ်းငြိမ်းရန်လဲ ဖြစ်သည်၊ ဝါ·ဝဋ်ဆင်းရဲခပ်သိမ်းကိုလဲ ငြိမ်းစေတတ်သည်၊ ဝါ·ဆင်းရဲခပ်သိမ်း ငြိမ်းရန်လဲ ဖြစ်သော၊ မဇ္ဈိမာ ပဋိပဒါ·အလယ်လမ်းအကျင့်သည်၊ အတ္ထိ·ရှိပါသည် လို့ အရှင်သာရိပုတ္တရာက လောဘ ဒေါသကို ပယ်နိုင်အောင် ကျင့်ဖို့ အလယ်လမ်းအကျင့်ရှိကြောင်း ဖော်ပြတော်မူပါတယ်။ အဲဒါ အတွက် ဘာသာပြန်ဆောင်ပုဒ်ကို ဆိုကြရမယ်။

[ဒုတိယအကြိမ်]

၁။ လိုချင်တပ်မက်တဲ့ လောဘလဲ ယုတ်မာသည်၊ ပြစ်မွှား ဖျက်ဆီးချင်တဲ့ ဒေါသလဲ ယုတ်မာ သည်၊ လောဘကိုလဲ ပယ်ရန်၊ ဒေါသကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့် ရှိသည်။

အဲဒီ အလယ်လမ်းမှန်အကျင့် ဆိုတာက ဘာလဲလို့ မေးစရာရှိတဲ့အတွက် မေးခွန်းနှင့်တကွ ဒီလို ဆက်လက်ပြီး ပြောကြားထားပါတယ်။

## အလယ်လမ်းမှန် အကျင့်သရုပ်

ကတမာ စ သာ အာဝုသော မဇ္ဈိမာ ပဋိပဒါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ—သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အာဝုသော-ငါ့ရှင်တို့၊ စက္ခုကရဏီ-ပညာမျက်စိကို ပြုတတ်ဖြစ်စေတတ်သော၊ ဉာဏကရဏီ-အသိဉာဏ်ကို ပြုတတ် ဖြစ်စေတတ်သော၊ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ- ကိလေသာငြိမ်းရန် အထူးသိရန် ထိုးထွင်းသိရန် ဆင်းရဲငြိမ်းရန်ဖြစ်သော၊ သာ မဇ္ဈိမာ ပဋိပဒါ- ထိုအလယ်လမ်း အကျင့်မှန်သည်၊ ကတမာ စ-အဘယ်ပါနည်းဟူမူ၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါးရှိသော၊ အရိယော-မြတ်သော၊ အယမေဝ-မဂ္ဂေါ-ဤမဂ်လမ်းပင်ဖြစ်သည်၊ သေယျထိဒံ- ဤမဂ်လမ်း ဆိုတာတ

[ဒုတိယအကြိမ်]

၇

ဘာလဲဆိုလျှင်၊ သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပေါ-မှန်စွာကြံခြင်း၊ သမ္မာဝါစာ-မှန်စွာပြောခြင်း၊ သမ္မာကမ္မန္တော-မှန်စွာပြုခြင်း၊ သမ္မာအာဇီဝေါ- မှန်စွာ အသက်မွေးခြင်း၊ သမ္မာဝါယာမော–မှန်စွာ အားထုတ်ခြင်း၊ သမ္မာသတိ- မှန်စွာ အမှတ်ရခြင်း၊ သမ္မာ သမာဓိ-မှန်စွာ စူးစိုက်တည်ကြည်ခြင်းပင် ဖြစ်သည် တဲ့။

အလယ်လမ်းမှန်အကျင့် ဆိုတာ ဘာလဲ ဆိုတဲ့အမေးကို (အယမေဝ မဂ္ဂေါ) ဤ မဂ်လမ်းပဲလို့ဖြေထားတာဟာ ကိုယ့်ရှေ့မျက်မှောက်မှာရှိတဲ့ အရာဝတ္ထုကို ဒါပဲလို့ ဖြေသလိုပင် ဖြေထားတယ်၊ အဲဒါဟာ အရှင်သာရိပုတ္တရာမှာ အဲဒီအကျင့်တာ ထင်ရှားနေလို့ ဒါပါပဲလို့ ဖြေတော်မူတာပဲ။ သတိပဋ္ဌာန်နည်းအရ ဒီမှာ ရှုမှတ်နေကြတဲ့ ယောဂီတွေမှာလဲ ကိုယ်တွေ့အားဖြင့် ထင်ရှားနေတာပဲ၊ ဒါကြောင့် မိမိကိုယ်ဘိုင် ရှုမှတ်ပြီးပွားစေတဲ့ တရားအဖြစ်ဖြင့် ထင်ရှားနေတဲ့အတွက် ဒီရှုမှတ်သိတာပါပဲ၊ ဒါပါပဲလို့ ပြောဆိုနိုင်ပါတယ်၊ အဲဒီ ပါဠိ၏ဘာသာပြန် ဆောင်ပုဒ်ကို ဆိုကြရမယ်။

အဲဒီ လမ်းမှန်အကျင့်က ဘယ်ဟာလဲဆိုယင်၊ မဂ္ဂင်ရှစ်ပါးဟောဒီမြတ်တရားပင် ဖြစ်သည်။ ထိုတရားကလဲ–

၁။ သမ္မာဒိဋ္ဌိ– မှန်စွာမြင်ခြင်း၊
၂။ သမ္မာသင်္ကပ္ပေါ– မှန်စွာကြံခြင်း၊
၃။ သမ္မာဝါစာ– မှန်စွာပြောခြင်း၊
၄။ သမ္မာကမ္မန္တော– မှန်စွာပြုခြင်း၊

[ဒုတိယအကြိမ်]

၅။ သမ္မာအာဇီဝေါ– မှန်စွာအသက်မွေးခြင်း၊

၆။ သမ္မာဝါယာမော–မှန်စွာအားထုတ်ခြင်း၊

၇။ သမ္မာသတိ– မှန်စွာအမှတ်ရခြင်း၊

၈။ သမ္မာသမာဓိ– မှန်စွာစူးစိုက်တည်ကြည်ခြင်း· ဆိုတဲ့

ဤ ရှစ်ပါးပင် ဖြစ်သည်။

ဒီအလယ်လမ်းအကျင့် မဂ္ဂင် ရှစ်ပါး ဆိုတာက မြင်ခိုက် ကြားခိုက်စသည်မှာ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်တွေကိုရှုမှတ် ပြီးဖြစ်ပွားစေရတဲ့ တရားတွေပါပဲ၊စက္ခုကရဏီ·ပညာမျက်စိကို ပြုတတ်·ဖြစ်စေတတ်တယ် ဆိုတာ ဒီဟာတွေပဲ၊ ဉာဏကရဏီ· အသိဉာဏ်ကို ပြုတတ် ဖြစ်စေတတ်သည် ဆိုတာလဲ ဒီဟာ တွေပဲ။

## လောဘ ဒေါသ ဖြစ်ပုံနှင့်ငြိမ်းပုံ

မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိ တိုင်း ဒွါရ ၆-ပါးက ပေါ်လာတဲ့တရားတွေကို မရှုမသိလို့ ရှိယင် အဲဒီ မြင်ရတဲ့အာရုံ ကြားရတဲ့အာရုံ စသည်တွေမှာ နှစ် သက်လိုချင်တဲ့ လောဘလဲ ဖြစ်နိုင်တယ်၊ စိတ်ဆိုးပြစ်မှားတဲ့ ဒေါသလဲ ဖြစ်နိုင်တယ်၊ အဲဒီ မြင်ရ ကြားရ တွေ့ရ သိရတဲ့ အာရုံတွေကို ကောင်းတယ်ထင်ယင် နှစ်သက်လိုချင်တဲ့လောဘ ဖြစ်နိုင်တယ်၊ မကောင်းဘူး ဆိုးဝါးတယ်ထင်ယင် ဒေါသ ဖြစ် နိုင်တယ်၊ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း မပြတ်ရှုမှတ်

နေယင် သမာဓိကောင်းလာတဲ့ အခါကျတော့ သိရတဲ့ရုပ်နဲ့ သိတဲ့နာမ်၊ ဒီရုပ်နာမ် ၂-ပါးကိုသာတွေ့ရတယ်၊ကောင်းတာလဲ မတွေ့ဘူး၊ မကောင်းတာလဲ မတွေ့ဘူး၊ ဒါကြောင့် လောဘလဲ မဖြစ်ဘူး၊ ဒေါသလဲ မဖြစ်ဘူး။ အဲဒါထက် သမာဓိဉာဏ်အား ကောင်းလာတဲ့အခါကျတော့ အကြောင်းနဲ့ အကျိုးမျှသာ တွေ့ ရတယ်၊ အဲဒီ တွေ့ရတာနဲ့စပ်ပြီး လောဘလဲမဖြစ်ဘူး၊ ဒေါသလဲ မဖြစ်ဘူး။

အဲဒါထက် သမာဓိဉာဏ်အားကောင်းလာတဲ့ အခါကျတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဖြစ်ပေါ်လာပြီး ချက်ခြင်းပျောက် ပျောက်သွားတာကိုသာတွေ့ရတယ်၊မြင်တာလဲ မြင်ပြီး ပျောက် သွားတာပဲ၊ ကြားတာလဲ ကြားပြီးပျောက်သွားတာပဲ၊ နံတာ လဲ နံပြီး ပျောက်သွားတာပဲ၊ စားနေယင်း အရသာသိတာလဲ သိပြီး ပျောက်သွားတာပဲ၊ တွေ့ထိတာတွေလဲ ထိထိပြီး ပျောက်ပျောက်သွားတာပဲ၊ စိတ်ကူးကြံသိတာလဲ သိသိပြီး ပျောက်ပျောက်သွားတာပဲ၊ အဲဒီလို ပျောက်ပျောက် သွား တာတွေကိုသာ တွေ့နေတော့ မမြဲဘူးဆိုတာ ကြံတွေးမနေရ ပါဘူး၊ သူ့အလိုလိုပင် မမြဲဘူး မမြဲဘူးလို့ သိသိသွားတာပဲ၊ အဲဒီလို မမြဲဘူးလို့ သိရတော့ အဲဒီမြင်ရ ကြားရတဲ့ အာရုံ တွေနဲ့စပ်ပြီး ကောင်းတယ် လှပတယ် ချစ်စရလို့လဲ မထင်ဘူး၊ ဒါကြောင့် နှစ်သက်ချစ်ခင်တဲ့ လောဘလဲ မဖြစ်ဘူး။ မကောင်း ဘူး ဆိုးတယ် မုန်းစရာလို့လဲ မထင်ဘူး၊ ဒါကြောင့် စိတ်ဆိုးတဲ့ မုန်းတဲ့ ဒေါသလဲ မဖြစ်ဘူး၊ အဲဒါဟာ လောဘဒေါသ ဖြစ်

ခွင့်မရှိပဲနဲ့ ငြိမ်းနေမှုပါပဲ၊ တမှတ် တမှတ် တခါတခါ ငြိမ်းငြိမ်း သွားတယ်။

အဲဒီလို မရှုမမှတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေမှာတော့ မြင်ရ ကြားရ တွေ့ရ သိရတဲ့ အာရုံတွေနဲ့ စပ်ပြီး လောဘ ဒေါသတွေ ဖြစ်နေတယ်၊ မြင်လျှင် မြင်ချင်း လောဘ ဒေါသ ချက်ခြင်းဖြစ်တာလဲ ရှိတယ်၊ ထို့အတူ ကြားလျှင် ကြားချင်း ချက်ခြင်း ဖြစ်တာလဲ ရှိတယ်၊ နောက်ကာလကျမှ ပြန်လည် စဉ်းစားပြီး ဖြစ်တာလဲ ရှိတယ်၊ နံမှု စားသိမှု ထိသိမှု ကြံသိမှုများနှင့် စပ်ပြီးတော့လဲ နည်းတူပင် လောဘ ဒေါသတွေ ဖြစ်နေကြပါတယ်။ ယခု လူတွေမှာ အဲဒီလောဘ ဒေါသတွေ ဖြစ်နေကြတာဟာ မြင်ဘူးကြားဘူးသိဘူးတဲ့ ပုဂ္ဂိုလ်တွေ ပစ္စည်းတွေနဲ့ စပ်ပြီး ဖြစ်နေကြတာပဲ၊ မမြင်ရ မကြားရ မသိရတဲ့ ပုဂ္ဂိုလ်တွေ ပစ္စည်းတွေနဲ့ စပ်ပြီးတော့ ဖြစ်ဘာကတော့ မရှိပါဘူး၊ မြင်ဆဲ ကြားဆဲစသည်မှာ မပြတ်ရှုမှတ်ပြီး မမြဲဘူးစသည်ဖြင့် အမှန်အတိုင်း သိရတဲ့ အာရုံတွေမှာလဲ မမြင်ရ မသိရတဲ့အာရုံများမှာလိုပင် လောဘ ဒေါသ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းနေပါတယ်။ ဒါကြောင့် မြင်တိုင်းကြားတိုင်း စသည်မှာ အမှန်အတိုင်း သိအောင် ရှုမှတ် နေကြရတာဟာ အဲဒီ လောဘ ဒေါသစသည်တွေ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းအောင်လို့ ရှုမှတ်နေကြရတာပါပဲ။ အဲဒီလို လောဘ ဒေါသစသည်တွေ ကင်းငြိမ်းတာကလဲ ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရားတွေ ဖြစ်ပွားနေလို့ပါပဲ။

[ဒုတိယအကြိမ်]

## ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါးဖြစ်ပွားပုံ

အဲဒီမဂ္ဂင်ရှစ်ပါး ဖြစ်ပုံကတော့—သွားတယ် ရပ်တယ် ထိုင်တယ် ကွေးတယ် ဆန့်တယ် မြင်တယ် ကြားတယ် ဖောင်းတယ် ပိန်တယ် ကြံတယ် ညောင်းတယ်စသည်ဖြင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိမှု ဖြစ်အောင် ကြောင့်ကြ စိုက်ပေးတာက သမ္မာဝါယာမ-မှန်စွာအားထုတ်ခြင်းပဲ၊ သွားတယ် ရပ်တယ် စသည်ဖြင့် အမှတ်ရတာက သမ္မာသတိ-မှန်စွာ အမှတ်ရခြင်းပဲ၊ ရှုမိတဲ့ အာရုံ၌သာ ကပ်ကပ်ပြီး တည်တည်နေတာက သမ္မာသမာဓိ-မှန်စွာ စူးစိုက် တည်ကြည်ခြင်းပဲ၊ ဒီသုံးပါးကို သမာဓိမဂ္ဂင်လို့ ခေါ်တယ်။

နောက်ပြီးတော့ ရှုမှတ်မိတဲ့ အာရုံကို အမှန် အတိုင်း သိတာက သမ္မာဒိဋ္ဌိပဲ၊ ရှုမှတ်ခါစ သမာဓိအားမရှိသေးခင်က ဆိုယင် ကွေးတယ် ကွေးတယ် ရှုမှတ်ရာမှာ လက်ပုံသဏ္ဌာန်နဲ့ ထင်တာပါပဲ၊ သမာဓိညာဏ်ရင့်လာတဲ့ အခါကျတော့ လက်ပုံ သဏ္ဌာန် မထင်တော့ဘူး၊ တောင့်တင်း လှုပ်ရှားတဲ့သဘောပဲ ထင်တယ်၊ အဲဒီသဘောပဲ သိတယ်၊ အဲဒီ တောင့်တင်း လှုပ်ရှား တဲ့ သဘောဟာ မိန်းမလား ယောကျ်ားလား ပုဂ္ဂိုလ်သတ္တဝါ လား ဆိုယင် အဲဒါတွေ ဘာမျှမဟုတ်ဘူး၊ တောင့်တင်းတဲ့ သဘောမျှ လှုပ်ရှားတဲ့ သဘောမျှပဲ၊ ဒိပြင်ဟာတွေလဲ ရှုမှတ် တိုင်း ဒီလိုသဘောတရားမျှ ထင်တာပါပဲ၊ ဖောင်းတယ် ပိန် တယ် ရှုမှတ်နေရာမှာလဲ ဒီလိုပဲ တောင့်တင်း လှုပ်ရှားတဲ့ သဘောမျှပဲ ထင်တယ်၊ မိန်းမ ယောကျ်ား ပုဂ္ဂိုလ် သတ္တဝါ

ဒီလိုအစွဲအလမ်းတွေ မပါဘူး၊ နှစ်သက်စရာ သာယာစရာ မုန်းစရာ ရွံစရာ မပါဘူး၊ ရုပ်သဘောမျှသာ သိရတယ်၊ ဒါလောက်တွင်မကဘူး သမာဓိဉာဏ်ရင်လာတဲ့အခါကျတော့ ကွေးတယ် ကွေးတယ်လို့ မှတ်ရာမှာ တရွေ့က တရွေ့မရောက်ဘူး၊ ရွေ့လိုက် ပျောက်လိုက် ရွေ့လိုက် ပျောက်လိုက်နဲ့ အပိုင်းအပိုင်း ပြတ်ပြတ်ပြီး ထင်ရှားတယ်၊ ဖောင်းတယ် ပိန်တယ် မှတ်ရာမှာလဲ နည်းတူပဲ၊ တရွေ့က တရွေ့ကို မရောက်ပဲ အပိုင်း အပိုင်း ပြတ်ပြတ်ပြီး ထင်ရှားတာပဲ၊ ဒါတွင် မဟုတ်ဘူး၊မှတ်သိတဲ့ စိတ်ကလေးကလဲ သိပြီးပျောက် သိပြီးပျောက်နဲ့ ပျောက်ပျောက်သွားတာကိုသာ တွေ့နေရတယ်၊ အဲဒီလို တွေ့နေရတော့ မှတ်တိုင်းမှတ်တိုင်း သိစရာရော သိတာရော ခဏမစဲပျောက်သွားလို့ မမြဲတာချည်းပဲလို့ သိရတယ်၊ အဲဒါဟာ သမ္မာဒိဋ္ဌိ အမှန်အတိုင်း သိမြင်တာပဲ၊ ခဏမစဲ ပျက်ပျက်သွားတာ မမြဲတာဟာ အမှန်ပဲ၊ အဲဒီအမှန်ကို အမှန်အတိုင်း သိလို့ သမ္မာဒိဋ္ဌိ ခေါ်ရတာပဲ။

အဲဒီလို အမှန်အတိုင်း သိရအောင်, စိတ်ဦးညွှတ်ပေးတာက သမ္မာသင်္ကပ္ပပဲ၊ သင်္ကပ္ပ ကြံစည်ခြင်းဆိုပေမယ့် တမင်တွေးကြံနေရတာတော့ မဟုတ်ပါဘူး၊ တောင့်တင်းလှုပ်ရှားမှုစသော ရုပ်သဘော,အာရုံသိမှုစသော နာမ်သဘော,ဖြစ်ခြင်း ပျက်ခြင်း ဖြစ်ခြင်းသဘော မမြဲခြင်းစသော သဘောမှန်ကို သိရအောင် အဲဒီသဘောမှန်ဆီကို စိတ်ဦးညွှတ် ပေးရုံမျှပါပဲ၊ ဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ဆိုတဲ့ မဂ္ဂင်နှစ်ပါးကို ပညာမဂ္ဂင်လို့

ခေါ်တယ်။ ခုဘင်က ပြောခဲ့တဲ့ သမာဓိမဂ္ဂင်သုံးပါးနဲ့ ဒီပညာ မဂ္ဂင်နှစ်ပါးကို ကာရကမဂ္ဂင်လို့ ခေါ်တယ်၊ အလုပ်သမား မဂ္ဂင်တွေပေါ့၊ လူငါးယောက် ပေါင်းပြီး လုပ်ရမည့် အလုပ် ကိစ္စဆိုယင် အလုပ်သမား ငါးယောက် အညီအညွတ် ပေါင်း ပြီး လုပ်ကြရတယ်၊ အဲဒါလိုပဲ ဝိပဿနာရှုမှု အလုပ်ကလဲ ဒီမဂ္ဂင် ငါးပါး အညီအညွတ် တပေါင်းတည်း ဖြစ်ပြီးလုပ်မှ အမှန် အတိုင်း သိခြင်းကိစ္စ ပြီးတာ၊ ဒါကြောင့် ဒီမဂ္ဂင် ငါးပါးဟာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း တပေါင်းတည်း အညီအညွတ်ဖြစ်ပွား နေကြတယ်၊ အညီအညွတ် အားကောင်းတဲ့ အခါ ဝိပဿနာ ဉာဏ်ထူးတွေ တိုးတက်သွားတယ်။

ဒီလိုဆိုယင် ဝိပဿနာ ရှုခိုက်၌ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်တွေတော့ မပါဘူးလားလို့ မေး စရာရှိတယ်၊ အဘိဓမ္မာနည်းအရ ဆိုယင်တော့ တရားကိုယ်အား ဖြင့် မပါဘူးလို့ ဆိုရမှာပဲ၊ ဒါပေမယ့် သုတ္တန်ဒေသနာအရက တော့ ပါတယ်လို့ပဲ ယူရပါတယ်၊ ပါပုံကတော့ သမ္မာဝါစာ ဆိုတာ လိမ်ပြောခြင်းစသော ဝစီဒုစရိုက်မှ ကြဉ်ရှောင်ခြင်းပဲ၊ သမ္မာကမ္မန္တ ဆိုတာ သတ်ခြင်း ခိုးခြင်းစသော ကာယ ဒုစရိုက်မှ ကြဉ်ရှောင်ခြင်းပဲ၊ သမ္မာအာဇီဝ ဆိုတာ မတရား သဖြင့် မှားယွင်းစွာ ပစ္စည်းရှာမှုမှ ကြဉ်ရှောင်ခြင်းပဲ၊ လူများ မှာ ဆိုယင် ငါးပါးသီလ ဆောက်တည်ပြီး သတ်မှု ခိုးမှု လိမ်မှုစသော အကုသိုလ်အမှုများကို မပြုပဲ ရှိသေစွာ ကျင့် နေယင် အဲဒီသီလမဂ္ဂင်သုံးပါးလုံး ပြည့်စုံစင်ကြယ်နေတာပဲ၊

[ဒုတိယအကြိမ်]

ဝိပဿနာ ရှုနေတဲ့သူမှာ စောစောကတည်းက သီလပြည့်စုံနေခဲ့တယ်၊ စောစောက မပြည့်စုံတောင် တရားအားထုတ်ခါနီးမှာ သီလဆောက်တည်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး သီလမဂ္ဂင်တွေ ပြည့်စုံလာခဲ့တယ်လို့ဆိုရတယ်၊ ရှုမှတ်နေဆဲမှာလဲ သီလက စင်ကြယ်နေတာပဲ၊ ရှုသိရတဲ့ အာရုံတိုင်းနှင့် စပ်ပြီး သီလပျက်ကြောင်း လောဘ ဒေါသစသည် ဖြစ်ခွင့်မရှိသောကြောင့် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝမှ ကြဉ်ခြင်းကိစ္စလဲ ပြီးစီးပြည့်စုံနေပါတယ်၊ ဒါကြောင့် ရှုမှတ်ဆဲမှာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် သုံးပါးလဲ ပါတယ်လို့ ဆိုရပါတယ်၊ အဲဒီလို ဆိုသင့်သောကြောင့် မြတ်စွာဘုရားက ဥပရိပဏ္ဏာသ မဟာသဠာယတနိကသုတ်မှာ ဒီလို ဟောထားပါတယ်။

ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။

ပန-သီလမဂ္ဂင်ပါဝင်ပုံမှာ၊ အဿ — ဝိပဿနာရှုနေသော ထိုယောဂီ၏၊ကာယကမ္မံ-ကိုယ်အမှုသည်လည်းကောင်း၊ဝစီကမ္မံ-ပြောဆိုသော နှုတ်အမှုသည်လည်းကောင်း၊အာဇီဝေါ-အသက်မွေးမှုသည်လည်းကောင်း၊ ပုဗ္ဗေဝ-မရှုမမှတ်မီ ရှေးအဖို့ကပင်လျှင်၊ သုပရိသုဒ္ဓေါ-ကောင်းစွာ စင်ကြယ်ခဲ့သည်၊ ဟောတိ-ဖြစ်ပေသည် တဲ့။

ဒါကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါးလုံးကို ပွါးစေသည် မည်တာပဲ၊ အဲဒီလို ရှုမှတ်ပြီး မဂ္ဂင်ရှစ်ပါးကို ပွါး

ခေခြင်းဖြင့် ရှုမိတဲ့အာ႗ရုံကိုရော ရှုသိတဲ့စိတ်ကိုရော မမြဲဘူး စသည်ဖြင့် အမှန်အတိုင်း သိသိသွားတယ်၊အဲဒီလို အမှန်အတိုင်း သိတဲ့ ပညာမျက်စိပွင့်ပြီး အဲဒီသိရသမျှ အာရုံမှာ လောဘကို လဲ ပယ်တယ်၊ ဒေါသကိုလဲ ပယ်တယ်၊ ပယ်-ဆိုတာ အမှန် အတိုင်း သိရတဲ့ အဲဒီအာရုံတွေမှာ လောဘ ဒေါသ ဖြစ်ခွင့် မရှိတော့ပဲ ကင်းစေတာပါပဲ။ အဲဒီရှုသိမှု ဝိပဿနာမဂ္ဂင် တွေက အားပြည့်လို့ အရိယမဂ္ဂင် ဖြစ်တဲ့အခါကျတော့ လော ဘ ဒေါသစသည်တို့ကို ထိုက်သည့်အားလျော်စွာ ကင်းငြိမ်း စေပါတယ်။ ကင်းငြိမ်းစေပုံကတော့-သောတာပတ္တိ မဂ်ဖြင့် အပါယ်ကျစေနိုင်တဲ့ လောဘ ဒေါသတွေကို ကင်းငြိမ်းစေ တယ်၊ ဒါကြောင့် သောတာပန်ဟာ အပါယ်မကျတော့ဘူး။ သကဒါဂါမိမဂ်ဖြင့် ကြမ်းတမ်းတဲ့ ကာမရာဂဆိုတဲ့ လောဘနဲ့ ဗျာပါဒဆိုတဲ့ ဒေါသကို ကင်းငြိမ်းစေတယ်၊ ဒါကတော့ သိပ်မထင်ရှားလှဘူး၊ အနာဂါမိမဂ်ဖြင့် ကာမရာဂ ဆိုတဲ့ လောဘနဲ့ ဗျာပါဒ ဆိုတဲ့ ဒေါသကို အကြွင်းမဲ့ ကင်းငြိမ်း စေတယ်၊ ဒါကြောင့် အနာဂါမ်မှာ ကာမဂုဏ်အာရုံတွေကို နှစ်သက်သာယာခြင်းလဲ မရှိတော့ဘူး၊ စိတ်ဆိုးခြင်းလဲ မရှိ တော့ဘူး၊ အင်မတန် ကောင်းတာပဲ၊ အရဟတ္တမဂ်ဖြင့် ကျန်တဲ့ ဘဝရာဂ ဆိုတဲ့ လောဘနှင့်တကွ ကျန်တဲ့ ကိလေသာဟူသမျှကို အကုန်ငြိမ်းစေတယ်။ ဒါကြောင့် လောဘကိုပယ်ရန် ဒေါသကို ပယ်ရန် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးတည်း ဟူသော အလယ်လမ်းမှန်အကျင့် ရှိတယ်လို့ ပြဆိုတော်မူတာပါပဲ။

[ဒုတိယအကြိမ်]

## ဘုရားဖြစ်အောင် ကျင့်ပုံ

တချို့က လောဘ ဒေါသကို သင့်လျော်စွာ ဆင်ခြင်ပြီး ပယ်ရုံနဲ့ ကိစ္စပြီးတယ်လို့ ထင်မြင်ယူဆနေကြတယ်၊ လောဘ ဒေါသ စိတ်ကူးကြံစည်မှုတွေ ဖြစ်ပေါ်လာတဲ့အခါ သင့်လျော်အောင် ဆင်ခြင်ပြီး ပယ်ရတာလဲ ရှိပါတယ်၊ ဒါပေမယ့် အဲဒီလို ဆင်ခြင်ပြီး ပယ်ရုံနဲ့ကတော့ လောဘ ဒေါသက အမြစ်ပြတ် မငြိမ်းပါဘူး၊ ဝိပဿနာမဂ္ဂင်ကို ပွားစေပြီး အရိယမဂ္ဂင် ဖြစ်လာမှသာ လောဘ ဒေါသကို အမြစ်ပြတ် ငြိမ်းစေနိုင်ပါတယ်။ ဒါကြောင့် ဘုရားအလောင်းတော်များ ကိုယ်တိုင်လဲ ဘုရားဖြစ်သင့်သည့်အချိန်ပိုင်းမှာ ထင်ရှား ဖြစ်ပေါ်လာသည့် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ရှုပြီး ဝိပဿနာ မဂ္ဂင်တွေကို ပွားစေကြရတယ်၊ အဲဒီလို ပွားစေ ပြီးတော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းတက်ပြီး အရဟတ္တ မဂ်ဖိုလ် ရောက်ပြီး ကိလေသာဟူသမျှမှ လွတ်မြောက်လျက် ဘုရား အဖြစ်သို့ ရောက်တော်မူကြပါတယ်၊ အဲဒီလို ရှုပြီး ဘုရားဖြစ်ပုံကို သုတ်မဟာဝါ မဟာပဒါနသုတ်မှာ ဒီလို ဖော်ပြထား ပါတယ်။

ဘိက္ခဝေ-ရဟန်းတို့၊ အထခေါ-ထိုအခါ၌၊ ဝိပဿီ ဗောဓိသတ္တော-ဝိပဿီဘုရားအလောင်းသည်၊ အပရေန သမယေန-(သန်းခေါင်ယာမ်လွန်ပြီးသော လင်းအားကြီးယာမ်တွင် ပဋိစ္စ သမုပ္ပါဒ်ကို ဆင်ခြင်ပြီးသော) အခါတပါး၌၊ ပဉ္စသု ဥပါဒါ နက္ခန္ဓေသု-ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌၊ ဝါ-ငါးပါး

သော ဥပါဒါနက္ခန္ဓာတို့၏၊ ဥဒယဗ္ဗယာနုပဿီ အဖြစ်အပျက်ကို ရှုလျက်၊ ဝိဟာသိ-နေခဲ့၏။

(အဲဒါဟာ ဘုရားဖြစ်ခါနီး လင်းအားကြီးယာမ်၌ ဝိပဿီ ဘုရားအလောင်းတော် ဝိပဿနာရှုပုံပဲ၊ ဘာကိုရှုသလဲဆိုတော့ ဥပါဒါနက္ခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုပါတယ်တဲ့။ ဥပါဒါနက္ခန္ဓာ ဆိုတာ မိမိတို့သန္တာန်မှာ မြင်ဆဲ ကြားဆဲ တွေ့ဆဲ သိဆဲ၌ ဖြစ်ပေါ်လျက် ထင်ရှား တွေ့ရသော ရုပ်နာမ် တရားတွေပဲ။ အဲဒါတွေကို မြင်ဆဲ ကြားဆဲ စသည်မှာ မရှုမိလို့ အဖြစ်အပျက်ကို မသိရသောကြောင့် အနိစ္စ-စသည်ဖြင့် မသိရလျှင် နိစ္စ-စသည်ဖြင့် စွဲသမ်းတယ်၊ သာမန်ပုဂ္ဂိုလ်တွေ စွဲသမ်းနေကြတဲ့ အတိုင်းပါပဲ။ အဲဒီလို စွဲလမ်းနိုင်လို့ အဲဒီ ရုပ် နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတာပဲ။ အဲဒီ ဥပါဒါနက္ခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုဘာဟာ ဘုရားအလောင်းတိုင်း ဘုရားဖြစ်ခါနီး နောက်ဆုံးအချိန်၌ ပြုလုပ်ရတဲ့ အလုပ်ပဲ၊ အဲဒီသုတ်မှာ သိခီ ဘုရားအလောင်း၊ ဝေဿဘူ ဘုရားအလောင်း၊ ကကုသန် ဘုရားအလောင်း၊ကောဏာဂုမ်ဘုရားအလောင်း၊ကဿပဘုရားအလောင်း၊ဂေါတမဘုရားအလောင်းတော်များလဲ နည်းတူပင် ရှုကြကြောင်း ချုံးပြီးပြထားပါတယ်။ အခြားဘုရားအလောင်းတော်များလဲ နည်းတူပင် ရှုကြပါတယ်။ အဲဒီလို ရှုတာဟာ ဝိပဿနာမဂ္ဂင်တွေကို ပွားစေကြတာပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဓမ္မစကြာတရားကို ဟောတော်မူတဲ့အခါမှာ "ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာ-

[ဒုတိယအကြိမ်]

ဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ'' စသည်ဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကိုရှုလျက် မဂ္ဂင်ရှစ်ပါးတည်းဟူသော အလယ်လမ်းကို တွေ့သိ လာခဲ့ကြောင်း ဖော်ပြတော်မူခဲ့ပါတယ်။ အဲဒီလို ရှုနေယင်းပင် ဘုရားအဖြစ်သို့ ရောက်ပုံကိုလဲ အဲဒီသုတ်မှာ ဒီလိုဆက်ပြီးပြောပြထားပါတယ်)။

ပဉ္စသု ဥပါဒါနက္ခန္ဓေသု-ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌၊ ဥဒယဗ္ဗယာနုပဿိနော- အဖြစ်အပျက်ကိုရှုလျက်၊ ဝိဟရတော-နေစဉ်၊ ဝါ- နေသော၊ တဿ- ထို ဝိပဿီဘုရားလောင်း၏၊ စိတ္တံ-စိတ်သည်၊ န စိရဿေဝ-မကြာမီပင်လျှင်၊ အနုပါဒါယ-မစွဲလမ်းမူ၍၊ အာသဝေဟိ- အာသဝေါတရားတို့မှ၊ ဝိမုစ္စိ-လွတ်မြောက်လေပြီ၊ ဝါ-လွတ်မြောက်လျက် ဘုရားဖြစ်တော်မူလေပြီတဲ့။

''ဘုရားအလောင်းတိုင်းပင် ဒီနည်းအတိုင်းပဲ ရှုပြီး ဝိပဿနာ မဂ္ဂင်တွေကို ပွားစေလျက် အစဉ်အတိုင်း မဂ်လေးပါး ဖိုလ်လေးပါးသို့ ရောက်ပြီး ဘုရားဖြစ်တော်မူကြတယ်''ဆိုတာ ကိန်းသေ မှတ်ထားကြရမယ်။

## သာဝကတွေလဲ နည်းတူပင်ကျင့်ရသည်

ဘုရားတပည့် သာဝကတွေကလဲ နည်းတူပင် ဥပါဒါနက္ခန္ဓာတို့၏ အဖြစ်အပျက်ကို ရှုလျက် ဝိပဿနာမဂ္ဂင်တွေ ပွားစေပြီးတော့ မဂ်လေးပါး ဖိုလ်လေးပါးသို့ ရောက်လျက် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ကြတယ် ဆိုတာလဲ ကိန်းသေ မှတ်ထားကြရမယ်။

[ဒုတိယအကြိမ်]

ဒါကြောင့် အရှင်သာရိပုတ္တရာက လောဘကိုလဲ ပယ်ရန်၊ ဒေါသကိုလဲပယ်ရန်၊ အလယ်လမ်းမှန်ရှိသည်။ အဲဒါက ဘာလဲ ဆိုယင် မဂ္ဂင်ရှစ်ပါးပဲလို့ ဖော်ပြတာဟာ အဲဒီမဂ္ဂင်ရှစ်ပါးကို ပွားစေပြီးတော့ အရိယမဂ်ဖိုလ်သို့ရောက်လျက် လောဘ ဒေါသ စသည်ကို ပယ်ရမယ်လို့ သိနားလည်စေတာပါပဲ။ ယခု ဒီရိပ်သာမှာ သတိပဋ္ဌာန် ဒေသနာတော်နှင့်အညီ ကိုယ်အမူအရာ, စိတ်အမူအရာ, ဝေဒနာ သဘောတရားတွေကို ဖြစ်ဆဲမှာ ရှုမှတ်နေကြတာဟာ အဲဒီ ဥပါဒါနက္ခန္ဓာတွေကို ရှုသိနေကြ ရတာပါပဲ။ သမာဓိဉာဏ် အားရှိလာတဲ့အခါကျတော့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဥပါဒါနက္ခန္ဓာတို့၏ အဖြစ်အပျက်တွေကို တွေ့သိပြီး အနိစ္စမမြဲဘူးလို့ သိတဲ့ ဝိပဿနာဉာဏ်အစစ်လဲ ဖြစ်တယ်။ ဒုက္ခ-ဆင်းရဲတွေပဲလို့ သိတဲ့ ဝိပဿနာဉာဏ်လဲဖြစ်တယ်။ အနတ္တ-အစိုးမရတဲ့ အတ္တကောင်, ငါကောင်မဟုတ်တဲ့ သဘောတရားမျှပဲလို့ သိတဲ့ ဝိပဿနာဉာဏ်လဲဖြစ်တယ်။ အဲဒီလို အသိဉာဏ်တွေ ဖြစ်တိုင်းဖြစ်တိုင်း သမ္မာဒိဋ္ဌိနှင့်တကွ ဝိပဿနာမဂ္ဂင်တွေ ဖြစ်ပွားနေတာပဲ၊ အဲဒီ ဝိပဿနာဉာဏ်သမ္မာဒိဋ္ဌိ ဖြစ်တိုင်းဖြစ်တိုင်း အနိစ္စ-စသည်ဖြင့် သိရသော အာရုံ၌ နိစ္စ-စသည် ထင်မှားပြီး ဖြစ်မည့် လောဘ ဒေါသ စသည်တွေ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းသွားတော့တာပဲ၊ အဲဒါဟာ ဝိပဿနာမဂ္ဂင်ဖြင့် အာရမ္မဏာနုသယ- ခေါ်တဲ့ ကိလေသာတွေကို ပယ်တာပဲ။ အဲဒီ ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိက ရင့်သန်တဲ့အခါ အရိယမဂ်ဖြစ်တယ်။ အဲဒီအခါကျတော့ အဲဒီ အရိယမဂ္ဂင်တွေက လောဘ, ဒေါသ, စသည်ကို ခုတင်က ပြောခဲ့တဲ့အတိုင်း ကင်းငြိမ်းစေတယ်။ အဲဒါ

[ဒုတိယအကြိမ်]

တာ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ အလယ်လမ်းဖြင့် လောဘ ဒေါသ စသည်ကို ပယ်တာပါပဲ။

ဒါကြောင့် မြင်မှုကြားမှု စသည်တွေကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း လောဘ ဒေါသ စသော ကိလေသာတွေကို ပယ်နေသည် မည်တာပါပဲ၊ အဲဒီတော့ ခုတင်က ပြောခဲ့တဲ့ ချီးမွမ်းဖွယ်ဂုဏ်တွေထဲမှာ ယေသဥ္စ ဓမ္မာနံ- လောဘ ဒေါသ စသော အကြောင်းကိလေသာတရားတို့ကိုလည်း၊ ပဟာနံ- ပယ်ခြင်းကို၊ ဝါ-ပယ်ရန်၊ သတ္ထာ- ဆရာဘုရားက၊ အာဟ-ဟောတော်မူ၏။ တေ စ ဓမ္မေ- ထိုကိလေသာ တရားတို့ကိုလည်း၊ ပဇဟန္တိ- ဘုရား တပည့်တို့က ပယ်ကြကုန်၏-လို့ ဟောထားတဲ့ ချီးမွမ်းဖွယ်ဂုဏ်နှင့် ပြည့်စုံနေတာပါပဲ၊ ဆယ်ဝါပြည့်ပြီး မထေရ်ကြီးက ရှုမှတ်နေယင် အဲဒီမထေရ်ကြီးကို ချီးမွမ်းထိုက်တာပဲ၊ ဆယ်ဝါမပြည့်သေးတဲ့ အလတ်စား ရဟန်းပျိုက ရှုမှတ်နေယင် အဲဒီရဟန်းပျိုကို ချီးမွမ်းထိုက်တာပဲ၊ ငါးဝါမပြည့်သေးတဲ့ ရဟန်းသစ် ရဟန်းငယ်က ရှုမှတ်နေယင် အဲဒီရဟန်းငယ်ကို ချီးမွမ်းထိုက်တာပဲ၊ လူဝတ်ကြောင်ထဲမှ အမျိုးသားက ရှုမှတ်နေယင် အဲဒီအမျိုးသားကို ချီးမွမ်းထိုက်တာပဲ၊ အမျိုးသမီးက ရှုမှတ်နေယင် အဲဒီအမျိုးသမီးကို ချီးမွမ်းထိုက်တာပဲ၊ သီလရှင်က ရှုမှတ်နေယင် အဲဒီသီလရှင်ကို ချီးမွမ်းထိုက်တာပဲ၊ အဲဒီလို ရှုမှတ်လျက် ချီးမွမ်းထိုက်တဲ့ဂုဏ်နဲ့ ပြည့်စုံနေကြတဲ့ ရဟန်း, ရှင်, လူတွေဟာ မြတ်စွာဘုရား၏ အလိုတော်နှင့်အညီ တရားအမွေကို ခံယူနေကြတဲ့ အမွေခံ အမြတ်စားတွေပဲ။

[ဒုတိယအကြိမ်]

အဲဒီလို ရှုမှတ်ပြီး ပွားစေရမည့် မဂ္ဂင်ရှစ်ပါးကို တိုတိုနဲ့ မှတ်ရအောင် ရှစ်လုံးဘွဲ့ဆောင်ပုဒ်လဲ စီထားတယ်။ မှန်စွာမြင်သိ ကြံမိမှန်ကန်-တဲ့၊ မှန်စွာမြင်သိတယ် ဆိုတာက သမ္မာဒိဋ္ဌိပဲ၊ မှန်စွာကြံမိတယ် ဆိုတာက သမ္မာသင်္ကပ္ပပဲ၊ မပြတ် ရှုမှတ် နေတဲ့သူမှာ အမှန်တရားကိုသာ သိလိုသောကြောင့် အမှန်တရား ဆီကိုသာ စိတ်ဦးညွှတ်ပေးနေတယ်၊ အဲဒါဟာ သမ္မာသင်္ကပ္ပပဲ၊ ဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ က ပညာမဂ္ဂင်ပဲ။ မှန်စွာပြောပြု ရှာမှုလမ်းမှန်တဲ့၊ မှန်စွာပြောတာက သမ္မာဝါစာပဲ၊ မှန်စွာ ပြုတာက သမ္မာကမ္မန္တပဲ၊ ရှာမှုလမ်းမှန် ဆိုတာက မတရား သဖြင့် ပစ္စည်းကိုမရှာပဲ တရားလမ်းမှန်အတိုင်း ရှာတယ်လို့ ဆိုလိုတယ်။ အဲဒီ တရားသဖြင့် ပစ္စည်းကိုရှာပြီး အသက်မွေး တာက သမ္မာအာဇီဝပဲ၊ (ဒီသမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ အာဇီဝ ဆိုတဲ့ မဂ္ဂင်သုံးပါးက သီလမဂ္ဂင်ပဲ)။ မှန်စွာ ကြောင့် ကြ မှတ်ရ မှန်ကန်တဲ့၊ မှန်ကန်စွာ ကြောင့်ကြစိုက်တယ်၊ မှန်စွာအားထုတ်တယ်ဆိုတာက သမ္မာဝါယာမပဲ မှတ်ရမှန် ကန်ဆိုတာက အမှန်အတိုင်း အမှတ်ရတဲ့ သမ္မာသတိပဲ၊ သွား ယင်သွားတယ်၊ ရပ်ယင် ရပ်တယ်၊ ထိုင်ယင် ထိုင်တယ်၊ ကွေး ယင်ကွေးတယ်၊ ဆန့်ယင် ဆန့်တယ်၊ ဖောင်းယင် ဖောင်း တယ်၊ ပိန်ယင် ပိန်တယ်၊ မြင်ယင် မြင်တယ်၊ ကြားယင် ကြား တယ် စသည်ဖြင့် ရှုမှတ်နေတာဟာ အမှန်အတိုင်း အမှတ်ရနေ တဲ့ သမ္မာသတိပဲ၊ စူး စိုက် ကပ် ဆိုရာမှာ ရှေ့နားက မှန်ကန် ဆိုတာနဲ့ စပ်ပြီးတော့ မှန်ကန်စွာ စူးစိုက်တယ်၊ မှန်ကန်စွာ ကပ်ပြီးတည်တယ်လို့ ယူဖို့ပါပဲ၊ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုမိ

တဲ့ အာရုံမှာသာ မှန်ကန်စွာ စူးစိုက်ပြီး ကပ်ကပ်တည်နေတာ ဟာ သမ္မာသမာဓိပဲ၊ ဒီ **သမ္မာဝါယာမ သမ္မာသတိ သမ္မာ သမာဓိ** ဆိုတဲ့ မဂ္ဂင်သုံးပါးက **သမာဓိမဂ္ဂင်ပဲ**။

## သမ္မာဝါယာမအဖွင့်

ဒီ မဂ္ဂင်ရှစ်ပါးထဲက သမ္မာဝါယာမ ဆိုတာကို မြတ်စွာ ဘုရားက သမ္မပ္ပဓာန် ၄-ပါးဖြင့် ဝေဖန်ပြီး ဖွင့်ပြထား တယ်၊ သမ္မပ္ပဓာန် ၄-ပါးဆိုတာ (၁) **မဖြစ်**ဘူးတဲ့ အကုသိုလ်ကို **မဖြစ်ရအောင်** အားထုတ်ခြင်းက ၁-ပါး၊ (၂) **ဖြစ်ပြီး** အကုသိုလ်ကို ပယ်နိုင်အောင် ကင်းငြိမ်းအောင် အားထုတ် ခြင်းက ၁-ပါး၊ အဲဒီမှာ ဖြစ်ပြီးဆိုတာက မိမိသန္တာန်မှာ တကယ်ဖြစ်ဘူးတာရယ်၊ အရိယမဂ်ဖြင့် မပယ်ရသေးလို့ မိမိ သန္တာန်မှာ ဖြစ်နိုင်ခွင့်ရှိနေတာရယ်၊ ဒီ ၂-မျိုးလုံးကို (ဥပ္ပန္န) ဖြစ်ပြီး အကုသိုလ်လို့ ဆိုလိုပါတယ်၊ အဲဒီ ၂-မျိုးထဲက တကယ် ဖြစ်ဘူးတဲ့ အကုသိုလ်ကိုတော့ နောက်ထပ် မဖြစ်အောင် အား ထုတ်ရတယ်၊ မပယ်ရသေးလို့ ဖြစ်နိုင်ခွင့်ရှိတဲ့ အကုသိုလ်ကို တော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ပယ်နိုင်အောင် ဖြစ် ခွင့်မရှိအောင် အားထုတ်ရတယ်။ (၃) မဖြစ်သေးတဲ့ကုသိုလ် ကို ဖြစ်အောင် အားထုတ်ခြင်းက ၁-ပါး၊ ဒါကတော့ မဖြစ် ဘူးသေးတဲ့ ဒါနကုသိုလ် သီလကုသိုလ် သမထဘာဝနာကုသိုလ် တွေလဲ ဖြစ်အောင် အားထုတ်ဖို့၊ အထူးအားဖြင့်တော့ ဝိပဿနာ ကုသိုလ်နဲ့အရိယမဂ်ကုသိုလ်တွေကို ဖြစ်အောင်အားထုတ်ဖို့ပါပဲ။ (၄) ဖြစ်ပြီးသောကုသိုလ်ကို တည်တံ့အောင် တိုးပွားအောင်

အရဟတ္တမဂ်အထိပြည့်စုံသွားအောင် အားထုတ်ခြင်းက ၁-ပါး၊ ဒီ ၄-ပါးဟာ သမ္မပ္ပဓာန် ၄-ပါးပါပဲ၊ ဒီသမ္မပ္ပဓာန် ၄-ပါး ဟာ သမ္မာဝါယာမ မဂ္ဂင်ပဲ၊ ဒီ သမ္မာဝါယာမ မဂ္ဂင်က ဝိပဿနာရှုမှ ပြည့်စုံတယ်၊ အဲဒါကိုလဲ အထူးမှတ်ထားကြ ရမယ်။

## သမ္မာသတိအဖွင့်

သမ္မာသတိ ဆိုတာကိုတော့ မြတ်စွာဘုရားက (၁) ကိုယ် အမူအရာရှုတဲ့ ကာယာနုပဿနာ၊ (၂) ခံစားမှု ဝေဒနာကို ရှုတဲ့ ဝေဒနာနုပဿနာ၊ (၃) စိတ်ကို ရှုတဲ့ စိတ္တာနုပဿနာ၊ (၄) ကာမစ္ဆန္ဒစသည် ရုပ်ဝေဒနာစသည် မျက်စိ အဆင်း စသည် သဘောတရားများကို ရှုတဲ့ ဓမ္မာနုပဿနာ၊ ဤသတိ ပဋ္ဌာန် ၄-ပါးဖြင့် ဝေဖန်ဖွင့်ပြထားပါတယ်၊ ဒါကြောင့် သတိ ပဋ္ဌာန်ဒေသနာတော်နှင့်အညီ သတိပဋ္ဌာန် ၄-ပါးကို ဖြစ်ပွား စေမှ သမ္မာသတိမဂ္ဂင်နှင့်တကွ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားတယ် ဆိုတာကိုလဲ အထူးမှတ်ထားကြရမယ်။

## သမ္မာသမာဓိအဖွင့်

သမ္မာသမာဓိမဂ္ဂင်ကိုတော့ မြတ်စွာဘုရားက ဈာန်သမာဓိ ၄-ပါးဖြင့် ဝေဖန်ဖွင့်ပြထားတယ်၊ ဒါကြောင့် ဝိပဿနာ၏ အခြေခံဖြစ်တဲ့ ပါဒကဈာန်သမာဓိ ၄-ပါးရယ်၊ ပဌမဈာန် နှင့် အင်္ဂါအားဖြင့်ရော၊ နီဝရဏကင်းခြင်းအားဖြင့်ရော တူညီတဲ့ ဝိပဿနာ ခဏိကသမာဓိရယ်၊ မဂ်သမာဓိ ၄-ပါးရယ်၊ အဲဒီ

သမာဓိတွေကို ဖြစ်စေပါမှ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားတယ် ဆိုတာကိုလဲ အထူးသတိပြု မှတ်သားထားကြရမယ်။

ယခု ဖော်ပြခဲ့တဲ့ သမာဓိမဂ္ဂင် သုံးပါးဖြစ်အောင် သမထဝိပဿနာအလုပ်ကို အားမထုတ်ယင် ဗုဒ္ဓသာသနာတော်မှာသာ ရှိတဲ့ မဂ္ဂင်ရှစ်ပါး မဖြစ်ဘူး၊ မဂ္ဂင်ရှစ်ပါးမရှိတဲ့ ဘာသာရေးအယူဝါဒ ဆိုင်ရာပုဂ္ဂိုလ်တွေထဲမှာ လောဘ ဒေါသစသောကိလေသာကို အမြစ်ပြတ်ကင်းငြိမ်းစေနိုင်တဲ့ အရိယာမဂ် ၄-ပါးကို မရနိုင်ဘူး၊ ဒါကြောင့် မဂ္ဂင်ရှစ်ပါးမရှိတဲ့ ဘာသာအယူဝါဒ ဆိုင်ရာပုဂ္ဂိုလ်တွေထဲမှာ သောတာပန်လဲ မရှိဘူး၊ သကဒါဂါမ် အနာဂါမ် ရဟန္တာလဲ မရှိဘူး၊ အဲဒီလို အရိယာပုဂ္ဂိုလ်တွေ မဖြစ်နိုင်ဘူး မရှိဘူးဆိုတာလဲ ကိန်းသေ မှတ်ထားကြရမယ်။ အဲဒီလို နားလည်ပြီး ကိန်းသေ မှတ်ထားဖို့ရာ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံခါနီး သန်းခေါင်ယံ အချိန်မှာ သုဘဒ္ဒ ဆိုတဲ့ ပရိဗိုဇ်အား ဒီလို ဟောကြားတော်မူပါတယ်။

## မဂ္ဂင်မဲ့ဝါဒ၌ အရိယာမရှိ

ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ။ ) သုတ်မဟာဝါ၊ နှာ-၁၂၄)

[ဒုတိယအကြိမ်]

သုဘဒ္ဒ-သုဘဒ်ပရိဗိုဇ်၊ ယသ္မိံ ခေါ ဓမ္မဝိနယေ-အကြင် တရားဝိနည်း၌၊ ဝါ-တရားဝိနည်းဟု ဆိုအပ်သော အကြင် ဘာသာရေးဝါဒ၌၊ အဋ္ဌင်္ဂိကော-အင်္ဂါရှစ်ပါးရှိသော၊ အရိ-ယော မဂ္ဂေါ-အရိယမဂ်ကို၊ န ဥပလဗ္ဘတိ-မရအပ်၊ ဝါ-အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်သည် မရှိ၊ တတ္ထ-ထိုအရိယ မဂ်ကို မရသော, အရိယမဂ်မရှိသော ဘာသာရေးဝါဒ၌၊သမဏောပိ-ကိလေသာငြိမ်းသော ပထမ သောတာပန်ကိုလည်း၊ န ဥပ-လဗ္ဘတိ-မရအပ်၊ ဝါ-သောတာပန်လဲ မရှိချေ။ တတ္ထ-ထိုမဂ္ဂင် ရှစ်ပါး မရှိသော ဘာသာရေးဝါဒ၌၊ ဒုတိယောပိ သမဏော-ဒုတိယသမဏဟု ဆိုအပ်သော သကဒါဂါမ်ကိုလည်း၊ န ဥပ-လဗ္ဘတိ-မရအပ်၊ ဝါ-သကဒါဂါမ်လဲ မရှိချေ။ တတ္ထ-ထိုမဂ္ဂင် ရှစ်ပါးမရှိသော ဘာသာရေးဝါဒ၌၊ တတိယောပိ သမဏော န ဥပလဗ္ဘတိ-တတိယ သမဏဟု ဆိုအပ်သော အနာဂါမ် ကိုလည်း မရအပ်၊ ဝါ-အနာဂါမ်လဲ မရှိချေ။ တတ္ထ-ထိုမဂ္ဂင် ရှစ်ပါးမရှိသော ဘာသာရေးဝါဒ၌၊ စတုတ္ထောပိ သမဏော န ဥပလဗ္ဘတိ-စတုတ္ထသမဏဟု ဆိုအပ်သော ရဟန္တာကိုလည်း မရအပ်၊ ဝါ-ရဟန္တာလဲ မရှိချေ။

အတိုချုပ် ဆိုလိုတာကတော့ မဂ္ဂင်ရှစ်ပါးကို မဟောပြော တဲ့ ဘာသာရေးဝါဒ မဂ္ဂင်ရှစ်ပါး ဖြစ်ပွားစေခြင်း မရှိတဲ့ ဘာသာရေး ဝါဒ ဆိုင်ရာလူစုထဲမှာ ကိလေသာ တစိတ် တဒေသ ကင်းငြိမ်းတဲ့ သောတာပန် သကဒါဂါမ် အနာဂါမ်လဲ မရှိဘူး၊ကိလေသာ အကုန်ငြိမ်းတဲ့ ရဟန္တာလဲ မရှိဘူးလို့ ဆိုလို

တစပါပဲ။ အဲဒါကို''မဂ္ဂင်ရှစ်ဖြာ၊ မရှိရာ၊ ကိလေသာငြိမ်းသူ မရှိချေ''လို့ ဆောင်ပုဒ်စီထားတယ်။ အဲဒါကို ဆိုကြရမယ်။

မဂ္ဂင်ရှစ်ဖြာ၊ မရှိရာ၊ ကိလေသာ ငြိမ်းသူ မရှိချေ။

## မဂ္ဂင်ရှိဝါဒ၌ အရိယာရှိသည်

နောက်ပြီးတော့ မဂ္ဂင်ရှစ်ပါးရှိတဲ့ ဘာသာ ဝါဒ ဆိုင်ရာ ပုဂ္ဂိုလ်တွေထဲမှာ အရိယာ ဖြစ်နိုင်ကြောင်း အရိယာရှိကြောင်း ကိုလဲ ဆက်ပြီး ဒီလို ဟောတော်မူပါတယ်။

> ယသ္မိံ စ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော ဥပလဗ္ဘတိ။

သုဘဒ္ဒ–သုဘဒ်ပရိဗိုဇ်၊ ယသ္မိံ စ ခေါ ဓမ္မဝိနယေ-တရား ဝိနည်းဟု ဆိုအပ်သော အကြင်ဘာသာရေးဝါဒ၌ မူကား၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ-အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ရအပ်၏၊ ဝါ-အရိယမဂ်ရှိ၏၊ တတ္ထ-ထိုဘာသာ ဝါဒ၌၊ သမဏောပိ ဥပလဗ္ဘတိ-ကိလေသာ ငြိမ်းသော ပထမရဟန်း–သောတာပန်ကိုလည်း ရအပ်၏၊ ဝါ-သောတာပန်လဲရှိ၏။ တတ္ထ-ထိုဘာသာ ဝါဒ၌၊ ဒုတိယောပိ သမ-

ဏော ဥပလဗ္ဘတိ-ဒုတိယသမဏော ဆိုအပ်သော သကဒါဂါမိ်ကိုလည်း ရအပ်၏၊ ဝါ-သကဒါဂါမိ်လဲ ရှိပေ၏။ တတ္ထ-ထိုဘာသာ ဝါဒ၌၊ တတိယောပိ သမဏော ဥပလဗ္ဘတိ-တတိယသမဏော ဆိုအပ်သော အနာဂါမိ်ကိုလည်း ရအပ်၏၊ ဝါ-အနာဂါမိ်လဲရှိပေ၏။ တတ္ထ-ထိုဘာသာ ဝါဒ၌၊ စတုတ္ထောပိ သမဏော ဥပလဗ္ဘတိ-စတုတ္ထသမဏော ဆိုအပ်သော ရဟန္တာကိုလည်း ရအပ်၏၊ ဝါ-ရဟန္တာလဲ ရှိပေ၏။

အတိုချုပ် ဆိုလိုတာကတော့ မဂ္ဂင်ရှစ်ပါးကို ဟောပြောတဲ့ ဘာသာရေး ဝါဒ၊ မဂ္ဂင်ရှစ်ပါးဖြစ်ပွားစေတဲ့ ဘာသာရေး ဝါဒ ဆိုင်ရာ လူစုထဲမှာ ကိလေသာတစိတ်တဒေသ ကင်းငြိမ်းတဲ့ သောတာပန်လဲ ရှိတယ်၊ သကဒါဂါမိ်လဲ ရှိတယ်၊ အနာဂါမိ်လဲ ရှိတယ်၊ ကိလေသာအကုန်ငြိမ်းတဲ့ ရဟန္တာလဲ ရှိတယ်လို့ ဆိုလိုတာပါပဲ၊ အဲဒါကို "မဂ္ဂင်ရှစ်ဖြာ၊ ရှိရာမှာ၊ ကိလေသာငြိမ်းသူ ရှိနိုင်ပေ"လို့ ဆောင်ပုဒ်စီထားတယ်၊အဲဒါကိုဆိုကြရမယ်။

မဂ္ဂင်ရှစ်ဖြာ၊ ရှိရာမှာ၊ ကိလေသာငြိမ်းသူ ရှိနိုင်ပေ။

## ဗုဒ္ဓသာသနာတော်၌သာ အရိယာရှိသည်

အဲဒီကနောက် မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါးဟာ မိမိ၏ သာသနာမှာသာ ရှိတယ်၊ ဒါကြောင့် မိမိ၏ အဆုံးအမအတိုင်း လိုက်နာပြီး မဂ္ဂင်ရှစ်ပါး ပွားစေတဲ့ပုဂ္ဂိုလ်များသာ ကိလေသာ

ငြိမ်းတဲ့ သမဏ ဖြစ်နိုင်တယ်၊ မိမိ၏ သာသနာ၌သာ ကိလေသာ ငြိမ်းတဲ့ အရိယာပုဂ္ဂိုလ်ရှိတယ် ဆိုတာကိုလဲ အတိအလင်း ဒီလို မိန့်ကြားတော်မူပါတယ်။

ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ ဣဓေဝ သုဘဒ္ဒ သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော၊ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ။

သုဘဒ္ဒ-သုဘဒ်ပရိဗိုဇ်၊ ယသ္မိံ ခေါ ဓမ္မဝိနယေ-ငါဘုရား ဟောထားသည့် ဓမ္မ ဝိနယဟု ဆိုအပ်သော ဤသာသနာ၌သာလျှင်၊ အဋ္ဌင်္ဂိကော-အင်္ဂါ ရှစ်ပါးရှိသော၊ အရိယော မဂ္ဂေါ-အရိယမဂ်ကို၊ ဥပလဗ္ဘတိ-ရအပ်၏၊ ဝါ-ဤ ငါဘုရား၏ အဆုံးအမ သာသနာ၌သာလျှင် မဂ္ဂင်ရှစ်ပါးဆိုတဲ့ အရိယမဂ် ရှိသည်၊ သုဘဒ္ဒ-သုဘဒ်ပရိဗိုဇ်၊ ဣဓေဝ-ဣဓေဝ-ဤငါဘုရား၏ အဆုံးအမ သာသနာ၌သာလျှင်၊ သမဏော-ကိလေသာ ငြိမ်းသည့် ပဌမသမဏမည်သော သောတာပန်ကို ရအပ်သည်၊ ဝါ-သောတာပန်ရှိသည်။ ဣဓ ဧဝ-ဤငါဘုရား၏ အဆုံးအမ သာသနာ၌သာလျှင်၊ ဒုတိယော သမဏော-ဒုတိယသမဏမည်သော သကဒါဂါမ် ရှိသည်၊ ဣဓ ဧဝ-ဤငါဘုရား၏ အဆုံးအမ သာ-သနာ၌သာလျှင်၊ တတိယော သမဏော-တတိယသမဏ မည်သော အနာဂါမ် ရှိသည်။ ဣဓဧဝ-ဤငါဘုရား၏ အဆုံးအမ

သာသနာ၌သာလျှင်၊ စတုတ္ထော သမဏော-ကိလေသာ ငြိမ်းသည့် စတုတ္ထ သမဏမည်သော ရဟန္တာ ရှိသည်။ ပရပ္ပဝါဒါ-အခြား တပါးသော ဘာသာ ဝါဒတို့သည်၊ အညေဟိ-မိမိတို့ ဝန်ခံသည့်အတိုင်း မှန်စွာသိကုန်သော၊ သမဏေဘိ-ကိလေသာ ငြိမ်းသည့် သမဏအစစ်တို့မှ၊ သုညာ-ကင်းဆိတ်နေကြသည်တဲ့။

ဗမာစကားသက်သက်ဖြင့် ဖော်ပြရလျှင် ဒီလို ဆိုလိုပါတယ်၊ ငါဘုရားဟောထားတဲ့ ဓမ္မစကြာသုတ် အနတ္တလက္ခဏာသုတ် မဟာသတိပဋ္ဌာနသုတ် စသော ဓမ္မခေါ်တဲ့ တရားတွေလဲ ရှိတယ်၊ ပါရာဇိကသိက္ခာပုဒ် သံဃာဒိသိသ်သိက္ခာပုဒ် ပါစိတ်သိက္ခာပုဒ်စသော ဝိနယခေါ်တဲ့ ဝိနည်းတွေလဲ ရှိတယ်၊ အဲဒါတွေဟာ ငါဘုရား၏ အဆုံးအမ သာသနာတော်ပဲ၊ အဲဒီ ငါဘုရား၏ သာသနာတော်ကို ယုံကြည်လိုက်နာပြီး ကျင့်နေကြတဲ့သူတွေမှာသာ မဂ္ဂင်ရှစ်ပါး ဖြစ်ပွါးတယ်၊ အဲဒီမဂ္ဂင်ရှစ်ပါးဖြစ်ပွားတဲ့ ပုဂ္ဂိုလ်တွေသာ ကိလေသာငြိမ်းတဲ့ သောတာပန်လဲ ဖြစ်နိုင်တယ်၊ သကဒါဂါမ် အနာဂါမ်လဲ ဖြစ်နိုင်တယ်၊ ရဟန္တာလဲ ဖြစ်နိုင်တယ်၊ ဒါကြောင့် ငါဘုရား၏ သာသနာ၌သာလျှင် ကိလေသာ အစဉ်ငြိမ်းတဲ့ သောတာပန်လဲ ရှိတယ်၊ ငါဘုရား၏ သာသနာ၌သာလျှင် ကိလေသာအစဉ်ငြိမ်းတဲ့ သကဒါဂါမ် အနာဂါမ် ရဟန္တာလဲ ရှိတယ်။

ငါဘုရား၏ အဆုံးအမ သာသနာတော်ကို မနာကြားရပဲ လိုက်နာပြီး မကျင့်ပဲ ရှိနေကြတဲ့ (ပရပ္ပဝါဒ ဆိုတဲ့) အခြား

ဘာသာ ဝါဒ ဆိုင်ရာပုဂ္ဂိုလ်တွေမှာတော့ ကိလေသာ တကယ်ငြိမ်းတဲ့ သမဏအစစ်တွေ မရှိပဲ ကင်းဆိတ်နေကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေထဲမှာ ကိလေသာ တကယ်ငြိမ်းတဲ့ သောတာပန်စသည် တဦးတယောက်မျှ မရှိဘူးလို့ ဆိုလိုပါတယ်။

ဒါကြောင့် ဘုရားဟောတရားတော်နှင့်အညီ ရှုသေစွာလိုက်နာပြီး မဂ္ဂင်ရှစ်ပါးကို ပွားစေမှ သောတာပန်စသည် ဖြစ်ပြီး အပါယ်ဆင်းရဲ သံသရာဆင်းရဲမှ လွတ်မြောက်တယ်၊ ဘုရားဟောတရားတော်နှင့်အညီ မဂ္ဂင်ရှစ်ပါးကို မပွားစေယင်တော့ သောတာပန်တောင်မဖြစ်ဘူး၊ အပါယ်ဆင်းရဲမှတောင် မလွတ်ဘူးဆိုတာ ကိန်းသေမှတ်ထားကြရမယ်၊ ဗုဒ္ဓဘာသာဝင်လို့ အမည်ခံထားပေမယ်လို့ ဓမ္မစကြာသုတ် မဟာသတိပဋ္ဌာနသုတ် မဟာပဒါနသုတ် စသည်တို့နှင့်အညီ ဥပါဒါနက္ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို ရှုပြီး မဂ္ဂင်ရှစ်ပါးကို မပွားစေ ယင်တော့ ကိလေသာ တကယ်ငြိမ်းတဲ့ သောတာပန်စသည် မဖြစ်နိုင်ဘူး ဆိုတာကိုလဲ ကိန်းသေမှတ်ထားကြရမယ်။

ဒါကြောင့် အရှင်သာရိပုတ္တရာမထေရ်မြတ်ကလဲ "လောဘကိုလဲပယ်ရန်ဒေါသကိုလဲပယ်ရန်အလယ်လမ်းမှန်အကျင့်ရှိသည်၊ အဲဒါက ဘာလဲဆိုယင် စက္ခုကရဏီ- ပညာမျက်စိကိုပြုတတ်- ဖြစ်စေတတ်သော၊ ဉာဏကရဏီ- အသိဉာဏ်ကိုပြုတတ်-ဖြစ်စေတတ်သော၊ ဥပသမာယ။ပ။ နိဗ္ဗာနာယ သံဝတ္တတိ-ကိလေသာငြိမ်းရန် အထူးသိရန် ထိုးထွင်းသိရန် ဆင်းရဲငြိမ်းရန် ဖြစ်သော

[ဒုတိယအကြိမ်]

မဂ္ဂင် ရှစ်ပါးအကျင့်ပင် ဖြစ်သည်” လို့ ပြဆိုတော်မူပါတယ်၊ အဲဒီမဂ္ဂင်ရှစ်ပါးအတွက် ရှစ်လုံးဖွဲ့ဆောင်ပုဒ်ကို ဆိုကြရမယ်။

မှန်စွာ မြင်သိ ကြံမိ မှန်ကန်၊ (ပညာမဂ္ဂင် ၂-ပါး)
မှန်စွာ ပြောပြု ရှာမှု လမ်းမှန်၊ (သီလမဂ္ဂင် ၃-ပါး)
မှန်စွာ ကြောင့်ကြ မှတ်ရ မှန်ကန်၊
စူးစိုက်ကပ် ရှစ်ရပ် မဂ်လမ်းမှန်။ (သမာဓိ မဂ္ဂင် ၃-ပါး)

မြတ်စွာဘုရားက ပယ်ရန် ဟောထားတဲ့ တရားတွေကို ဒီသုတ်မှာ လောဘ ဒေါသ-စသည်ဖြင့် ၁၆-ပါးပြထားတယ်၊ အစုံအားဖြင့် (၈)စုံရှိတယ်၊ အဲဒီ (၈) စုံထဲက ပထမအစုံဖြစ်တဲ့ လောဘနှင့် ဒေါသကိုပယ်ရန် မဂ္ဂင်ရှစ်ပါးအကျင့်ကို ပြရာမှာ ဘုန်းကြီးက ဖွင့်ပြပြီးဟောလာတာ ပြည့်စုံလောက် ပါပြီ၊ ဒါကြောင့် ယခု ဒုတိယအစုံနှင့်ဆိုင်တဲ့ တရားကို ဆက်လက်ပြီး ဖွင့်ပြဟောကြားရမယ်။

## ပယ်ရမည့်တရားနှင့် ပယ်နိုင်ကြောင်းအကျင့် (၂)

တတြာဝုသော ကောဓော စ ပါပကော၊ ဥပနာဟော စ ပါပကော၊ ကောဓဿ စ ပဟာနာယ ဥပနာဟဿ စ ပဟာနာယ အတ္ထိ မဇ္ဈိမာ ပဋိပဒါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

[ဒုတိယအကြိမ်]

အာဝုသော-ငါ့ရှင်တို့၊ တတြ-ငါဟောပြခဲ့သော ထိုတရားထဲ၌၊ (ပရိယာပန္နော-ပယ်ရမည့် ပဟာတဗ္ဗတရား အဖြစ်ဖြင့် ပါဝင်သော၊) ကောဓော စ-အမျက်ထွက်ခြင်း သည်လည်း၊ ပါပကော- ယုတ်မာ၏-ယုတ်ညံ့၏၊ ဥပနာဟော စ- ရန်ငြိုးဖွဲ့ခြင်းသည်လည်း၊ပါပကော-ယုတ်မာ၏-ယုတ်ညံ့၏ တဲ့။

ကောဓ-အမျက်ထွက်ခြင်းနှင့်ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်းဆိုတာဟာ ပထမအစုံမှာ ပြခဲ့တဲ့ ဒေါသ ဆိုတာထဲ အတွင်းဝင်နေတာပါပဲ၊ ဒါပေမယ့် အဋ္ဌကထာမှာ ဖွင့်ပြထားတာ ကတော့ ဒီ ဓမ္မဒါယာဒသုတ်ထဲက ဖော်ပြထားတဲ့ အာမိသ အဓမ္မခံ ပုဂ္ဂိုလ်မှာ ပစ္စည်းတွေကို ရခြင်းကြောင့် လောဘဖြစ်တယ်၊ မရခြင်းကြောင့် ဒေါသဖြစ်တယ်၊ မရသေးတာကို လောဘဖြင့် တောင့်တတယ်၊ မရတဲ့သူမှာ ဒေါသဖြင့် ပင်ပန်းဆင်းရဲတယ်။ လောဘက လှူဖွယ်ပစ္စည်း၌ လိုချင်နှစ်သက်လျက် ဖြစ်တယ်၊ ဒေါသက မလှူတဲ့သူ မနှစ်သက်အပ်သူတို့၌ မလိုမုန်းထားလျက် ဖြစ်တယ်။ တဏှာအရင်းခံရှိတဲ့ အကုသိုလ် ၉-ပါးကို လောဘဖြင့် ပြည့်စေတယ်၊ (အဲဒီ ၉-ပါးဆိုတာက ၁-တဏှာကို မှီ၍ ရှာခြင်း၊ ၂-ယင်းရှာမှုကို မှီ၍ ရခြင်း၊ ၃-ရလို့ မည်သို့ သုံးမည်ဟု ဆုံးဖြတ်ခြင်း၊ ၄-ဆုံးဖြတ်သည့်အတိုင်း နှစ်သက် တပ်မက်ခြင်း၊ ၅-တပ်မက်လို့ အလွန်တွယ်တာခြင်း၊ ၆-အလွန်တွယ်တာလို့ သိမ်းပိုက်ခြင်း၊ ၇-သိမ်းပိုက်ထားလို့ ဝန်တိုခြင်း၊ ၈-ဝန်တိုလို့ စောင့်ထိန်းခြင်း၊ ၉-စောင့်ထိန်းလို့ တုတ်၊ ဓား လက်နက်ကိုင်ခြင်း၊ရန်ဖြစ်ခြင်း၊ကုန်းတိုက်ခြင်း၊လိမ်ခြင်း ဆိုတဲ့

ဒီ အကုသိုလ် ကိုးပါးပါပဲ။ ဝန်တိုခြင်းငါးပါးကို ဒေါသဖြင့် ပြည့်စေတယ်-လို့ ပထမအစုံမှာ ဒီလို ဖွင့်ပြထားတယ်။ ဒီ ဒုတိယ အစုံကျတော့ ကောဓ ဆိုတာက အမျက်ထွက်ခြင်း၊ ကြမ်းကြုတ်ခြင်း သဘောပဲ၊ ဥပနာဟ ဆိုတာက ရန်ငြိုးဖွဲ့ခြင်းသဘောပဲ၊ အမျက်ထွက်တာက အစအဦးဖြစ်ပြီး နောက်တော့ ရန်ငြိုးဖွဲ့ခြင်း ဖြစ်တယ်လို့လဲ ဖွင့်ပြထားတယ်။ နောက်ပြီးတော့ အာမိသ အမွေခံပုဂ္ဂိုလ်ဟာ ပစ္စည်းကို မိမိမရယင် ရတဲ့ပုဂ္ဂိုလ်ကို အမျက်ထွက်တယ်၊ အဲဒီ ပထမတကြိမ် အမျက် ထွက်တာက ကောဓပဲ၊ နောက်ထပ်စိတ်ဆိုးတာကတော့ ဥပနာဟ-ရန်ငြိုးဖွဲ့ခြင်းပဲလို့ ဒီလိုလဲ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ အဲဒီ အဖွင့်တွေအရ ခွဲခြားပြီး သိမှတ်ထားဖို့ကတော့ တယ်မလွယ် ပါဘူး။

## ကောဓနှင့် ဥပနာဟ

သိမှတ်ဖို့လွယ်တာကတော့ လိုချင်နှစ်သက် သာယာမှု ဟူသမျှတွေကို လောဘလို့ ယူပြီး စိတ်ဆိုး စိတ်ပျက်မှု ပြစ်မှားမှု ဟူသမျှတွေကို ဒေါသလို့ သာမညအားဖြင့် မှတ်ယူတာက လွယ်ပါတယ်၊ အဲဒီလို သာမညအားဖြင့် မှတ်ထားပြီးတော့ သူတပါးကို စိတ်ဆိုးတာ အမျက်ထွက်တာက ကောဓပဲ၊ ပြန်ပြီး လက်စားချေဖို့ ရန်ငြိုးဖွဲ့တာက ဥပနာဟပဲ၊ ဒီ ကောဓနဲ့ ဥပနာဟ ၂-ပါးလုံးဟာ ပထမအစုံ၌ ပြခဲ့တဲ့ ဒေါသထဲမှာ ပါဝင်တဲ့ ဒေါသအထူးတွေပဲလို့ မှတ်ယူတာက သာပြီးရှင်း

ပါတယ်။ နောက်ပြီးတော့ အာမိသပစ္စည်းနှင့် စပ်ပြီး အမျက်ထွက်တာ ရန်ငြိုးဖွဲ့တာကိုရော, တခြားအကြောင်းနဲ့ စပ်ပြီး အမျက်ထွက်တာ ရန်ငြိုးဖွဲ့တာကိုရော အားလုံးကို သိမ်းကြုံးပြီး ယူယင် ပယ်သင့်တဲ့ ကောဓ ဥပနာဟတွေ အကြွင်းမဲ့ပြည့်စုံသွားပါတယ်။

ဒါကြောင့် အာမိသပစ္စည်းနှင့် စပ်၍ ဖြစ်စေ၊ အခြားအကြောင်းများနှင့် စပ်၍ဖြစ်စေ၊ ပထမစပြီး ဖြစ်ပေါ်လာတဲ့ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းဆိုတဲ့ ကောဓလဲ ယုတ်မာသည်၊ ယုတ်ညံ့သည်၊ စိတ်ဆိုးအမျက်ထွက်ပြီးတော့ ရန်ငြိုးဖွဲ့ခြင်းဆိုတဲ့ ဥပနာဟလဲ ယုတ်ညံ့သည်၊ ယုတ်မာသည်လို့ သိနားလည်ထားကြဖို့ပါပဲ၊ အဲဒီမှာ ကောဓ- အမျက်ထွက်ခြင်း ဆိုတာက မမြင်ချင်တာကို မြင်ရတဲ့အခါ၊ မကြားချင်တာကို ကြားရတဲ့ အခါ၊ မတွေ့ချင်တာတွေကို တွေ့ရတဲ့အခါ၊ စိတ်ကူးထဲမှာ မတော် မသင့်တာတွေ ပေါ်လာတဲ့အခါများမှာ ဖြစ်တတ်တဲ့ သဘောပဲ၊ အထူးအားဖြင့်တော့ မကြားချင်တဲ့ အသံဆိုးစကားဆိုးတွေကို ကြားရတဲ့အခါ ပိုပြီးအမျက်ထွက်တတ်စိတ်ဆိုးတတ်တယ်၊ အတွေ့အထိဆိုးတွေနဲ့ တွေ့ထိရတဲ့အခါလဲ အမျက်ထွက်တတ်စိတ်ဆိုးတတ်တယ်၊ မကြားချင်တဲ့စကားလုံးကလေးတလုံးကို ကြားရရုံနဲ့လဲ စိတ်ဆိုးတတ်-အမျက်ထွက်တတ်တယ်၊ မူလက အလွန်သိမ်မွေ့ ယဉ်ကျေးနေတဲ့ပုဂ္ဂိုလ်ပေမယ့် ကဲ့ရဲ့အပြစ်တင်တဲ့ စကားတလုံးကိုကြားရတာနဲ့လဲ စိတ်ဆိုး အမျက်ထွက်လာတတ်တယ်။ ဒီအမျက်ထွက်တဲ့ ကောဓဆိုတာက မြွေဟောက်ကြီးနဲ့ တူ

တယ်တဲ့၊ မြွေဟောက်ကြီးကို ခဲနဲ့ပေါက်လိုက်ယင် ရှူးကနဲ့ဟောက်ပြီး ပါးပျဉ်းကြီး ထောင်လာတယ်၊ အဲဒါလိုပဲ ဒီကောဇ ဆိုတာကလဲ နားမခံသာတဲ့ စကားကလေးတလုံးလောက် ကြားရတာနဲ့ ချက်ခြင်း ဖြစ်လာတတ်ဘယ်၊ ချက်ခြင်းပင် စိတ်ဆိုးအမျက်ထွက်တတ်တယ်၊ အဲဒီလို အမျက်ထွက်ပြီး မျက်နှာလဲပျက်သွားတတ်တယ်၊ ကြမ်းတမ်းတဲ့စကားကိုလဲ ပြောမိတတ်တယ်၊ အဲဒီတော့ မူလက သည်းခံတတ်တယ်၊သိမ်မွေ့ယဉ်ကျေးတယ်ဆိုတဲ့ ဂုဏ်သိက္ခာတွေ ပျက်သွားတာပေါ့၊ ဒါက အဲဒီအမျက်ဒေါသကြောင့် ချက်ခြင်း အကျိုးယုတ်သွားပုံပဲ၊ အဲဒီလို အမျက်ထွက်တာ မျက်နှာပျက်တာ စကားကြမ်းပြောမိတာဟာ သူတော်ကောင်း ပညာရှိအနေအားဖြင့် ရှက်စရာ အကျိုးမဲ့ဖြစ်တာပဲ။ အမျက်ထွက်ပြီးမပြောသင့်တာကို ပြောမိယင် မိတ်ပျက်ဆွေပျက် အကျိုးမဲ့လဲ ဖြစ်တတ်တယ်၊ ဒါကြောင့် အမျက်ထွက်တဲ့ ကောဓကို ယုတ်ညံ့ဘယ်လို့ ဆိုရတာပဲ။

အဲဒီလို အမျက်ထွက်ပြီးတော့ ပြန်လည်ချေပဖို့ ရန်ငြိုးလဲဖွဲ့တတ်တယ်။ အဲဒါကတော့ သူတပါးကို နှိပ်စက်ဖို့၊ အကျိုးမဲ့ပြုဖို့ ကြံစည်ပြီး အကုသိုလ်တွေ များစွာဖြစ်တတ်တယ်၊ ဒါကသာပြီးယုတ်ညံ့တာပဲ၊ဒီရန်ငြိုးဖွဲ့ခြင်း၏အကြောင်း အာဃာတဝတ္ထုဆိုတာက ၉·ပါးရှိဘယ်၊ အဲဒီအကြောင်း ၉·ပါးကြောင့် ရန်ငြိုးဖွဲ့မှုဖြစ်တာပဲ၊ ဖြစ်ပုံကတော့ ဒီလူဟာ ငါ့အကျိုးမဲ့ကို ရှေးက ပြုခဲ့ဘူးတယ်လို့ နှလုံးသွင်းပြီးတော့လဲ ရန်ငြိုးဖွဲ့တယ်၊ ယခု ပြုလုပ်ပြောဆိုနေတယ်လို့ နှလုံးသွင်းပြီးတော့လဲ ရန်ငြိုး

ဖွဲ့တယ်။ နှောင်လဲ ငါ့အကျိုးမဲ့ပြုလိမ့်မယ်လို့ ထင်ပြီးတော့လဲ ရန်ငြိုးဖွဲ့တယ်၊ အဲဒါက သုံးပါးပဲ၊ ထို့အတူပင် ကိုယ်ချစ်ခင်ရင်းနှီးတဲ့သူ၏ အကျိုးမဲ့ကို ပြုခဲ့ဘူးတယ်၊ ပြုနေဆဲ၊ ပြုလိမ့်မယ်လို့ မှတ်ယူပြီး ရန်ငြိုးဖွဲ့တာကလဲ သုံးပါး။ ကိုယ့်ရန်သူ၏အကျိုးကို ပြုခဲ့ဘူးတယ်၊ ပြုနေဆဲ၊ ပြုလိမ့်မယ်လို့ မှတ်ယူပြီး ရန်ငြိုးဖွဲ့တာတလဲ သုံးပါး။ အားလုံး ၉-ပါးပဲ။

နောက်ပြီးတော့ အဋ္ဌာနကောပ ဆိုတာလဲ ရှိတယ်၊ အဲဒါကတော့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်လို့ စိတ်မဆိုးသင့်ရာမှာ စိတ်ဆိုးတာပါပဲ။ ခလုတ်တိုက်လို့၊ နေပူလို့၊ မိုးရွာလို့၊ လေတိုက်လို့၊ ချထားတဲ့ပစ္စည်းက ထားတဲ့အတိုင်း မတည်လို့ ဒီလိုဟာကို စိတ်ဆိုးတာဟာ စိတ်မဆိုးသင့်ရာ စိတ်ဆိုးခြင်းပါပဲ၊ ဒါကတော့ ကောဓ-အမျက်ထွက်ခြင်းနဲ့သာ ဆိုင်ပါတယ်။ ဒါပေမယ့်တိုက်မိတဲ့ ခလုတ်ကို ထုလိုက် ရိုက်လိုက် လုပ်တာကတော့ ရန်ငြိုးဖွဲ့ပြီး လုပ်ရာ ရောက်ပါတယ်၊ ထို့အတူပင်ကိုယ်ထားတဲ့အတိုင်းမတည်တဲ့ ပစ္စည်းကို ထုရိုက်ခြင်း စသည်ကို ပြုတာလဲ ရန်ငြိုးဖွဲ့ရာ ရောက်တာပါပဲ၊ အဲဒီလို စိတ်မဆိုးသင့်တာကို စိတ်ဆိုးပြီး ထုရိုက်ခြင်း စသည်ကို ပြုလုပ်တာကတော့ အင်မတန် စိတ်တိုတဲ့သူ အင်မတန် ဒေါသကြီးတဲ့သူတွေမှာသာ ဖြစ်ပါတယ်။ အများ၏ အမြင်အားဖြင့် အင်မတန် ရှက်စရာကောင်းတဲ့ဟာပဲ၊ ဒါလဲ ယုတ်မာတာ ယုတ်ညံ့တာပဲ။

ဒါကြောင့် အဲဒီယုတ်မာတဲ့ ကောဓ- အမျက်ထွက်ခြင်းနဲ့ ဥပနာဟ- ရန်ငြိုးဖွဲ့ခြင်းဆိုတဲ့ အကုသိုလ်တွေကို ပယ်သင့်ပါ

တယ်၊ အဲဒါတွေကို အမြစ်ပြတ်ငြိမ်းအောင် ပယ်ဖို့ အကျင့်လမ်းမှန်ရှိကြောင်း၊ အဲဒီ အကျင့်လမ်းမှန်ဖြင့် ပယ်သင့်ကြောင်းကို ဆက်ပြီး ဒီလို ဖော်ပြထားပါတယ်။

ကောမဿ စ ပဟာနာယ-အမျက်ထွက်ခြင်းကိုလဲ ပယ်ရန်၊ ဥပနာဟဿ စ ပဟာနာယ- ရန်ငြိုးဖွဲ့ခြင်းကိုလဲ ပယ်ရန်၊ စက္ခုကရဏီ- ပညာမျက်စိကို ပြုတတ်-ဖြစ်စေတတ်သော၊ ဉာဏကရဏီ-အသိဉာဏ်ကို ပြုတတ်- ဖြစ်စေတတ်သော၊ ဥပသမာယ ။ပ။ နိဗ္ဗာနာယ သံဝတ္တတိ-ကိလေသာငြိမ်းရန်၊ အထူးသိရန်၊ ထိုးထွင်းသိရန်၊ ဆင်းရဲခပ်သိမ်းငြိမ်းရန်ဖြစ်သော၊ မဇ္ဈိမာ ပဋိပဒါ-အလယ်လမ်းမှန် ဖြစ်သော အကျင့်သည်၊ အတ္ထိ- ရှိပါသည် စသည်ဖြင့် ဖော်ပြထားပါတယ်။

အဲဒီ ယုတ်မာတဲ့ အမျက်ထွက်ခြင်းနဲ့ ရန်ငြိုးဖွဲ့ခြင်းကိုအမြစ်ပြတ် ကင်းငြိမ်းသွားအောင် ပယ်ရန်အတွက် ကျင့်ဖို့ အလယ်လမ်းမှန်အကျင့် ရှိပါတယ် တဲ့၊အဲဒီအကျင့်လမ်းက ပညာမျက်စိဆိုတဲ့ အသိဉာဏ်ကို ဖြစ်စေတတ်တယ်၊ ကိလေသာကိုလဲ ငြိမ်းစေတတ်တယ်၊ အထူးသိခြင်း၊ ထိုထွင်း၍ သိခြင်းကိုလဲ ဖြစ်စေတတ်တယ်၊ ဆင်းရဲ ငြိမ်းတဲ့ နိဗ္ဗာန်ကိုလဲ ရောက်စေတတ်ပါတယ် တဲ့။ အဲဒီအကျင့်က ဘယ်ဟာလဲဆိုယင်၊ သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးပါပဲတဲ့၊ အဲဒီလိုလဲ ထပ်ပြီး ပြထားပါတယ်၊ အဲဒါကို ဆိုကြရမယ်။

[ဒုတိယအကြိမ်]

၂။ အမျက်ထွက်တဲ့ ဒေါသလဲ ယုတ်မာသည်၊ ရန်ငြိုးဖွဲ့တဲ့ ဥပနာဟလဲ ယုတ်မာသည်၊ ဒေါသကိုလဲ ပယ်ရန်၊ ဥပနာဟကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့်ရှိသည်။ အဲဒီလမ်းမှန်အကျင့်က ဘယ်ဟာလဲဆိုလျှင် မဂ္ဂင်ရှစ်ပါး ဟောဒီ မြတ်တရားပင် ဖြစ်သည်။

ထိုတရားကလဲ....

၁။ သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း....၈။ သမ္မာသမာဓိ-မှန်စွာစူးစိုက်တည်ကြည်ခြင်း ဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်သည်။

အဲဒီ စကားရပ်ထဲမှာ အလယ်လမ်းအကျင့် မဂ္ဂင်ရှစ်ပါးကို ထပ်ပြီး ဖော်ပြထားတာကတော့ ဘုရားလက်ထက် ခေတ်ကာလတုန်းက စံနစ်တကျအသုံးအနှုန်းပါပဲ၊ ဒါပေမယ့်-ယခုခေတ်ခါမှာတော့ အပိုလို ဖြစ်နေပါတယ်။ ဒါကြောင့် ပါဠိမှာလဲ ပေယျာလ ထိုးတဲ့နည်းဖြင့် မြှုပ်ပြထားပါတယ်။ တတိယ အစုစသည်ကျတော့ အဲဒါတွေကို မဆိုပဲ ချန်ထားရမှာပဲ။

## အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း ပယ်ပုံ

ဒီနေရာမှာ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းတို့ကို ပယ်ပုံကျင့်ပုံတော့ ပြောဖို့လိုပါသေးတယ်။ နားမခံသာတဲ့ စကားသံကို ကြားရလို့ ဖြစ်စေ၊ အခြား အကြောင်းကြောင့် ဖြစ်စေ၊

အမျက်ထွက်လာယင် ကိုယ်နှုတ်အမူအရာ မပျက်စေပဲ စိတ်ထဲတွင် ကင်းငြိမ်းသွားအောင် ပြုကျင့်ဖို့လိုပါတယ်။ ဘယ်လိုလဲဆိုယင် အမျက်ထွက်တာဟာ ယုတ်ညံ့တဲ့ဟာပဲ၊ အကျိုးမယ့်ဖြစ်နိုင်တဲ့ဟာပဲလို့ ဆင်ခြင်ပြီးတော့ ငြိမ်းစေရမယ်။ ဒီလိုဆင်ခြင်ရုံနဲ့ မငြိမ်းသေးယင် အကျိုးမဲ့ ပြောတယ်ပြုတယ်လို့ ထင်ရတဲ့ လူဆိုတာက ရုပ်နာမ်မျှပဲ၊ သူ့အခိုက်အတန့်နဲ့သူ ချုပ်ပျက်သွားပြီ၊ အဲဒီ အကျိုးမဲ့ ပြောတဲ့ ပြုတဲ့ ရုပ်နာမ်တွေဟာ မရှိတော့ပါဘူး၊ အပြောအပြုခံရတဲ့ ငါဆိုတာကလဲ ရှိတာမဟုတ်ဘူး၊ ရုပ်နာမ်မျှပဲ။ အဲဒီ အပြောအပြု ခံရစဉ်က ရုပ်နာမ်တွေဟာလဲ ချုပ်သွားကုန်ပြီ၊ ယခု မရှိတော့ပါဘူး။ နောက်ပြီးတော့ သူက မပြောသင့်တာကို ပြောယင် သူ့မှာ အကုသိုလ်ကံ ဖြစ်ပြီးတော့ သူသာ လျှင် မကောင်းကျိုးတွေကို ခံစားရမှာပဲ၊ ငါကလဲ အမျက်ထွက်နေယင် အကုသိုလ်ဖြစ်ပြီး ငါ့မှာ မကောင်းကျိုးတွေကို ခံစားရဖို့ ရှိတာပဲ စသည်ဖြင့် ဆင်ခြင်ပြီးတော့ ပယ်နိုင်ပါတယ်။

တတ်နိုင်ယင်တော့ အမျက်ထွက်တဲ့စိတ်ကို အမျက်ထွက်တယ် စိတ်ဆိုးတယ် စိတ်ဆိုးတယ်လို့ ရှုမှတ်ပြီးပယ်တာက ပိုပြီးကောင်းပါတယ်။ အဲဒီလို ဖြစ်ဆဲစိတ်ကို ရှုမှတ်တာက မဂ္ဂင်ရှစ်ပါးပဲ၊ အလယ်လမ်းအကျင့်ပဲ၊ အဲဒီလို ရှုမှတ်ပြီး ပယ်ဖို့ရာ အလယ်လမ်းအကျင့်ကို ဖော်ပြသွားတာပါပဲ။ အဲဒါ့ထက် ပိုပြီး ကောင်းတာကတော့ စကားအသံဆိုးကို ကြားဆဲကာတည်းက ကြားလျှင်ကြားချင်း ကြားတယ် ကြားတယ်လို့ မပြတ်ရှုမှတ်ပြီး

အမျက်ထွက်ခြင်းပင် ဖြစ်ခွင့်မရအောင် ကျင့်တာက အကောင်းဆုံးပါပဲ။ ယခုယောဂီတွေမှာ မြင်တိုင်း ကြားတိုင်း တွေ့ဘိုင်း သိတိုင်း ပေါ်လာသမျှကို မပြတ်ရှုမှတ်နေကြရတာဟာ အဲဒီ မြင်ရ ကြားရ တွေ့ရ သိရတဲ့ အာရုံတွေနဲ့စပ်ပြီး အကုသိုလ်ဟူသမျှတွေ ဖြစ်ခွင့်မရအောင်လို့ ရှုမှတ်နေကြရတာပဲ။ အဲဒီလို ရှုမှတ်ပြီး မပယ်နိုင်လို့ အမျက်ထွက် လာယင်တော့ ခုဘင်က ပြောတဲ့အတိုင်း ဆင်ခြင်ပြီးတော့ဖြစ်စေ၊ အမျက်ထွက်တဲ့စိတ်ကို ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်သွားဖို့ပါပဲ။

အဲဒီလို မပယ်နိုင်လို့ အမျက်ဒေါသကြောင့် မျက်နှာပျက် လာယင် စကားကြမ်းကို ပြောမိယင်တော့ အဲဒါကိုလဲ သူတော်ကောင်းဂုဏ် ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်တယ် စသည်ဖြင့် ဆင်ခြင်ပြီးတော့ဖြစ်စေ၊ အဲဒီအခိုက်၌ ဖြစ်ဆဲ ရုပ်နာမ်ကို ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်ရမယ်။ အဲဒီလို နည်းနည်းချွတ်ယွင်းစဉ်က မပယ်နိုင်လို့ ကိုယ်အမူအရာတွေ ကိုးရိုးကားရား ဖြစ်လာပြီ၊ ကြိမ်းမောင်း ခြိမ်းခြောက်ခြင်း၊ ဆဲရေးခြင်း စသည်ဖြင့် နှုတ်အမူအရာတွေလဲ အနီးအပါးရှိတဲ့ လူအများသိအောင် အထင်အရှား ဖြစ်လာပြီ ဆိုယင်ဘော့ မူလက ရှိနေတဲ့ ဂုဏ်သိက္ခာတွေလဲ ကျဆင်းသွားကြတယ်။ ရှက်စရာလဲ ကောင်းတယ်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မိတ်ပျက် ဆွေပျက်ဖြစ်ပြီး အကျိုးမဲ့လဲ ဖြစ်တတ်တယ်။

ဒီလို အမျက်ထွက်ဘာကလဲ နီးစပ်တဲ့ ပုဂ္ဂိုလ် အချင်းချင်း ဖြစ်တတ်ကြတာပဲ၊ အကျိုးကျေးဇူးဖြစ်အောင် ကူညီ ဆောင်

ရွက်ကြတာလဲ နီးစပ်သူအချင်းချင်းပဲ။ ဒါကြောင့် အပြောအဆို စသည် အဆင်မပြေတာကိုတွေ့ရယင် မိမိအား ကျေးဇူးပြုဘူး တာ၊ ကူညီဆောင်ရွက်ဘူးတာကို ဆင်ခြင်ပြီး စိတ်မဆိုးပဲ သည်းခံ နေသင့်ပါတယ်။ တတ်နိုင်ယင်တော့ နားမချမ်းသာတဲ့ စကား သံကို ရှုမှတ်ပြီး သည်းခံနေယင် ပိုပြီးကောင်းတာပဲ၊ တခါ တုန်းက ယောဂီဟောင်း တဦးဟာ သူ့ယောကျ်ာမ လူကြီးက သူ့ကို အပြစ်တင်ပြီး ပြောနေတဲ့အခါ သူက ကြားတယ် ကြား တယ် စသည်ဖြင့် မပြတ်ရှုမှတ်နေသတဲ့။ အဲဒီတော့ ဘာပြော တယ်ဆိုတာမသိရပဲ ကြားရုံမျှသာ ထင်ရှားနေလို့ သူ့မှာ စိတ် ဆိုးခြင်း၊ နှလုံးမသာခြင်းတွေ ဘာမျှမဖြစ်ရပဲ စိတ်အေးချမ်းမြဲ အေးချမ်းနေပါသတဲ့။ အဲဒါဟာ သုတေ သုတမတ္တံ ဘဝိဿတိ- ကြားရသည်၌ ကြားရုံမျှ ဖြစ်လိမ့်မယ်၊ ကြားရုံမျှသာ ဖြစ်နေ အောင် ရှုရမယ်လို့ ဟောထားတဲ့ ဒေသနာတော်နှင့် အညီပါပဲ။

ဒါလောက်ဆိုယင် ဒုတိယကိလေသာ အစုံနဲ့ စပ်ပြီး ပြော ဖို့ဟာ ပြည့်စုံလောက်ပါပြီ၊ ယခု တတိယအစုံကို ဟောရမယ်။

ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၃)

တတြာဝုသော မက္ခော စ ပါပကော၊ ပဠာသော စ ပါပကော၊ မက္ခဿ စ ပဟာနာယ ပဠာသဿ စ ပဟာနာယ အတ္ထိ မဇ္ဈိမာ ပဋိပဒါ၊

[ဒုတိယအကြိမ်]

အာဝုသော- ငါ့ရှင်တို့၊ တတြ-ငါဟောပြခဲ့သော ထိုစကား ထဲ၌၊ (ပါဝင်သော) မက္ခော စ- သူ့ကျေးဇူးကို ချေဖျက် ခြင်းသည်လည်း၊ ပါပကော- ယုတ်မာ၏၊ ပဠာသော စ- မြင့် မြတ်သူကို ဂုဏ်ပြိုင်ခြင်းသည်လည်း၊ ပါပကော- ယုတ်မာ၏။ မက္ခဿ စ ပဟာနာယ ပဠာသဿ စ ပဟာနာယ- မက္ခကိုလဲ ပယ်ရန်၊ ပဠာသကိုလဲပယ်ရန်၊ အတ္ထိ မဇ္ဈိမာ ပဋိပဒါ-အလယ် လမ်း အကျင့်မှန် အကျင့်ရှိပါသည် စသည်ဖြင့် ဟောပြထား ပါတယ်။

## မက္ခနှင့် ပဠာသ

မက္ခ-ဆိုတာ ကျေးဇူးပြုဘူးတဲ့ ကျေးဇူးရှင်ကို ကျေးဇူး မတင်ပဲ သူ့ကျေးဇူးကို ချေဖျက်ပစ်တဲ့ သဘောပဲ၊ မိဘတွေ ဆိုတာ သားသမီးတွေ အပေါ်မှာ ပြုစုစောင့်ရှောက် ဘူးတဲ့ ကျေးဇူးတွေ အများကြီးရှိပါတယ်။ ဒါပေမယ့်-သူယုတ်မာစိတ် ရှိနေတဲ့ သားသမီးတွေက မိဘကို ကျေးဇူးမတင်ပဲ မရှိမသေ ပြောနေကြတာတွေလဲရှိတယ်၊ မိဘတွေကသူတို့ကိုယ်ရှယ်စဉ်က ကျွေးမွေး စောင့်ရှောက် လာခဲ့တာဟာ တာဝန်ဝတ္တရားအရ မလွဲသာလို့ စောင့်ရှောက်လာခဲ့တာပဲ၊ မိမိတို့၏ ကုသိုလ်ကံ ကြောင့်လဲ စောင့်ရှောက်လာခဲ့တာပဲ၊ ကျေးဇူးတင်စရာ မရှိ ဘူးလို့တောင် တချို့ကပြောတတ်ကြသေးတယ်။ အဲဒီလိုကျေးဇူး ကန်းတဲ့ စိတ်နေစိတ်ထားဟာ မက္ခပဲ၊ ဆရာသမားက စောင့် ရှောက် သင်ကြားပေးတာကိုလဲ ကျေးဇူးမတင်ပဲ ကျေးဇူးကန်း

တဲ့ သူတွေလဲရှိတယ်။ ဆရာကသင်ပေးလို့ စာတတ်သိတာမဟုတ်ပါဘူး၊ ဆရာကစောင့်ရှောက်လို့ ကြီးပွားလာတာ မဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ်လေ့လာပြီး တတ်သိလာတာပဲ၊ ကိုယ့်ဟာကိုယ် အားထုတ်လို့ ကြီးပွားလာတာပဲလို့ ဒီလိုပြောဆိုတဲ့ သူတွေလဲ ရှိတယ်၊ ဒါလဲ မကွာပဲ။

လူကြီးတွေက စောင့်ရှောက်ပေးလို့ ကြီးပွားလာတဲ့ လူငယ်ထဲကလဲ တချို့က ဒီလိုပဲ ကျေးဇူးမတင်ပဲ သူ့ကျေးဇူးကို ချေဖျက်ပြီး ပြောတတ်ကြတယ်၊ ဒါလဲ မကွာပဲ၊ အမှန်ကတော့ နည်းနည်းပေမယ့်ကျေးဇူးပြုဘူးတဲ့သူကိုကျေးဇူးတင်သင့်တယ်၊ တတ်နိုင်ယင် ကျေးဇူးလဲ ဆပ်သင့်တယ်၊မိဘကျေးဇူးများ သားသမီးဖြစ်သူက မိဘကို ပခုံးနဲ့ထမ်းပြီး ခေါင်းနဲ့ရွက်ပြီး တသက်လုံး ပြုစုကျွေးမွေးစောင့်ရှောက်နေတောင်မှ ကျေးဇူးဆပ်ခြင်းကိစ္စ မပြည့်စုံဘူးလို့လဲ မြတ်စွာဘုရားက ဟောထားတယ်။ မူလစာ သရဏဂုံမတည်သေးတဲ့ မိဘကို သရဏဂုံ တည်အောင် တရားထူးရအောင် ဟောပြော တိုက်တွန်းပေးနိုင်ယင်တော့ ကျေးဇူးဆပ်ခြင်းကိစ္စ ပြည့်စုံတယ်လို့လဲ ဟောထားတယ်၊ အဲဒီ မိဘကျေးဇူးကြီးမားတာကိုရည်ရွယ်ပြီးတော့ ရှေးဆရာများက မာတာပိတုဂုဏော အနန္တော-လို့ ဖော်ပြထားတယ်၊ အဲဒီမှာ ဂုဏော-ဆိုတာ ဘုရားဂုဏ် စသည်လို ချီးမွမ်းဖွယ်ကို ဆိုလိုတာ တော့ မဟုတ်ပါဘူး၊ ဥပကာရ-ဆိုတဲ့ ကျေးဇူးပြုဘူးတဲ့ ဂုဏ်ကို ဆိုလိုတာပါပဲ။ အာစရိယဂုဏော အနန္တော— ဆိုတာလဲ ဆရာကောင်းများ ပြုဘူးတဲ့ ကျေးဇူးကိုရည်ပြီး ဆိုထားတာပါပဲ။

[ဒုတိယအကြိမ်]

အာမိသအမွေကို အလေးပြုတဲ့ ပုဂ္ဂိုလ်က ဆရာသမား၏ ကျေးဇူးကို မေ့ပစ်ထားပြီး ဆရာသမားကို ပြစ်မှားတတ်တယ်၊ ဘုရားလက်ထက်က ကောကာလိက ဆိုတဲ့ ရဟန်းဟာ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကို မှီပြီး ပစ္စည်းလာဘ်လာဘမျိုးများများရအောင် အားထုတ်တယ်၊ အဲဒီ အစပိုင်းအချိန်တုန်းကတော့ အရှင်သာရိပုတ္တရာတို့၏ကျေးဇူးကို အမှီပြုနေတာပါပဲ။ နောက်ပိုင်းကျတော့ သူ့ရည်ရွယ်ချက်အတိုင်း ပစ္စည်း လာဘ်လာဘတွေကို မရတဲ့အတွက် အရှင်သာရိပုတ္တရာ တို့ကို ပါပိစ္ဆာ- ယုတ်မာသော အလိုဆိုးရှိကြတယ် စသည်ဖြင့် စွပ်စွဲ ပြစ်မှားတယ်၊ အဲဒီလို မစွပ်စွဲ မပြစ်မှားနဲ့လို့ မြတ်စွာဘုရားက ဆုံးမတာကိုလဲ သူက လက်မခံဘူး၊ သူ့ ဥပဇ္ဈာယ် ဆရာမှ ဖြစ်လာတဲ့ ဗြဟ္မာကြီးဆုံးမတာကိုလဲ လက်မခံဘူး၊ အဲဒီ ဗြဟ္မာကြီးကိုလဲ သူက ပြစ်မှား ပြောဆိုလိုက်သေးတယ်။ အဲဒီ ကောကာလိက ရဟန်းဟာ အရှင်သာရိပုတ္တရာတို့ကို စွပ်စွဲ ပြစ်မှားတဲ့ အကုသိုလ်ကံကြောင့် ချက်ခြင်းပင် ရောဂါဆိုးဖြစ်ပြီး သေဆုံးသွားတဲ့အခါ အဝီစိငရဲထဲက ပဒုမဆိုတဲ့ ငရဲမှာ ကျရောက်ပြီး ငရဲဆင်းရဲကို ခံစားနေရကြောင်း သဂါထာဝဂ်ပြဟ္မသံယုတ်မှာ ဟောပြထားပါတယ်။

ယခုခေတ်အခါလဲ ကျောင်းပစ္စည်းနဲ့စပ်ပြီး အင်မတန် လေးစားအပ်တဲ့ ဆရာကို ပြစ်မှားပြောဆိုတာတွေ ရှိတာပဲ။ အဲဒါဟာ မဂ္ဂ-သူ့ကျေးဇူးကို ချေဖျက်ခြင်းဆိုတာထဲ ပါဝင်ပါတယ်၊ အဇာတသတ်မင်းက ခမည်းတော် ဗိမ္ဗိသာရကို သတ်

[ဒုတိယအကြိမ်]

ပြီး မင်းအဖြစ်ကို ယူတာလဲ ကျေးဇူးကန်းတဲ့ ဒီမကျွထဲ ပါဝင် သင့်တာပါပဲ။ အမှန်ကတော့ သူတပါးကျေးဇူးကို သိပြီး စွမ်းနိုင်သမျှ ကျေးဇူးတုံ့ပြန်တာက ပိုးပြီးကောင်းပါတယ်။ ဘုရားလက်ထက်က ရာဓဆိုတဲ့ ပုဏ္ဏားအိုကြီးကို ဘယ်မထေရ်ကမျှ ဥပဇ္ဈာယ်အဖြစ်တာဝန်ယူပြီး ရဟန်းပြုမပေးပဲ ရှိနေကြရာမှာ သူ့ကျေးဇူး ရှိဘူးတဲ့ပုဂ္ဂိုလ်က ရဟန်းပြုပေးဖို့ မြတ်စွာဘုရားက အမိန့်ရှိတော့ အရှင်သာရိပုတ္တရာက ရဟန်းပြုပေးတယ်၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရာဓပုဏ္ဏားကြီးက တချိန်တုန်းက အရှင်သာရိပုတ္တရာအား ဆွမ်းတဇွန်း လှူဘူးတဲ့ ကျေးဇူးရှိလို့ အဲဒီကျေးဇူးကို တုံ့ပြန်တဲ့အနေဖြင့် ရဟန်းပြုပေးတာတဲ့၊ အရှင်သာရိပုတ္တရာ၏ သူ့ကျေးဇူးကို အဲဒီလိုသိပုံဟာ အင်မတန်ချီးမွမ်းစရာလဲ ကောင်းတယ်။ အတုယူစရာလဲ ကောင်းတယ်။ အဲဒီလို ကျေးဇူးတုံ့ မပြန်နိုင်တောင် သူ့ကျေးဇူးကို မဖျက်ဖို့ကတော့ အလွန်ပင် အရေးကြီးပါတယ်။ ဒါကြောင့် သူ့ကျေးဇူးကို မရှိမသေတဲ့ စိတ်ဖြစ်လာယင် ဆင်ခြင်ပြီးတော့ ဖြစ်စေ၊ ရှုမှတ်ပြီးတော့ ဖြစ်စေ ပယ်သွားဖို့ပါပဲ။

နောက်ပြီးတော့ ပဠာသ ဆိုတာက ကိုယ့်ထက်သာတဲ့သူကို ကိုယ်နဲ့တန်းတူပြုပြီး ဂုဏ်ပြိုင်တဲ့ သဘောပဲ၊ တချို့က ရှိရှိသေသေကျင့်တဲ့ သီလမရှိပါပဲနဲ့ သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို သူနဲ့တန်းတူထားပြီးပြောတတ်တယ်၊ ဗုဒ္ဓစာပေတွေကို မတတ်ပါပဲနဲ့ စာတတ်ပုဂ္ဂိုလ်တွေလဲ သူနဲ့အတူတူပဲ၊ သူ့ထက်ပိုပြီး

[ဒုတိယအကြိမ်]

မသိပါဘူးလို့ ပြောတတ်တယ်၊ ဘာဝနာအလုပ်ကို ကျကျနန အားမထုတ်ဘူးပါပဲနဲ့ တကယ်အားထုတ်ထားတဲ့ပုဂ္ဂိုလ်ကို သူနဲ့ တန်းတူပြုပြီး ပြောတတ်တယ်၊ ကြီးမှ ရဟန်းပြုလာတဲ့ပုဂ္ဂိုလ် တာ စာတတ်ပုဂ္ဂိုလ်တွေကို သူ့ထက်ပိုမသိဘူး၊ သူသိတာက မှန်တယ်၊ စာပေကျမ်းဂန်တွေအရ သိနေကြတာက မမှန်ဘူးလို့ ဒီလိုတောင် ပြောတဲ့ပုဂ္ဂိုလ်က ရှိသေးတာပဲ၊ ကျကျနန အား မထုတ်ဘူးပါပဲနဲ့ သူက အရိယာစစ် ဖြစ်နေသယောင်ယောင် စာတတ်ပေတတ် ရဟန်းများက သူ့လောက် မသိနားမလည် သယောင်ယောင် စသည်ဖြင့် ဒီလိုလဲ ဂုဏ်တု ဂုဏ်ပြိုင်ပြုပြီး ပြောတတ်တယ်။ တချို့ကလဲ အဲဒီလို ပြောတဲ့အတိုင်း ဟုတ် မှန်တယ်လို့ ထင်နေကြတယ်။ အဲဒါတွေဟာ ကိုယ့်ထက်မြတ် သူကို ကိုယ်နှင့် တန်းတူပြုပြီး ဂုဏ်ပြိုင်တဲ့ ပဋ္ဌာသနဲ့ အဲဒီလို ပြောတာကို အကောင်း အမြတ် ထင်နေတာတွေပဲ။ ဘုရားလက် ထက်ကလဲ ဗုဒ္ဓဘုရားကို သူတို့နှင့် တန်းတူ ပြောဟောနေကြ တာတွေ ရှိခဲ့တယ်၊ အဲဒီလို ဟောတာကို အမှန်ထင်ပြီး ယုံ ကြည်စွဲလမ်းနေကြတာတွေလဲ ရှိခဲ့တယ်။

အဲဒီလို မြင့်မြတ်သူကို ကိုယ်နဲ့ တန်းတူပြုပြီး ဂုဏ်ပြိုင်တဲ့ ပဋ္ဌာသဟာ အလွန်ယုတ်မာတဲ့ သဘောပဲ၊ ယခုနေအခါ ခေတ်ပညာ မသင်ဘူးသူ နားမလည်သူက ခေတ်ပညာတတ်သိတဲ့ သူတွေကို မိမိနဲ့ အတူတူပါပဲလို့ ထင်မြင်တာ ပြောဆိုတာ ဟာ ယုတ်မာသလိုပါပဲ။ ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ သူ့ကျေးဇူး ချေဖျက်တာလဲ ယုတ်မာသည်၊ မြင့်မြတ်သူနှင့်

[ဒုတိယအကြိမ်]

တန်းတူပုံပြီး ဂုဏ်ပြိုင်လာလဲ ယုတ်မာသည်၊ အဲဒီယုတ်မာတဲ့ အကုသိုလ်တရားကို ပယ်သင့်သည်၊ ပယ်ဖို့ရန် အလယ်လမ်း အကျင့်ကလဲ ဗုဒ္ဓသာသနာတော်မှာ ရှိနေပါသည်တဲ့။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

> ၃။ သူ့ကျေးဇူးကို ချေဖျက်တဲ့ မက္ခလဲ ယုတ်မာ
> သည်၊ မြင့်မြတ်သူကို ဂုဏ်ပြိုင်တဲ့ ပဠာသလဲ
> ယုတ်မာသည်၊ မက္ခကိုလဲ ပယ်ရန် ပဠာသကိုလဲ
> ပယ်ရန် အလယ်လမ်းမှန် အကျင့်ရှိသည်။

ဆောင်ပုဒ်စာရွက်ထဲမှာ တိုတိုနဲ့ ပြီးအောင်လို့ တချို့ကို မြုပ်ထားတယ်။ ယခုဆိုတဲ့စကား၏ နောက်မှာ (အဲဒီ လမ်း မှန်အကျင့်က ဘယ်ဟာလဲ ဆိုလျှင် မဂ္ဂင်ရှစ်ပါး · ဗောဓိ မြတ်တရားပင် ဖြစ်သည်) စသော စကားရပ်ကတော့ ပထမ ဒုတိယ အစုံမှာ ပြခဲ့တဲ့ အတိုင်းပါပဲ၊ နောက်အစုံတွေကျ တော့လဲ နည်းတူပဲလို့ မှတ်ထားကြရမယ်။ ယခုပြောလာခဲ့တဲ့ တတိယအစုံကတော့ ပြည့်စုံလောက်ပါပြီ၊ သလ္လေခသုတ်တရား တော် ဒုတိယတွဲမှာလဲ ဒီ အစုံအစုံတရားတွေ ဖော်ပြထားတာ ရှိပါတယ်၊ အဲဒီမှာလဲ ကြည့်ရှုနိုင်ပါတယ်။ ယခု စတုတ္ထအစုံကို ဟောရမယ်။

## ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၄)

အာဝုသော · ငါ့အရှင်တို့၊ တတြ· ငါဟောပြ ခဲ့သော ထို စကားထဲ၌ (ပရိယာယ်ဒ္ဒာ·ပါဝင်သော)၊ ဣဓ · မနုဿလို

[ဒုတိယအကြိမ်]

ခြင်းသည်လည်း၊ ပါပိကာ-ယုတ်မာ၏၊ မစ္ဆေရဇ္ဇ-ဝန်တိုခြင်းသည်လည်း၊ ပါပကံ-ယုတ်မာ၏။ ဣဿာယ စ ပဟာနာယ-မနာလိုတဲ့ ဣဿာကိုလဲ ပယ်ရန်၊ မစ္ဆေရဿ စ ပဟာနာယ-ဝန်တိုတဲ့ မစ္ဆေရကိုလဲပယ်ရန်၊ အတ္ထိ မဇ္ဈိမာ ပဋိပဒါ-အလယ်လမ်းမှန်အကျင့်ရှိပါသည်-စသည်ဖြင့် ဟောပြ ထားပါတယ်။

## ဣဿာ-မနာလိုခြင်း

ဣဿာ-ဆိုတာ ကိုယ့်ထက် သာတဲ့သူတွေကို မနာလိုတဲ့သဘောပါပဲ၊ ကိုယ့်ထက် စည်းစိမ်ဥစ္စာ ပေါများပြည့်စုံတဲ့သူကို မနာလိုဘူး၊ ကိုယ့်ထက် ရုပ်ရေအဆင်း လှပတဲ့သူကို မနာလိုဘူး၊ ကိုယ့်ထက် ပညာတတ်တဲ့သူကို မနာလိုဘူး၊ ကိုယ့်ထက် အခြွေအရံများတဲ့သူကို မနာလိုဘူး၊ ကိုယ့်ထက် ရာထူးကြီးမြင့်တဲ့ သူကို မနာလိုဘူး၊ ကိုယ့်ထက် ချီးမွမ်းဖွယ် ဂုဏ်နဲ့ ပြည့်စုံတဲ့သူကို မနာလိုဘူး၊ ဒါပါပဲ။

## မစ္ဆရိယ ငါးပါး

မစ္ဆရိယနဲ့ မစ္ဆေရဆိုတာ အတူတူပါပဲ၊ အဲဒီ မစ္ဆရိယ ဆိုတာကတော့ ကိုယ်ပိုင်ဆိုင်တာတွေ သူများ မပိုင်ဆိုင်စေချင်ဘူး၊ ကိုယ့်မှာ ရှိတာတွေ သူများမရစေချင်ဘူး၊ ကိုယ်နဲ့ စပ်တာတွေ သူများနဲ့ မစပ်စေချင်ဘူး-ဒီလိုဟာတွေပါပဲ။ အတိုချုပ်အားဖြင့်တော့ ကိုယ်လို သူတပါးမပြည့်စုံ မချမ်းသာစေချင်တာ ဝန်တိုတာဟာ မစ္ဆရိယပါပဲ။ အဲဒီ မစ္ဆရိယက အာဝါသမစ္ဆရိယ

ကုလမစ္ဆရိယ လာဘမစ္ဆရိယ ဝဏ္ဏမစ္ဆရိယ ဓမ္မမစ္ဆရိယလို့ ငါးမျိုးရှိတယ်။ အဲဒီငါးမျိုးထဲက—

(၁) **အာဝါသမစ္ဆရိယ** ဆိုတာ နေရာထိုင်ခင်းနှင့် စပ်ပြီး ဝန်တိုတာပဲ၊ ဒါက ရဟန်းများနှင့် သာပြီး စပ်ဆိုင်ပါတယ်၊ သံဃာပိုင်သံဃိကကျောင်းမှာ ရဟန်းကောင်းများကို မနေစေလိုပဲ မိမိသာနေလိုပြီး ဝန်တိုတာဟာ ဒီအာဝါသ မစ္ဆရိယပါပဲ၊ ရန်ဖြစ်တတ်တဲ့ရဟန်း သီလအကျင့် မပြည့်စုံတဲ့ ရဟန်း ဒီလို ရဟန်းဆိုးများ မနေစေချင်တာကတော့ မစ္ဆရိယ မဟုတ်ပါဘူး၊ လူများမှာလဲ ဒီရိပ်သာမှာလို ယောဂီအများနဲ့ဆိုင်တဲ့ အဆောက်အအုံမှာ ကိုယ်သာနေချင်ပြီးလူကောင်းဖြစ်ပါလျက် အခြားသူကို မနေစေချင်တာဟာ မစ္ဆရိယ ပါပဲ။

(၂) **ကုလမစ္ဆရိယ** ဆိုတာကတော့ ရဟန်းများမှာ ကိုယ်နဲ့ စပ်တဲ့ဒကာ ဒကာမတွေ ကိုယ့်အခြေအရံဖြစ်သူတွေကို အခြား ရဟန်းများနှင့် မသက်ဆိုင်စေချင်တာ ဝန်တိုတာပါပဲ၊ လူများမှာလဲ ကိုယ်နဲ့ ရင်းနှီးချစ်ခင်နေတဲ့ သူတွေကို သူများနဲ့ မရင်းနှီး မစပ်ဆိုင်စေချင်တာ ဝန်တိုတာဟာ ကုလမစ္ဆရိယပါပဲ။ သူယုတ်မာနဲ့ လူမိုက်နဲ့ အယူမှားသူနဲ့ မစပ်စေချင်တာကတော့ ဝန်တိုတဲ့ သဘောမဟုတ်ပါဘူး၊ တရားကို လေးစားပြီး စပ်ဆိုင်သူကို သနားတဲ့သဘောပါပဲ။

(၃) **လာဘမစ္ဆရိယ** ဆိုတာကတော့ ရသင့် ရထိုက်တဲ့ လာဘ်လာဘပစ္စည်းတွေကို မိမိသာရချင်တယ်၊ သူတပါး မရ

စေချင်ဘူး၊ ဒီလိုပစ္စည်းနဲ့စပ်ပြီး ဝန်တိုတာပါပဲ၊ လူများမှာလဲ မိမိမှာ ပြည့်စုံနေတဲ့ပစ္စည်းတွေ မိမိရနိုင်တဲ့ပစ္စည်းတွေကို သူတပါးမရစေချင်တာဟာ ဝန်တိုတဲ့ မစ္ဆရိယ ပါပဲ။ ဒါကလဲ သူယုတ်မာတွေ မရစေချင်တာကတော့ မစ္ဆရိယ မဟုတ်ပါဘူး။ နောက်ပြီးတော့ မိမိမှာ မရှိလျှင် မဖြစ်တဲ့ပစ္စည်းမို့ မပေးမလှူနိုင်တာကိုလဲ မစ္ဆရိယလို့ မဆိုရပါဘူး၊ အဲဒါဟာ ဥဒါယီ ဆိုတဲ့ ရဟန်းက ဥပ္ပလဝဏ်ထေရီထံမှာ ပယ်ထားတဲ့ သင်းပိုင်းကိုတောင်းတဲ့အခါ အဲဒီရဟန္တာထေရီမက မလှူနိုင်ဘူးလို့ ငြင်းပယ်ခြင်းဖြင့် ထင်ရှားပါတယ်။

(၄) ဝဏ္ဏ မစ္ဆရိယဆိုတာကတော့ ကိုယ့်မှာ လှပတာလို သူတပါး မလှစေချင်တာရယ်။ ကိုယ့်မှာ ပြည့်စုံနေတဲ့ ချီးမွမ်းဖွယ်ကို သူတပါးမရှိစေချင်တာရယ်- ဒီလို ဝန်တိုတာပါပဲ။

(၅) ဓမ္မ မစ္ဆရိယ ဆိုတာကတော့ မိမိ တတ်သိထားတဲ့ ပရိယတ္တိစာပေတွေကို သူတပါးအား မတတ်သိစေချင်တဲ့ ဝန်တိုခြင်းပါပဲ။

အဲဒီ ဝန်တိုခြင်းငါးမျိုးထဲက နေရာကျိုင်ခင်းနဲ့စပ်ပြီးဝန်လိုမှုအကုသိုလ်ကြောင့် ဘီလူးသရဲ့အသော်လည်းကောင်း၊ ပြိတ္တာအသော်လည်းကောင်း၊ ဖြစ်ပြီး အဲဒီအဆောက်အအုံ၏ အမှိုက်ကို ထမ်းရွက်ပြီး နေရတတ်တယ် တဲ့၊ သံအိမ်ငရဲ၌လဲ ဖြစ်တတ်တယ် တဲ့၊ ရင်းနှီးသူတွေနှင့် စပ်ပြီး ဝန်တိုမှုကြောင့် ရင်းနှီးသူတွေက သူများနဲ့နီးစပ်တာကို တွေ့ရပြီး အကြီးအကျယ် စိတ်ဆင်းရဲလဲ ဖြစ်တတ်တယ်၊ နောက်ဘဝများမှာလာဘ်မရခြင်း အခြေအရံ နည်း

ပါးခြင်းလဲဖြစ်တတ်တယ်တဲ့၊လာဘ်၂စွည်းများနှင့်စပ်ပြီး ဝန်တို ခြင်းဖြင့် သံဃာ့ပစ္စည်း အများပိုင်ပစ္စည်းတွေကို ကိုယ်ပိုင်အနေ ဖြင့် သုံးစွဲလျှင် ဘီလူးသရဲသော် လည်းကောင်း ပြိတ္တာသော် လည်းကောင်း စပါးကြီးမြွေ သော်လည်းကောင်း ဖြစ်တတ် တယ်၊မစင်ငရဲလဲ ကျတတ်တယ် တဲ့။ လှပခြင်းဂုဏ် ချီးမွမ်းဖွယ် ဂုဏ်ပရိယတ္တိဂုဏ်များနှင့်စပ်ပြီး ဝန်တိုခြင်းကြောင့် အရုပ်ဆိုး သူ ဆွံ့အသူ ဖြစ်တတ်တယ်။ပြာပူငရဲလဲ ကျတတ်တယ်တဲ့၊ဒါတွေ က ...ဘာလိနီ၌ ပြထားတာတွေပါပဲ။

ယခုပြောခဲ့တဲ့အတိုင်း သူတပါးက ကိုယ့်ထက်သာတာကို မနာလိုတဲ့ ဣဿာ ဆိုတာလဲ ကိုယ့်အတွက် ဘာမျှ အကျိုးမရှိ ဘူး၊ မျက်မှောက်မှာ စိတ်မချမ်းမသာ ဖြစ်ရသည့်ပြင် နောင် ဘဝများမှာ အစစအရာရာ မပြည့်စုံခြင်း၏ အကြောင်းသာ ဖြစ်တယ်၊ ဒါကြောင့် ယုတ်မာတဲ့တရားပဲ၊ကိုယ်လို သူတပါးမှာ မပြည့်စုံစေချင်တဲ့ ဝန်တိုမှု-မစ္ဆရိယကလဲ ဘာမျှအကျိုးမရှိဘူး၊ မျက်မှောက်မှာ စိတ်မချမ်းမသာ ဖြစ်ရသည့်ပြင် နောင်ဘဝ တွေမှာလဲ မကောင်းကျိုးတွေ ခံစားရခြင်း၏ အကြောင်းသာ ဖြစ်တယ်၊ ဒါကြောင့် ယုတ်မာတဲ့တရားပဲ၊ ဒါကြောင့် ဒီသုတ် တရားတော်မှာ မနာလိုတဲ့ ဣဿာလဲ ယုတ်မာသည်၊ ဝန်တိုတဲ့ မစ္ဆရိယလဲ ယုတ်မာသည်—လို့ ဟောထားတာပဲ။ ဒီယုတ်မာတဲ့ ဣဿာနဲ့ မစ္ဆရိယကြောင့် ကာမဘုံက သတ္တဝါတွေဟာ ချမ်း သာချင်ကြပေမဲ့ မချမ်းသာပဲ ဆင်းရဲနေကြရတဲ့အကြောင်းကို သက္ကပဉှသုတ်မှာလဲ မြတ်စွာဘုရားက သိကြားမင်း၏ အမေးကို

ဖြေရှင်းသော အားဖြင့် ဟောကြား ထားပါတယ်။ အဲဒါကို ဘုန်းကြီးက ဒီလို တရားဆောင်ပုဒ်စီထားတယ်။

> ကာမဘုံသား၊ နတ်လူများတို့၊ ကောင်းစားပြည့်ဝ၊ ဘေးရန်ပ-လျက်၊ အေးမြချမ်းသာ၊ နေလိုပါလည်း၊ ဣဿာ မစ္ဆေ၊ သူ့ရှုပ်ပွေ၍၊ ထင်ခြေ မကျ၊ ဆင်းရဲ ရတည့်-တဲ့။

ကာမဘုံက နတ်တွေ လူတွေ ဒိပြင်သတ္တဝါတွေရော အားလုံးပင် ကောင်းစား ချမ်းသာစွာ နေလိုကြတယ်၊ ဘေးရန် အန္တရာယ်ကင်းပြီး အေးမြချမ်းသာစွာ နေလိုကြတယ်၊ အဲဒီလို နေချင်ကြပေမယ့်လို့ ဘေးရန်အန္တရာယ်တွေနဲ့ မကြာခဏတွေ့ပြီး ဆင်းရဲနေကြရတယ်၊ အဲဒါ ဘာကြောင့်ပါလဲလို့ သိကြားမင်းက မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။ အဲဒီတော့ မြတ်စွာဘုရားက ဣဿာနဲ့မစ္ဆရိယ ဆိုတဲ့ သံယောဇဉ်နှောင်ကြိုးကလေးရှိနေလို့ မိမိတို့လိုလားတဲ့အတိုင်းမနေကြရပဲ ဆင်းရဲနေကြရတယ်လို့ ဖြေကြားတော်မူပါတယ်။ အဲဒါကို-

> ကာမဘုံသား၊ နတ်လူများတို့။ပ။အေးမြချမ်းသာ၊ နေလိုပါလည်း၊ ဣဿာ မစ္ဆေ၊ သူ့ရှုပ်ပွေ၍၊ ထင်ခြေ မကျ၊ ဆင်းရဲရတည့်—လို့ ဆောင်ပုဒ်စီထားပါတယ်။

ဣဿာနဲ့ မစ္ဆရိယ ဆိုတဲ့ တရားဆိုးတွေက ရှုပ်နေလို့ ဆင်းရဲနေကြရတယ် တဲ့၊ ဟုတ်တယ်၊ ဣဿာနဲ့ မစ္ဆရိယတွေက သတ္တဝါတွေကို ရန်တိုက်ပေးနေတာပဲ၊ သတ္တဝါတွေကတော့ ချမ်းသာ

ချင်ကြတာပဲ၊ ရန်မဖြစ်ချင်ကြဘူး၊ ဒါပေမယ့် မိမိတို့၏ကိုယ်ထဲမှာရှိနေတဲ့ ဣဿာ မစ္ဆရိယတွေက ရန်တိုက်ပေးနေတာနဲ့ သဘ္ဘာဝါတွေ ဆင်းရဲနေကြရတာတဲ့။ ဣဿာနဲ့ မစ္ဆရိယ ဒီ ၂-ပါးထဲက မစ္ဆရိယ ခန်တိုတယ်ဆိုတာဟာ ခွေးများမှာ အင်မတန်အားကြီးတယ်၊ ခွေးနှစ်ကောင် လိုက်တမ်း ပြေးတမ်း ရင်းရင်းနှီးနှီး ကစားနေကြရာမှာ ထမင်းခဲကလေးတခု ပစ်ချလိုက်ယင်အဲဒီ ထမင်းခဲအပိုင်စီးချင်တဲ့ မစ္ဆရိယဖြင့် တကောင့် တကောင်အချင်းချင်း ကိုက်ကြတော့တာပဲ၊ အဲဒါဟာ ဣဿာနဲ့တွဲဘက်မစ္ဆရိယ ဆိုတဲ့တရားဆိုးက ရန်တိုက်ပေးလို့ အချင်းချင်းကိုက်ပြီးဆင်းရဲ ကြရတာပဲ၊ ဒီဣဿာနဲ့မစ္ဆရိယကြောင့် ဆင်းရဲကြရပုံကို သက္ကပဉ္ဟသုတ် တရားတော်ထဲမှာလဲ ဖော်ပြထားပါတယ်၊ သလ္လေခသုတ် ဒုတိယတွဲမှာတော့ ဒီဣဿာနဲ့မစ္ဆရိယအကြောင်းကို တော်တော်ပြည့်စုံအောင် ဖော်ပြထားပါတယ်၊ ဒါကြောင့်ဒီမှာတော့ထပ်ပြီးအကျယ်မပြတော့ပါဘူး၊ဒါပေမယ့်ဒီဣဿာနဲ့မစ္ဆရိယကြောင့် သာသနာ့အန္တရာယ်အထိဖြစ်နိုင်ပုံကို နည်းနည်းတော့ ဖော်ပြပါဦးမယ်၊ အဲဒါဟာ သတိသံဝေဂ ရကြဖို့ပါပဲ။

တရားအမွေကို အလေးမပြုပဲ ပစ္စည်း အမွေလောကီသာအလေးပြုခံယူနေကြတဲ့ ပုဂ္ဂိုလ်များက မိမိတို့ထက် ကြည်ညိုဖွယ်ကောင်းတဲ့ ရဟန်းတော်များကို မိမိတို့၏ နယ်ပယ် အတွင်းမလာရောက် မနေထိုင်စေချင်ကြဘူး၊ ကျောင်းထိုင်ဘုန်းကြီးမရှိတဲ့ကျောင်းမှစ ဒါယကာများက ဘုန်းကြီးအသစ်ပင့်ထားဖို့ဩဝါဒခံယူတောင်းပန်ယင် တရားအမွေ အလေးပြုတဲ့ ပုဂ္ဂိုလ်

ဖြစ်ပါက ဝိနည်းအလေးပြုတဲ့ ပုဂ္ဂိုလ် ပရိယတ် ပဋိပတ်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်ပင့်ဖို့ ညွှန်ကြားဖွယ်ရှိတာပဲ၊ ဒါပေမယ့် တချို့က ဝိနည်းအလေးပြုတဲ့ ဂိုဏ်း ဂဏထဲက ပုဂ္ဂိုလ်ကို အလိုမရှိကြဘူး၊ ဿမထ ဝိပဿနာဘက်က ထိထိရောက်ရောက် ကျင့်သုံး ဟော ပြောနေတဲ့ပုဂ္ဂိုလ်လဲ အလိုမရှိကြဘူး၊ အဲဒါဟာ မိမိထက် သာ တာကို မနာလိုတဲ့ ဣဿာနဲ့ မိမိနဲ့စပ်ဆိုင်တဲ့ ဒကာ ဒကာမတွေ တပည့်တွေ အခြားပုဂ္ဂိုလ်ထံ ရောက်သွားမှာ စိုးရိမ်ဝန်တိုတဲ့ မစ္ဆရိယကြောင့်လို့ ဆိုရမှာပဲ။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ကို အလေးပြုတဲ့ ပုဂ္ဂိုလ်ဆိုယင်တော့ မိမိကိုယ် တိုင်လဲ ပရိယတ်ဘက်ကရော ပဋိပတ်ဘက်ကရော ပြည့်စုံသင့် သမျှ ပြည့်စုံအောင် သတ်ပြုသင့်တာပဲ၊ မိမိ၏ တပည့်ပရိသတ် တွေမှာ အကျိုးများအောင် ကိုယ်တိုင်လဲဟောပြောသင့်တာပဲ၊ သူတပါးက ဟောပြောနေယင်လဲ စွမ်းနိုင်သမျှ ကူညီအား ပေးသင့်တာပဲ၊ အဲဒီလိုဆိုယင် တရားအာမွှကို အလေးပြုရာလဲ ရောက်တယ်၊ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ရာလဲ ရောက် တယ်။

အဲဒီလို ဗုဒ္ဓသာသနာတော်လဲ အကျိုးများစေနိုင်အောင်၊ ယုတ်ညံ့တဲ့ အကုသိုလ်တရားတွေလဲ အမြစ်ပြတ်ကင်းငြိမ်းအောင် ဓိသုတ်မှာ မြတ်စွာဘုရားက ချွေ့မောပြီး တိုက်တွန်းထားတဲ့ အတိုင်း တရားအမွေလဲရအောင် ကျင့်သုံးခံယူဖို့ရာ အရေးကြီး တယ်၊ အရှင်သာရိပုတ္တရာ၏ ဟောပြချက်အတိုင်း မဂ္ဂင်ရှစ်ပါး အကျင့်ဖြင့် ယုတ်ညံ့တဲ့ ဣဿာ မစ္ဆရိယ စသည်တို့ကိုလဲ အမြစ်

ပြတ် ပယ်ရှားဘို့လိုပါတယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်က လောဘကိုလဲ ပယ်ရန် မစ္ဆရိယကိုလဲ ပယ်ရန် အလယ်လမ်းမှန်အကျင့် ရှိသည်—စသည်ဖြင့် ဆက်လက်ပြီး ဖော်ပြထားပါတယ်။ အဲဒါကို ဆိုကြရမယ်။

၄။ မနာလိုတဲ့ လောဘလဲ ယုတ်မာသည်၊ ဝန်တိုတဲ့ မစ္ဆရိယလဲ ယုတ်မာသည်၊ လောဘကိုလဲပယ်ရန်၊ မစ္ဆရိယကိုလဲ ပယ်ရန် အလယ်လမ်းမှန်အကျင့် ရှိသည်—။

ဒီကနောက်ပိုင်းဆောင်ပုဒ်ကတော့ ရှေးကနဲ့ အတူတူပါပဲ။ မဂ္ဂင်ရှစ်ပါးဆိုတဲ့ အလယ်လမ်းအကျင့်ကို မြင်တိုင်းကြားတိုင်း စသည်မှာ မပြတ်ရှုမှတ်ပြီး ရှိရှိသေသေကျင့်ယင် ဝိပဿနာ ဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျတော့ သောတာပတ္တိ မဂ်ဖိုလ် ရောက်တယ်၊ အဲဒီအခါ တတိယအစုံမှာပြခဲ့တဲ့ မက္ခနဲ့ပဠာသ ဆိုတာရယ်၊ ဒီ စတုတ္ထအစုံက လောဘနဲ့ မစ္ဆရိယရယ်၊ ပဌမ အစုံမှာ ပြရမည့် မာယာနဲ့သာဌေယျရယ်-ဒီ ကိလေသာ ၆-ပါး လုံး အမြစ်ပြတ် ကင်းငြိမ်းသွားတယ်လို့ မူလပဏ္ဏာသ အဋ္ဌ- ကထာ (နှာ ၁၇၅)မှာ ပြဆိုထားပါတယ်။ ဒါကြောင့် မနာလိုတဲ့ လောဘနဲ့ ဝန်တိုတဲ့ မစ္ဆရိယ ဆိုတဲ့ ဒီယုတ်မာတဲ့ အကုသိုလ်တွေ အမြစ်ပြတ်ကင်းငြိမ်းသွားအောင် အောက်ထစ် ဆုံး သောတာပတ္တိမဂ်ဖိုလ်အထိ တရားအမွေကို ခံယူကြဖို့ အရေးတကြီးလိုပါတယ် အဲဒီသောတာပတ္တိမဂ်ဖိုလ်ဆိုတဲ့ တရား အမွေကို ရယင် အပါယ်လေးပါးမှလဲ အစဉ်ထာဝရ လွတ်

ပြောက်သွားပါတယ်၊ လူ့ဘဝ နတ်ဘဝမှာဖြစ်ပြီး အိုရ နာရ သေရမည့်ဆင်းရဲတွေလဲ အများဆုံးခုနစ်ဘဝမျှသာ တွေ့ကြုံဖို့ ရှိပါတော့တယ်၊ ခုနစ်ဘဝအတွင်းမှ ရဟန္တာဖြစ်ပြီး ဆင်းရဲ ခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ဖို့ပဲ ရှိပါတော့တယ်၊ ဒါ့ကြောင့် ဘုန်းကြီးတို့က အောက်ထစ်ဆုံး အဲဒီ သောတာပတ္တိမဂ်ဖိုလ် တရားအမွေရအောင် ခံယူကြဖို့ အထူးတိုက်တွန်း ညွှန်ကြား နေကြတာပါပဲ၊ ယခု ဒီမှာ ယောဂီတွေလဲ အဲဒီ တရားအမွေ တွေကို ခံယူရရှိဖို့ အားထုတ်နေကြတာပါပဲ။ ယခု ပဉ္စမအစုံကို ဆက်ပြောရမယ်။

## ပယ်သင့်တာနှင့် ပယ်ရန် အကျင့် (၅)

အာဝုသော- ငါ့ရှင်တို့၊ ကတြ- ငါဟောပြခဲ့သော ထို စကားထဲ၌၊ (ပရိယာပန္နာ- ပါဝင်သော)၊ မာယာ စ- ကိုယ့် အပြစ်ကို ဖုံးကွယ်လှည့်စားတဲ့ မာယာသည်လည်း၊ ပါပိကာ- ယုတ်မာ၏၊ သာဌေယျဉ္စ မရှိတဲ့ဂုဏ်နဲ့ ငါကြွားစဉ်းလဲတဲ့ သာ ဌေယျသည်လည်း၊ ပါပကံ-ယုတ်မာ၏၊ မာယာယ စ ပဟာနာ ယ- မာယာကိုလဲပယ်ရန်၊ သာဌေယျဿ စ ပဟာနာယ- သာ ဌေယျကိုလဲပယ်ရန်၊ အတ္ထိ ဓမ္မော ပဋိပဒါ- အသယ်လမ်းမှန် အကျင့်ရှိပါသည်· စသည်ဖြင့် ဟောပြထားပါတယ်။

## မာယာနှင့် သာဌေယျ

မာယာဆိုတာ လှည့်စားတာပဲ၊ ကိုယ့်အပြစ်ကို သူများ မသိရအောင် ဖုံးကွယ်ပြီး လှည့်စားတာ၊ မိမိမှာ အပြစ်ရှိ

သယောင် အပြစ်ကင်းပြီး စင်ကြယ်သယောင် ဟန်ဆောင်လှည့်ဖြားတာပဲ။ အဲဒီမာယာလဲ ယုတ်မာတယ်တဲ့။

သာဌေယျဆိုတာကတော့ ကိုယ့်မရှိတဲ့ဂုဏ်နဲ့ ရှိသယောင်ဆောင်ပြီး ကောက်ကျစ်စဉ်းလဲတဲ့ သဘောပဲ။ သီလမရှိပဲနဲ့ ရှိသယောင် ဆောင်တယ်၊ စာပေကျမ်းဂန် မတတ်မသိပဲနဲ့ တတ်သိယောင်ဆောင်တယ်၊ နားမလည်ပဲနဲ့ နားလည်ယောင် ဆောင်တယ်၊ ဓုတင်အကျင့်ကို မကျင့်ပါပဲနဲ့ ကျင့်ယောင် ဆောင်တယ်၊ သမာဓိအကျင့်ကို မကျင့်ပါပဲနဲ့ ကျင့်ယောင် ဆောင်တယ်၊ ဈာန်မရပါပဲနဲ့ ရယောင်ဆောင်တယ်၊ အကြားအမြင် မပေါက်ပါပဲနဲ့ အကြားအမြင်ပေါက်ယောင် ဆောင်တယ်၊ သူတပါးစိတ်ကို မသိပါပဲနဲ့ သိယောင် ဆောင်တယ်၊ တခါက ကိုယ်တော်တပါးက တရားဟောနေယင်း ဟိုအနားက ဒကာမကြီးတွေ စိတ်အပြင်ထွက်နေတယ်၊ မထွက်စေနဲ့လို့ ပြောသတဲ့။-လူတွေဟာ အများအားဖြင့် စိတ်ပျံ့လွင့်နေတာက များတာပဲ၊ အဲဒီတော့ စိတ်ပျံ့လွင့်နေတဲ့ ဒကာမကြီးတွေက ငါ့ကို ပြောတာပဲ။ ငါ့စိတ်ပျံ့လွင့်နေတာ သိတဲ့ကိုယ်တော်ပဲလို့ ထင်ပြီး ကြည်ညိုကြသတဲ့။ တရားရှာနေတဲ့သူက လက်လှုပ်ယင် ဟာ-လက်ဆီကိုစိတ်မရောက်စေနဲ့လို့ ဒီလိုလဲပြောသတဲ့။ အဲဒီလိုပြောတော့လဲ ငါ့စိတ်သိပြီးပြောတယ်လို့ ထင်ပြီး ကြည်ညိုကြပါသတဲ့။ အဲဒီလို မရှိတဲ့ဂုဏ်ကို ဟန်ဆောင်ပြတာလဲ ကောက်ကျစ်စဉ်းလဲတဲ့ သာဌေယျပဲ။ နောက်ပြီးတော့ စိတ်ကောင်း နှလုံးကောင်း မရှိပါပဲနဲ့ စိတ်ကောင်းနှလုံးကောင်းရှိသယောင်

ဟန်ဆောင်တယ်၊ အမှတ်သတိ မပြည့်စုံပါပဲနဲ့ ပြည့်စုံသယောင်၊ သမာဓိဉာဏ် မကောင်းပါပဲနဲ့ ကောင်းသယောင်၊ တရားထူး မပြည့်စုံပါပဲနဲ့ ပြည့်စုံသယောင်၊ အရိယာမဟုတ်ပါပဲနဲ့ အရိယာ ဖြစ်နေသယောင်၊ ရဟန္တာဖြစ်နေသယောင် ဒီလို ဟန်ဆောင်နေတာတွေလဲ ကောက်ကျစ်စဉ်းလဲတဲ့ သာဌေယျပဲ။ ဒီ သာဌေယျကလဲ အင်မတန် ယုတ်မာတာပဲ။ ဘော်ဒတော်ဆိုးဝါးတဲ့ အကုသိုလ်တရားပဲ။

ဒီသာဌေယျက ယုတ်မာသလိုပင် ခုဏကပြောခဲ့တဲ့ မာယာကလဲ ယုတ်မာတာပဲ၊ ကိုယ့်အပြစ်ကို သူများမသိရအောင် အပြစ်ကင်းသယောင် ဟန်ဆောင်ပြဆိုနေတာလဲ အလွန် ယုတ်မာတာပဲ။ အဲဒီယုတ်မာတဲ့ မာယာနဲ့ သာဌေယျကို ပယ်ဖို့ အကျင့်လမ်းမှန်လဲ ရှိပါတယ် တဲ့၊ ဘာလဲဆိုတော့ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ အလယ်လမ်းအကျင့်ပါပဲ။ ယခု ဒီမှာ မပြတ်ရှုမှတ်နေကြရတာဟာ အဲဒီ မဂ္ဂင်ရှစ်ပါးအကျင့်ပါပဲ။ မရှုမမှတ်လို့ ရှိယင် မိမိအပြစ်ကို ဖုံးလွှမ်းလျှည့်စားတဲ့သဘောလဲ ဖြစ်နိုင်တယ်။ မရှိတဲ့ဂုဏ်ဖြင့် ဟန်ဆောင် ပ,လွှား ဝါကြွားချင်တဲ့ သဘောလဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် ပုဂ္ဂိုလ်တိုင်းမှာတော့ ဒီမာယာ သာဌေယျက မဖြစ်တတ်ပါဘူး၊ ဘဝအဆက်ဆက်က အထုံဝါသနာ အကျင့်ပါလာကဲ့ သူတွေမှာတော့ ဒီမာယာနဲ့ သာဌေယျက အဖြစ်များတတ်တယ်၊ တရားကျင့်တဲ့ အခါမှာ ဒီမာယာနဲ့ သာဌေယျက ကင်းဖို့လိုပါတယ်။ ဒါကြောင့်

မြတ်စွာဘုရားက—

ဘုရားက သန့်ရှင်းသူကို ဖိတ်ခေါ်ပုံ

တေ ဝိညူ ပုရိသော အသဌော အမာယာဝီ ဥဇုဇာတိ· ကော၊ အဟမနုသာသာမိ၊ အဟံ ဓမ္မံ ဒေသေမိ· စသည်ဖြင့် ဖိတ်ခေါ်တော်မူပါတယ်။

အသဌော အမာယာဝီ· သာဌေယျနှင့် မာယာ ကင်းသည် ဖြစ်၍၊ ဝါ· ကြွားဝါခြင်းနှင့် လှည့်စားခြင်းကင်းသည်ဖြစ်၍၊ ဥဇုဇာတိကော· စိတ်သဘောထား ဖြောင့်မတ်သော၊ ဝိညူ· သိနားလည်ခြင်းရှိသော၊ ပုရိသော· ယောကျာ်းသည်၊ ဧတု· လာပါစေ၊ အဟံ အနုသာသာမိ· ငါက ဆုံးမညွှန်ကြားပေးမယ်၊ အဟံ ဓမ္မံ ဒေသေမိ· ငါက ကျင့်နည်းတရားကို ဟော ပြပေးမယ်၊ယထာနုသိဋ္ဌံ-ဆုံးမညွှန်ကြားပေးသည့်အတိုင်း ကျင့် လျှင် အကြာဆုံး (၇) နှစ်အတွင်း အမြန်ဆုံး (၇) ရက် အတွင်း အကျင့်မြတ်၏ အဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်ကို ကိုယ်တိုင် တွေ့သိပြီး နေရပါလိမ့်မယ်·လို့ ဒီလို ဖိတ်မန်တော် မူပါတယ်။ (သုတ်ပါထေယျ နှာ ၄၅-၆)

တရားကို တကယ်အားထုတ်မည့်သူ ဆိုယင် မိမိအပြစ်ကို ဖုံးကွယ်လှည့်စားတဲ့မာယာလဲ ကင်းဖို့လိုပါတယ်၊ မရှိတဲ့ဂုဏ်ဖြင့် ကြွားဝါစဉ်းလဲတဲ့ သာဌေယျလဲ ကင်းဖို့လိုပါတယ်၊ အဲဒီ မာယာနှင့် သာဌေယျဆိုတဲ့ မဖြောင့်မတ်တဲ့ သဘောကင်းမှ ဆရာသမားက အချိုးတကျဆုံးမညွှန်ကြားပေးနိုင်တယ်၊အချိန် ပြည့် မရှုမမှတ်ပဲ ချွတ်ယွင်းနေတာတို့ စကားပြောနေတာတို့·

အိပ်ချိန်မဟုတ်ပဲ အိပ်နေတာတို့ ဒီလိုအပြစ်တွေကို ဆရာမသိအောင် ဖုံးကွယ်လှည့်စားတဲ့ မာယာရှိနေယင် ဆရာက အချိန်ပြည့် ရှုမှတ်ဖို့ မညွှန်ကြားနိုင်ဘူး၊ အဲဒီတော့ ရောဂါတွေ ရှိနေပါလျက် မရှိသလို ပြောနေတဲ့လူမမာကို ဆေးဆရာက သင့်တော်တဲ့ဆေးကို မပေးနိုင်တာလိုပဲ ကမ္မဋ္ဌာန်းဆရာက ယောဂီ၏ ချွတ်ယွင်းချက်ကို ပြုပြင်မပေးနိုင်ဘူး၊ အဲဒီတော့ သင့်တော်တဲ့ ဆေးကို မမှီဝဲရလို့ ရောဂါမပျောက်တာလိုပဲ ယောဂီမှာလဲ သမာဓိဉာဏ် မတိုးတက်ပဲ ရှိနေတတ်တယ်။

နောက်ပြီးတော့ အမှတ်မကောင်းပဲနဲ့ အမှတ်ကောင်းသယောင် အသိဉာဏ်မဖြစ်ပဲနဲ့ ဖြစ်သယောင် ပြောပြီး စဉ်းလဲတဲ့ သာဌေယျရှိနေယင်လဲ ကမ္မဋ္ဌာန်းဆရာက အချိုးတကျ ညွှန်ကြားမပေးနိုင်ဘူး။ အဲဒီတော့လဲ ကျန်းမာသယောင် ပြောနေတဲ့ လူမမာကို ဆေးဆရာက ဆေးမပေးပဲထားလို့ ရောဂါ မပျောက်သလိုပင် ယောဂီမှာလဲ တရားမတိုးတက်ပဲ နေတတ်တယ်၊ ဒါကြောင့် မာယာနဲ့ သာဌေယျ ကင်းပြီး စိတ်နေသဘောထား ဖြောင့်မတ်ဖို့ အလွန်ပင် အရေးကြီးပါတယ်။ ဒီ ကဲ ဆောင်ပုဒ်ကို ဆိုကြရမယ်။

၅။ ကိုယ့်အပြစ်ကို ဖုံးကွယ်လှည့်စားတဲ့ မာယာလဲ ယုတ်မာသည်၊ မရှိတဲ့ဂုဏ်နဲ့ ဝါကြွားစဉ်းလဲတဲ့ သာဌေယျလဲ ယုတ်မာသည်၊ မာယာကိုလဲ ပယ်ရန် သာဌေယျကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့်ရှိသည်။

[ဒုတိယအကြိမ်]

အဲဒီကနောက် ဆောင်ပုဒ်ကတော့ ရှေးကအတိုင်းပါပဲ၊ မာယာနဲ့ သာဌေယျကို ပယ်ဖို့ အလယ်လမ်းမှန် အကျင့်ဆိုတာ မဂ္ဂင်ရှစ်ပါးအကျင့်ပါပဲ၊ ယခု ဒီကယောဂီတွေ ဖောင်းတာ ပိန်တာမှ စပြီး မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေ၏ အဖြစ်အပျက်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း တွေ့သိရအောင် ရှုမှတ်ပြီး ပွားများရတဲ့ မဂ္ဂင်ရှစ်ပါးတွေပါပဲ၊ အဲဒီလိုရှုမှတ်ပြီး အနိစ္စစသည်ဖြင့် အမှန်အတိုင်းသိနေယင် အဲဒီသိရသမျှ အာရုံတွေနဲ့ စပ်ပြီး မာယာဆိုတဲ့ လှည့်စားမှုလဲ ဖြစ်ခွင့်မရှိဘူး၊ သာဌေယျဆိုတဲ့ ဝါကြွားစဉ်းလဲမှုလဲ ဖြစ်ခွင့်မရှိဘူး၊ အကယ်၍ မရှုမိတဲ့ အာရုံနဲ့ စပ်ပြီး ဖုံးကွယ်လှည့်စားချင်တာ၊ ဝါကြွား စဉ်းလဲချင်တာ ဖြစ်လာယင်လဲ ရှုမှတ်ပြီး ပယ်သွားဖို့ပါပဲ၊ အဲဒီလို ရှုမှတ်နေယင်း သမာဓိဉာဏ်အားကောင်းပြီး ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါကျတော့ လှည့်စားမှု၊ ကောက်ကျစ်စဉ်းလဲမှုဟူသမျှတွေဟာ သူ့အလိုလိုကင်းပြီး စိတ်ဟာ အထူးစင်ကြယ်လာတတ်ပါတယ်။ အဲဒီလို စိတ်ဖြောင့်မတ်ပုံနဲ့ စပ်ပြီး တခါက အမျိုးသမီးယောဂီတယောက်က ဒီလို ထုတ်ဖော်ပြီး ပြောဘူးတယ်။

သူဟာ အယင်က သူ့ခင်ပွန်းအပေါ်မှာ အနိုင်ယူပြီးမတော်မသင့်တာတွေကို ပြောခဲ့ဘူးပါတယ်၊ ယခုတော့ တရားရှုမှတ်နေယင်း အဲဒါတွေကို အပြစ်မြင်လာပါတယ်၊ နောင်တော့ ဒီလို မတော်တာကို မပြောတော့ မပြုတော့ပါဘူးလို့ ဖြောင့်မတ်တဲ့

စိတ်အနေအထားဖြစ်ပြီး ဝန်ခံပြောပြဘူးပါတယ်၊ အဲဒါဟာ မဂ္ဂင်ရှစ်ပါး အလယ်လမ်းအကျင့်ကြောင့် ကောက်ကျစ်စဉ်းလဲမှု ကင်းငြိမ်းသွားတဲ့ အခြင်းအရာပါပဲ။ ဒီမဂ္ဂင်ရှစ်ပါးအကျင့်က သိပ်ကောင်းတာ၊ ရှေ့ပိုင်းကဖော်ပြခဲ့တဲ့ ယုတ်မာသော အကုသိုလ်တွေလဲ ကင်းငြိမ်းစေ နိုင်တာပဲ၊ သတ္တဝါတွေ ဆင်းရဲကြောင်းဖြစ်တဲ့ ဣဿာနဲ့ မစ္ဆရိယကိုလဲ ကင်းငြိမ်းစေနိုင်တယ်၊ ကျေးဇူးရှင်ကိုပြစ်မှားတဲ့ မက္ခနဲ့ ပဠာသကိုလဲ ကင်းငြိမ်းစေနိုင်တယ်။ မိမိ၏ဂုဏ်သိက္ခာကို ချက်ချင်းပင် ပျက်စီးကျဆင်းစေတဲ့ ကောဓနဲ့ ဥပနာဟကိုလဲ ကင်းငြိမ်းစေနိုင်တယ်။ သံသရာရှည်လျားစေတဲ့လောဘတဏှာကိုလဲ ကင်းငြိမ်းစေနိုင်တယ်။ ကျန်တဲ့ ထမ္ဘ သာရမ္ဘ မာန စသည်တို့ကိုလဲ ကင်းငြိမ်းစေ နိုင်တယ်။ အင်မတန် မြင့်မြတ်ကောင်းမွန်တဲ့ အကျင့်ပဲ၊ ယခု ဒီမဂ္ဂင်ရှစ်ပါး အကျင့်ကို ကျင့်နေကြရတာဟာ အလွန်ပင် ဝမ်းမြောက်စရာပဲ။ ယခု ထမ္ဘနဲ့ သာရမ္ဘ ဆိုတဲ့ ဆဋ္ဌအစုံကိုဟောရမယ်။

## ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၆)

အာဝုသော-ငါ့ရှင်တို့၊ တတြ-ငါဟောပြခဲ့သော ထိုစကားထဲ၌၊ (ပရိယာပန္နော-ပါဝင်သော)၊ ထမ္ဘော စ- မကိုင်းညွတ်မရှိသေနိုင်တဲ့ ထမ္ဘသည်လည်း၊ ပါပကော- ယုတ်မာ၏၊ သာ-ရမ္ဘော စ- နှိမ်ချိုးရန် သူ့ထက် ကျော်အောင်ပြုတဲ့ သာရမ္ဘသည်လည်း၊ ပါပကော-ယုတ်မာ၏၊ ထမ္ဘဿ စ ပဟာနာယ-ထမ္ဘကိုလဲ ပယ်ရန်၊ သာရမ္ဘဿ စ ပဟာနာယ- သာရမ္ဘကိုလဲ

ပယ်ရန်၊ အတ္တိ မဇ္ဈိမာ ပဋိပဒါ· အလယ်လမ်းမှန် အကျင့်ရှိပါသည် စသည်ဖြင့် ဟောထားပါသည်။

## ထမ္ဘနှင့် သာရမ္ဘ

မကိုင်းညွတ် မရိုသေနိုင်တဲ့ ထမ္ဘလဲ ယုတ်မာသည်တဲ့၊ ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်ကို မကိုင်းညွတ်နိုင်အောင် မရိုသေနိုင်အောင် တောင့်တင်းနေတဲ့ မာနကို ထမ္ဘလို့ ခေါ်တယ်။ ဒီမာနက ရိုသေထိုက်တဲ့သူ၏ အနီးရောက်ပေမယ့်လို့ မရိုသေနိုင်ဘူး၊ မိမိကိုယ်ကိုလဲ တိုင်ကြီးများလိုပင် တောင့်နေစေတတ်တယ်၊ ကိုယ်ဖြင့်လဲ မရိုသေ ကိုင်းညွတ် နိုင်တာ နှုတ်ဖြင့်လဲ မရိုသေနိုင်တာဟာ ဒီမာနကြောင့်ပါပဲ။ ဘုရားဆင်းတုတော်၊ စေတီတော်တို့ သံဃာတော်တို့ အသက်ကြီးသူတို့ ဒီလိုရိုသေထိုက်တဲ့ အရာတွေ၏ အနီးအပါးရောက်ယင် ကိုယ်ဖြင့်လဲ ကိုင်ညွတ်ပြီးရိုသေရတယ်။ နှုတ်ဖြင့်လဲ အရိုအသေ ပြောဆိုရတယ်၊ ဒီထမ္ဘ ဆိုတဲ့ မာနရှိနေတဲ့သူကတော့ ကိုယ်ဖြင့်လဲ ခေါင်းငုံ့ခြင်း၊လက်အုပ်ချီခြင်း စသည်ဖြင့် အရိုအသေမပြုနိုင်ဘူး၊ တောင့်ပြီးနေတယ်။ နှုတ်ဖြင့်လဲ ကန်တော့ပါ၏၊ ရှိခိုးပါ၏-စသည်ကို ပြောဆိုပြီး အရိုအသေမပြုနိုင်ဘူး။ ငါတို့နဲ့မထူးပါဘူး၊အရိုအသေပေးစရာ မလိုပါဘူးလို့ နှလုံးသွင်းပြီး ရိုသေကိုင်းညွတ်ခြင်း မရှိတာဟာ ထမ္ဘာပါပဲ။ ဒါကလဲ ရိုသေထိုက်တဲ့ဘုရားကိုတောင် မရိုသေလို့ ယုတ်မာတာပဲ၊ ပယ်သင့်တာပဲ။

နောက်ပြီးတော့ နှိမ်ချိုးရန် သူ့ထက် ကျော်အောင် ပြုတဲ့ သာရမ္ဘလဲ ယုတ်မာသည် တဲ့၊ ဒါကတော့ သူ့ထက်သာအောင်

ပြုလုပ်ပြောဆိုပြီး သူတပါးကိုနှိမ်ချိုးတဲ့ သဘောပါပဲ။ သူက တခုလုပ်ယင် ငါက ၂-ခု လုပ်မယ်၊ သူက တခွန်းပြောယင် ငါက ၂-ခွန်းပြောမယ်၊ သူကတထောင်တသောင်း အကုန်အကျခံပြီး အခမ်းအနားကိုလုပ်ယင် ငါက ၂-ထောင် ၂-သောင်း အကုန်အကျခံပြီး အခမ်းအနားကို လုပ်မယ် စသည်ဖြင့် သူ့ထက် ကျော်အောင် လုပ်ချင်တဲ့ မာနတမျိုးပါပဲ။ ဒါပေမယ့် ကုသိုလ်ဘက်ကတော့ လုပ်သင့်တာလဲ ရှိပါသေးတယ်။ ဒါန ပြုရာမှာဖြစ်စေ၊ သီလကျင့်ရာမှာဖြစ်စေ၊ သူက ဒါလောက်လှူတာဟာ သိပ်ကောင်းတာပဲ၊ ငါကတော့ ဒါထက်ပိုပြီး လှူသင့်တာပဲလို့ စေတနာကောင်းဖြင့် နှလုံးသွင်းပြီး သူများထက်ပိုလှူတာလဲရှိတယ်၊ သူတောင်မှ ငါးပါးသီလ စောင့်နိုင်သေးတာပဲ၊ ငါကတော့ ဒါထက်ပိုပြီး စောင့်သင့်တာပဲလို့ စေတနာကောင်းဖြင့် ဗြဟ္မာစရိယပဉ္စမသီလ ဖြစ်စေ၊ ဝိကာလဘောဇန ကြဉ်တာနှင့်တကွ ဆက္ကသီလဖြစ်စေ၊ ရှစ်ပါးသီလ ဖြစ်စေ စောင့်ရှောက်တာလဲရှိတယ်။ ရှစ်ပါးသီလကို သူက တလလျှင် ၂-ကြိမ် စောင့်ပါက ငါက ၄-ကြိမ် စောင့်မယ် စသည်ဖြင့် မိမိမှာ ကုသိုလ်ဖြစ်ပွားရေးကိုသာ ပဓာနပြုပြီး ကျင့်တာလဲရှိတယ်၊ တရားရှုမှတ်ကျင့်သုံးရာမှာလဲ သူတောင်မှ တလ အား ထုတ်နိုင်သေးယင် ငါက ၂-လ အားထုတ်မယ် စသည်ဖြင့် စေတနာကောင်းနဲ့ နှလုံးသွင်းပြီး တရားရှုမှတ်အားထုတ်တာလဲ ရှိပါတယ်။ ဒီလိုကုသိုလ်ဖြစ်ပွားရေးကိုသာ ပဓာနပြုပြီး သူများ ထက်သာပြီး ဒါန သီလ ဘာဝနာ ကုသိုလ်ကို ပွားစေတာ

ကတော့ ပြုသင့် ပြုထိုက်တဲ့ ကုသိုလ်အလုပ်ပါပဲ၊ အပြစ်မရှိပါဘူး။

အဲဒီလို စေတနာကောင်းနဲ့မဟုတ်ပဲ သူတပါးက တထောင်ဖိုး တသောင်းဖိုး လှူရာမှာ အဲဒီလှူသူ၏ဂုဏ် တိမ်မြုပ်သွားအောင်၊ နောက်ထပ် ဒီလိုအလှူမျိုးကိုမလှူရဲအောင် မတော်မသင့်ကြံစည်ပြီးတော့ နှစ်ထောင် သုံးထောင်ဖိုး နှစ်သောင်း သုံးသောင်းဖိုး စသည်ဖြင့် သူ့ထက်ကျော်ရေးကိုသာ အလေးပြုပြီး လှူဒါန်းတာမျိုးကတော့ သာရမ္ဘသဘော ရှိတာပါပဲ။ သူတပါးဂုဏ် ကျသွားအောင် နှိမ်ချိုးတဲ့အနေနဲ့ ပြုယင်တော့ သာရမ္ဘပဲ၊ အဲဒါဟာ သူတပါးကို နှိမ်ချိုးလိုသောကြောင့် ယုတ်မာတဲ့ အကုသိုလ်ပါပဲ၊ အဲဒီ သာရမ္ဘကိုလဲ ပယ်ဖို့လိုပါတယ်။ အဲဒီဇဆောင်ပုဒ်ကို ဆိုကြရမယ်။

၆။ မကိုင်းညွတ် မရိုသေနိုင်တဲ့ ထမ္ဘလဲ ယုတ်မာသည်၊ နှိမ်ချိုးရန် သူ့ထက်ကျော်အောင် ပြုတဲ့ သာရမ္ဘလဲ ယုတ်မာသည်၊ ထမ္ဘကိုလဲ ပယ်ရန်၊ သာရမ္ဘကိုလဲ ပယ်ရန်၊ အလယ်လမ်းမှန် အကျင့်ရှိသည်....။

ယခု ဒီမှာ ဖော်ပြတာ ပိန်တာကစပြီး မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာ သမျှကို မပြတ်ရှုမှတ်နေကြတာဟာ ဒီထမ္ဘနဲ့ သာရမ္ဘကို ကင်းငြိမ်းစေ

နိုင်တဲ့ မဂ္ဂင်ရှစ်ပါး အလယ်လမ်းမှန် အကျင့်တရားကို ပွားနေ ကြတာပါပဲ၊ ယခုလောလောဆယ်မှာတော့ စိတ်ကောင်းနှလုံး ကောင်းနဲ့ တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီ ထမ္ဘနဲ့ သာရမ္ဘ ဖြစ်ဖွယ်မရှိပါဘူး၊ ဒါပေမယ့် အရဟတ္တမဂ် မရောက် သေးယင် တချိန်ချိန်တော့ ဖြစ်နိုင်ခွင့် ရှိနေသေးတာပဲ၊ အဲဒီ ဖြစ်နိုင်ခွင့်ရှိနေတဲ့ ထမ္ဘနဲ့သာရမ္ဘကို အမြစ်ပြတ်ပယ်နိုင်အောင် ရှုမှတ်နေကြရတာပါပဲ။ ဒီမရှိသေးနိုင်တာနဲ့ သူ့ထက် ကျော အောင် ပြိုင်ချင်တာ ဆိုတဲ့ မာန-က သူတော်ကောင်း တွေမှာ ဖြစ်ခဲမည့် သဘောပါပဲ၊ ဒါပေမယ့် ဒါက အရဟတ္တမဂ်ကျမှ ကင်းငြိမ်းတယ် ဆိုတော့ ကင်းငြိမ်းခဲတဲ့တရားပဲ၊ အကယ်၍ အဲဒီ မရှိသေးတဲ့စိတ် သူ့ထက် ကျော်လိုတဲ့စိတ် ဖြစ်လာယင် ရှုမှတ်ပြီး ပယ်သွားရုံပါပဲ၊ ယခု သတ္တမအစုံကို ဟောရမယ်။

## ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (၇)

အာဝုသော- ငါ့ရှင်တို့၊ ဣတြ-ငါဟောပြခဲ့သော ထိုစကား ထဲ၌၊ (ပရိယာပန္နော- ပါဝင်သော)၊ မာနော စ- အထင် ကြီးတဲ့ မာနသည်လည်း၊ ပါပကော- ယုတ်မာ၏၊ အတိမာ- နော စ- ဘဝင်မြင့်တဲ့ အတိမာန သည်လည်း၊ ပါပကော- ယုတ်မာ၏၊ မာနဿ စ ပဟာနာယ- မာနကိုလဲပယ်ရန်၊ အတိ မာနဿ စ- ပဟာနာယ- အတိမာနကိုလဲပယ်ရန်၊ အတ္ထိ မဇ္ဈိမာ- ပဋိပဒါ- အလယ်လမ်းမှန် အကျင့်ရှိပါသည်။

[ဒုတိယအကြိမ်]

## မာနနှင့် အတိမာန

မာန ဆိုတာ အကြောင်းအရာဂုဏ် တခုခုကိုမှီပြီး အထင်ကြီးတဲ့ သဘောပါပဲ၊ အမျိုးအနွယ်ကိုဖြစ်စေ၊ စီးပွားဥစ္စာကို ဖြစ်စေ၊ အခြွေအရံကိုဖြစ်စေ၊ အရေအဆင်းကိုဖြစ်စေ၊ အသိအလိမ္မာကိုဖြစ်စေ ဂုဏ်ယူပြီး မိမိကိုယ်ကို အထင်ကြီးတာဟာ မာနပါပဲ၊ ဒီမာနက (၁) သေယျမာန်၊ (၂) သဒိသမာန်၊ (၃) ဟီနမာန်လို့ အကျဉ်းချုပ်အားဖြင့် ၃-ပါးရှိတယ်။ အဲဒီ ၃-ပါးထဲက (၁) သေယျမာန်ဆိုတာ အမျိုးအနွယ်စသော ဂုဏ်ဖြင့် မိမိက သူများထက် မြင့်မြတ်တယ်လို့ အထင်ကြီးတာပါပဲ၊ အဲဒါဟာ ထင်တဲ့အတိုင်း ဟုတ်ယင် ယာထာဝမာန် ခေါ်တယ်၊ ထင်တဲ့အတိုင်း မဟုတ်ယင်တော့ အယာထာဝမာန် ခေါ်တယ်။ သောတာပတ္တိမဂ်ရောက်ယင် အဲဒီမဟုတ်ပဲ အထင်ကြီးတဲ့ အယာထာဝမာန် ကင်းငြိမ်းတယ်၊ ဟုတ်မှန်တဲ့ဂုဏ်နဲ့ အထင်ကြီးတဲ့ ယာထာဝမာန် ကတော့ အရဟတ္တမဂ်ကျမှ ကင်းငြိမ်းတယ်။

(၂) သဒိသမာန် ဆိုတာ အမျိုးအနွယ် စသော ဂုဏ်တပါးပါးဖြင့် သူ့ဘာပါးနဲ့ မိမိဟာ အတူတူပဲလို့ အထင်ကြီးတာပဲ၊ ဟုတ်မှန်တဲ့ဂုဏ်နဲ့ တန်းတူထင်ယင် ယာထာဝမာန်ပဲ၊ အဲဒါက အရဟတ္တမဂ်ကျမှ ကင်းငြိမ်းတယ်၊ မဟုတ်မမှန်တဲ့ ဂုဏ်နဲ့ တန်းတူထင်တာကတော့ အယာထာဝမာန်ပဲ၊ အဲဒါ ကတော့ သောတာပတ္တိမဂ်ရောက်ယင် ကင်းငြိမ်းတယ်။

[ဒုတိယအကြိမ်]

(၃) ဟီနမာန် ဆိုတာက ဂုဏ်တပါးပါးဖြင့် သူတပါး အောက် ယုတ်ညံ့တဲ့ အနေဖြင့် ထင်မြင်တဲ့ သဘောပါပဲ၊ ဒါကလဲ မိမိကိုယ်ကို အောက်တန်းချပြီး သူတပါးကို ရှိသေတဲ့ သဘောတော့ မဟုတ်ဘူး၊ အဲဒီ ယုတ်ညံ့တဲ့ဂုဏ်နဲ့ပင် ဂုဏ်ယူပြီး အထင်ကြီးတဲ့ သဘောပဲ၊ ဘယ်လိုဟာလဲဆိုယင် ငါက သူတို့လို အမျိုးကြီးအမျိုးမြတ်မှ မဟုတ်ပဲပဲ၊ ဘယ်လိုပဲနေနေ ရပါတယ်၊ ငါက သူတို့လို ဓနရှင်မှမဟုတ်ပဲပဲ၊ ငါက သူတို့လို အရာရှိမှ မဟုတ်ပဲပဲ၊ ငါက သူတို့လို ပညာရှင်မှ မဟုတ်ပဲပဲ၊ ငါက သူတို့လို လူကြီးလူကောင်းမှ မဟုတ်ပဲပဲ၊ ငါက သူတို့လို စာချမထေရ်ကြီးမှ မဟုတ်ပဲပဲ၊ ပုံတော်သလိုနေလို့ ရပါတယ် စသည်ဖြင့် မိမိ၏အောက်တန်းကျတာကိုပင် ဂုဏ်ယူပြီး အထင် ကြီးတာပါပဲ။ အဲဒါလဲ အမှန်အတိုင်း အထင်ရောက်တာက ယာထာဝမာန်ပဲ၊ အဲဒါက အရဟတ္တမဂ်ကျမှ ကင်းငြိမ်းတယ်၊ မဟုတ်ပဲနဲ့ အထင်ရောက်တာကတော့ အယာထာဝမာန်ပဲ၊ အဲဒါကတော့ သောတာပတ္တိမဂ် ရောက်ယင် ကင်းငြိမ်းတယ်။

အတိမာန ဆိုတာကတော့ အလွန်အလွန် အထင်ကြီးတာပါ ပဲ၊ အဲဒါကို ဘဝင်မြင့်တယ်လို့ ဘာသာပြန်ထားပါတယ်၊ သူများတွေကို အလွန်အထင်သေးပြီး မိမိကိုယ်ကို အလွန်အလွန် အထင်ကြီးတဲ့ သဘောပါပဲ၊ မူလက သူတပါးနဲ့ တန်းတူ လောက်သာ အထင်ကြီးခဲ့တယ်၊ နောက်ကျတော့ မိမိက သာ လွန်တယ်၊ အများကြီးသာလွန်တယ်လို့ အထင်ကြီးပြီး ဘဝင် မြင့်ကာပါပဲ၊ လောကရေးဘက်မှာ အခွင့်အထူးကလေးရလာ

[ဒုတိယအကြိမ်]

တာနဲ့ ဒီလို အလွန်အလွန် အထင်ကြီးပြီး ဘဝင်မြင့်နေတာ တွေလဲ များပါတယ်၊ပရိယတ္တိဘက်က စာသင်စာချနေတဲ့ပုဂ္ဂိုလ် တွေ တရားဟောနေတဲ့ ဓမ္မကထိကတွေ ပဋိပတ္တိဘက်က တရား ကျင့်သုံး ဟောပြောနေတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုပုဂ္ဂိုလ်တွေထဲမှာလဲ တချို့က အစပိုင်းမှာ မာနဖြင့် အထင်ကြီးရုံမျှပဲ၊ နောက်ပိုင်း ကျတော့ အလွန်အလွန် အထင်ကြီးပြီး ဘဝင်မြင့်နေတာလဲ ရှိတတ်တယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေက ပြောဟောရာမှာလဲ ဘဝင် မြင့်တဲ့ အပြောအဆိုတွေကို ပြောဆိုလေ့ရှိတတ်တယ်၊ ကျမ်းစာ ရေးရာမှာလဲ ဘဝင်မြင့်တဲ့ အသုံးအနှုန်းတွေကို ရေးသားလေ့ ရှိတတ်တယ်။တရားအားထုတ်နေတဲ့ ယောဂီထဲကတောင် တချို့ က ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ သူများက သူလိုမသိဘူးလို့ ထင်တတ်တယ်၊သူ့ကမ္မဋ္ဌာန်းဆရာကိုတောင် သူသိသလို သိဟန် မတူဘူးလို့ ဒီလိုအထင်ကြီးပြီး ဘဝင်မြင့်သူလဲနည်းနည်းရှိဘတ် သေးတာပဲ။

ယခု မြင်တိုင်း ကြားတိုင် စသည်မှာ မပြတ်လိုက်ပြီး ရှုမှတ် နေကြရတာဟာ အဲဒီ အထင်ကြီးမှု ဘဝင်မြင့်မှုတွေ ဖြစ်ခွင့် မရအောင် အားထုတ်နေကြရတာပဲ၊ နောက်ဆုံးကျတော့ သောတာပတ္တိမဂ် ရောက်ပြီးတော့ အယာထာဝမာန အမြစ် ပြတ် ကင်းငြိမ်းသွားအောင် အရဟတ္တမဂ် ရောက်ပြီးတော့ ယာထာဝမာနလဲ အမြစ်ပြတ်ကင်းငြိမ်းသွားအောင် အားထုတ် နေကြရတာပဲ။ အဲဒီ အထင်ကြီးတဲ့ ဘဝင်မြင့်တဲ့ မာနကို ပယ်နိုင်အောင် အရှင်သာရိပုတ္တရာ၏ စိတ်သဘောထားပုံကိုလဲ အထူးသတိပြုသင့်ပါတယ်။

[ဒုတိယအကြိမ်]

## အရှင်သာရိပုတ္တရာ၏ စိတ်သဘောထားပုံ

တခါနက အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်တို့ဟာ မြတ်စွာဘုရားထံမှ ခွင့်ပန်လျှောက်ထားပြီး ဒေသစာရီ လှည့်လည်ရန် ကြွသွားတော်မူကြပါတယ်၊ အဲဒီအခါ အရှင်သာရိပုတ္တရာနောက်သို့ များစွာသော ရဟန်းတွေ လိုက်ပါသွားကြတာကို တွေ့မြင်ရတဲ့အတွက် ရဟန်းတပါးက မနာလိုစိတ် ဖြစ်ပြီးတော့ ဒေသစာရီ ကြွချီမှုကို အနှောင့်အယှက် ဖြစ်စေရန် မြတ်စွာဘုရားထံ လာရောက်ပြီး ဒီလိုလျှောက်ထားတယ်၊ အရှင်သာရိပုတ္တရာဟာ တပည့်တော်ကို ကိုယ်စောင်းတိုက်သွားပါတယ်၊ တောင်းပန်ခြင်းလဲ မပြုပဲ ထွက်သွားပါတယ် တဲ့။ အဲဒါဟာ အရှင်သာရိပုတ္တရာ၏ သက်နှစ်စွန်းနဲ့ မတော်တဆ ထိသွားတာကို အစွဲပြုပြီး စွပ်စွဲလျှောက်ထားတာပါပဲ။

မြတ်စွာဘုရားက အကြောင်းမှန်ကို သိပေမယ့်-ပြဿနာပြေရှင်းသွားအောင် အရှင်သာရိပုတ္တရာကို လိုက်ခေါ်စေပြီးတော့ အဲဒီအကြောင်းကို မေးတော်မူပါတယ်၊ အဲဒီအခါ အရှင်သာရိပုတ္တရာက ဒီလို ဖြေရှင်း လျှောက်ထားပါတယ်။

ရုပ်အပေါင်းကိုယ်၌ ကာယဂတာသတိ မထင်တဲ့သူဆိုယင် သီတင်းသုံးဘော် ရဟန်းကို ကိုယ်စောင်းတိုက်ပြီး မတောင်းပန်ပဲ ထွက်သွားတယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ဘုရားတပည့်

တော်ကတော့ မိမိ၏ရုပ်အပေါင်းကိုယ်ကို မြေကြီးလိုပင် နှလုံးသွင်းလျက် နေပါသည်ဘုရား–စသည်ဖြင့် လျှောက်ပါတယ်။ ဆိုလိုတာကတော့....

(၁) မြေကြီးပေါ်မှာ စင်ကြယ်တာတွေရော မစင်ကြယ်တာတွေရော ပစ်ချကြတယ်၊ ကျင်ကြီး, ကျင်ငယ်တွေ, နှပ်, တံတွေး, သွေး, ပြည်ပုပ်တွေလဲ ပစ်ချကြတယ်၊ ဒါပေမယ့်-မြေကြီးက ညည်းညူခြင်း စက်ဆုပ်ခြင်းမရှိပဲ လက်ခံနေပါတယ်၊ အဲဒီမြေကြီးလိုပဲ သူ့ကိုယ်ကို သဘောထားပါတယ်၊ ဘယ်သူက ဘယ်လိုပင် ပြုမူပြောဆိုစေကာမူ မြေကြီးလိုပင် သည်းခံနေပါတယ် တဲ့၊ ဒါက သည်းခံပုံ (၁) အချက်ပဲ။

(၂–၃–၄) နောက်ပြီးတော့ ရေလို မီးလို လေလိုလဲ သဘောထားပါတယ် တဲ့။ ရေထဲမှာလဲ အညစ်အကြေးတွေကို ပစ်ချကြတယ်၊ မီးကလဲ အညစ်အကြေးတွေကို လောင်ရတယ်၊ လေကလဲ အညစ်အကြေးတွေကို တိုက်ခတ်ရတယ်၊ ဒါပေမယ့် အဲဒီ ရေ မီး လေ တွေက ညည်းညူ စက်ဆုပ်ခြင်း မရှိဘူး၊ အဲဒါတွေလိုပင် သူကလဲ သည်းခံနေပါတယ်တဲ့။ ဒီသုံးမျိုးက သည်းခံပုံ (၂–၃–၄) အချက်တွေပါပဲ။

(၅) နောက်ပြီးတော့ ခြေသုတ်ကြိုးဝန်းမှာ ခြေကအညစ်အကြေးတွေကို သုတ်ကြတယ်၊ ဒါပေမယ့်-ခြေသုတ်ကြိုးဝန်းကတော့ ညည်းညူးခြင်း မရှိဘူး၊ အဲဒါလိုလဲ သည်းခံနေပါတယ်တဲ့။

[ဒုတိယအကြိမ်]

(၆) နောက်ပြီးတော့ ဇာတ်နိမ့်တဲ့ စဏ္ဍာလ အမျိုးသား ငယ် အမျိုးသမီးငယ်လိုလဲ သဘောထားပါတယ်တဲ့။ အိန္ဒိယ နိုင်ငံမှာ ဇာတ်ကအလွန်အရေးကြီးတယ်၊ စဏ္ဍာလခေါ် ဇာတ် နိမ့်အမျိုး ဖြစ်သူတွေက ဇာတ်မြင့်တဲ့ ဗြာဟ္မဏမျိုး လူတွေကို မထိရဘူး၊ ဒါကြောင့် ဇာတ်နိမ့်စဏ္ဍာလမျိုးဖြစ်သူက ဇာတ် မြင့်လူတို့၏ ရွာကိုဝင်သွားယင် တုတ်ချောင်းကလေး စသည်ဖြင့် ရိုက်နှက်တီးခေါက်ပြီး ဝင်သွားရသတဲ့၊ ကျွန်တော်က ဇာတ် နိမ့် လူယုတ်ပါ၊ ကျွန်တော်နဲ့ မထိရအောင် ရှောင်ကြပါလို့ သတိပေးတဲ့ အနေနဲ့ အသံပေးပြီးဝင်သွားရတာတဲ့။ အဲဒါ ဟာ ဇာတ်နိမ့်သူတွေက မိမိတို့ကိုယ်ကို အယုတ်အညံ့အနေ ဖြင့် နှိမ်ချပြီးဝင်ကြရတာပဲ၊ အရှင်သာရိပုတ္တရာကလဲ အဲဒီ ဇာတ်နိမ့်သူများလိုပင် မိမိကိုယ်ကို နှိမ့်ချထား ပါတယ်တဲ့၊ အလွန်ကြည်ညို စရာပါပဲ။

(၇) ချိုကျိုးနေတဲ့ နွားဟာ ဘယ်သူ့ကိုမှ မခွေ့ပဲ ယဉ်ကျေးနူးညံ့တယ်၊ အဲဒီနွားလိုပဲ သဘောထားပါတယ်တဲ့။

(၈) ရေချိုးပြီး ဖီးလိမ်းပြင်ဆင်ထားတဲ့ လူပျို အပျို ကလေးများဟာ လည်ပင်းမှာ မြွေကောင်ပုပ် ခွေးကောင် ပုပ်ကို ဆွဲထားမယ်ဆိုယင် ရွံရှာစက်ဆုပ်သလိုပင် မိမိကိုယ်ကို စက်ဆုပ်ဖွယ်လဲ ထင်နေပါတယ် တဲ့။

(၉) နောက်ဆုံးတချက်ကတော့ အပေါက်များစွာမှယိုကျ နေတဲ့ အမဲဆီအိုးကို ထမ်းဆောင် နေရသလိုပင် မိမိကိုယ်ကို

ရှက်ဆောင်နေရတယ်လို့လဲ ထင်မြင် နေပါတယ်တဲ့။ ဒီလို အချက် ၉-ချက်ဖြင့် အရှင်သာရိပုတ္တရာက ရှင်းလင်းလျှောက်ထားပါတယ်။

အဲဒီအခါ စွပ်စွဲတဲ့ ရဟန်းဟာ မခံမရပ်နိုင်အောင် စိတ်ပူလောင်ပြီး သူ့အပြစ်ကို ကန်တော့တောင်းပန် ပါတယ်၊ အရှင်သာရိပုတ္တရာကလဲ သည်းခံကြောင်း ပြောကြားပြီးတော့ အဲဒီရဟန်းကို သည်းခံပါလို့တောင် တောင်းပန် လိုက်ပါသေးတယ်။

အဲဒါဟာ အရှင်သာရိပုတ္တရာ၏ နှိမ်ချပုံပါပဲ၊ အတုယူစရာ အင်မတန်ကောင်းပါတယ်၊ ယခု ဒီသုတ်မှာ မာနနှင့် အတိမာနကို ပယ်ဖို့ရာ ညွှန်ပြဟောကြားနေတာလဲ ဒီအရှင်သာရိပုတ္တရာပဲ၊ အရှင်သာရိပုတ္တရာလောက် အပြည့်အစုံ မနှိမ်ချနိုင်သေးတောင် အတော်အတန်တော့ အတုလိုက်ပြီး ကျင့်ရင့်ကြတာပေါ့ပါပဲ၊ သာမန်အထင်ကြီးတဲ့ မာနကို မပယ်နိုင်တောင် အလွန်အလွန် ဘဝမြင့်တဲ့ အတိမာနကိုတော့ ပယ်နိုင်ဖို့ကောင်းပါတယ်။

မာနနဲ့ အတိမာနအကြောင်းကတော့ တော်လောက်ပါပြီ၊ ယခု နောက်ဆုံး အစုံဖြစ်တဲ့ မဒနဲ့ ပမာဒကို ဟောရမယ်။

[ဒုတိယအကြိမ်]

## ပယ်သင့်တာနှင့် ပယ်ရန်အကျင့် (ဂ)

တတြာဝုသော မဒေါ စ ပါပကော၊ ပမာဒေါ စ ပါပကော၊ မဒသာ စ ပဟာနာယ၊ ပမာဒသာ စ ပဟာနာယ အတ္ထိ မဇ္ဈိမာ ပဋိပဒါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အာဝုသော-ငါ့ရှင်တို့၊ တတြ-ငါဟောပြခဲ့သော ထိုစကားထဲ၌၊ (ပရိယာပန္နော-ပယ်ရမည့် ပဟာတဗ္ဗ တရားအဖြစ်ဖြင့် ပါဝင်သော)၊ မဒေါ စ-မာန်ယစ်တဲ့ မဒသည်လည်း၊ ပါပကော-ယုတ်မာ၏၊ ပမာဒေါ စ-မေ့လျော့တဲ့ ပမာဒသည်လည်း၊ ပါပကော-ယုတ်မာ၏၊ မဒသာ စ ပဟာနာယ-မဒကိုလဲ ပယ်ရန်၊ ပမာဒသာ စ ပဟာနာယ-ပမာဒကိုလဲ ပယ်ရန်၊ မဇ္ဈိမာ ပဋိပဒါ-အလယ်လမ်းမှန် အကျင့်သည်၊ အတ္ထိ-ရှိပါသည်။ (သာ-ထိုအလယ်လမ်းမှန်အကျင့်သည်၊) စက္ခုကရဏီ-ပညာမျက်စိကိုလဲ ပြုတတ်—ဖြစ်စေတတ်ပါသည်၊ ဉာဏကရဏီ-အသိဉာဏ်ကိုလဲ ပြုတတ်-ဖြစ်စေ တတ်ပါသည်၊ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ—ကိလေသာ ငြိမ်းရန် အထူးသိရန် ထိုးထွင်းသိရန် ဆင်းရဲငြိမ်းရန်အလို့ငှာလဲ ဖြစ်ပါသည်၊ ဝါ-ဆင်းရဲငြိမ်းရန် အလို့ငှာလဲ ဖြစ်သော၊မဇ္ဈိမာ ပဋိပဒါ-အလယ်လမ်းမှန် အကျင့်သည်၊ အတ္ထိ-ရှိပါသည်တဲ့။

လောဘနဲ့ ဒေါသ ဆိုတဲ့ ပထမအစုံမှ မဒနဲ့ ပမာဒ ဆိုတဲ့ ဒိနောက်ဆုံး အစုံအထိ အစုံအားဖြင့် ရှစ်စုံ၊ အသီး အသီး

အားဖြင့် ၁၆·ပါးသော အကုသိုလ်တရားတွေကို ရည်ရွယ် ပြီးတော် (ယေသဥ္စ ဓမ္မာနံ သတ္တာ ပဟာနမာဟ) အကြောင်း အကုသိုလ်တရားတို့ကို ဆရာဘုရားက ပယ်ဖို့ ဟောခဲ့သည်·လို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဖော်ပြခဲ့တယ်၊ အဲဒီ စကား ရပ်ထဲမှာပါဝင်တဲ့ နောက်ဆုံးအစုံထဲက မဒဆိုတဲ့ မာန်ယစ်တာ လဲ ယုတ်မာလို့ ပယ်ရမည့်တရားပဲ၊ ပမာဒဆိုတဲ့ မေ့လျော့ တာလဲ ယုတ်မာလို့ ပယ်ရမည့်တရားပဲ၊ အဲဒီ မဒကိုလဲ ပယ် ရန်၊ ပမာဒကိုလဲ ပယ်ရန် အလယ်လမ်းမှန်အကျင့် ရှိပါတယ်· တဲ့။ အဲဒါကို စပြီး ဆိုကြရမယ်။

၇။ မာန်ယစ်တဲ့ မဒလဲ ယုတ်မာသည်၊ မေ့လျော့တဲ့ ပမာဒလဲ ယုတ်မာသည်၊ မဒကိုလဲ ပယ်ရန်၊ ပမာဒကိုလဲ ပယ်ရန် အလယ်လမ်းမှန် အကျင့် ရှိသည်။

## မဒတရား ၂၇·ပါး

မဒ· မာန်ယစ်တယ်ဆိုတာက ၂၇·ပါးရှိတယ်၊ အဲဒါတွေ ကို ခုဒ္ဒကဝိဘင်းပါဠိမှာ ပြဆိုထားတယ်၊ အဲဒီပါဠိအရ မှတ် သားဖို့ရာ ဆောင်ပုဒ်စာရွက်ထဲမှာ မဒတရားအကျယ် ၂၇·ပါး လို့ ခေါင်းတပ်ပြီး ပြထားတယ်၊ အဲဒီဆောင်ပုဒ်များအရ အစဉ် အတိုင်း ပြောရမှာပဲ၊ ဆောင်ပုဒ် အမှတ် (၁) က "မျိုး နွယ်, နာကင်း၊ ပျိုနုခြင်း၊ လွန်မင်းသက်ရှည်စွာ"တဲ့၊ အဲဒီ ဆောင်ပုဒ်ထဲက ပါတဲ့ အမျိုးကို အနွယ်ကို အနာကင်း၍ကျန်း၊

မာခြင်းကို ပျိုနွဲခြင်းကို အလွန်အသက်ရှည်ခြင်းကို စွဲမှီပြီးတော့ မာန်ယစ်တယ်လို့ ဒီလိုယူဖို့ရာ (စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ-လို့)နောက်ဆုံး အမှတ်(၆)ဆောင်ပုဒ်ကိုလဲ စီသားပါတယ်၊ အဲဒီ နောက်ဆုံး ဆောင်ပုဒ်နဲ့ တွဲစပ်ပြီး အနက်ယူဖို့ပါပဲ။ အဲဒီ ဆောင်ပုဒ် ၂-ခုကို ဆိုကြရမယ်။

၁။ မျိုး, နွယ်, နာကင်း၊ ပျိုနွဲခြင်း၊ လွန်မင်း သက်ရှည်စွာ။

၆။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယွင်းပြုတတ်ပါ။

အမျိုးဆိုတာ ပါဠိလိုက ဇာတိပဲ၊ ဗမာလိုကတော့ ဇာတ်လို့လဲ ပြဆိုထားကြပါတယ်၊ မင်းမျိုး, ပြာဟ္မဏ- ပုဏ္ဏားမျိုး, သူကြွယ်မျိုး, လူဆင်းရဲမျိုး ဆိုတဲ့ ဒီအမျိုး လေးပါးပါပဲ၊ မင်းမျိုးဖြစ်တဲ့ လူက မင်းမျိုးစွဲမှီပြီး မာန်ယစ်တယ်၊ ငါက အမြတ်ဆုံး မင်းမျိုးပဲလို့ ဒီလိုစွဲသမ်းပြီး မာန်ယစ်တယ်၊ မာန်ယစ် ဆိုတာ ဆင်ကြီးများ မုန်ယစ်နေတာလို့, သေရည်အရက်သောက်တဲ့လူက သေရည်အရက်ဖြင့် မူးမေ့နေတာလို မာန်မာနဖြင့် စိတ်တက်ကြွပြီး အထင်ကြီးနေတာပါပဲ၊ ထို့အတူပင် ပြာဟ္မဏမျိုး စသည်ကိုလဲ စွဲမှီပြီး မာန်ယစ်ခြင်း ဖြစ်တတ်ပါတယ်၊ ရှေးတုန်းက အိန္ဒိယနိုင်ငံမှာ ဒီလို အမျိုးစွဲမှီပြီး မာန်ယစ်တာတွေ များပါတယ်၊ အဲဒီလို အမျိုးမာန် ယစ်နေတာနဲ့ ကုသိုလ်ရေးဘက် ဘာဝနာတရားအလုပ်ဘက်မှာ လစ်ဟင်းနေတတ်ပါတယ်။

[ဒုတိယအကြိမ်]

အနွယ်ဆိုတာကလဲ ရှေးတုန်းက အိန္ဒိယနိုင်ငံမှာ ထင်ရှားပါတယ်၊ မင်းမျိုးထဲကဆိုယင် ကောဏ္ဍညအနွယ်၊ အာဒိစ္စအနွယ် စသည်တွေပါပဲ၊ ကောဏ္ဍညဆိုတဲ့ လူကြီးမှ ဖြစ်ပွားလာတဲ့လူတွေကို ကောဏ္ဍညအနွယ်လို့ ဆိုတာပါပဲ၊ အခြားအနွယ်တွေလဲ ဒီအတိုင်းပါပဲ၊ အစဆုံး လူကြီး၏ အမည်ဖြင့် အသိအမှတ်ပြုထားတဲ့ အနွယ်တွေပါပဲ၊ ပုဏ္ဏားမျိုးထဲကဆိုယင် လဲ ကဿပအနွယ်၊ ဘာရဒွါဇအနွယ် စသည်တွေပါပဲ။ အဲဒီလို အနွယ်တွေထဲမှာ အထက်တန်းကျတဲ့ အနွယ်ကို စွဲမှီပြီး ငါက ကောဏ္ဍညအနွယ်ပဲ စသည်ဖြင့် မာန်ယစ် တက်ကြွနေတာဟာ အနွယ်ကိုမှီပြီး မာန်ယစ်ခြင်းပဲ။

ဗမာပြည်မှာလဲ မိဘ ဘိုးဘွား ဆွေမျိုးတွေကို စွဲမှီပြီး မာန်ယစ်နေတာ အထင်ကြီးနေတာတွေဟာ နည်းနည်းပါးပါး တော့ ရှိတာပါပဲ။

ကျန်းမာတဲ့သူကလဲ သူများတွေမှာ ဆေးဝါးတွေ မပြတ်သုံးဆောင်နေကြရတယ်၊ မကျန်းမာကြဘူး၊ ငါတို့ကတော့ ကျန်းမာနေတာပဲ၊ ဘာရောဂါမျှမရှိဘူး၊ ဘာဆေးမျှ မသုံးဆောင်ရဘူး စသည်ဖြင့် ကျန်းမာခြင်းကို စွဲမှီပြီး မာန်ယစ်နေတာ အထင်ကြီးနေတာလဲရှိတယ်၊ အဲဒီလို ကျန်းမာတာကို မှီပြီး မာန်ယစ်နေတာနဲ့ တချို့မှာ သံဝေဂဉာဏ် မဖြစ်တဲ့အတွက် ကုသိုလ်ရေးဘက်မှာ ချွတ်ယွင်းနေတတ်တယ်၊ ဒါပေမယ့် တချို့ ကတော့ ငါ့မှာ ကျန်းမာတာဟာ ရှေးကုသိုလ်ကံကြောင့်ပဲ၊

နောင်လဲ ကျွန်းမာ ချမ်းသာရအောင် ကုသိုလ်ကို ဖြစ်စေမယ်လို့ ယောနိသောမနသိကာရဖြင့် ဆင်ခြင်ပြီး မကောင်းမှုများမှ ကြဉ်ရှောင်တယ်၊ ကုသိုလ်အလုပ်တွေကို လုပ်တယ်။ ဘုန်းကြီး မော်လမြိုင်မှာနေခါ စတုန်းကဒကာမကြီးတယောက်ဟာ သိပ်ကျန်းမာတာပဲ၊ ဘာရောဂါမှမရှိဘူး၊ ဘာဆေးကိုမှလဲ မစားမသုံးရဘူး၊ ဘုန်းကြီးတို့၏ နေရာ တောင်ဝိုင်းကလေးတောင်ခြေဆိုတာ ဟိုတုန်းက ငှက်ဖျားရောဂါဖြစ်တတ်တယ်၊ အဲဒီမှာ တလ နှစ်လလောက် လာနေယင် ဖျားတတ်တာပဲ၊ အဲဒီဒကာမကြီးကတော့ အဲဒီမှာ တနှစ် နှစ်နှစ်ကြာအောင် လာနေတာတောင် ခနမကောင်းတာရယ်လို့ မရှိဘူး။ အဲဒီဒကာမကြီးက ယခုဘဝ ကျန်းမာတာကို အကြောင်းပြုပြီး သူက ဆေးတွေကို လှူလေ့ရှိတယ်၊ တခြားကုသိုလ်တွေလဲ များစွာပြုပါတယ်၊ အဲဒီဒကာမကြီးကတော့ တယ်ချီးမွမ်းစရာကောင်းတာပဲ။ ဟိုတုန်းက သူဟာ အသက်ငါးဆယ်ကျော်ခြောက်ဆယ်လောက် ရှိနေပါပြီ၊ ယခုတော့ ရှိပုံမရပါဘူး။

အရွယ်အားဖြင့် ပျိုနုတာကို စွဲမှီပြီးတော့ မာန်ယစ်တာလဲ ရှိတယ်၊ ဟိုလူတွေက အိုမင်းကုန်ပြီ၊ ငါတို့ကတော့ ငယ်ပါသေးတယ်ဆိုပြီး မာန်ယစ်နေတတ်တယ်၊ အဲဒီလိုလူက တရားကျင့်ဖို့ရာဘက်ကို စိတ်မဝင်စားပဲ ရှိတတ်တယ်၊ သူများကတရားကျင့်ဖို့ တိုက်တွန်းပေမယ်လို့ ငါတို့က ငယ်ပါသေးတယ်လို့ မာန်ယစ်ပြီး တရားအားမထုတ်ပဲနေတာလဲ ရှိတတ်တယ်၊ တချို့ကတော့ အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်လောက်

ရှိနေတာတောင် ငယ်ပါသေးတယ်လို့ ထင်မှတ်စွဲလမ်းပြီး တရား အားမထုတ်ပဲနေတာလဲ ရှိတတ်တယ်၊ အဲဒီလို ငယ်သေးတယ် ထင်ပြီး မာန်ယစ်နေယင်း တချို့တော့ သေသွားရှာကြတာပဲ။

အသက်ရှည်တာကို စွဲမှီပြီးတော့ မာန်ယစ်တာလဲ ရှိတယ်၊ အသက် ၇၀-ကျော် ၈၀-ကျော် ၉၀-ကျော် အသက်ရှည်နေတဲ့ သူတွေက သူများထက် အသက်ရှည်တာကို စွဲမှီပြီး မာန်ယစ် နေတတ်တယ်၊ ဟိုလူတွေဟာ အသက် လေး ငါးဆယ်အတွင်း သေကုန်ကြရှာတာပဲ၊ ငါတို့ကတော့ အသက်ရှည်တယ်လို့ စွဲမှီ ပြီး စိတ်တက်ကြွမာန်ယစ်နေတာပါပဲ။ ''မျိုး နွယ် နာကင်း၊ ပျိုနုခြင်း၊ လွန်မင်းသက်ရှည်စွာ။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယှဉ်းပြုတတ်ပါ''တဲ့။ အမှတ် (၁) ဆောင်ပုဒ်မှ မျိုး—အရ အမျိုးကို စွဲမှီပြီးတော့လဲ မာန်ယစ်တတ်တယ်၊ ဒါက မဒ တပါးပဲ။ ထို့အတူ အနွယ်ကိုစွဲမှီပြီး မာန်ယစ်တာက တပါး၊ အနာကင်းတာကို စွဲမှီပြီး မာန်ယစ်တာက တပါး၊ ပျိုနုတာကို စွဲမှီပြီး မာန်ယစ်တာက တပါး၊ အသက်ရှည်တာကို စွဲမှီပြီး မာန်ယစ်တာက တပါး၊ အားလုံးအမှတ် (၁) ဆောင်ပုဒ်အရ မာန်ယစ်ခြင်းငါးပါး ပြီးသွားပြီ။ အမှတ် (၂) ဆောင်ပုဒ် ကတော့(လာဘ်,သက္ကာရ၊လေးပူကြ၊ ဖြစ်ရရွှေဆောင်ပါတဲ့) အဲဒီမှာလဲ အမှတ် (၈) ဆောင်ပုဒ်နှင့်တွဲစပ်ပြီးတော့ လာဘ်ကို စွဲမှီပြီး မာန်ယစ်ခြင်းစသည်ဖြင့် အနက်ကို မှတ်ယူကြရမယ်။ အဲဒါကို ဆိုကြရမယ်။

၂။ လာဘ်,သက္ကာရ၊ လေးပူကြ၊ ဖြစ်ရရွှေဆောင်ပါ။

[ဒုတိယအကြိမ်]

အဲဒါနဲ့တွဲစပ်ပြီးယူရအောင် အမှတ် (၆) ကိုလဲ ထပ်ဆိုကြရဦးမယ်။

၆။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယှဉ်းဖြစ်တတ်ပါ။

လာဘ် ဆိုတာ လာဘ ဆိုတဲ့ပါဠိမှ ဖြစ်လာတဲ့ ပါဠိပျက် ဗမာပြန်ပဲ၊ ဒါပေမယ့် ယခုအခါမှာတော့ ဗမာစကားဖြစ်နေပါပြီ၊ လာဘ ဆိုတာ ရခြင်းပဲ၊ ရတဲ့ဥစ္စာလို့လဲ အနက်ရပါတယ်၊ လာဘ် လာဘ ပစ္စည်းဥစ္စာတွေ များများရတာကို စွဲမှီပြီး မာန်ယစ်တာက မဒ တပါးပဲ၊ လူ့လောကမှာ စီးပွားဥစ္စာတွေ ရလှယ်ပြီး ကြီးပွားနေတဲ့လူတွေက အဲဒီ စီးပွားဥစ္စာတွေနဲ့ မာန်ယစ်နေတတ်ကြတယ်၊ ဥပုသ်စောင့်ဖို့ တရားနာဖို့ တရားအားထုတ်ဖို့ဘက်မှာ စိတ်မဝင်စားပဲ ရှိနေတတ်တယ်၊ အားလပ်တဲ့အချိန်မရှိဘူးဆိုပြီး အဲဒီစီးပွားရေးထဲမှာသာ စိတ်ဝင်စားနေတတ်တယ်၊ ရဟန်းများမှာ လာဘ် လာဘပေါများပြီး ဘုန်းကြီးနေယင် အဲဒီလာဘ် လာဘကို စွဲမှီပြီး မာန်ယစ်နေတတ်တယ်၊ ဟိုအလှူ ဒီအလှူစသည်တွေအတွက် ကြောင့်ကြစိုက်နေရတာနဲ့ တရားကျင့်ရေးဘက်က လစ်ဟင်းနေတတ်တယ်၊ သမဏဓမ္မ-ရဟန်းတရားဆိုတော့ သီလ သမာဓိ ပညာ အကျင့်ကို အထူးအလေးပြုသင့်တာပဲ။ ဒီ ဓမ္မဒါယာဒသုတ် အရအားဖြင့်လဲ တရားအမွေခံဖို့ အလေးပြုသင့်တာပါပဲ။

သက္ကာရဆိုတာက အထူးတလည် အရိုအသေပြုလုပ်ပြီးလှူလို့ ရလာတာကို သက္ကာရ ခေါ်တယ်၊ လာဘ်ဆိုတာကတော့

ရှိုးရှိုးလှုလို့ ရလာတာပဲ၊ တရိုတသေအထူးပြုပြီး ပူဇော်လှူဒါန်းတာကို သက္ကာရခေါ်တာပဲ၊ အဲဒီသက္ကာရကို စွဲမှီပြီးတော့လဲ မာန်ယစ်နေတတ်တယ်၊ အများက အလေးပြုခံရတာကို စွဲပြီးတော့လဲ မာန်ယစ် တတ်တယ်တဲ့၊ ဒါကတော့ မထေရ်ကြီး ဆရာတော်ကြီးများ ဂိုဏ်း ဂဏအကြီးအကဲများနဲ့ဆိုင်ပါတယ်။ ရှေ့ဆောင်ပြုလုပ်ရတာအကြောင်းပြုပြီးတော့လဲ မာန်ယစ်တတ်တယ်၊ ဟိုနေရာမှာ ခေါင်းဆောင်ရ ဒီနေရာမှာလဲ ခေါင်းဆောင်ရနဲ့ နေရာတကာမှာလိုပင် ရှေ့ဆောင်အဖြစ်နဲ့ ဆောင်ရွက်နေရတာမျိုးပေါ့၊ဟိုအဖွဲ့ဒီအဖွဲ့အဖွဲ့များစွာမှာ ဥက္ကဋ္ဌအကြီးအကဲအဖြစ် ဆောင်ရွက်နေရတာမျိုးပါပဲ၊ အဲဒီလို ရှေ့ဆောင်ပြုရတာကို စွဲမှီပြီးတော့လဲ မာန်ယစ်တတ်တယ် တဲ့။

ဘုရားလက်ထက်တော်ကာလက သိဥ္စည်းဆိုတဲ့ ဘာသာရေးဂိုဏ်းဆရာကြီး ရှိတယ်၊ အရှင် သာရိပုတ္တရာနဲ့ အရှင် မဟာမောဂ္ဂလာန်တို့က တရားထူးရပြီး သောတာပန် ဖြစ်တဲ့အခါ အဲဒီ ဆရာကြီးထံသွားပြီး ဖိတ်မန်တိုက်တွန်းကြတယ်၊ ဆရာကြီး ကျွန်တော်တို့တော့ ဗုဒ္ဓဘုရား၏ တရားကိုကြားနာပြီး တရားမှန်ကို သိလာပြီ၊ ဒါကြောင့် ဗုဒ္ဓဘုရား သာသနာတော်မှာ ရဟန်းပြုပြီး ကျင့်ကြပါတော့မယ်၊ ဆရာကြီးလဲ ကျွန်တော်တို့နှင့်အတူလိုက်ပါပြီး ဗုဒ္ဓတရားတော်ကို ကျင့်ပါလို့တိုက်တွန်းကြတယ်။ အဲဒီတော့ သိဥ္စည်းဆရာကြီးက အေးကွာ သင်တို့သဘောအတိုင်း သင်တို့သာသွားကြပါ၊ ငါကတော့ ဂိုဏ်းဆရာကြီးလုပ်ပြီး ရှေ့ဆောင်လာတာ ကြာပြီ၊ ယခုအခါမှတော့

သူတပါးထံ တပည့်အဖြစ်ခံယူလို့ မဖြစ်ဘူး၊ ဥပမာအားဖြင့် ရေလှောင်အိုးကြီး အဖြစ်မှာ ရေခပ် အိုးငယ်ကလေးအဖြစ် ပြောင်းရသလို ဖြစ်နေမှာပဲ၊ဒါကြောင့် သင်တို့သာသွားကြပါ၊ ငါကတော့မလိုက်ပါဘူး-လို့ ပြန်ကြားပြောဆိုသတဲ့။

အဲဒီအခါ အရှင်သာရိပုတ္တရာတို့က ဆရာကြီး စဉ်းစား ကြည့်ပါဦး၊ ဗုဒ္ဓဘုရား ပွင့်လာတယ် ဆိုတော့ အများက ဘုရားထံ သွားကုန်မှာပဲ၊ ဆရာကြီးမှာ တပည့် ပရိသတ် အခြွေအရံမရှိပဲ ဖြစ်နေပါလိမ့်မယ်၊ ဒါကြောင့် ဘုရားထံ အတူလိုက်ခဲ့ပါလို့ ပြောကြတယ်။ ဟော့ လောကမှာ ပညာရှိနဲ့ ပညာမဲ့ ဘယ်ဟာက များသလဲလို့ သိဉ္စည်း ဆရာကြီးက မေးတယ်။ ပညာရှိကနည်းပါတယ်၊ ပညာမဲ့တွေကပဲ များပါ တယ်လို့ အရှင်သာရိပုတ္တရာတို့က ပြန်ကြားတယ်။ အေး ပညာရှိ တွေက ရဟန်းဂေါတမထံ သွားကြလိမ့်မယ်၊ ပညာမဲ့တွေ အများက ငါ့ထံ လာကြမှာပဲ-လို့ သိဉ္စည်း ဆရာကြီးက ပြောသတဲ့၊ ဗုဒ္ဓဘုရားက သူ့ထက် သာတယ်ဆိုတာတော့ သိပုံ ရပါတယ်၊ဒါပေမယ့် သူက ရှေ့ဆောင်လမ်းပြဆရာကြီးလုပ်လာ တာက ကြာပြီမို့ အဲဒီရှေ့ဆောင်အဖြစ်ကို စွဲမှီပြီး မာန်ယစ် နေတဲ့အတွက် ဘုရားထံကိုမလိုက်နိုင်ပဲ ဖြစ်နေတာပဲ၊ ယခုနေ့ အခါလဲ ခေါင်းဆောင်ပုဂ္ဂိုလ်အဖြစ်မှ တခြားပုဂ္ဂိုလ်ထံ နည်းခံ ပြီး ကျေငံ့နိုင်တဲ့ ခေါင်းဆောင်များလဲ ရှိမှာပဲ၊ အဲဒါလဲ ဒီ မဒ ကြောင့် တရားအမွေ ခံယူရေးဘက်မှာ ချို့ယွင်းတာလို့ ဆိုရမှာပဲ။

[ဒုတိယအကြိမ်]

အဲဒီဆောင်ပုဒ်၏ အဆုံးမှာ (အနဝညာတ-ကို အလေးပြု၍ သွင်းပါ)လို့ ညွှန်ကြားထားတာကတော့ အနက် အဓိပ္ပာယ် အားဖြင့်လဲ သဘောတူသည့်ပြင် သီးသန့်ဆောင်ပုဒ်ဖြင့် မများ မကျယ်စေလိုသောကြောင့်လဲ ညွှန်ကြားတာပါပဲ၊ အရဘူပုံ ကတော့ အဝညာတ-ဆိုလျှင် အယုတ်အညံ့ အနေဖြင့် သိအပ် သည့်, အထင်သေးခံရသည်လို့ အနက်ရတယ်၊ အနဝညာတ- ကတော့ အဲဒီလိုမဟုတ်ဘူးတဲ့၊ အဲဒီတော့ အထင်သေးမခံရဘူး။ အမြင့်အမြတ်အနေဖြင့်သိမှတ်အပ်တယ်လို့ အနက်ရတယ်၊ အဲဒါ ဟာ အလေးပြုအပ်တာနဲ့ အနက်သဘောအရ တူပါတယ်၊ ဒါကြောင့် အလေးပြုခံရလို့ မာန်ယစ်သလိုပင် အထင်သေး မခံရပဲ အမြင့်အမြတ်အနေဖြင့် သိမှတ်ခံရတာကိုလဲ စွဲမှီပြီး မာန်ယစ်တတ်တယ်လို့ ဆိုလိုတာပါပဲ၊ ဒါကြောင့် ဒီဆောင် ပုဒ်မှာ (၁) လာဘ်ရတာကိုစွဲ၍၊ (၂) သက္ကာရကို စွဲ၍၊ (၃) အလေးပြုတာကိုစွဲ၍၊ (၄) ရှေ့ဆောင်ဖြစ်တာကို စွဲ၍ မာန်ယစ်ခြင်းဆိုတဲ့ ၄-ပါးနှင့်တကွ ဒီ အထင်သေးမခံရခြင်း, အမြင့်အမြတ်အနေဖြင့် အသိအမှတ်ပြုခံရခြင်းကို စွဲ၍ မာန်ယစ် ခြင်းပါ မဒ ငါးပါးပင် ဖြစ်ပါတယ်၊ ပထမ ဆောင်ပုဒ်က ငါးပါးနှင့် ပေါင်းလိုက်ယင် (၁၀)ပါး ရှိသွားပါပြီ။ အဲဒီ အထဲမှာ အထင်သေး မခံရတာကလဲ အရေးကြီးပါတယ်၊ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်ဆိုယင် အများအားဖြင့် အထင်သေး ခံရမှာ စိုးရိမ်တတ်ကြပါတယ်၊ ကဲ-နောက်တပုဒ်ကို ဆိုကြ ရမယ်။

[ဒုတိယအကြိမ်]

၃။ ခြေရုံ, ဘောဂ၊ ရုပ်ဆင်းလှ၊ သုတ, ပဋိဘာ။

၄။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ။

အခြေအရံများတာကို စွဲမှီပြီးတော့လဲ မာန်ယစ်တတ်တယ်၊ ဒါကတော့ ထင်ရှားပါတယ်၊ (၁) ဘောဂဆိုတာ အသုံးအဆောင်ပစ္စည်းတွေပဲ၊ အဲဒီ အသုံးအဆောင်ပစ္စည်း ပေါများယင်လဲ မာန်ယစ်တတ်တယ်၊ ဒါကလဲ ထင်ရှားပါတယ်၊ (၂) ရုပ်အဆင်းလှတာကို စွဲမှီပြီး မာန်ယစ်တာကလဲ ထင်ရှားပါတယ် (၃)။

ဘုရားလက်ထက်က ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားကြီးဖြစ်တဲ့ ခေမာဆိုတာဟာ မူလက သူ့ရုပ်အဆင်းလှတာကို စွဲပြီး မာန်ယစ်နေတယ်၊ ဘုရားက သူ့ရုပ်အဆင်းကို ရှုတ်ချပြီး ဟောမှာစိုးလို့ ဘုရားထံတောင်မသွားပဲ နေခဲ့တယ်၊ နောက်တချိန်ကျတော့ ဗိမ္ဗိသာရမင်း၏ စီမံချက်အရ ဝေဠုဝန်ဥယျာဉ် သွားကြည့်ယင်း မလွဲသာလို့ ဘုရားထံသွားပြီး ဖူးရတယ်၊ မြတ်စွာဘုရားက နတ်သမီးလိုလှပတဲ့ အမျိုးသမီးရုပ်ကလေး ဖန်ဆင်းထားတယ်၊ အဲဒီ အမျိုးသမီးရုပ်ကလေးက ဘုရားထံ ချဉ်းကပ်ပြီး ဝတ်ပြုနေတာ တွေ့ရတော့ ခေမာမိဖုရားက အလွန်အံ့ဩသွားတယ်၊ ဒါလောက်လှပတဲ့ မိန်းကလေး ဝတ်ပြုနေတာတောင် ဘုရားက ခွင့်ပြုထားသေးတာပဲ၊ ဘုရားက လှတာကို ရှုတ်ချနေတယ်၊ ငါ့ကိုလဲ ရှုတ်ချလိမ့်မယ်လို့ ငါထင်ခဲ့တာမှားတယ်၊ ဒီကလေးမဟာ ငါ့ထက် အဆပေါင်းများစွာ သာလွန်လှပတာပဲလို့ နှလုံးသွင်းပြီး အဲဒီကလေးမလေးကို စူးစူး

[ဒုတိယအကြိမ်]

စိုက်စိုက် အလေးပြုလျက် ကြည့်ရှုနေတယ်၊ အဲဒီအခါ မြတ်စွာဘုရားက အဲဒီကလေးမကို တဖြေးဖြေး အိုဟန်, နာဟန်, သေဟန် ဖန်ဆင်းပြတယ်၊ အဲဒီလို ဖောက်ပြန်ပုံကို မြင်ရတော့ မိမိရုပ်လဲ ဒီလို ဖောက်ပြန်ပျက်စီးရမှာပဲလို့ သဘောပေါက်လာတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရားက သင့်လျော်တဲ့တရားကို ဟောလိုက်တော့ အဲဒီ တရားကိုနာပြီး ရဟန္တာမဖြစ်သွားတယ်၊ ဗုဒ္ဓသာသနာတော်၌ အမျိုးသမီးရဟန်းအဖြစ်ပြုပြီး ပညာအရာမှာ အမြင့်မြတ်ဆုံး တေဒဂ်ဘွဲ့ထူးကို ရတဲ့ အဂ္ဂသာဝိက ထေရီမ အထူးလဲ ဖြစ်သွားတယ်။ အဲဒီ ခေမာထေရီဟာ စောစောပိုင်းက ရုပ်အဆင်း လှပတာကို စွဲမှီပြီး မာန်ယစ်တဲ့အတွက် ဘုရားထံတောင်မသွားပဲနေခဲ့တယ်၊ အဲဒါဟာ ယုတ်မာတဲ့ မဒကြောင့် တရားနဲ့ ဝေးနေခဲ့တာပေါ့ပဲ။

ထို့အတူပင် ဇနပဒကလျာဏီလို့လဲ ခေါ်တဲ့ နန္ဒာထေရီဟာလဲ စောစောက လှပတာကိုစွဲပြီး မာန်ယစ်နေခဲ့လို့ ဘုရားထံ မချဉ်းကပ်ပဲ ရှိနေခဲ့တယ်၊ နောက်တချိန်ကျတော့ မလွှဲသာလို့ ဘုရားထံ ဩဝါဒခံယူရန် သွားရတယ်၊ အဲဒီအခါလဲ နည်းတူပင် မိန်းမလှကလေး ဖန်ဆင်းပြထားပြီး သင့်လျော်တဲ့တရားကို ဟောတော်မူတတ်၊ အဲဒီတရားလဲနာ, တရားလဲ ရှုသဖြင့် ရဟန္တာမ ဖြစ်သွားတယ်၊ စျာန်ဝင်စားရေး တေဒဂ်ဘွဲ့ထူးလဲ ရပါသတဲ့။ အဲဒီ နန္ဒာထေရီဟာလဲ စောစောပိုင်းက သူ့ရုပ်အဆင်းလှတာကိုစွဲပြီး မာန်ယစ်နေခဲ့လို့ ဘုရားထံ တရားနာဖို့တောင်မလာပဲ ရှိနေခဲ့တယ်။

[ဒုတိယအကြိမ်]

ကုသဇာတ်ထဲမှ ပဘာဝတီ ဆိုတာကတော့ သူ့ရုပ်အဆင်း လှပတာကို စွဲမှီပြီး မာန်ယစ်တဲ့ ဒီ မဒကြောင့် ကုသာတုရင်မင်း ကိုတောင် ဂရုမစိုက်ပဲ မရှိမသေပြုခဲ့ ပြောခဲ့သေးတာပဲ။

နောက်ပြီးတော့ သုတ ဆိုတာက အကြားအမြင်တဲ့၊ အမြင် ဆိုတာက ကိုယ်တိုင်တွေ့သိတာကို ဆိုပါတယ်။ ဒီ မာန်ယစ်တာ တာတော့ အဲဒီလို တရားမှန်တွေ့သိတာနဲ့ ဆိုင်ပုံမရပါဘူး၊ တရား မှန် တွေ့သိယင်တော့ မာန်ယစ်ဖွယ် မရှိပါဘူး၊ ဒါကြောင့် ဒီ နေရာမှာ သုတ ကတော့ ကြားနာပြီး တတ်သိတာကိုပဲ ဆိုလို ဟန်ရှိပါတယ်၊ ဒါကြောင့် လောကီပညာရေးဘက်ကဖြစ်စေ၊ ဗုဒ္ဓသာသနာဆိုင်ရာ ပရိယတ္တိစာပေ ပညာဘက်က ဖြစ်စေ အဲဒီစာပေတွေ ကြားနာလေ့လာပြီးတော့ တတ်သိတာကို စွဲမှီ ပြီး မာန်ယစ်တာလို့ ဆိုရမှာပဲ၊ အဲဒီ လောကီပညာ တရား ရေးပညာတွေ တတ်သိလို့ မာန်ယစ်တာလဲ ထင်ရှားပါ တယ် (၄)။ ပဋိဘာန ဆိုတာကတော့ ဉာဏ်ကြီး ကောင်း တာပါပဲ၊ တရားဟောတဲ့အခါ ဟောသင့်တဲ့ အကြောင်းအရာ တွေ အလျင်အမြန်ပေါ်ပေါ်လာတယ်၊ ခက်ခက်ခဲခဲကြံ တွေး မနေရပဲ ဟောသင့်တဲ့စကားလုံးတွေ အဆင်သင့်ပေါ်လာတယ်၊ အခြေအတင် ပြောဆိုရာ အရှုပ်အထွေးကို ဖြေရှင်းရာမှာ ခွဲလဲ ပြောသင့်တာကို အဆင်သင့် တွေ့သိတွေ့သိသွားတယ်၊ ကျမ်း စာရေးရာမှာလဲ ရေးသင့်တဲ့အကြောင်းအရာကို အလွယ်တကူ ပင် သိသိသွားတယ်၊ အဲဒီလို သိသင့်တာ အလွယ်တကူ သိတာကို အာဝဇ္ဇန်းကောင်းတယ်လို့ ပြောဆိုလေ့ရှိကြပါတယ်၊ အဲဒီ အာ

ဝဋ္ဋန်းကောင်းတာဟာ ပဋိဘာန်ခေါ်တဲ့ အသိဉာဏ်ကောင်းတာပါပဲ၊ အဲဒီလို အာဝဋ္ဋန်းကောင်းတာ ပဋိဘာန် အကြံဉာဏ် ကောင်းတာကိုလဲ စွဲမှီပြီး မာန်ယစ်တတ်တယ် (၅)။ ဒီ အမှတ် (၃) ဆောင်ပုဒ်မှာလဲ မဒ ငါးပါးပါပဲ၊ ရှေး ၂-ပုဒ်က (၁၀) ပါးနဲ့ ပေါင်းလိုက်ယင် (၁၅) ပါး ရှိသွားပြီ။ အမှတ် (၄) ဆောင်ပုဒ်ကို ဆိုကြရမယ်။

၄။ သက်ကြီး, ပိဏ္ဍ၊ ယာပထ၊ ယသ, ပြီးမြောက်တာ။

၆။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယွင်းဖြစ်တတ်ပါ။

ပထမအပိုဒ်က လွန်မင်းသက်ရှည်စွာ· ဆိုတာက အသက်တမ်းပြည့် ဖြစ်စေ၊ အဲဒါထက် ကျော်လွန်ပြီးတော့ ဖြစ်စေ သူများထက် ပိုပြီးအသက်ရှည်တာကို ဆိုတာ၊ ယခု ဒီမှာ သက်ကြီးဆိုတာကတော့ ရတ္တညူ-ညဉ့်ခနှုက်ာလ အချိန်များစွာကို သိတယ်ဆိုတာကို ဖော်ပြတာပဲ၊ ရဟန်း ပြုသည်မှစပြီး နှစ်များစွာ, ဝါများစွာ ရတာကို ဆိုတာပါပဲ၊ ရဟန်းဆိုယင် ရဟန်းသက်ကြီးတာ, ဝါကြီးတာပါပဲ၊ အဲဒီလို ရဟန်းသက်ကြီးတာ, ဝါကြီးတာကို စွဲမှီပြီး မာန်ရစ်တာလဲ ရှိတယ်·တဲ့· လူတွေထဲကလဲ ကိုယ့်အောက် အသက်ငယ်တဲ့သူတွေကို ဂရုမစိုက်ပဲ မာန်ယစ်တာဟာ ဒီရတ္တညူတာ· ဆိုတဲ့ အသက်ကြီးခြင်းကို စွဲမှီပြီးဖြစ်တဲ့ မဒပဲလို့ မှတ်ရမယ် (၁)။

ပိဏ္ဍ ဆိုတာကတော့ ပိဏ္ဍပါတ်ဓုတင် အကျင့်ကို စွဲမှီပြီး မာန်ယစ်ခြင်းပဲ၊ ဒါကတော့ ရဟန်းများနဲ့သာ ဆိုင်ပါတယ်၊

ယခုနေအခါတော့ ဒီလိုမာန်ယစ်တာက ရှိပုံဘောင်မခု ါဘူး (၂)။ ယာပထ ဆိုတာက ဣရိယာပုထ်ကို စွဲမှီပြီး မာန်ယစ်တာကို ဆိုပါတယ်၊ မာန်ယစ်ပုံကတော့ တချို့ ပုဂ္ဂိုလ်က ကျန်းမာရေးကောင်းတဲ့အတွက်လေးငါးခြောက်နာရီလည်းလဲ ထိုင်နေနိုင်တယ်၊ တို့အတူ ကြာရှည်စွာလဲ ရပ်နေနိုင်ဘယ်၊ တနေ့လုံးလဲ ခရီးသွားနိုင်တယ်၊ အဲဒီလို ဣရိယာပုထ် ခိုင်ခန့်တာကို စွဲမှီပြီး ဟိုလူတွေက ကြာရှည်မထိုင်နိုင် မရပ်ဘည်နိုင်ဘူး၊ ခရီးလဲ ကြာရှည်စွာမသွားနိုင်ဘူး၊ ငါတို့ကတော့ အကြာကြီး ထိုင်နိုင်ဘယ်၊ ရပ်နိုင်တယ်၊ ခရီးသွားနိုင်တယ် စသည်ဖြင့် ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မာန်ယစ်တာပါပဲ (၃)။

ယသ ဆိုတာကတော့ အခြွေအရံနဲ့အကျော်အစော ၂-မျိုးလုံးနဲ့ ဆိုင်ပါတယ်၊ ဒါပေမယ့်-အမှတ် (၃) ဆောင်ပုဒ်အစက (ပရိဝါရ၏ ဘာသာပြန်) ခြွေရံ ဆိုဘာနှင့် မထပ်ရအောင် အလုပ်အကျွေး အပြုအစုဖြစ်တဲ့ အခြွေအရံကိုယူဖို့ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ဘုန်းကြီးအမြင်ကတော့ ဒီနေရာမှာ အခြွေအရံကိုမယူပဲ အကျော်အစောကိုယူဘာက ပိုပြီးရှင်းလင်းပြတ်သားမယ်လို့ ထင်ပါဘယ်၊ ဒါကြောင့် ရဟန်းဆိုယင် စာချပုဂ္ဂိုလ်၊ ဓမ္မကထိကပုဂ္ဂိုလ်၊ တရားပြဘဲ့ ကမ္မဋ္ဌာနာစရိယ စသည်ဖြင့် ကျော်စောဘာကိုစွဲမှီပြီး မာန်ယစ်ဘာကိုလဲ ယူနိုင်ပါတယ်၊ လူတွေထဲမှာတော့ ရာထူးဌာနန္တရ အဖွဲ့အစည်း၏ ဥက္ကဋ္ဌ စသည်ဖြင့် ကျော်စောဘာကို စွဲမှီပြီး မာန်ယစ်တာကိုလဲ ယူနိုင်ပါတယ် (၄)။

[ဒုတိယအကြိမ်]

ပြီးမြောက် ဆိုတာက ဣဒ္ဓိပုဒ်၏ အနက်ပါပဲ၊ ဣဒ္ဓိ ဆိုတာကုန်းတန်ခိုးလို့လဲ ဆိုရတယ်၊ ဒါပေမယ့်-ဒီနေရာမှာတော့ ဖန်ဆင်းတဲ့ တန်ခိုးကိုတော့ ယူဖို့မလိုပါဘူး၊ အခြေအရံ စည်နှင့် ပြည့်စုံတဲ့အတွက် လုပ်ကိုင်ဆောင်ရွက်ရာမှာ ပြီးစီးအောင်မြင်တာ ပြီးမြောက်တာကိုသာ ယူရမယ်၊ သူများတွေမှာ မပြီးမြောက်စေနိုင်ပေမယ့် မိမိမှာတော့ ပြီးမြောက်စေနိုင်တဲ့အတွက် အဲဒါကို ဂုဏ်ယူပြီး မာန်ယစ်တာပါပဲ၊ ပါဠိမှာတော့ ဣဒ္ဓိမဒ-၏ အခြားမဲ့မှာမှ ယသမဒ-ကို ဟောထားပါတယ်၊ ဒီမှာတော့ ကာရန်ရသည့် အားလျော်စွာ "ယသ,ပြီးမြောက်တာ" လို့ ဆောင်ပုဒ်ကို စီထားရပါတယ် (၅)။ ဒီဆောင်ပုဒ်မှာလဲ မဒ ငါးပါးပါပဲ၊ ရှေးဆောင်ပုဒ်များက(၁၅)ပါးနှင့် ပေါင်းလိုက်ယင် (၂၀) ရှိသွားပါပြီ၊ (၇) ပါးသာ လိုပါတော့တယ်။ အဲဒီ (၇) နဲ့ဆိုင်တဲ့ နောက်ဆုံးဆောင်ပုဒ်ကို ဆိုကြရမယ်။

၅။ သီလ,ဈာန၊ တတ်သိပ္ပ၊ ညီမျှလုံး,ရုပ်ပါ။

၆။ စွဲမှီပြုလျှင်း၊ မာန်ယစ်ခြင်း၊ မယွင်း,ဖြစ်တတ်ပါ။

သီလနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်က မိမိ၏သီလကိုစွဲမှီပြီး မာန်ယစ်တတ်တယ်၊ မိမိလို သီလမပြည့်စုံတဲ့သူကို အထင်သေးပြီး မရှိမသေ ပြောတတ်တယ်၊ ဒါကတော့ စေတနာကောင်းနဲ့ပြောယင် အပြစ်မရှိဘူးလို့ ဆိုရမှာပဲ၊ ဒါပေမယ့် မာန်မာနဖြင့်ယစ်မူးပြီး ပြောဆိုယင်တော့ မလျော်ပါဘူး (၁)။ ဥပစာရသမာဓိ အပ္ပနာဈာန်သမာဓိနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်က သမာဓိ

ကင်းမဲ့တဲ့သူတွေကို အထင်သေးပြီး မာန်ယစ်တာကို ဈာနမဒလို့ ဟောထားတယ်၊ ယခု တရားအားထုတ်နေကြတဲ့ ယောဂီတွေထဲမှာ (၁၀)ရက်(၁၅)ရက်စသည် ကြာနေပေမယ်လို့ ဥပစာရသမာဓိ လို့ ဆိုရတဲ့ ဝိပဿနာခဏိကသမာဓိနဲ့ မပြည့်စုံတဲ့ ပုဂ္ဂိုလ်တဦးတလေ ရှိတတ်တယ်၊ အဲဒါကတော့ အများအားဖြင့် ရှိရိုသေသေ စူးစူးစိုက်စိုက် တစပ်တည်း မပြတ်ရှုမှတ်မှု လိုနေလို့ဖြစ်မှာပါပဲ၊ အဲဒီလိုပုဂ္ဂိုလ်ကိုတော့ ကမ္မဋ္ဌာန်းဆရာများက အထူးသတိပေးနေရတာပါပဲ၊ အဲဒါကတော့ မာန်ယစ်တာနဲ့ မဆိုင်ပါဘူး၊ သတိပေးသင့် ဆုံးမသင့်လို့ သတိပေး ဆုံးမရတာပါပဲ။ အဲဒီ ခဏိကသမာဓိနဲ့ ပြည့်စုံတဲ့သူမှာလဲ မာန်ယစ်ဖွယ်ကတော့ ရှိပုံမရပါဘူး၊ ယခုနေအခါမှာ ဈာန်သမာဓိ ရတဲ့ပုဂ္ဂိုလ်ကလဲ ရှားပါးသောကြောင့် ဈာန်ကိုစွဲမှီပြီး မာန်ယစ်တာလဲ မရှိသလောက်ပင် ရှားပါလိမ့်မယ် (၂)။

တတ်သိပ္ပ- တဲ့၊ အဲဒါကတော့ လောကီ အတတ်ပညာကိုမှီပြီး မာန်ယစ်ခြင်းကို ပြတာပါပဲ၊ မိရိုးဖလာ အတတ်ပညာဖြစ်ဖြစ်၊ စာသင်ကျောင်း တက္ကသိုလ်ကျောင်းများမှ သင်ယူရတဲ့ အတတ်ပညာဖြစ်ဖြစ် ထူးထူးခြားခြား တတ်သိနားလည်သူက ပညာမတတ်တဲ့သူတွေကို အထင်သေးပြီး မာန်ယစ်တတ်တယ် (၃)။

ညီမျှလုံးရပ်ပါ ဆိုတာကတော့ ကိုယ်လုံးကိုယ်ထည်လဲ ညီမျှတယ်၊ အရပ်လဲမရှည်မတို ညီမျှတယ်လို့ ဆိုလိုတာပါပဲ၊ အဲဒီ

မှာ အရပ်ညီမျှတယ်ဆိုတာက အာရောဟမဒ အတွက်ပါပဲ၊ တချို့က အရပ်ဟာ ၆-ပေကျော်အထိ အလွန်ရှည်မြင့်နေတာလဲ ရှိတယ်၊ တချို့က ၅-ပေလောက်တောင်မရှိပဲ အလွန်ပုနိမ့်နေတာလဲရှိတယ်၊ ယခုနေအခါမှာ ၅-ပေကျော် ၆-ပေလောက် ဆိုယင် အရပ်အနေအထား ညီမျှတယ်လို့ ဆိုရမှာပဲ၊ အဲဒီ အရပ်အချိုးကျတာကိုစွဲမှီပြီးတော့လဲ မာန်ယစ်တတ်တယ်(၄)။ ကိုယ်လုံးညီမျှတယ်ဆိုတာကတော့ ပရိဏာဟမဒ အတွက်ပါပဲ၊ တချို့က တကိုယ်လုံးမှာ သိပ်ပိန်နေတာလဲရှိတယ်၊ အလွန်ဝနေတာလဲရှိတယ်၊ အဲဒီလိုမဟုတ်ပဲ မပိန်လွန်း မဝလွန်းပဲ ကိုယ်လုံးညီမျှနေတာကို စွဲမှီပြီးတော့လဲ မာန်ယစ်တတ်တယ်(၅)။ အဲဒီ အရပ်ရော ကိုယ်လုံးရော ညီမျှနေတာဟာ ဂုဏ်ယူစရာပါပဲ။ အဲဒီဆောင်ပုဒ်အဆုံးမှာ (သဏ္ဌာန, ပါရိပူရိတို့ကို လုံးရပ်ညီ၌ သွင်းပါ) လို့ မှာထားချက်ရှိတယ်၊ အဲဒါလဲ ဆောင်ပုဒ်သီးသန့်ဖြင့် မကျယ်ဝန်း ရအောင်လို့ ချုံးပြတာပါပဲ၊ ပုံသဏ္ဌာန် အချိုးကျတာဟာ လုံးရပ်ညီတာနဲ့ သဘောအားဖြင့် ခပ်တူတူပါပဲ၊ ကိုယ်မှာ ချွတ်ယွင်းခြင်းမရှိပဲ ပြည့်စုံနေတယ်ဆိုတာလဲ လုံးရပ်ညီတာနဲ့ ခပ်တူတူပါပဲ၊ ဒါကြောင့် လုံးရပ်ညီတာထဲ ပေါင်းယူဖို့ ချုံးပြတာပါပဲ၊ အဲဒီမှာ မူရင်းက ငါးပါး ပေါင်းထည့်တာက ၂-ပါး ဆိုတော့ (၇) ပါး ဖြစ်ပါတယ်၊ ရှေ့ ၄-ပုဒ်က (၂၀)နဲ့ ပေါင်းလိုက်ယင် (၂၇) ပါး ဖြစ်ပါတယ်။

အဲဒ (၂၇) ပါးဟာ မဒခေါ်တဲ့ မာန်ယစ်မှုတွေပါပဲ၊ အဲဒီ (၂၇) ပါးထဲက ပျိုမျစ်နုနယ် အသက်ငယ်သေးတာကို

အကြောင်းပြုပြီး မာန်ယစ်နေလို့ တရားအားမထုတ်နိုင်တာလဲ ရှိတယ်၊ လာဘ်လာဘ ပစ္စည်းတွေ ပေါများလို့ မာန်ယစ်ပြီး အားမထုတ်နိုင်တာလဲရှိတယ်၊ အများက အလေးပြုနေကြလို့ ရှေ့ဆောင်ဖြစ်နေလို့ အခြွေအရံတွေများနေလို့ စသည်ကြောင့် မာန်ယစ်ပြီးတော့ တရားအားမထုတ်နိုင်တာလဲရှိတယ်၊ ပရိယတ်စာပေတတ်နေလို့ စာမတတ်တဲ့ ပုဂ္ဂိုလ်ထံမှာ အားမထုတ်နိုင်တာလဲရှိတယ်၊ အကျင့်သီလနဲ့ ပြည့်စုံနေတာကိုစွဲမှီပြီး အဲဒါလောက်နဲ့ အားရနေလို့ အားမထုတ်နိုင်တာလဲ ရှိတယ်၊ တရားအားထုတ်ဖို့ စပ်ဆိုင်သူက တိုက်တွန်းယင် တချို့က ဒီလိုငြင်းပယ်နေတာလဲ ကြားသိရတယ်၊ ကျုန်ုပ်တို့မှာ ကျုန်ုမတို့မှာ သီလပြည့်စုံနေတာပဲ၊ မတော်မသင့်တာ ပြုမိတယ်လို့ မရှိပါဘူး၊ ဒီတော့ အားထုတ်ဖို့မလိုပါဘူးလို့ ဒီလိုငြင်းပယ်တာလဲရှိတယ်၊ တချို့က ပုတီးစိပ်နေတာနဲ့ အားရပြီးနေလို့ တရားအားထုတ်ဖို့ တိုက်တွန်းတာကို ငြင်းပယ်တာလဲရှိတယ်၊ အဲဒါတွေဟာ တရားအားထုတ်ရေးကို အန္တရာယ်ပြုတဲ့ မာန်ယစ်မှုတွေပါပဲ၊ အဲဒီလို မာန်ယစ်မှု ဟူသမျှတွေကို ဆင်ခြင်ပြီးတော့ဖြစ်စေ၊ ရှုမှတ်ပြီးတော့ဖြစ်စေ ပယ်ဖို့ပါပဲ။

## ပမာဒ-မေ့လျော့ခြင်း

ပမာဒ-မေ့လျော့ခြင်းဆိုတာကိုလဲ ခုဒ္ဒကဝိဘင်းပါဠိတော်က ဒီလိုဝေဖန် ဖွင့်ပြထားတယ်။

[ဒုတိယအကြိမ်]

တတ္ထ ကတမော ပမာဒေါ၊ ကာယဒုစ္စရိတေ ဝါ ဝစီဒုစ္စရိတေ ဝါ မနောဒုစ္စရိတေ ဝါ ပဉ္စသု ဝါ ကာမဂုဏေသု စိတ္တဿ ဝေါဿဂ္ဂေါ ဝေါဿဂ္ဂါနုပ္ပဒါနံ ကုသလာနံ ဓမ္မာနံ ဘာဝနာယ အသက္ကစ္စကိရိယတာ အသာတစ္စကိရိယတာ အနဋ္ဌိတကိရိယတာ ဩလီနဝုတ္တိတာ နိက္ခိတ္တဆန္ဒတာ နိက္ခိတ္တဓုရတာ အနာသေဝနာ အဘာဝနာ အဗဟုလီကမ္မံ အနဓိဋ္ဌာနံ အနနုယောဂေါ ပမာဒေါ၊ ယော ဧဝရူပေါ ပမာဒေါ ပမဇ္ဇနာ ပမဇ္ဇိတတ္တံ၊ အယံ ဝုစ္စတိ ပမာဒေါ။

တတ္ထ-ကောကခေါ် တခုချင်းထုတ်ပြထားသည့် အကုသိုလ်တရားတို့တွင်၊ ပမာဒေါ-မေ့ခြင်း ဟူသည်၊ ကတမော-ဘယ်လိုဟာပါလဲ ဆိုလျှင်။ (ဇာတိမဒစသည်ဖြင့် တခုချင်း ထုတ်ပြထားတဲ့ အကုသိုလ်တရားတွေကို ကောကလို့ အမည်ပေးထားတယ်၊ အဲဒီ ကောကခေါ်တဲ့ အကုသိုလ်တွေထဲက ပမာဒကို ဖွင့်ပြမယ်လို့ ပမာဒဆိုတာ ဘယ်လိုဟာလဲလို့ မေးခွန်းကို ထုတ်ပြတာပဲ။

ကာယဒုစ္စရိတေ ဝါ-ကာယဒုစ္စရိုက်၌ လည်းကောင်း၊ ဝါ-ကိုယ်ဖြင့် မတော်မသင့်ပြုမှု၌လည်းကောင်း၊ ဝစီဒုစ္စရိတေ ဝါ- ဝစီဒုစ္စရိုက်၌လည်းကောင်း၊ ဝါ-နှုတ်ဖြင့် မတော်မသင့် ပြောဆိုမှု၌လည်းကောင်း၊၊ မနောဒုစ္စရိတေ ဝါ- မနော-ဒုစ္စရိုက်၌ လည်းကောင်း၊ ဝါ- စိတ်ဖြင့် မတော်မသင့်ကြံမှု၌

လည်းကောင်း၊ စိတ္တဿ-စိတ်ကို၊ ဝေါဿဂ္ဂေါ-မစောင့်ထိန်းပဲ လွှတ်ထားခြင်းသည်၊ ဝေါဿဂ္ဂါနုပ္ပဒါနံ- လွှတ်ထားခြင်းကို အဖန်ဖန်ခွင့်ပေးခြင်းသည်၊ ပမာဒေါ- မေ့လျော့ခြင်းပေတည်းတဲ့။

ဒါက ပမာဒ-မေ့ခြင်းအများထဲမှာ အကြမ်းဆုံး အဆိုးဆုံး မေ့ခြင်းပဲ။ (၁) ကာယဒုစ္စရိုက်ဆိုတာ ကိုယ်ဖြင့်မတော်မသင့်ပြုတဲ့ သတ်ခြင်း ခိုးခြင်း မပိုင်မဆိုင်သော မိန်းမယောကျ်ားတို့၌ မေထုန်အမှုကျူးလွန်ခြင်းဆိုတာ တွေပါပဲ။ စိတ်ကို မထိန်းသိမ်းပဲ အဲဒီသတ်မှုစသော ဒုစ္စရိုက်ကို ပြုလုပ်ကျူးလွန်နေယင် အဲဒါဟာ ပမာဒ-မေ့တာပဲ။ (၂) ဝစီဒုစ္စရိုက် ဆိုတာ နှုတ်ဖြင့် မတော်မသင့်ပြောတဲ့ လိမ်ခြင်း ကုန်းတိုက်ခြင်း ဆဲဆိုခြင်း အပြိန်အဖျင်း ပြောခြင်း ဆိုတာတွေပါပဲ၊ အဲဒီ ဝစီဒုစ္စရိုက် ဆိုတဲ့ မပြောသင့်တာတွေကို ပြောနေယင် စိတ်ကို မထိန်းသိမ်းပဲ လွှတ်ထားတဲ့ ပမဒ-မေ့တာပဲ။ (၃) မနောဒုစ္စရိုက် ဆိုတာ သူတပါးဥစ္စာကို မတရားရဖို့ ကြံခြင်း၊ သူတပါးကို သေပျက်အောင်ကြံခြင်း၊ ကံ—ကံ၏အကျိုးမရှိဟု မှားယွင်းစွာ ယူခြင်း ဆိုတာတွေပါပဲ၊ အဲဒီ မကြံသင့်တာတွေကို ကြံနေယင် စိတ်ကို မထိန်းသိမ်းပဲ လွှတ်ထားတဲ့ ပမာဒ-မေ့တာပဲ။ ဒီ ဒုစ္စရိုက် မကောင်းမှုတွေကို ကြံစည်ပြုလုပ် ပြောဆိုနေတာကတော့ ပမာဒဆိုတဲ့ မေ့လျော့မှုတွေထဲမှာ အဆိုးဆုံး အကြမ်းဆုံး ပမာဒပဲ။

သူတပါးကို သတ်ဖို့ ညှဉ်းဆဲဖို့ ဖျက်ဆီးဖို့ ကြံနေယင် ဗျာပါဒ ဆိုတဲ့ မနော ဒုစ္စရိုက် ဖြစ်နေတာပဲ၊ သူတပါး ဥစ္စာ

ကို ကိုယ်ပိုင်ဖြစ်အောင်ပြုလုပ်ဖို့ ခိုးဖို့ လုယက်ယူဖို့ လိမ်ဖို့စသည် ဖြင့် မကောင်းမှုပြုလုပ်ဖို့ ပြောဆိုဖို့ ကြံစည်နေယင် မနော ဒုစ္စရိုက် ဖြစ်နေတာပဲ၊ "ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာ မရှိဘူး၊ အဲဒီကံက ကောင်းကျိုး ဆိုးကျိုးကို ပေးတယ် ဖြစ် စေတယ် ဆိုတာလဲ မဟုတ်ဘူး"လို့ ယုံကြည်ကြံစည် နေယင် လဲ မနောဒုစ္စရိုက်ဖြစ်နေတာပဲ၊ သတ္တဝါကို သတ်ယင်, သူ တပါး ဥစ္စာကို ခိုးယင်, လုယင်, မပိုင်မဆိုင်သူနှင့် မေထုန် အမှုကို ပြုယင် ကာယဒုစ္စရိုက် ဖြစ်နေတာပဲ၊ လိမ်ပြောယင်, ညီညွတ်နေသူ အချင်းချင်း ကွဲပြားအောင် ကုန်းတိုက်ယင်, ဆဲ ရေးယင် ဝစီဒုစ္စရိုက် ဖြစ်နေတာပဲ၊ အဲဒီ ဒုစ္စရိုက်မကောင်း မှုကို ကြံစည် ပြုလုပ် ပြောဆိုတိုင်း ပမာဒ ဆိုတဲ့ မေ့လျော့မှု ဖြစ်နေတာပဲ၊ အဲဒါဟာ နွားများကို သွားချင်ရာသွားရော့ လို့ ချည်ထားတဲ့ကြိုးကို ဖြုတ်ပြီး လွှတ်လိုက်သလိုပင် ကြံချင် တာကြံဖို့ ပြုချင်တာပြုဖို့ ပြောချင်တာ ပြောဖို့ စိတ်ကို မထိန်းသိမ်းပဲ လွှတ်ထားလို့ ပါပဲ၊ ဒါကြောင့် စိတ္တဿ ဝေါ် ဿဂ္ဂေါ-စိတ်ကို လွှတ်ထားခြင်းဟာ ပမာဒ-မေ့လျော့ ခြင်းလို့ပဲ ပြဆိုထားတာပါပဲ။

အဲဒီ ပမာဒ မဖြစ်ရအောင် သီလကို ဆောက်တည်ပြီး ရှိရှိ သေသေစောင့်ရှောက်နေယင် ကိုယ်ဖြင့်မတော်တာပြုမှု ပမာဒ တင်းငြိမ်းတယ်၊ နှုတ်ဖြင့် မတော်တာပြောဆိုမှု ပမာဒလဲ ကင်း ငြိမ်းတယ်၊ သမထဘာဝနာကို မပြတ်ပွားများနေယင် စိတ်ဖြင့် မတော်တာကြံမှု ပမာဒလဲ ကင်းငြိမ်းတယ်၊ ဝိပဿနာရှုနေ

ယင်တော့ ရှုတိုင်း ရှုတိုင်း ရှုမိတဲ့အာရုံနဲ့စပ်ပြီး မေ့လျော့မှု ပမာဒ လုံးဝကင်းငြိမ်းတယ်၊ အရိယာမဂ်ရောက်တဲ့အခါကျတော့ ဆိုင်ရာ ဆိုင်ရာ မေ့လျော့မှုပမာဒတွေအမြစ်ပြတ် ကင်းငြိမ်းသွားကြတယ်။ ဘယ်လိုလဲဆိုတော့= သောတာပတ္တိမဂ် ရောက်ယင် သီလပျက်မှု ဆိုင်ရာ ဒုစရိုက် ပမာဒတွေ အကုန်ကင်းငြိမ်းတယ်၊ အနာဂါမိမဂ် ရောက်ယင် ကာမရာဂ ဗျာပါဒဆိုင်ရာ မနော ဒုစရိုက်အကုန်ကင်းငြိမ်းတယ်၊ အရဟတ္တမဂ်ရောက်ယင် ဘဝရာဂ စသည်ဆိုင်ရာကျန်တဲ့ပမာဒတွေ အကုန်ကင်းငြိမ်းတယ်လို့ဆိုသင့်ပါတယ်၊ ဒါပေမယ့် မူလပဏ္ဏာသ၊ ဝတ္ထသုတ်အဖွင့် အဋ္ဌကထာစသည်မှာတော့ "ဗျာပါဒ မာန ဥပနာဟ ပမာဒ ဆိုတဲ့ ကိလေသာ ၄-ပါးကို အနာဂါမိမဂ်ဖြင့် ပယ်ကြောင်း ကင်းငြိမ်းကြောင်း" ပြဆိုထားပါတယ်။ အဲဒီ အဆိုအရအားဖြင့် အနာဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ မကင်းသေးသော ဘဝရာဂ မာန အဝိဇ္ဇာစသော ကိလေသာတွေကတော့ ပမာဒထဲ၌ မပါဘူးလို့ ဆိုရမှာပဲ။

အဲဒီတော့ ဒီပမာဒဆိုတဲ့ မေ့လျော့မှုကိလေသာတွေ အကုန်ငြိမ်းအောင် အနာဂါမိမဂ်အထိ မဂ္ဂင်ရှစ်ပါးဖြစ်ပွားစေဖို့ လိုပါတယ်၊ ယခု ပြဆိုခဲ့တဲ့ ဒုစရိုက်တို့၌ စိတ်ကိုလွှတ်ထားခြင်းဆိုတဲ့ အကြမ်းဆုံး ပမာဒတွေပြပြီးနောက် ကာမဂုဏ်တို့၌ စိတ်ကို လွှတ်ထားခြင်း ဆိုတာကိုလဲ ဒီလို ဆက်ပြီး ပြဆိုထားပါတယ်။

[ဒုတိယအကြိမ်]

ပဉ္စသု ဝါ ကာမဂုဏေသု · ငါးပါးသော ကာမဂုဏ်တို့၌လည်း၊ စိတ္တဿ · စိတ်ကို၊ ဝေါဿဂ္ဂေါ · မစောင့်ထိန်းပဲ လွှတ်ထားခြင်းသည်၊ ဝေါဿဂ္ဂါနုပ္ပဒါနံ · လွှတ်ထားခြင်းကို အဖန်ဖန်ခွင့်ပေးခြင်းသည်၊ ပမာဒေါ · မေ့လျော့ခြင်းပေတည်း တဲ့။

သက်ရှိသက်မဲ့ အဆင်းရူပါရုံ၊ အသံ သဒ္ဒါရုံ၊ အနံ့ ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ကာမဂုဏ်အာရုံတွေမှာ စိတ်ကို လွှတ်ထားခြင်းလဲ ပမာဒပဲ တဲ့။ ဒုစရိုက်အထိ မရောက်ပေမယ့် စိတ်ကိုမထိန်းသိမ်းပဲ အဲဒီကာမဂုဏ်အာရုံတွေကို ကြံနေတာလဲ ပမာဒပဲ၊ အဲဒါတွေကို သာယာတပ်မက်ပြီး ခံစားနေတာလဲ ပမာဒပဲ တဲ့၊ ရဟန်းတော်များမှာ ဆွမ်းသင်္ကန်းစသော ပစ္စည်းလေးပါးသုံးဆောင်တဲ့အခါ အဲဒီကာမဂုဏ်ဆိုင်ရာ ပမာဒဖြစ်ရအောင် ပစ္စဝေက္ခဏာဖြင့် ဆင်ခြင်ပြီးသုံးဆောင်ဖို့ မြတ်စွာဘုရားက ညွှန်ကြားထားပါတယ်၊ ဝိပဿနာရှုလျက် သုံးဆောင်ယင်တော့ အဲဒီ ပမာဒ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းတာ အထူးထင်ရှားပါတယ်၊ နောက်ပြီးတော့ သမထဘာဝနာဖြစ်စေ၊ ဝိပဿနာဘာဝနာဖြစ်စေ မပြတ်ပွားစေယင် ကာမဂုဏ်အာရုံကို စိတ်ကူးကြံစည်ရုံမျှ ပမာဒတောင် မဖြစ်ပဲ ကင်းငြိမ်းပါတယ်၊ အဲဒီလို ပစ္စဝေက္ခဏာဖြင့် မဆင်ခြင်ပဲ ပစ္စည်းလေးပါးသုံးဆောင်ယင် ကာမဂုဏ်နဲ့ဆိုင်တဲ့ မေ့လျော့မှု ပမာဒ ဖြစ်နိုင်တယ်၊ မရှုမမှတ်ပဲနေယင်လဲ ကာမဂုဏ်အာရုံတွေ ကြံစည်တဲ့ မေ့လျော့မှု ပမာဒ ဖြစ်နိုင်တယ်၊ အဲဘာဟာ ဆင်ခြင်သင့်တာကို မဆင်ခြင်ပဲ ရှုမှတ်သင့်တာကို မရှု

မှတ်ပဲ စိတ်ကို သွားချင်ရာ သွားရော့ ကြံချင်တာ ကြံရော့ လုပ်ချင်တာ လုပ်ရော့လို့ ဆိုတဲ့အနေနဲ့ လွှတ်ထားလို့ ဖြစ်တာပဲ၊ ဒါကြောင့် စိတ္တဿ ဝေါဿဂ္ဂေါ-စိတ်ကို မစောင့်ထိန်းပဲ လွှတ်ထားခြင်းဟာ ပမာဒ-မေ့လျော့ခြင်းပဲလို့ ပြဆိုထားတာပဲ။ ယောကျ်ားမိန်းမတွေ အချင်းချင်း ကြည့်လျက်ဖြစ်စေ၊ နားထောင်လျက် အနံ့ခံလျက် အရသာခံလျက် ထိပါးလျက် ဖြစ်စေ ကာမအာရုံတွေ ခံစားရာ၌ မေ့လျော့မှု-ပမာဒဖြစ်ပုံကိုတော့ အထူးပြောစရာမလိုပါဘူး။ ဒါပေမယ့် ကာမအာရုံ စိတ်လွှတ်ထားတဲ့ ပမာဒကတော့ ဒုစရိုက်မှာ လွှတ်ထားတဲ့ ပမာဒလောက် မကြမ်းတမ်း မဆိုးဝါးပါဘူး၊ အဲဒီ ကာမအာရုံဆိုင်ရာ ပမာဒထဲမှာလဲ စိတ်ကူးကြံစည်ရုံ ပမာဒ-က တွေ့ဆုံခံစားတဲ့ ပမာဒလောက် မကြမ်းဘူးလို့ဆိုရမှာပဲ။ အဲဒီဒုစရိုက်တွေ ကာမဂုဏ်တွေနဲ့စပ်ဆိုင်တဲ့ ပမာဒတွေကို (ဒုစရိုက်သုံးပါး၊ ကာမ ငါး၊ စိတ်သွားစေဖို့ လွှတ်ထားလျှင်)လို့ ဆောင်ပုဒ် စီထားတယ်၊ အဲဒါနဲ့ဆက်စပ်ပြီး မှတ်ယူဖို့ရာလဲ (သွားလာ သောက်စား၊ ပျော်နေပြော၊ သူအားမေ့လျော့ခေါ်သည်ပင်)လို့ နောက်ဆုံးဆောင်ပုဒ်လဲစီထားတယ်။ အဲဒါကို ဆိုကြရမယ်။

၁။ ဒုစရိုက် သုံးပါး၊ ကာမ ငါး၊ စိတ်သွားစေဖို့ လွှတ်ထားလျှင်။

၅။ သွားလာ သောက်စား၊ ပျော်နေပြော၊ သူအား မေ့လျော့ ခေါ်သည်ပင်။

[ဒုတိယအကြိမ်]

ဒုစ္စရိုက်သုံးပါးကို ကြံစည်ပြုလုပ်ပြောဆိုဖို့ စိတ်ကိုမစောင့်ထိန်းပဲ လွှတ်ထားလို့ရှိယင်၊ ကာမဂုဏ် အာရုံများကို ကြံဖို့ ခံစားဖို့ စိတ်ကိုလွှတ်ထားယင် အဲဒါ ပမာဒ ဆိုတဲ့ မေ့လျော့မှုပဲ၊ အဲဒီလူဟာ သွားလာနေသည်ဖြစ်စေ၊ စားသောက်နေသည်ဖြစ်စေ၊ ကြံစည်ခံစားပြီး ပျော်နေသည်ဖြစ်စေ မေ့နေတယ်လို့ ဆိုရပါတယ် တဲ့။ ဒုစ္စရိုက်တွေပြုဖို့ကြံနေယင်လဲ မေ့နေသည်မည်တယ်၊ ပြုလုပ်ပြောဆိုနေယင်လဲ မေ့နေသည်မည်တယ်၊ ကာမအာရုံတွေကို ကြံနေယင်လဲ မေ့နေသည်မည်တယ်၊ ခံစားနေယင်လဲ မေ့နေသည်မည်တယ် တဲ့။

အဲဒီ ၂-မျိုးထဲက ကာမအာရုံနဲ့စပ်တဲ့ ပမာဒ မဖြစ်ရအောင် အသုဘစသည်ဖြင့် ရှုဆင်ခြင်ပြီး စိတ်ကိုထိန်းသိမ်းဖို့ လိုပါတယ်၊ သမထအာရုံတခုခုကို မပြတ်ရှုလျက် ထိန်းသိမ်းထားဖို့လဲလိုပါတယ်၊မြင်တိုင်းကြားတိုင်း စသည်မှာ မပြတ်ရှုမှတ်လျက် စိတ်ကို အမြဲထိန်းသိမ်းထားဖို့လဲ လိုပါတယ်။ ယခုဒီမှာ ဖောင်းတာ ပိန်တာမှ စပြီးပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်ရှုနေကြရတာဟာ အဲဒီမေ့လျော့မှု-ပမာဒ ကင်းအောင်လို့ စိတ်ကို ထိန်းသိမ်း နေကြရတာပဲ။ အကောင်းဆုံး ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းမြတ်ပါပဲ။ အဲဒီလို မရှုမမှတ်နိုင်ယင် မေ့လျော့မှု ပမာဒဖြစ်တတ်ပုံကို ဒီလိုလဲဆက်ပြီးပြဆိုထားပါတယ်။

ကုသလာနံ ဓမ္မာနံ-ကုသိုလ်တရားတို့ကို၊ ဘာဝနာယ-ဖြစ်ပွားစေခြင်းငှာ၊ အသက္ကစ္စကိရိယတာ-ရိုသေစွာ မပြုခြင်းသည်၊ ပမာဒေါ-မေ့လျော့မှုပေတည်း တဲ့။

[ဒုတိယအကြိမ်]

အဲဒီမှာ "ကုသိုလ်တရားဆိုတာက ဒါနစသော ကုသိုလ်တရားတွေ ဖြစ်ကြောင်း" ဝိဘင်္ဂအဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ အဲဒီအလိုအားဖြင့် ဒါနပြုဖို့ ပေးလှူဖို့၊ သီလကျင့်ဖို့ ရှိသေစွာ မပြုတာလဲ ပမာဒပဲ၊ သီလကိုရှိသေစွာ မကျင့်ယင် ဒုစ္စရိုက်တွေကျူးလွန်တဲ့ ပမာဒ ဖြစ်တယ်၊ ဘာဝနာ မပွား စေယင်တော့ ဒုစ္စရိုက်တွေ ပြုရန် ပြောရန်ကြံတဲ့ ပမာဒလဲ ဖြစ်တယ်၊ ကာမအာရုံတွေကြံတဲ့ ခံစားတဲ့ ပမာဒတွေလဲ ဖြစ်တယ်လို့ ဆိုရမှာပဲ၊ အထူးအားဖြင့်တော့ ဝိပဿနာ ဘာဝနာကို ပွားစေဖို့ ရှိသေစွာမပြုလျှင် ကာမအာရုံနှံ့စပ်တဲ့ ပမာဒလဲ ဖြစ်တာပဲ၊ ဒုစ္စရိုက်နှံ့စပ်တဲ့ ပမာဒလဲဖြစ်တာပဲ၊ စိတ်ပျံ့လွင့်တဲ့ မေ့မှု ပမာဒလဲ ဖြစ်တာပဲ။ တရားအားထုတ်နေတယ် ဆိုပေမယ့် ရှိရှိသေသေ လေးလေးစားစား ဂရုစိုက်ပြီးရှုမှတ်နေမှ အမှတ်သတိက ကောင်းကောင်းဖြစ်တာ၊ ပေါ့ပေါ့ဆဆ အားထုတ်နေယင်တော့ ရှုမှတ်နေယင်းစိတ်တွေကတခြားရောက်ရောက်ပြီး မေ့လျော့နေတတ်တယ်၊ အမှတ်လွတ်နေတတ်တယ်၊ ဂရုစိုက်ပြီး ရှုမှတ်နေတာတောင် အားထုတ်ခါစဆိုယင် မရှုမမှတ်မိပဲ မေ့သွားတာတွေ တခြားစိတ်ထွက်သွားတာတွေ ရှိသေးတာပဲ၊ အဲဒီလို တခြားစိတ်ထွက်သွားတာတွေလဲ မေ့လျော့မှု ပမာဒပဲ၊ အဲဒါကို "ကုသိုလ်တရား၊ ပွားဖို့ကား၊ လေးစားကောင်းစွာ မပြုလျှင်" လို့ ဆောင်ပုဒ်စီထားတယ်၊ ဆိုကြရမယ်။

၂။ ကုသိုလ်တရား၊ ပွားဖို့ကား၊ လေးစား ကောင်းစွာ မပြုလျှင်။

[ဒုတိယအကြိမ်]

၃။ သွားလာ သောက်စား၊ ပျော်နေငြား၊ သူအား
မေ့လျော့ခေါ် သည်ပင်။

ဒါနကုသိုလ်, သီလကုသိုလ်ကို ပွားစေဖို့၊ ဘာဝနာကုသိုလ်ကို ပွားစေဖို့ ရိုသေစွာ လေးစား ကောင်းစွာမပြုယင်၊ အထူးအားဖြင့် ဖောင်းတာ, ပိန်တာမှ စပြီး ပေါ်လာသမျှကို ရှုမှတ်နေရာမှာ ရိုရိုသေသေ လေးလေးစားစား ကောင်းစွာ မပြု, ကောင်းစွာ မရှုမမှတ်ယင် သွားလာ လုပ်ကိုင် သောက်စား ပျော်ပါးနေပေမယ်လို့ အဲဒီလိုလူကို မေ့လျော့နေသူလို့ဆိုရတာပဲ။ နောက်ပြီးတော့ အသက္ကစ္စကိရိယတာ ဆိုတဲ့ ပုဒ်ကို ဒီလိုလဲ ထပ်ပြီး ဖွင့်ပြထားပါသေးတယ်။

(ကုသလာနံ ဓမ္မာနံ ဘာဝနာယ- ကုသိုလ်တရား တို့ကို ပွားစေရန်အတွက်) အသာတစ္စကိရိယတာ- အမြဲမပြုခြင်းသည်၊ အနင္ဋိတကိရိယတာ- မရပ်နားပဲ အမြဲမပြုခြင်းသည်၊ ဝါ-ရပ်နား, ရပ်နားနေခြင်းသည်၊ (ဒီ ၂-ပုဒ်ဖြင့် ရပ်နားခြင်းမရှိပဲ အမြဲမပြုတ် ရှုမှတ်နေမှ အပ္ပမာဒ ဆိုတဲ့ မမေ့မှုကိစ္စ ပြည့်စုံကြောင်း၊ သို့မဟုတ်ပဲ တခဏလောက်ရှုမှတ်ပြီး ရပ်နားနေယင်၊ တနာရီလောက်သာ ရှုမှတ်ပြီး ရပ်နားနေယင် မေ့လျော့နေသည် မည်ကြောင်းများကို ပြဆိုပါသည်)။ ဩလီနဝုတ္တိတာ- လျော့စွာဖြစ်ခြင်းသည်၊ ဝါ ရှုမှတ်မှုလျော့ပါးခြင်းသည်၊ (ရှုမှတ်မှု လျော့နေတာလဲ ပမာဒပဲလို့ ဆိုလိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီလို ရှုမှတ်မှုလျော့နေတဲ့အခါမှာ စိတ်က တခြား

အထွက် များနေတတ်သောကြောင့်ပါပဲ။) နိက္ခိတ္တဆန္ဒတာ အားထုတ်လိုမှုကို ချထားခြင်းသည်၊ နိက္ခိတ္တဓုရတာ-အားထုတ်သည့်တာဝန်ကို ချထားခြင်းသည်၊ (ပျင်းရိပြီး အားထုတ်လိုခြင်း မရှိတာလဲ ပမာဒပဲ၊ အားမထုတ်တော့ပါဘူးလို့ ဝန်ချထားတာလဲ ပမာဒပဲလို့ ဆိုလိုပါတယ်၊ အဲဒီလို အားမထုတ်ပဲ မရှုမမှတ်ပဲနေယင်တော့ ကာမအာရုံစသည်ကိုသာစိတ်ရောက်ပြီး မေ့လျော့နေတာ အလွန်ထင်ရှားပါတယ်။) (ပမာဒေါ-မေ့လျော့မှုပေတည်း တဲ့။) အဲဒါကို "မပြတ်မပွား၊စိတ်လျော့ငြား၊ လိုလားမုရ ချထားလျှင်"လို့ ဆောင်ပုဒ် စီထားတယ် အဲဒါကို ဆိုကြရမယ်။

> ၃။ မပြတ်မပွား၊ စိတ်လျော့ငြား၊ လိုလား မုရ ချထားလျှင်။
>
> ၄။ သွားလာ သောက်စား၊ ပျော်နေငြား၊သူ့အား မေ့လျော့ခေါ်သည်ပင်။

ဝိပဿနာရှုတယ်ဆိုတာ ထင်ရှားပေါ်လာသမျှ စိတ်တိုင်း ရုပ်တိုင်းကို မပြတ်ရှုနေရတာပဲ၊ စိတ်တခုမျှ မရှုမိပဲ လွတ်မသွားရအောင် မပြတ်ရှုနေရတာပဲ၊ အဲဒီလိုမဟုတ်ပဲ၊ အပြတ်အခြားတွေ ရှိနေယင် အဲဒါဟာ ပမာဒဆိုတဲ့ မေ့လျော့မှုပဲ၊ တနာရီလောက်သာ ရှုမှတ်ပြီ တနာရီလောက်, နှစ်နာရီလောက်ဖြစ်စေ၊ သုံး-လေးနာရီလောက်ဖြစ်စေ၊ တနေ့လုံးဖြစ်စေ မရှုမမှတ်ပဲ ရပ်နားနေယင်တော့ အဲဒါဟာ မေ့လျော့မှု ပမာဒ

ဖြစ်ကြောင်း အထူးပြောစရာ မလိုပါဘူး၊ နောက်ပြီးတော့ ရှုမှတ်အားထုတ်နေယင်း စိတ်အားလျော့နေယင်လဲ ပမာဒဆိုတဲ့ မေ့လျော့မှုပဲ၊ အားထုတ်လိုမှုဆန္ဒကို စွန့်ချထားယင်, အား မထုတ်တော့ပါဘူးလို့ လုံးလုံးဝန်ချထားယင် စိတ်တွေက လွင့် ချင်ရာ လွင့်သွားပြီး မေ့လျော့နေတာကို အထူးပြောစရာမလို ပါဘူး၊ တရားအားမထုတ်ပဲ နေတဲ့လူတွေနဲ့ အတူတူ ဖြစ်နေ တာပါပဲ။ နောက်ပြီးတော့—

(ကုသလာနံ ဓမ္မာနံ ဘာဝနာယ- ကုသိုလ်တရားတို့ကို ပွား စေရန်အတွက်) အနာသေဝနာ- အဖန်ဖန်ရှုမှတ်လျက် မမှီဝဲ ခြင်းသည်၊ အဘာဝနာ- မပွားစေခြင်းသည်၊ အဗဟုလီကမ္မံ- အကြိမ်များစွာ မပြုခြင်းသည်၊ အနဓိဋ္ဌာနံ- မပြတ် ရှုမှတ်ရန် အဓိဋ္ဌာန်မပြုခြင်းသည်၊ အနနုယောဂေါ-အားမထုတ်ခြင်းသည်၊ ပမာဒေါ-မေ့လျော့ခြင်းပေတည်း တဲ့။ အဲဒါအတွက် ဆောင် ပုဒ်ကို ဆိုကြရမယ်။

၄။ မမှီဝဲငြား၊ မပွားများ၊ အားပါးမထုတ် နေခဲ့ လျှင်။

၅။ သွား, လာ, သောက်စား၊ ပျော်နေငြား၊ သူအား မေ့လျော့ ခေါ်သည်ပင်။

အဖန်ဖန်ရှုမှတ်ပြီး မမှီဝဲလျှင်၊ မပွားစေလျှင် ပမာဒ- မေ့ လျော့ခြင်းပဲတဲ့။ အကြိမ်များစွာ မပြုချင်း ဆိုတာကိုတော့

[ဒုတိယအကြိမ်]

မပွားများခြင်းနှင့် သဘောတူတဲ့ အတွက် ဆောင်ပုဒ်ထဲမှာ သီးခြားမပြပဲ ချန်ထားတယ်။ နောက်ပြီးတော့ အနုဝိဋ္ဌာန်-ကိုလဲ အားမထုတ်ခြင်းနှင့် သဘောတူသောကြောင့် သီးခြားမပြပဲ ချန်ထားတယ်၊ ဒါလောက်ဆိုယင် ထင်ရှားလှပါပြီ။ နောက်ပြီးတော့ နိဂုံးချုပ်ကိုလဲ ဆက်ပြီး ဒီလိုပြထားပါသေးတယ်။

ဝေရှပေါ- ဒုစ္စရိုက်ကာမဂုဏ်ဘိုဌ် စိတ်ကိုလွှတ်ထားခြင်း ကုသိုလ်တရားတို့ကို ပွားစေရန် ရိုသေစွာမပြုခြင်း စသည်ဖြင့် ဖွင့်ပြခဲ့သည့် ဤလိုသဘောရှိသော၊ ယော ပမာဒေါ-အကြင် မေ့လျော့ခြင်းသည်၊ ယာ ပမဇ္ဇနာ- အကြင်မေ့လျော့မှု အခြင်းအရာသည်၊ ယံ ပမဇ္ဇိတတ္တံ- အကြင် မေ့လျော့သူမည်ကြောင်း (စိတ်လွှင့်ပါး) သည်၊ အတ္ထိ- ရှိ၏၊ အယံ ဤမေ့လျော့ခြင်းကို၊ ပမာဒေါ- ပမာဒဟူ၍၊ ဝုစ္စတိ- ဆိုအပ်သည် တဲ့။

## ပမာဒ-မေ့လျော့မှု ၆-ပါးခွဲခြားချက်

ဒါလောက်ဆိုယင် ပမာဒ- မေ့လျော့ခြင်းဆိုတာ ဘယ်လိုဟာပဲလို့ နားလည်လောက်ပါပြီ၊ ဒါပေမယ့်- သာပြီးထင်ရှားအောင် မေ့မှုအဆင့် အမျိုးအစားကိုလဲ ခွဲခြားပြီး ဖော်ပြပါဦးမယ်၊ ရှုမှတ်နေယင်း စိတ်ထွက်သွားတာ မမှတ်မိပဲ မေ့သွားတာက အားအနည်းဆုံး အသိမ်အမွေ့ဆုံးမေ့မှု ပမာဒပဲ (၁)။ မရှုမှတ်ပဲနားနေတာက အဲဒါထက်ကြမ်းတဲ့မေ့မှု ပမာဒပဲ (၂)။

[ဒုတိယအကြိမ်]

အဲဒီလိုမရှုမမှတ်ပဲ စိတ်ကိုလွှတ်ထားတော့ ကာမဂုဏ်အာရုံတွေ ဆီ စိတ်ရောက်ပြီး ကြံနေတာက အမှတ်(၂)ပမာဒထက် ကြမ်း တမ်းယုတ်မာတဲ့ မေ့မှု-ပမာဒပဲ (၃)။ ကာမဂုဏ်အာရုံတွေကို ကြည့်ရှုနားထောင်ခြင်း, တွေ့ထိခြင်းစသည်ဖြင့် ခံစားနေတာက အဲဒီ အမှတ် (၃) ထက် ကြမ်းတမ်း ယုတ်မာတဲ့ မေ့မှု-ပမာဒပဲ (၄)။ သတ်ရန် ခိုးရန် လိမ်ရန် စသည်ဖြင့် ဒုစရိုက် အမှုတွေကို ပြုရန် ပြောရန် ကြံနေတာက အဲဒီအမှတ် (၄) ထက် ကြမ်းတမ်းယုတ်မာတဲ့ မေ့မှု-ပမာဒပဲ (၅)။ ညှဉ်းဆဲ ခြင်း သတ်ခြင်း ခိုးခြင်း လိမ်ခြင်းစသော မကောင်းမှုကို ပြုလုပ် ပြောဆိုနေတာကတော့ အကြမ်းတမ်း အယုတ်မာဆုံးအဆိုးဆုံး မေ့မှု-ပမာဒပဲ (၆)။

အဲဒီပမာဒ ၆-မျိုးထဲက အမှတ်(၆) ပမာဒကိုတော့ ဗုဒ္ဓ သာသနာဝင် ပုဂ္ဂိုလ်တိုင်း ကင်းရှင်းအောင်ကျင့်ဖို့ လိုပါတယ်။ ထို့ပြင် အမှတ်(၅) ပမာဒကိုလဲ ကင်းရှင်းစေဖို့ လိုပါတယ်။ ရဟန်းတော်များနှင့် တရားအားထုတ်နေတဲ့ လူပုဂ္ဂိုလ်များဆို ယင်တော့ အမှတ်(၄) ပမာဒလဲ ကင်းရှင်းအောင် ကျင့်ဖို့လို ပါတယ်၊ ထို့ပြင် ကာမဂုဏ်အာရုံဆီရောက်ပြီး ကြံစည်နေတဲ့ အမှတ် (၃) ပမာဒလဲ ဖြစ်ခွင့်မရှိအောင် မပြတ်ရှုမှတ်နေဖို့ လိုပါတယ်၊ ရှုမှတ်နေယင်း အဲဒီလို စိတ်အကြံ ဖြစ်ပေါ်လာ ယင်လဲ ချက်ခြင်းပင် ရှုမှတ်ပြီး ပယ်ဖို့လိုပါတယ်၊ ဝိပဿနာ ဉာဏ်ထူး မဂ်ဖိုလ်ဉာဏ်ထူးများကိုရအောင် တကယ်တမ်း တရား အားထုတ်နေတဲ့ ရဟန်းရှင်လူပုဂ္ဂိုလ်များကတော့အမှတ်(၁-၂)

ပမာဒတွေပါကင်းရှင်းအောင်မပြတ်ရှုမှတ်နေဖို့လိုပါတယ်။ ယခု ဒီမှာ ဖောင်းတာ ပိန်တာကစပြီး ပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်ရှုမှတ် နေကြရတာဟာ အဲဒီ ပမာဒ ၆-မျိုးလုံး လုံးဝ ချုပ်ငြိမ်းကင်းရှင်းအောင် ရှုမှတ်နေကြရတာပဲ၊ လောဘမှစပြီး ဒီပမာဒအထိ ၁၆-မျိုးသော အကုသိုလ် ကိလေသာ တွေကို ပယ်ရန် အလယ်လမ်းမှန်အကျင့် ရှိပါသည် ဆိုတဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ ဟောပြချက်အတိုင်း မဂ္ဂင်ရှစ်ပါးဆိုတဲ့ အလယ်လမ်းမှန် အကျင့်ကို ကျင့်နေကြရတာပဲ၊ အင်မတန် ဝမ်းမြောက်စရာ ကောင်းပါတယ်။

## ကိလေသာ ၁၆-ပါးကို အရိယမဂ် ၃-ပါးဖြင့်ပယ်ပုံ

ယခုပြောခဲ့တဲ့အတိုင်း မြင်ဆဲ ကြားဆဲ စသည်၌ ပေါ်လာသမျှ ရုပ်နာမ်တွေကို မမေ့မလျော့ မပြတ်ရှုမှတ်ပြီး ဝိပဿနာ မဂ္ဂင်တရားတွေကို ပွားစေလျှင် သောတာပတ္တိမဂ် ရောက်တဲ့ အခါ မက္ခနှင့်ပဠာသ, ဣဿာနှင့်မစ္ဆရိယ, မာယာနှင့် သာဌေယျ ဆိုတဲ့ ဒီအယုတ်တရား ကိလေသာ၆-ပါးဟာ အမြစ်ပြတ်ကင်းငြိမ်းသွားမယ်၊ အနာဂါမိမဂ် ရောက်တဲ့ အခါကျတော့ ဗျာပါဒ လို့လဲ ဆိုရတဲ့ ဒေါသရယ် ကောဓနှင့် ဥပနာဟရယ် ယခု နောက်ဆုံး ပြောနေတဲ့ ပမာဒရယ် ဒီ အယုတ်တရား ကိလေသာ ၄-ပါးဟာ အမြစ်ပြတ်ကင်းငြိမ်းသွားမယ်၊ အရဟတ္တမဂ် ရောက်တဲ့ အခါကျတော့ လောဘရယ် ထမ္ဘနှင့် သာရမ္ဘရယ် မာနနှင့် အတိမာနရယ် ယခုပြောခဲ့တဲ့ နောက်ဆုံးအစုံအထဲက မဒရယ် ဒီအယုတ်တရား ကိလေသာ ၆-ပါး

ဟာ အမြစ်ပြတ် ကင်းငြိမ်းသွားမယ်၊ အဲဒီလို အရိယမဂ်တို့ဖြင့် (အစုံအားဖြင့် (၈) စုံ၊ အသီးအသီး အားဖြင့် (၁၆) ပါး သော) ကိလေသာတွေ အမြစ်ပြတ်ကင်းငြိမ်းပုံကို မူလပဏ္ဏာသ အဋ္ဌကထာ၊ ဝတ္ထသုတ်အဖွင့် စသည်မှာ ဖော်ပြထားပါတယ်။

အဲဒီလို အဋ္ဌကထာများက ပြထားသည့်အတိုင်း ဆိုတော့ ယခုပြောနေတဲ့ ပမာဒ· မေ့မူဆိုတာက အနာဂါမ် ဖြစ်ယင် ကင်းငြိမ်းတော့တာပဲ၊ ဒါပေမဲ့· ဘဝ၌ ခင်မင် တွယ်တာတဲ့ ဘဝရာဂရယ်၊ အမှန်အတိုင်း စိတ်တက်ကြွတဲ့ ယာထာဝမာန စသည်ရယ်၊ အဝိဇ္ဇာရယ် ဒီကိလေသာတွေကတော့ ကျန်နေ သေးတယ်၊ အဲဒီကိလေသာတွေလဲ ကင်းငြိမ်းအောင် အနာဂါမ် ပုဂ္ဂိုလ်ကလဲ ဆက်လက်ပြီး မဂ္ဂင်ရှစ်ပါး အလယ်လမ်း အကျင့် မှန်တရားတွေကို ပွားစေတတ်တာပဲ၊ အဲဒီလိုပွားစေလို့ အရဟတ္တ မဂ် ရောက်တဲ့ အခါကျတော့ ဘဝရာဂ စသော ကိလေသာ ဟူသမျှတွေ အကုန်လုံး ကင်းငြိမ်းသွား ကြမယ်၊ အဲဒီအထိ မဂ္ဂင်ရှစ်ပါးကို ပွားစေပြီး တရားအမွေကိုခံယူဖို့ရာ မြတ်စွာ ဘုရားက ညွှန်ကြား တိုက်တွန်းတော် မူသည့်အတိုင်း အရှင် သာရိပုတ္တရာမထေရ်မြတ်ကလဲ ပယ်ရမည့် ကိလေသာ ၁၆-ပါး နှင့် အဲဒီကိလေသာတွေကို ပယ်ဖို့ရာ မဇ္ဈိမပဋိပဒါဆိုတဲ့ မဂ္ဂင် ရှစ်ပါး မြတ်တရားကို အထပ်ထပ်ဖော်ပြ ဟောကြားတော်မူ ခဲ့ပါတယ်၊ အဲဒီဟောကြားချက်တွေထဲက နောက်ဆုံးအပိုဒ်၏ အစပိုင်းကို ခုတင်က ထုတ်ပြခဲ့ပါပြီ (နှာ ၁၆၅-မှာ ကြည့်)။ အဲဒါကို ယခုထပ်ပြီး ရွတ်ပြဦးမယ်။

[ဒုတိယအကြိမ်]

## ဓမ္မဒါယာဒသုတ် နောက်ဆုံးအပိုဒ်

တတြာဝုသော မဇ္ဈေါ စ ပါပကော။ ပ ။ နိဗ္ဗာနာယ သံဝတ္တတိ။

အာဝုသော- ငါ့ရှင်တို့၊ တတြ- ငါပြောပြခဲ့သော ထိုစကားထဲ၌၊ (ပရိယာပန္နေ- ပယ်ရမည့် ပဟာတဗ္ဗတရားအဖြစ်ဖြင့် ပါဝင်သော၊) မဒေါ စ- မာန်ယစ်တဲ့ မဒသည်လည်း၊ ပါပကော- ယုတ်မာ၏၊ ပမာဒေါ စ- မေ့လျော့တဲ့ ပမာဒသည်လည်း၊ ပါပကော- ယုတ်မာ၏၊ မဒဿစ ပဟာနာယ- မဒကိုလဲပယ်ရန်၊ ပမာဒဿ စ ပဟာနာယ- ပမာဒကိုလဲ ပယ်ရန်၊ မဇ္ဈိမာပဋိပဒါ- အလယ်လမ်းမှန် အကျင့်သည်၊ အတ္ထိ- ရှိပါသည်၊ (ဘယ်လို စွမ်းရည်ဂုဏ်ထူးရှိသလဲဆိုတော့၊ သာ- ထိုအလယ်လမ်းမှန် အကျင့်သည်၊) စက္ခုကရဏီ- ပညာမျက်စိကိုလဲ ပြုတတ် ဖြစ်စေတတ်ပါသည်၊ ဉာဏကရဏီ- အသိဉာဏ်ကိုလဲ ပြုတတ် ဖြစ်စေတတ်ပါသည်၊ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ-ကိလေသာငြိမ်းရန် အထူးသိရန် ထိုးထွင်းသိရန် ဆင်းရဲငြိမ်းရန် အလို့ငှာလဲဖြစ်ပါသည်၊ ဝါ- ဆင်းရဲငြိမ်းရန် အလို့ငှာလဲ ဖြစ်သော၊ မဇ္ဈိမာပဋိပဒါ၊ အလယ်လမ်းမှန်အကျင့်သည်၊ အတ္ထိ- ရှိပါသည် တဲ့။

အဲဒီတနောက် ထိုအလယ်လမ်းမှန်အကျင့်က ဘယ်ဟာလဲ စသည်ဖြင့် မေး ဖြေ ထားပုံပါဠိကတော့ ရှေ့ပိုင်း(နှာ-၉၇) မှာ ပြခဲ့တဲ့အတိုင်းပါပဲ။ ကဲ—အဲဒီဆောင်ပုဒ်ကို ဆိုကြရမယ်။

[ဒုတိယအကြိမ်]

၈။ မာန်ယစ်တဲ့ ပမာဒလဲ ယုတ်မာသည်၊ မေ့လျော့တဲ့ ပမာဒသဲ ယုတ်မာသည်၊ မဒကိုလဲ ပယ်ရန် ပမာဒကိုလဲပယ်ရန် အသယ်လမ်းမှန် အကျင့်ရှိသည်။

အဲဒီ လမ်းမှန်အကျင့်က ဘယ်ဟာလဲဆိုယင် မဂ္ဂင်ရှစ်ပါး ဟောဒီ မြတ်တရားပင်ဖြစ်သည်၊ ထိုတရားကလဲ—

သမ္မာဒိဋ္ဌိ- မှန်စွာမြင်ခြင်း။ပ။ သမ္မာသမာဓိ-မှန်စွာ စူးစိုက်တည်ကြည်ခြင်းဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်သည်။

## ရှေ့နောက် နှီးနှောပြဆိုချက်

မဒနှင့် ပမာဒကို ပယ်ရန် သမ္မဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး အလယ်လမ်းမှန် အကျင့်တရားကို ဖြစ်ပွားစေရမယ်၊ ဘယ်လို လုပ်ပြီး ဖြစ်ပွားစေရမှာလဲဆိုတော့ ရှေ့ပိုင်းကပြောခဲ့တဲ့အတိုင်း မြင်ဆဲကြားဆဲ စသည်မှာ ထင်ရှားပေါ်လာတဲ့ ဥပါဒါနက္ခန္ဓာ ခေါ် ရုပ်နာမ်တရားတို့ကို မပြတ်ရှုမှတ်ပြီး ဖြစ်ပွားစေရမယ်၊ အဲဒီလို ဖြစ်ပွားစေလို့ သမ္မာသမာဓိခေါ်တဲ့ ဝိပဿနာခဏိက သမာဓိအားရှိလာတဲ့အခါ သိစရာရုပ်နဲ့ သိတဲ့နာမ် ဒီရုပ်နာမ် ၂-ပါးကို ပိုင်းခြားသိတဲ့ ပညာမျက်စိလဲဖြစ်တယ်၊ အကြောင်းနဲ့ အကျိုးကို ပိုင်းခြားသိတဲ့ ပညာမျက်စိလဲ ဖြစ်ဘယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကိုသိပြီး မမြဲဘူးစသည်ဖြင့်သိတဲ့ ပညာမျက်စိလဲ ဖြစ်တယ်၊ ပညာမျက်စိဆိုတာ အသိဉာဏ်ပါပဲ၊ အဲဒီအသိဉာဏ်က သာမန်အသိမျိုးမဟုတ်ဘူး၊ ထူးခြားစွာလဲသိဘယ်၊

ထိုးထွင်းပြီးလဲသိတယ်၊ အဲဒီလို သိတိုင်း သိတိုင်း ငြိမ်းသင့်သမျှ ကိလေသာတွေလဲ ငြိမ်းတယ်၊ နောက်ဆုံးမှာ သောတာပတ္တိမဂ်ဉာဏ် စသည်ဖြစ်ပြီးတော့ နိဗ္ဗာန်အစစ်ကိုလဲ မျက်မှောက်တွေ့သိမြင်သွားတယ်။ အဲဒီလိုအသိအမြင်တွေဖြစ်ပြီး ကိလေသာတွေကို ပယ်နိုင်ယင်—

ယေသဥ္စ ဓမ္မာနံ- လောဘာ အစ, ပမာဒ အဆုံးရှိသော ၁၆-ပါးသော အကြင်ကိလေသာ တရားတို့ကိုလည်း၊ ပဟာနံ- ပယ်ခြင်းကို၊ ဝါ- ပယ်ရန်၊ သတ္ထာ အာဟ- ဆရာဘုရားက မိန့်ကြားတော်မူ၏၊ တေ စ ဓမ္မေ- ထိုကိလေသာ တရားတို့ကိုလည်း၊ ပဇဟန္တိ- ဘုရားတပည့်တို့ကို ပယ်ကြပါမူ— "အဲဒီကိလေသာကို ပယ်သောအကျင့်ဖြင့် ဆရာဘုရားက ညွှန်ကြားတော် မူတဲ့အတိုင်း ကိလေသာတွေကို ပယ်တော်မူကြ ပါပေတယ်"လို့ ဆယ်ဝါရပြီး မထေရ်ကြီးများကိုလဲ ချီးမွမ်းသင့်ပါတယ်၊ ငါးဝါရပြီးဖြစ်သော ရဟန်းလတ်များကိုလဲ ချီးမွမ်းသင့်ပါတယ်၊ ငါးဝါမရသေးသော ရဟန်းသစ် ရဟန်းငယ်များကိုလဲ ချီးမွမ်းသင့်ပါတယ်လို့ ပြဆိုခဲ့တဲ့ ချီးမွမ်းဖွယ်ဂုဏ်နှင့် ပြည့်စုံကြတာပါပဲ။ အဲဒီဂုဏ်နှင့် ပြည့်စုံယင်—

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသဒါယာဒါလို့ မြတ်စွာဘုရားက တိုက်တွန်းထားတဲ့ အတိုင်း တရားအမွေခံ အစစ် ဖြစ်ကြတာပါပဲ၊ အဲဒီလို တရားအမွေခံအစစ် ဖြစ်ကြဖို့ရာ ရည်ရွယ်ပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဝေဖန် ဟောကြားတော်မူတာပါပဲ။ အဲဒါဟာ အလွန်နက်နဲပါတယ်၊ မဟာသတိပဋ္ဌာနသုတ် မဟာပဒါန

သုတ် စသည်နှင့်အညီ မဂ္ဂင်ရှစ်ပါး ပွားများနည်းကို မသိနားမလည်ယင် "မဂ်ဖိုလ်နိဗ္ဗာန် ဆိုတဲ့ တရားအမွေ အစစ်ကိုခံယူရအောင် ဘယ်လိုအားထုတ်ရမယ်၊ မဂ္ဂင်ရှစ်ပါးကို ဘယ်လိုပွားစေရမယ်"ဆိုတာ သဘောပေါက်နားလည်ဖို့ခက်ပါတယ်၊ ဘုန်းကြီးတို့မှာတော့ ဓမ္မစကြာသုတ် မဟာသတိပဋ္ဌာနသုတ် မဟာပဒါနသုတ် စသည်တို့နှင့်အညီ အားထုတ်ဘူးတဲ့အတွက် အဲဒီ မဂ္ဂင်ရှစ်ပါး ပွားစေပုံနည်းဟာ အင်မတန်ထင်ရှားနေပါတယ်၊ အများနားလည်အောင်ဟောပြဖို့ လွယ်ကူနေပါတယ်၊ ဘုန်းကြီးတို့ ဟောပြညွှန်ကြားတဲ့အတိုင်း လိုက်နာပြီး ရိုရိုသေသေ ကျင့်သုံးကြယင် အဲဒီကျင့်တဲ့ပုဂ္ဂိုလ်တွေမှာလဲ ကိုယ်တိုင်တွေ့အားဖြင့် ထင်ရှားနေမှာပါပဲ။

မြတ်စွာဘုရားက "ငါဘုရား၏ တရားအမွေကို ခံယူကြ၊ ပစ္စည်းအမွေကို မခံယူကြနဲ့၊ ပစ္စည်းအမွေ ခံယူရုံမျှဖြင့် အားရမနေကြနဲ့"လို့ ညွှန်ကြားတော်မူခဲ့ပါတယ်၊ အဲဒါကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ကဲ့ရဲ့ဖွယ် အပြစ်သုံးပါးနဲ့ ချီးမွမ်းဖွယ်ဂုဏ်သုံးပါးဖြင့် ဝေဖန်ဖွင့်ပြပြီးတော့ "မြတ်စွာဘုရားက ပယ်ရန် ဟောထားတဲ့ လောဘ အစ ပမာဒ အဆုံးရှိသော ကိလေသာ ၁၆-ပါးတို့ကို ပယ်ကြရမယ်၊ အဲဒီလိုပယ်ယင် ချီးမွမ်းဖွယ်ဂုဏ်နဲ့ ပြည့်စုံပြီး တရားအမွေခံအစစ် ဖြစ်နိုင်တယ်"ဆိုတာကိုလဲ သိစေပါတယ်၊ အဲဒီ ကိလေသာတွေကိုပယ်ဖို့ မဂ္ဂင်ရှစ်ပါးဆိုတဲ့ အလယ်လမ်းမှန် အကျင့်တရားကိုလဲ ထုတ်ဖော်ပြီး ဟောခဲ့ပါတယ်။

[ဒုတိယအကြိမ်]

အဲဒီ မဂ္ဂင်ရှစ်ပါးကို ပွားစေယင် ရောဂါဆိုးစွဲကပ်နေတဲ့ လူမှာ အဲဒီရောဂါပျောက်အောင် ဆေးကောင်းကို သုံးဆောင် တာနဲ့တူပါတယ်၊ ကိုယ်ထဲမှာ ဆေးကောင်းတွေ ဝင်ရောက် လာသလောက် ရောဂါဆိုးတွေ ဆုတ်ယုတ် ပျောက်ကင်းသွား သလိုပင် မိမိတို့သန္တာန်မှာ မဂ္ဂင်ရှစ်ပါးတွေ ပြည့်စုံသလောက် ကိလေသာတွေ ကင်းငြိမ်းသွားနိုင်ပါတယ်၊ ရှေးဦးစွာ ပုဗ္ဗ ဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်တွေကို ပွားစေရတယ်၊ အဲဒီ ဝိပဿနာမဂ္ဂင်တွေကလဲ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ ဖြစ်ဆဲရုပ်နာမ် တွေကို အမှန်အတိုင်းသိအောင် ရှုပါမှ ဖြစ်ပွားတာ၊ အဲဒီလို ရှုယင် ရုပ်နာမ်တို့၏ သဘောမှန်ကို ထင်ရှားတွေ့ရတယ်၊ အဲဒီ လို တွေ့ပြီး အဖြစ်အပျက်ကိုလဲ လက်နဲ့ ကိုင်ကြည့်ရသလို ထင်ရှားသိရတယ်၊ အမှန်အတိုင်း အဖြစ်အပျက်ကို သိတော့ အနိစ္စစသည်ဖြင့် အမှန်အတိုင်း သိတဲ့ သမ္မာဒိဋ္ဌိစသော ဝိပဿနာ မဂ္ဂင်တွေ ဖြစ်ပွားတယ်၊ အဲဒါဟာ ပုဗ္ဗဘာဂမဂ်ပဲ၊ အရိယ မဂ်၏ ရှေ့သွား အခြေခံမဂ်ပေါ့၊ အဲဒီ ဝိပဿနာမဂ်က အင် အားပြည့်တဲ့အခါ အရိယမဂ်ဆိုတဲ့ မဂ္ဂင် ရှစ်ပါးတရားတွေ ဖြစ်ပွားကြတော့တာပဲ၊ အဲဒီလို ဖြစ်ပုံဟာ အင်မတန် ရှင်းပါ တယ်။ ဒါကြောင့် အရှင်သာရိပုတ္တရာ မထေရ်မြတ်က ပုဗ္ဗဘာဂ ဝိပဿနာမဂ်နှင့် တကွ အရိယမဂ်ဆိုတဲ့ မဂ္ဂင်ရှစ်ပါး ပွားစေပြီး တော့ တရားအမွေအစစ်ကို ခံယူကြဖို့ရာ ဝေဖန် ဟောကြား တော်မူတာပါပဲ။

[ဒုတိယအကြိမ်]

အဲဒီမှာ အဋ္ဌကထာက မဂ္ဂင်ရှစ်ပါးပွားစေပုံကို နည်း ၂-ပါး ဖြင့် ဒီလို ပြဆိုထားပါတယ်။

## မဂ္ဂင်ပွားပုံ ဘာဝနာနည်း ၂-ပါး

ဘာဝနာနယော-တိ ကောစိ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ ကောစိ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ။ ကထံ—ဣဓေကစ္စော ပဌမံ ဥပစာရသမာဓိံ ဝါ အပ္ပနာသမာဓိံ ဝါ ဥပ္ပါဒေတိ၊ အယံ သမထော၊ သော တဉ္စ တံသမ္ပယုတ္တေ စ ဓမ္မေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ။ ဣတိ ပဌမံ သမထော ပစ္ဆာ ဝိပဿနာ။ တေန ဝုစ္စတိ "သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတိ" တိ။ တဿ သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ။ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီ ဟောန္တိ။

ဘာဝနာနယောတိ-မဂ္ဂင်ကို ပွားစေနည်း ဟူသည်ကား၊ ကောစိ-အချို့ပုဂ္ဂိုလ်သည်၊ သမထပုဗ္ဗင်္ဂမံ-သမထ ရှေ့သွားရှိသော၊ ဝိပဿနံ-ဝိပဿနာကို၊ ဘာဝေတိ-ဖြစ်စေ-ပွားစေ၏၊ ကောစိ-အချို့ပုဂ္ဂိုလ်သည်၊ ဝိပဿနာပုဗ္ဗင်္ဂမံ-ဝိပဿနာ ရှေ့သွားရှိသော၊ သမထံ-သမထကို၊ ဘာဝေတိ-ဖြစ်စေ-ပွားစေ၏။

[ဒုတိယအကြိမ်]

ကထံ-အဘယ်သို့နည်းဟူမူ၊ ဣဓ-ဤသာသနာတော်၌၊ ကေစွော-အချို့ပုဂ္ဂိုလ်သည်၊ ဥပစာရသမာဓိံ ဝါ-ဥပစာသမာဓိကို သော်လည်းကောင်း၊ အပ္ပနာသမာဓိံ ဝါ-အပ္ပနာသမာဓိကို သော်လည်းကောင်း၊ ပဌမံ-ဝိပဿနာမရှုမီ ရှေးဦးစွာ၊ ဥပ္ပါဒေတိ-ဖြစ်စေ-ပွားစေ၏။ အယံ-ဤသမာဓိသည်၊ သမထော-သမထ ပေတည်း။

မဂ္ဂင်ရှစ်ပါးကို ပွားစေတဲ့နည်းဟာ ၂-ပါးရှိတယ်၊ သမထ သမာဓိရအောင် အားထုတ်ပြီးမှ ဝိပဿနာမဂ္ဂင်ကို ပွားစေတဲ့ နည်းက တပါး၊ သမထသမာဓိကို မပွားစေပဲ ဝိပဿနာက စပြီး ပွားစေတဲ့နည်းကတပါး-ဒီလို ၂-ပါးရှိတယ်၊ အဲဒီမှာ သမထသမာဓိ ဆိုတာက အပ္ပနာဆိုတဲ့ ဈာန်သမာဓိလဲရှိတယ်၊ ဈာန်မရသေးမီ နီဝရဏ ကင်းလောက်အောင် စိတ်တည်ကြည် တဲ့ ဥပစာသမာဓိလဲ ရှိတယ်၊အဲဒီသမာဓိ ၂-ပါးထဲက တပါးပါး ကို ရအောင် အားထုတ်ပြီးမှ ဝိပဿနာရှုတာကို သမထ ရှေ့သွား ရှိတဲ့ မဂ္ဂင်ပွားစေသောနည်းလို့ ခေါ်တယ်။ ဒါကြောင့်—

သော-သမထ တပါးပါးကိုဖြစ်စေပြီးသော ထိုပုဂ္ဂိုလ်သည်၊ တဥ္စ-ထို မိမိသန္တာန်၌ဖြစ်သော သမာဓိကိုလည်းကောင်း၊ တံ သမ္ပယုတ္တေ စ ဓမ္မေ-ထိုသမာဓိနှင့် ယှဉ်တွဲလျက်ဖြစ်သော တရား တို့ကိုလည်းကောင်း၊ အနိစ္စာဒိဟိ-အနိစ္စစသော အခြင်းအရာ တို့ဖြင့်၊ ဝိပဿတိ-ရှု၏။ အယံ-အနိစ္စစသည်တို့ဖြင့် ရှုသော ဤသဘောသည်၊ ဝိပဿနာ-ဝိပဿနာပေတည်းလို့ ဆက်ပြီး ပြထားဘာပါပဲ။

[ဒုတိယအကြိမ်]

ဈာန်ရသူက ဈာန်ကို ဝင်စားပြီးတော့ အဲဒီဈာန်ကိုရော အဲဒီဈာန်နဲ့အတူ ဖြစ်တဲ့တရားတွေကိုရော ရှုပြီး အနိစ္စစသည် ဖြင့် သိမြင်တယ်၊ ဥပစာ သမာဓိလောက်ရတဲ့သူကလဲ အဲဒီ သမာဓိကိုရော အဲဘာနဲ့ အတူဖြစ်တဲ့ တရားတွေကိုရော ရှုပြီး အနိစ္စစသည်ဖြင့် သိမြင်တယ်၊ အဲဒီလို ရှုပြီး အနိစ္စစသည်ဖြင့် သိမြြင်တာဟာ ဝိပဿနာပါပဲတဲ့။ အဲဒီစကားထဲမှာ အနိစ္စ စသည်ဖြင့် သိမြင်တယ် ဆိုတာက ပဓာနအားဖြင့် ပြတာပဲ၊ အမှန်ကတော့ စပြီးရှုခါစမှာ နာမ်နဲ့ရုပ်ကို ရှေးဦးစွာ သိတယ်၊ အဲဒီနောက် အကြောင်းနဲ့ အကျိုးကိုလဲ သိတယ်၊ အဲဒီလို သိပြီးတဲ့နောက်ကျမှ ရှုဘိုင်း ရှုတိုင်း အဖြစ် အပျက်ကို တွေ့ပြီး အနိစ္စစသည်ဖြင့် သိမြင်တယ်၊ အဲဒါဟာ ဝိပဿနာဉာဏ်၏ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ဒါပေမယ့် အနိစ္စစသည်ဖြင့် သိတာက လိုရင်းဖြစ်လို့ အနိစ္စစသည်တို့ဖြင့် ရှုတယ်လို့ ပြဆိုထားတာ ပါပဲ။

ဋီကာ-ဤပုံ ဤနည်းဖြင့်၊ ပဌမံ-သမထော-သမထ-က ရှေးဦးစွာ ဖြစ်သည်၊ ပစ္ဆာ ဝိပဿနာ-ဝိပဿနာ-က နောက်မှ ဖြစ်သည်၊ တေန-ထို့ကြောင့်၊ သမထပုဗ္ဗင်္ဂမံ ဝိပဿနံဘာဝေ တီတိ-သမထရှေ့သွားရှိသော ဝိပဿနာကို ပွားစေသည် ဟူ၍ ဝုစ္စတိ-ပြောဆိုအပ်ပါသည် တဲ့။ အဲဒီလို ဝိပဿနာရှုခြင်းဖြင့် အရိယမဂ္ဂင် ဖြစ်ပွားပုံကိုလဲ ဒီလို ဆက်ပြီးပြဆိုထားပါတယ်။

သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝယတော-သမထ ရှေ့သွား ရှိသည့် ဝိပဿနာကို ပွားစေသော၊ တဿ-ထိုသမထယာနိက

[ဒုတိယအကြိမ်]

ခေါ် သမထယာဉ်ရှိသော ပုဂ္ဂိုလ်အား၊ မဂ္ဂေါ-အရိယမဂ်သည်၊ သဉ္ဇာယတိ-ကောင်းစွာ ဖြစ်သည်တဲ့။

ယခုပြောခဲ့တဲ့အတိုင်း သမထသမာဓိ တပါးပါးကို အခြေခံပြုပြီး ဝိပဿနာမဂ္ဂင်ကို ပွားစေတဲ့ပုဂ္ဂိုလ်မှာ မဂ်ဖြစ်တယ်တဲ့၊ ဘာမဂ်လဲ ဆိုတော့ ပုထုဇဉ်မှာ ဆိုယင် သောတာပတ္တိမဂ်ပဲ၊ ဒါကြောင့် စတုက္ကင်္ဂုတ္တရ-ဋ္ဌ(နှာ ၃၄၆)မှာ "ပဌမော လောကုတ္တရမဂ္ဂေါ နိဗ္ဗတ္တတိ - လောကုတ္တရာ ပဌမမဂ် ဖြစ်သည်"လို့ ဖွင့်ပြထားပါတယ်၊ အဲဒါက ပုထုဇဉ်မှာဖြစ်ပုံကို ဖွင့်ပြတာပါပဲ၊ သောတာပန်စသည်မှာတော့ အထက်မဂ်များ ဖြစ်ပါတယ်။ ဒါပေမဲ့ ဓိသုတ်ဆိုင်ရာ ဋီကာမှာတော့ မဂ္ဂေါ-အရကို လောကီမဂ်လို့ ဖွင့်ပြထားတယ်၊ အဲဒါကတော့ အင်္ဂုတ္တရအဋ္ဌကထာအဖွင့်နှင့် မညီသည့်ပြင် အသင့်ယုတ္တိလဲ ရှိပုံမရပါဘူး၊ အဲဒီကနောက် အထက်မဂ်များကို ဆက်ပြီးပွားစေယင် သံယောဇဉ်တို့ အနုသယတို့ဆိုတဲ့ ကိလေသာတွေ ကင်းငြိမ်းကြောင်းကိုလဲ ဒီလိုဆက်ပြီးပြဆိုထားပါတယ်။

သော-အရိယမဂ်ကို ရပြီးသော ထိုပုဂ္ဂိုလ်သည်၊ တံ မဂ္ဂံ-ထိုမဂ်ကို၊ အာ သေဝတိ ဘာဝေတိ ဗဟုလီကရောတိ-သကဒါ-ဂါမိမဂ်စသည်ကို ဖြစ်စေသောအားဖြင့် မှီဝဲ၏ပွားစေ၏အကြိမ်များစွာပြု၏၊ (ဒါလဲ အင်္ဂုတ္တရအဋ္ဌကထာနှင့် အညီပါပဲ) တံ မဂ္ဂံ-ထိုရပြီးမဂ်ကို၊ အာသေဝတော ဘာဝယတော ဗဟုလီ-ကရောတော-မှီဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော၊ တဿ-ထိုပုဂ္ဂိုလ်အား၊ သံယောဇနာနိ ပဟီယန္တိ-သံယောဇဉ်

တို့ကိုပယ်အပ်ကုန်၏၊ဝါ-သံယောဇဉ်တို့ကင်းကုန်၏၊ အနုသယာ-ဖြစ်ထိုက်သော ကိလေသာတို့သည်၊ ဗျန္တီ ဟောန္တိ-အစအနမျှ မကျန်အောင် ကင်းကုန်၏ တဲ့။ အဲဒါကတော့ သောတာပတ္တိမဂ် ရပြီးနောက်ဆက်ပြီး ဝိပဿနာရှုလျက် အထက်မဂ်များကို ဖြစ်ပွားစေလျှင် အရဟတ္တမဂ် ရောက်တော့ ကိလေသာတွေ အကုန်လုံးချုပ်ငြိမ်းပြီး ကင်းရှင်းသွားပုံကို ပြတာပါပဲ။

ယခုပြဆိုခဲ့တာက သမထကို အခြေခံပြီး ဝိပဿနာမဂ္ဂင်ကို ပွားစေခြင်းဖြင့် အရိယမဂ္ဂင်ကိုပွားစေခြင်း ကိစ္စပြီးစီးပုံပါပဲ။ သမထအခြေခံ မရှိပဲ ဝိပဿနာယာဉ်သက်သက်ဖြင့် မဂ္ဂင်ရှစ်ပါး ပွားစေပုံကိုလဲ ဒီလို ဆက်ပြီး ပြထားပါတယ်။

### သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်၏ မဂ္ဂင်ကို ပွားစေပုံ

ဣဓ ပနေကစ္စော ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတွာဝ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ။ တဿ ဝိပဿနာပါရိပူရိယာ တတ္ထ ဇာတာနံ ဓမ္မာနံ ဝေါဿဂ္ဂါရမ္မဏတော ဥပ္ပဇ္ဇတိ စိတ္တဿ ဧကဂ္ဂတာ၊ အယံ သမထော၊ ဣတိ ပုဗ္ဗေ ဝိပဿနာ ပစ္ဆာ သမထော၊ တေန ဝုစ္စတိ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီတိ။ တဿ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝယတော မဂ္ဂေါ သဉ္ဇာယတိ။ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ၊ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ ပဟီယန္တိ၊ အနုသယာ ဗျန္တီဟောန္တိ။

[ဒုတိယအကြိမ်]

ပန-ဝိပဿနာ ရှေးသွားရှိသည့် မဂ္ဂင်ပွားစေပုံကား၊ ဣဓ-ဤသာသနာတော်၌၊ ကေစ္စော-အချို့ပုဂ္ဂိုလ်သည်၊ ဝုတ္တပ္ပကာရံ-သမထရှေးသွားရှိသည့်နည်း၌ ဆိုခဲ့သည့် ဥပစာ အပ္ပနာအပြား ရှိသော၊သမထံ-၂-ပါးသော သမထသမာဓိကို၊ အနုပ္ပါဒေတွာ ဝေ-မဖြစ်စေမူ၍သာလျှင်၊ ပဉ္စ ဥပါဒါနက္ခန္ဓေ-ငါးပါး ကုန်သော ဥပါဒါနက္ခန္ဓာတို့ကို၊ အနိစ္စာဒီဟိ-အနိစ္စစသော အခြင်းအရာတို့ဖြင့်၊ ဝိပဿတိ-ရှု၏၊ အယံ-ဤရှုခြင်းသည်၊ ဝိပဿနာ-ဝိပဿနာပေတည်း။ တဿ-ဝိပဿနာကစ၍ရှုသော ထိုပုဂ္ဂိုလ်အား၊ ဝိပဿနာပါရိပူရိယာ-ရှုမှုဝိပဿနာ ရင့်သန်ပြည့်စုံလတ်သော်၊ တတ္ထဇာတာနံ ဓမ္မာနံ-ထိုရှုမှု၌ ဖြစ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့၏၊ ဝေါဿဂ္ဂါရမ္မဏတော-မရှုမိပဲဆင်ခြင်မှုဆိုင်ရာ အပြင်အာရုံတို့ကို စွန့်လွှတ်သောအားဖြင့်၊ ဝါ-ရှုသင့်သောအာရုံ၌သာ ပြေးဝင်သောအားဖြင့်၊ စိတ္တဿ ဧကဂ္ဂတာ-ရှုစိတ်၏ တအာရုံတည်း ရှိခြင်းဟူသော စူးစိုက်တည်ကြည်မှုသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ အယံ-ဤဝိပဿနာစိတ်၏ တည်ကြည်မှုသည်၊ သမထော-နီဝရဏတို့ကို ကင်းငြိမ်းစေသော သမထပေတည်း တဲ့။

ယခုပြဆိုခဲ့တဲ့ ပါဠိအနက်ထဲမှာ ဝိပဿနာ၏ အခြေခံဖြစ်တဲ့ စျာန်သမာဓိကိုလဲ ဖြစ်အောင် အားမထုတ်ခဲ့ဘူး၊ စျာန်၏အနီး ဥပစာသမာဓိကိုလဲ ဖြစ်အောင် အားမထုတ်ခဲ့ဘူး၊ အဲဒီလို သမထသမာဓိအခြေခံ လုံးဝမရှိပဲနဲ့ ဥပါဒါနက္ခန္ဓာ ခေါ်တဲ့ ရုပ်နာမ်တွေကို အနိစ္စစသည်တို့ဖြင့် ဝိပဿနာကစပြီးရှုကြောင်း ပြဆိုထားတယ်၊ အဲဒီမှာ အနိစ္စစသည်တို့ဖြင့် ရှုကြောင်းပြတာ

ကတော့ သမထယာနိက ရှုပ်ပုံမှာတုန်းကလိုပင် ပဓာနနည်းဖြင့် ပြတာပါဘဲ။ အပ္ပဓာနအားဖြင့်တော့ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ဉာဏ်က စပြီးဖြစ်တယ်လို့သာ မှတ်ယူရပါတယ်။ အဲဒီလို နာမ်ရုပ်ကို ပိုင်းခြားသိပြီး ပြည့်စုံတဲ့ ဒိဋ္ဌိဝိသုဒ္ဓိ ဆိုတာကလဲ နီဝရဏတွေကို ကင်းစေနိုင်တဲ့စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီးမှ ဖြစ်ရိုးဖြစ်စဉ်ရှိပါတယ်။ ဒါကြောင့် သမထသမာဓိ ၂-ပါးလုံး မရှိခဲ့ပေမယ့် ဝိပဿနာခဏိကသမာဓိကတော့ ရှိဖို့မုချလိုနေပါတယ်။

အဲဒီလိုမုချလိုနေသောကြောင့် ဋီကာမှာ "သမထကို မဖြစ်စေမူ၍သာလျှင် ဆိုတဲ့ ကန့်သတ်ခြင်းဖြင့် ဥပစာသမာဓိကိုသာလျှင် နှစ်စေပါတယ်၊ ဝိပဿနာခဏိကသမာဓိကိုတော့ မနှစ်စေပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ခဏိကသမာဓိနှင့် ကင်းပြီး ဝိပဿနာ မဖြစ်နိုင်သောကြောင့်ပါပဲ"လို့ ဖွင့်ပြထားပါတယ်။ ဒါကြောင့် အဲဒီ ဝိပဿနာခဏိကသမာဓိအားရှိတဲ့အခါ နီဝရဏတွေကင်းပြီး စိတ္တဝိသုဒ္ဓိ ဖြစ်ခဲ့တယ်၊ အဲဒီ စိတ္တဝိသုဒ္ဓိ ဖြစ်တဲ့အခါမှစပြီး နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ခဲ့တယ်၊ အဲဒီကနောက်မှ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ခဲ့တယ်။ အဲဒီကနောက်မှ သမ္မသနဉာဏ်စသည်ဖြင့် အနိစ္စစသည်ကို ရှုမြင်နိုင်တဲ့ ဝိပဿနာဉာဏ်အစစ်များ ဖြစ်ခဲ့တယ်ဆိုတာကို ခိုင်မြဲစွာ မှတ်ထားကြဖို့ပါပဲ။

နောက်ပြီးတော့ ဝေါဿဂ္ဂါရမ္မဏတော-ပုဒ်၏ အနက်ကလဲ သိနားလည်ဖို့ အလွန်ခက်ပါတယ်၊ အဲဒီ အနက်အဓိပ္ပာယ်ကို ကျကျနန သိချင်ယင်တော့ ဝိပဿနာရှုနည်းကျမ်း ပထမတွဲ၌

စိတ္တဝိသုဒ္ဓိ နှင့် မဂ်ကိုပွားနည်း ၂-ပါးဆိုတဲ့ ခေါင်းစဉ်အရ ပြထားတာကို ကြည့်ရှုကြပါလို့ ညွှန်ကြားပါတယ်၊ ဒီတရားစာထဲမှာတော့ အတိုချုပ်လောက် ပြရမှာပဲ။ အဲဒီမှာ ပဋိသမ္ဘိဒါမဂ်က စာပိုဒ်တခုကို ထုတ်ပြထားပါတယ်၊ အဲဒီစာပိုဒ်မှာ "ရုပ်ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုဘာက ဝိပဿနာပဲ၊ တတ္ထ ဇာတာနံ ဓမ္မာနံ စ ဝေါသဂ္ဂါရမ္မဏတာ စိတ္တဿ ဧကဂ္ဂတာ အဝိက္ခေပေါ သမာဓိ"လို့လဲ ပြထားပါတယ်၊ အဲဒီမှာ တတ္ထ ဇာတာနံ ဓမ္မာနံ-ထို၌ဖြစ်ကုန်သော တရားတို့၏-လို့ဆိုတဲ့ စကားဖြင့် အနိစ္စ ဒုက္ခ အနတ္တလို့ ရှုရာ၌ ဖြစ်တဲ့တရားတွေဆိုတော့ ဝိပဿနာရှုတဲ့တရားတွေပင် ဖြစ်ကြောင်းထင်ရှားပါတယ်၊ အဲဒီ ဝိပဿနာရှုတဲ့တရားတွေဟာ ဂေါစရဇ္ဈတ္တ ခေါ် ရှုသင့်တဲ့အာရုံကိုသာ ရှုလျက်ဖြစ်ကြတယ်၊ အဲဒီလို ရှုသင့်တာကို မပြတ်ရှုနေယင် မရှုမိပဲ အခြားအာရုံကိုဆင်ခြင်မိဘာလဲမရှိဘူး။ အဲဒီလို အလွတ်ဆင်ခြင်မိတဲ့အာရုံက ဝိပဿနာ၏ အာရုံမှ အလွတ်ဖြစ်သောကြောင့် ဗဟိဒ္ဓ-အပြင်ပအာရုံလို့ဆိုရပါတယ်။ အဲဒီလို အလွတ်အာရုံကို ဆင်ခြင်မိခြင်းမရှိပဲ ရှုသင့်တဲ့ အာရုံကိုသာ မပြတ်ရှုနေနိုင်လျှင် ရှုသင့်တဲ့ တခုတည်းသောအာရုံမှာသာ တည်နေတဲ့ ဧကဂ္ဂတာခေါ် ဝိပဿနာခဏိကသမာဓိ ပြည့်စုံနေတာပဲ၊ ဝေါသဂ္ဂ-ဆိုတာကလဲ စွန့်ခြင်းနှင့်ပြေးဝင်ခြင်းလို့အနက် ၂-မျိုးရှိတယ်။ ဒါကြောင့်ဝေါသဂ္ဂါရမ္မဏဘော-မရှုမိပဲဆင်ခြင်မှုဆိုင်ရာအပြင်အာရုံတို့ကို စွန့်လွှတ်သောအားဖြင့်၊ ဝါ-ရှုသင့်သော အာရုံ၌သာ ပြေးဝင်သောအားဖြင့်-လို့ အနက်ပြန်ဆိုထားတာပါဘဲ၊ အဲဒီလို အလွတ်ဆင်ခြင်မှု စိတ်ပျံ့လွင့်မှု မရှိပဲ

ရှုသင့်သမျှကိုသာ မပြတ်ရှုနေနိုင်ယင် "တခုတည်းသောအာရုံ၌ စိတ်တည်တယ်"ဆိုတဲ့ ကေဂ္ဂတာခေါ် သမာဓိပြည့်စုံတာပဲ။

အဲဒီလို သမာဓိအား ပြည့်စုံနေတဲ့အခါ တခြား တပါးသို့ ထွက်သွားတဲ့စိတ်ရယ်လို့ မရှိဘူး၊ မှတ်စရာအာရုံနဲ့ မှတ်စိတ်ဟာ အံကျကိုက်ပြီးတော့ ကျနေတာပဲ၊ မမှတ်မိလဲ လွတ်သွားတဲ့စိတ် ရယ်လို့မရှိဘူး၊ ရှေ့စိတ်လဲ မှတ်စိတ် နောက်စိတ်လဲ မှတ်စိတ် စသည်ဖြင့် မှတ်စိတ်ချည်းတစဉ်တတန်းကြီးဖြစ်နေတယ်၊ မှတ်စရာ အာရုံက ကွဲပြားပေမဲ့ မှတ်စိတ်၏ အာရုံ၌ ကပ်ကပ်ပြီး တည်တဲ့ပုံကတော့ အခြေမပျက်ပဲ ကောင်းမြဲကောင်းနေတယ်၊ ဒါကြောင့် အဲဒီလိုအခါမှာ နီဝရဏစိတ်တွေ လုံးဝကင်းနေ တယ်၊ အဲဒီလို နီဝရဏကင်းအောင် စိတ်တည်ကြည်နေတာဟာ ဝိပဿနာခဏိကသမာဓိဘဲ၊ အဲဒီသမာဓိဖြင့် စိတ္တဝိသုဒ္ဓိ ဖြစ် တာဘဲ၊ အဲဒီအခါမှ စပြီး မှတ်တိုင်း မှတ်တိုင်း သိစရာရုပ်နဲ့ သိတဲ့နာမ်စသည်ဖြင့် နာမ်ရုပ်ကိုပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒ- ဉာဏ်ဖြစ်တယ်။ အဲဒီက နောက်မှာ အကြောင်းနဲ့ အကျိုးကို ခွဲခြားပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ်လဲ ဖြစ်တယ်၊ အဲဒီကနောက် မှာမှ မှတ်တိုင်း မှတ်တိုင်း မှတ်မိတဲ့ရုပ်နာမ်၏ အစနဲ့အဆုံး ဆိုတဲ့ အဖြစ်နဲ့အပျက်ကိုထင်ရှားတွေ့ပြီး မမြဲတာတွေပဲ စသည် ဖြင့် သိတဲ့ ဝိပဿနာဉာဏ်အစစ်တွေ ဖြစ်တယ်။ ဒါပေမဲ့ စပြီး ရှုကတည်းက အဲဒီလို မမြဲဘူး စသည်ဖြင့် သိရမဲ့ ရုပ်နာမ်ကို စပြီး ရှုလာခဲ့တာဖြစ်တဲ့အတွက် ဝိပဿနာက ရှေးဦးစွာ ဖြစ် တယ်၊ သမထက နောက်မှဖြစ်တယ်လို့ ဆိုရတာပေါ့၊ အဲဒီလို ဆိုရပုံကို ဒီလိုဆက်ပြီး ပြဆိုသွားပါတယ်။

[ဒုတိယအကြိမ်]

ဉာတိ-ဉာဏ်ပုံ ဉာဏ်နည်းဖြင့်၊ ပဌမံ ဝိပဿနာ- ဝိပဿနာက ရှေးဦးစွာ ဖြစ်သည်၊ ပစ္ဆာသမထော-သမထခေါ်တဲ့ ခဏိက သမာဓိက နောက်မှဖြစ်သည်၊ တေန-ထို့ကြောင့်၊ ဝိပဿနာ-ပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီတိ-ဝိပဿနာရှေ့သွားရှိသော သမထကို ပွားစေသည်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်သည်။ ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝယတော-ဝိပဿနာရှေ့သွားရှိသော သမထကိုဖြစ်စေ-ပွားစေသော၊ 'တဿ-ထိုပုဂ္ဂိုလ်အား၊ မဂ္ဂေါ-အရိယမဂ်သည်၊ သဉ္ဇာယတိ-ကောင်းစွာဖြစ်၏။ (အဲဒီမှာ မဂ္ဂေါ-ပုဒ်ကို အရိယမဂ်-ဟု အနက်ပြန်ခြင်း၏ မှီရာအဋ္ဌကထာကို ရှေ့နားက ပြခဲ့ပြီ၊ ကျကျနနသိချင်လျှင် ဝိပဿနာရှုနည်းကျမ်း ပထမတွဲကို ကြည့်ပါ) သော-ထိုပုဂ္ဂိုလ်သည်၊ တံ မဂ္ဂံ-ထိုအရိယမဂ်ကို၊ အာသေဝတိ ဘာဝေတိ ဗဟုလီကရောတိ-မှီဝဲ၏ ပွားစေ၏ အကြိမ်များစွာပြု၏၊ တံ မဂ္ဂံ-ထိုရပြီးမဂ်ကို၊ အာသေဝတော ဘာဝယတော ဗဟုလီကရောတော-မှီဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော၊ တဿ-ထိုပုဂ္ဂိုလ်အား၊ သံယောဇနာနိ ပဟီယန္တိ-သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ ဝါ-သံယောဇဉ်တို့ ကင်းကုန်၏၊ အနုသယာ-ဖြစ်ထိုက်သောကိလေသာတို့သည်၊ ဗျန္တီ ဟောန္တိ-အစအနမျှ မကျန်ရအောင် ကင်းကုန်၏—တဲ့။

ဒါကတော့ ဝိပဿနာရှုသင့်တဲ့ ရုပ်နာမ်တွေကို အနိစ္စစသည်ဖြင့် သိရအောင် စပြီးရှုခဲ့ပုံ၊ အဲဒီလို ရှုနေယင်း ခဏိကသမာဓိ ဆိုတဲ့ သမထအားကောင်းပြီး စိတ္တဝိသုဒ္ဓိ ဖြစ်ပုံ၊ အဲဒီကနောက်

မှာ ဝိပဿနာနှင့် ခဏိကသမာဓိကို ယှဉ်ဘက် အခြားမဂ္ဂင် များနှင့်တကွ ဖြစ်ပွားစေသောသူမှာ အရိယမဂ္ဂင်များဖြစ်ပွားပုံ၊ နောက်ဆုံး၌ အရဟတ္တမဂ္ဂင်များဖြင့်လျက် သံယောဇဉ် အနု- သယကိလေသာဟူသမျှ ကင်းပုံတို့ကို ပြတဲ့စကားပါပဲ၊ ဒီ စကားရပ်တို့ဖြင့်လဲ ပယ်သင့်တဲ့ကိလေသာတွေကို ပယ်ပြီး ရသင့် တဲ့ အရိယမဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားအမွေအစစ်ခံယူပုံကို ပြတာ ပါပဲ။ တရားအမွေခံရေးနှင့်စပ်ပြီး ဖွင့်ပြ ပြောဟောလာတာ ပြည့်စုံလောက်ပါပြီ။ ယခု မြတ်စွာဘုရားရှင်၏ တိုက်တွန်း ညွှန်ကြားပုံ ပါဠိအနက်ကို ထပ်မံရွတ်ဆိုပြီးနောက် အဲတာနှင့် ဆိုင်တဲ့ ဆောင်ပုဒ်ကိုလဲ ရွတ်ဆိုကြပြီး တရားပွဲသိမ်းရမယ်။

## တရားအမွေခံရန် တိုက်တွန်းတော်မူပုံ

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိ- သဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ "ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ နော အာမိ- သဒါယာဒါ"တိ။

ဘိက္ခဝေ-ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ မေ-ငါဘုရား၏၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြကုန်သည်၊ဘဝထ-ဖြစ်ကြ ပါကုန်လော့၊ အာမိသဒါယာဒါ-ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံ အညွှတ်စားတို့သည်၊ မာ ဘဝထ-မဖြစ် ကြပါကုန်လင့်။ မေ-ငါ၏၊ သာဝကာ-တပည့်တို့သည်၊ ကိန္တိ- ဘယ်ပုံဘယ်နည်းဖြင့်၊ ဓမ္မဒါယာဒါ-တရားအမွေကို ခံယူကြ

ကုန်သည်၊ ဘဝေယျုံ-ဖြစ်ကြပါကုန်အံ့နည်း၊ အာမိသဒါယာဒါ-ပစ္စည်းအမွေကို ခံယူရုံမျှဖြင့် အားရနေသော အမွေခံအညံ့စားတို့သည်၊ နောဘဝေယျုံ-မဖြစ်ကြပါကုန်အံ့နည်း၊ ဉာတိ- ဤသို့မေ-ငါဘုရားမှာ၊ တုမှေသုံ- သင်ချစ်သားတို့၌၊ အနုကမ္ပာ၊ နောင်ရေးကို မြော်မြင်၍ အစဉ်သနားခြင်းသည်၊ အတ္ထိ-ရှိနေပါသည် တဲ့။

ဒါက မြတ်စွာဘုရား၏ တိုက်တွန်းညွှန်ကြားတော် မူပုံပဲ။ အဲဒါနဲ့ ဆိုင်တဲ့ ဆောင်ပုဒ်များကိုဆိုကြရအောင်။

၁။ ဓမ္မဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာဟောမိန့်သည်။
၂။ ငါ့တပည့်တော့၊ တရားမွေ၊ ခံစေချင်လှသည်။
၃။ အာမိသမွေ၊ ပစ္စည်းတော့၊ ပယ်စေချင်လှသည်။
၄။ တရားအမွေ၊ အစစ်ပေ၊ ၉-ထွေ လောကုတ်ပါ။
၅။ နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရားမွေတုပါ။
၆။ စစ်,တု ၂-ထွေ၊ တရားမွေ၊ ခံစေချင်လှပါ။
၇။ အာမိသမွေ၊ အစစ်ပေ၊ လေးထွေ ပစ္စည်းပါ။
၈။ လူ,နတ် သုခ၊ ရည်သန်က၊ ဒါန, သီလ, ဘာ။
၉။ အာမိသမွေ၊ အတုတော့၊ မှတ်လေ မွေညံ့သာ။
၁၀။ ပစ္စည်းမွေမျှ၊ ခံယူက၊ ဒုက္ခ မကင်းပါ။ (အသစ်)
၁၁။ အိုနာမစဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ။ (အသစ်)
၁၂။ အပါယ်မှလဲ၊ မလွတ်ပဲ၊ ကျမြဲ ကျနေမှာ။ (အသစ်)

[ဒုတိယအကြိမ်]

၁၃။ သို့ဖြစ်မည်များ၊ ငါမြင်ထား၊ သနားနေပါသည်။
(အသစ်)

၁၄။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။

၁၅။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စ ကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကောင်းမှုအပေါင်း၏ အဖို့ဘာဂကို အမိ အဘတို့အား အမျှပေးဝေပါကုန်၏။ အဆွေအမျိုးတို့အားအမျှ ပေးဝေပါကုန်၏၊ ဤအရပ်၌ ရောက်ရှိနေသော လူပရိသတ် နတ်ပရိသတ်အပေါင်းတို့အား အမျှပေးဝေပါကုန်၏၊ အလုံး စုံသော သတ္တဝါတို့အား အမျှပေးဝေပါကုန်၏၊ အမိအဘတို့မှ စ၍ အလုံးစုံသော သတ္တဝါတို့သည် အမျှရကြ၍ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု သာဓု သာဓု

တရားအမွေခံ-ဓမ္မဒါယာဒသုတ်တရားတော် ဤတွင် ပြီး၏။

[ဒုတိယအကြိမ်]

# နောက်ဆက်တွဲ

◇◇◇◇◇◇◇◇◇

ဓမ္မဒါယာဒသုတ်တရားကို ဟောစဉ်က ကပိလ ရဟန်း အကြောင်း၊ ရဟန်းယုတ်များအကြောင်း စသည်တို့ကို အကျဉ်း ချုပ်မျှ ဖော်ပြနိုင်ခဲ့သည်၊ ယင်းအကြောင်းအရာတို့ကို ထို့ထက် ကျယ်ပြန့်စွာ သိလိုသူများအတွက် စာမူချော ပြုစဉ်မှာ ဤ နောက်ဆက်တွဲကို ဖြည့်စွက်ထည့်လိုက်သည်။

## ကပိလဝတ္ထု

ဤစာအုပ် (နှာ-၂၅) ၌ ဖော်ပြခဲ့သော ကပိလဝတ္ထုကို သုတ္တနိပါတ်အဋ္ဌကထာ (ဒု-၄၂)၌ ဤသို့ ပြဆိုထားသည်။ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး နောက်ကာလ၌ အစ်ကို သောဓနဆိုသူနှင့် ညီ ကပိလတို့သည် သာသနာတော်၌ ရဟန်းပြုကြသည်၊ သူတို့၏ မိခင် သာဓနီနှင့် နှမ ဖြစ်သူ တာပ-နာတို့လည်း ရဟန်းမ ပြုကြသည်၊ အစ်ကိုသောဓနသည် ငါးဝါ အထိ ဝိနည်းကျင့်ဝတ်များကို လေ့လာပြီးတော့ တရား အား ထုတ်သဖြင့် ရဟန္တာဖြစ်လေသည်။ ညီဖြစ်သူ ကပိလရဟန်း သည်ကား "ငါက ငယ်ပါသေးတယ်၊ ကြီးသောအခါကျမှ တရားအားထုတ်မည်"ဟု ကြံစည်ပြီး စာပေ သင်ယူသဖြင့် ပိဋကတ်သုံးပုံဆောင် စာတတ်ပုဂ္ဂိုလ် ဖြစ်လေသည်၊ ပရိယတ် ကိုမှီ၍ အခြွေအရံလည်း များသည်၊ လာဘ်လာဘလည်း ပေါ များသည်။

[ဒုတိယအကြိမ်]

ယင်းကပိလသည် အကြားအမြင် များခြင်းကို စွဲ၍ဖြစ်သော မာန်ယစ်ခြင်းဖြင့် မာန်ယစ်လျက် ပညာရှိ အနေဖြင့် မာန်ထောင်လျက် မသိသည်တို့ကိုလည်း သိဟန်ဆောင် မာန်ထောင် အထင်ကြီးပြီးလျှင် အခြားသူတို့က အပ်စပ်သည်ဟု ဆိုသည်ကိုလည်း သူက မအပ်ဟု ဆိုသည်၊ မအပ်စပ်ဟု ဆိုသည်ကိုလည်း အပ်စပ်သည်ဟု ဆိုသည်၊ အပြစ်ရှိသည်ဟု ဆိုသည်ကိုလည်း အပြစ်မရှိဟု ဆိုသည်၊ အပြစ်မရှိဟု သူများက ဆိုသည်ကိုလည်း သူက အပြစ်ရှိသည်ဟု ဆိုသည်၊ သီလကို ချစ်မြတ်နိုးသူတို့က "ငါ့ရှင် ကပိလ၊ ဒီလို မပြောပါလင့်" စသည်ဖြင့်ဆုံးမလျှင် "သင်တို့က ဘာကိုသိကြသလဲ၊ အချည်းနှီး လက်ဆုပ်နှင့် တူကြပါတယ်" စသည်ဖြင့် ဆဲရေး ရှုတ်ချနေတတ်သည်။ ရဟန်းတော်များက သူ့အစ်ကို သောဓနမထေရ်အား ထိုအကြောင်းကို ပြောကြသည်၊ သောဓနမထေရ်က "ငါ့ရှင်ကပိလ၊ သာသနာ၏ တည်တံ့ရေးအသက်ဟာ သင်လို ရဟန်းတို့၏ ကောင်းစွာ ကျင့်ခြင်းပဲ၊ အပ်သည်ကို မအပ် စသည်ဖြင့် မပြောပါလင့်"ဟု ဆုံးမ၏၊ ကပိလ ရဟန်းကမူ ထိုအဆုံးအမကို မနာယူချေ။ သောဓနမထေရ်က နှစ်ကြိမ်သုံးကြိမ် ဆိုဆုံးမပြီးနောက်—

ဧကဝါစမ္ပိ ဒွိဝါစံ၊
ဘဏေယျ အနုကမ္ပကော။
တတုတ္တရိံ န ဘာသေယျ၊
ဒါသောဝယျဿ သန္တိကေ။
[ဒုတိယအကြိမ်]

အနုဂ္ဂမူကော - သနားသောသူသည်၊ ကောဝါစမ္မိ ဒွိဝါစံ- တခွန်းနှစ်ခွန်းသောစကားကို၊ ဘဏေယျ-ပြောဆိုရာ၏၊ အထျ- ဿသန္တိကေ - အရှင်သခင်၏အထံ၌၊ ဒါသောဗ္ဗဝ · ကျွန်ကဲ့ သို့ပင်၊ တတုတ္တရိ - ထိုထက်အလွန်၊ န ဘာသေယျ · မပြော ဆိုရာ·လို့ ပြောလျက် "ငါ့ရှင် သခင်ကိုယ်တိုင်ပင် ကိုယ့်အမှု ဖြင့် ထင်ရှားပါလိမ့်မည်" ဆိုပြီး ရှောင်ဖယ်သွားလေတော့ သည်။ ထိုအခါမှစ၍ သီလကိုချစ်မြတ်နိုးသော ရဟန်းတော်တို့ ကလည်း သူ့ကိုစွန့်ပစ်ထားကြလေသည်။

ယင်းကပိလသည် သူကိုယ်တိုင်လည်း အကျင့်မကောင်း၊ သူ့အခြွေအရံတွေကလည်း အကျင့်မကောင်းပဲ ရှိနေသည်၊ တနေ့သ၌ ပါတိမောက်ပြမှုကို အဆုံးသတ်မည်ဟု ကြံရွယ် လျက် သီဟာသနခေါ် ပလ္လင်မြတ်ပေါ်၌ ဆန်းကြယ်သည့်ယပ် ကို ကိုင်လျက် ထိုင်နေယင်း "ငါ့ရှင်တို့ ဤရဟန်းတို့တွင် အဘယ်ရဟန်းမှာ ပါတိမောက်ရပါသနည်း" ဟု သုံးကြိမ် မေးသည်။ တပါးမျှ ရကြောင်းမပြောကြချေ။ ယင်းကပိလမှာ ရော အခြားရဟန်းများမှာရော ပါတိမောက်က မရဘူး တဲ့။ ထိုအခါ "ပါတိမောက်ကို ကြားနာရသည်ဖြစ်စေ၊ မကြား မနာရသည်ဖြစ်စေ ဝိနည်းမည်သည် မရှိတော့ပါဘူး" ဟု ပြော ဆိုပြီး နေရာမှထသွားသတဲ့။ ဤပုံဤနည်းဖြင့် ကဿပဘုရား၏ သာသနာကို ဆုတ်ယုတ်စေခဲ့သည်၊ ပျက်စေခဲ့သည်။

ထိုအခါ သောဓနမထေရ်သည်လည်း ထိုနေ့မှာပင် ပရိ- နိဗ္ဗာန် စံတော်မူလေသည်။ ထိုကပိလရဟန်းသည်လည်း ယခု

ပြုခဲ့သည့်အတိုင်း သာသနာကို ဆုတ်ယုတ်စေပြီးနောက် သေ သောအခါ အဝီစိငရဲကြီး၌ဖြစ်လေသည်၊ သူ့မိခင်နှင့် သူ့နှမ သည်လည်း သူ၏ အပြုအမူကို လိုက်၍ သီလအလေးပြုသည့် ရဟန်းများကို ဆဲရေးကြိမ်းမောင်းကြသောကြောင့် သေပြီး လျှင် ငရဲ၌ ဖြစ်ကြလေသည်။

ယင်းကပိလသည် ယခု ဂေါတမဘုရား လက်ထက်တော် ကာလ၌ ငရဲမှလွတ်ခဲ့၍ အကုသိုလ်ကံကြွင်းကြောင့် သာဝတ္ထိမြို့ အနီးအစိရဝတီမြစ်ထဲ၌ ငါးကြီးဖြစ်နေသည်၊ ရွှေရောင်အဆင်း ရှိသည်၊ ခံတွင်းကဓတော့ အပုပ်နံ့ရှိသည်။ တနေ့သောအခါ သာဝတ္ထိမြို့ဝရှိ တံငါရွာမှ တံငါသားသူငယ် ငါးရာတို့က ငါး ဖမ်းကြရာ ယင်းကပိလငါးကို ရကြသဖြင့် ရွှေရောင်အဆင်းကို မြင်ကြရ၍ ယင်းကပိလငါးကို ကောသလမင်းထံ ယူဆောင်၍ ပြကြလေသည်၊ မင်းကလည်း အထူးအဆန်းကို မြင်ရသဖြင့် အကြောင်းကံ သိလိုသောကြောင့် မြတ်စွာဘုရားထံ ဆောင် ယူ၍ပြပြီးလျှင် အဘယ်သို့သော အကြောင်းကြောင့် ထိုငါး မှာ ရွှေအဆင်း ရှိပါသနည်း၊ အဘယ်သို့သော အကြောင်း ကြောင့် ခံတွင်း၌ အပုပ်နံ့ရှိနေပါသနည်းဟုမေးလျှောက်သည်။

မင်းကြီး ဤငါးသည် ကဿပဘုရားလက်ထက်က ကပိလ ရဟန်းဖြစ်ခဲ့သည်၊ အကြားအမြင် များခဲ့သည်၊ မိမိစကားကို လက်မခံသောရဟန်းတို့ကို ဆဲရေးကြိမ်းမောင်းခဲ့သည်၊ ကဿပ ဘုရား၏ သာသနာတော်ကိုလည်း ဖျက်ဆီးခဲ့သည်၊ (ယံ ဓသာ

တဿာ ဘဂဝတော သာသနံ ဝိနာသေတိ၊ တေန ကမ္မေန အဝီစိမှဟာနိရယေ နိဗ္ဗတ္တိ) ကဿပဘုရား၏ သာသနာကို ဖျက်ဆီးခဲ့သော အကုသိုလ်ကံကြောင့် အဝီစိငရဲကြီး၌ ဖြစ်ခဲ့ရသည်၊ အကုသိုလ်ကံကြွင်းကြောင့် ယခု ငါးဖြစ်နေသည်၊ ကဿပဘုရားစကားတော်ကို ပို့ချပေးခဲ့သည့်ကံ, ဘုရား၏ဂုဏ်ကို ပြောဟောခဲ့သည့်ကံ ဟူသော ယင်း ကုသိုလ်ကံများကြောင့် ရွှေအဆင်းရှိနေရသည်၊ အခြားရဟန်းတော်များကို ဆဲရေးကြိမ်းမောင်း ခဲ့ခြင်းကြောင့် ခံတွင်း၌ အပုပ်နံ့ရှိနေသည်၊ သူ့ကို စကားပြောစေမည် မင်းကြီးဟု မြတ်စွာဘုရားက မိန့်တော်မူသည်။ ကောင်းပါတယ်ဘုရားလို့ မင်းကြီးက လျှောက်ခံသည်။

သင်ဟာ ကပိလရဟန်း မဟုတ်လား—လို့ ဘုရားက မေးသည်။

တပည့်တော်ဟာ ကပိလရဟန်း ဟုတ်ပါသည်ဘုရား—ဟု ဖြေကြားလျှောက်ထားသည်။

ဘယ်မှ လာခဲ့သလဲ။

အဝီစိငရဲမှ လာခဲ့ပါသည် အရှင်ဘုရား။

သင့် အစ်ကို သောဓန-တ ဘယ်ရောက်သွားသလဲ။

ပရိနိဗ္ဗာန် စံဝင်သွားပါသည် အရှင်ဘုရား။

မိခင် သာဓနီကော ဘယ်ရောက်သွားသလဲ။

ငရဲကြီး၌ ဖြစ်ရပါသည် အရှင်ဘုရား။

သင့် နာမ တာပနာကော ဘယ်ရောက်သွားသလဲ။
ငရဲကြီး၌ ဖြစ်ပါသည် အရှင်ဘုရား။
ယခု သင်ဟာ ဘယ် သွားရမှာလဲ။

အဝီစိ ငရဲကြီးသို့ သွားရပါမည် အရှင်ဘုရား။ (ဒီလို ဘုရားက မေးတာကို ငါးကနားလည်ခြင်း၊ ငါးကပြန်ပြော နိုင်ခြင်း၊ ယင်းပြောဆိုစကားကို အများက နားလည်ခြင်းများ မှာ ဘုရား၏ အမိဋ္ဌာန်တန်ခိုးတော်ကြောင့် ဖြစ်သည်ဟု မှတ် ယူအပ်ပါသည်။)

ထိုသို့ ဖြေကြားပြီးနောက် နှလုံးမသာခြင်း စိတ်ပူပန်ခြင်း ကြောင့် ယင်းငါးသည် လှေကိုခေါင်းဖြင့်ရိုက်ခတ်ပြီး သေ သွားသည်၊ အဝီစိငရဲကြီး၌ ဖြစ်ရှာလေသည်။ ထိုစဉ်အခါက ကြားနာပြီး သိကြရသော လူများမှာ ထိတ်လန့်လျက် ကြက် သီးမွေးညင်းများ ထလျက်ရှိလေသည်။ ထိုအခါ မြတ်စွာဘုရား ရှင်က ရောက်လျက်ရှိသော ပရိသတ်အား ဤသုတ်တရားကို ဟောကြားတော်မူသည်။ ကြည်ညို မှတ်သားနိုင်ရန် ပါဠိနှင့် အနက်မျှ ဖော်ပြမည်။

၁။ ဓမ္မစရိယံ ဗြဟ္မစရိယံ၊
ဧတဒါဟု ဝသုတ္တမံ။
ပဗ္ဗဇိတောပိ စေ ဟောတိ၊
အဂါရာ အနဂါရိယံ။

[ဒုတိယအကြိမ်]

၂။ သော စေ မုခရဇာတိကော၊
ဝိဟေသာဘိရတော မဂေါ။
ဇီဝိတံ တဿ ပါပိယော၊
ရဇံ ဝဍ္ဎေတိ အတ္တနော။

ဓမ္မစရိယံ-သုစရိုက် ၁၀-ပါးဟူသော တရားအကျင့်ကိုလည်းကောင်း၊ ဗြဟ္မစရိယံ-မဂ္ဂင်ရှစ်ပါးဟူသော အကျင့်မြတ်ကိုလည်းကောင်း၊ ဧတံ-ဤအကျင့် ၂-ပါးကို၊ ဝသုတ္တမံ-မြတ်သော ရတနာ ဟူ၍၊ အာဟု-ဘုရားရှင်တို့က ဟောကြပေသည်၊ (ဤစကားရပ်ဖြင့် လူရှင်ရဟန်းများ အလေးပြု၍ ကျင့်အပ်သော အားကိုးဖွယ် အကျင့်ကို ပြဆိုပါသည်။)

အဂါရာ-အိမ်ရာတည်ထောင်သည့် လူ့ဘောင်မှထွက်ခွာ၍၊ အနာဂါရိယံ- အိမ်ထောင်မှု ကိစ္စမရှိသော ရဟန်းဘောင်၌၊ ပဗ္ဗဇိတော- ရဟန်းပြုသည်၊ စေပိ ဟောတိ- အကယ်၍ဖြစ်စေကာမူ၊ သော- ထိုသူသည်၊ မုခရဇာတိကော- နှုတ်အပြောကြမ်းသည်ဖြစ်၍၊ ဝိဟေသာဘိရတော- ညှဥ်းဆဲမှု၌ ပျော်မွေ့သော၊ မဂေါ- သားတိရစ္ဆာန်သဖွယ် မိုက်သောသူသည်၊ စေ ဟောတိ- အကယ်၍ ဖြစ်ငြားအံ့၊ တဿ ဇီဝိတံ- ထိုသူ၏ အသက်ရှင်ခြင်းသည်၊ ပါပိယော- အထူးသဖြင့် ယုတ်ညံ့လှပါပေသည်၊ အတ္တနော ရဇံ- မိမိ၏ကိလေသာ အညစ်အကြေးကို၊ ဝဍ္ဎေတိ- ပွားစေပါသည်။ (ရဟန်းပင် ဖြစ်ငြားသော်လဲ အပြောကြမ်း၍ ညှဥ်းဆဲတတ်သောသူ၏ အသက်ရှင်ခြင်းဟာ ယုတ်ညံ့သည်၊ အသက်ရှင်နေသလောက် ကိလေသာကိုလဲ ပွားစေတတ်သည်၊ ထို့ကြောင့်လဲ ယုတ်ညံ့သည်လို့ ဆိုလိုပါတယ်။)

[ဒုတိယအကြိမ်]

၃။ ကလဟာဘိရတော ဘိက္ခု၊
မောဟဓမ္မေန အာဝုတော။
အက္ခာတမ္ပိ န ဇာနာတိ၊
ဓမ္မံ ဗုဒ္ဓေန ဒေသိတံ။

ကလဟာဘိရတော ဘိက္ခု-ငြင်းခုံခြင်း၌ ပျော်မွေ့သော ရဟန်းသည်၊ မောဟဓမ္မေန အာဝုတော- မောဟတရားက ပိတ်ဆို့ထားသည်ဖြစ်၍၊ ဗုဒ္ဓေန ဒေသိတံ ဓမ္မံ- ဘုရားဟော တရားစစ်ကို၊ အက္ခာတမ္ပိ- တတ်သိသူက ဟောပြအပ်သော်လည်း၊ န ဇာနာတိ- မသိပဲ သဘောမကျပဲ ရှိတတ်ချေသည်။ (ကပိလရဟန်းအား ရဟန်းကောင်းများက ဟောပြ ပေမယ့် ဘုရားဟောတရားစစ် တရားမှန်ကို သူက သဘောမကျ နားမလည်ခဲ့ဘူး၊ လက်မခံဘူးတဲ့၊ ယခုနေအခါလဲ သတ်ပဋ္ဌာန် ဒေသနာတော် စသည်နှင့်အညီ ကိုယ်တွေ့အဖြစ်ဖြင့် ကျကျနန ဟောပြနေပေမယ်လို့ သဘောမပေါက် နားမလည်ကြ လက်မခံနိုင်ကြတာတွေရှိတယ်၊ အထူးသတိပြုစရာပါပဲ။)

၄။ ဝိဟေသံ ဘာဝိတတ္တာနံ၊
အဝိဇ္ဇာယ ပုရက္ခတော။
သံကိလေသံ န ဇာနာတိ၊
မဂ္ဂံ နိရယဂါမိနံ။

[ဒုတိယအကြိမ်]

ဘာဝိတတ္တာနံ- ပွားစေအပ်ပြီးသော မဂ်ဖိုလ်စိတ် ရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို၊ ဝိဟေသံ- သင်တို့ပြောတာ မမှန်ဘူး၊ သင်တို့က ဘာမျှမသိဘူး စသည်ဖြင့် ကြိမ်းမောင်းညှဉ်းဆဲမှုကို၊ နိရယဂါမိနံ မဂ္ဂံ သံကိလေသံ-ငရဲရောက်စေမည့် လမ်းကြောင်းကိလေသာဟူ၍၊ အဝိဇ္ဇာယ ပုရက္ခတော- အမှားသိ အဝိဇ္ဇာက ရှေ့ဆောင်အပ်သည်ဖြစ်၍၊ န ဇာနာတိ- မသိပဲရှိနေချေသည်။ (ဝိဟေသံ ဝိဟေသန္တော- ဟူ၍လည်းကောင်း၊ ဝိဟေသံ ကရောန္တော-ဟူ၍လည်းကောင်း၊ အဋ္ဌကထာ၌ ဖွင့်ထားသည်၊ အရှင်သောမန စသော ရဟန္တာတို့ကို ကြိမ်းမောင်းညှဉ်းဆဲမှုကို ငရဲကျရောက် စေတတ်သည့် အကုသိုလ်ဖြစ်ကြောင်း ကပိလ ရဟန်းက မသိ၊ ဘာကြောင့်လဲဆိုယင် အလွဲသိအဝိဇ္ဇာက ခေါင်းဆောင် နေသောကြောင့်ဟု ဆိုလို၏)။

၅။ ဝိနိပါတံ သမာပန္နော၊
ဂဗ္ဘာ ဂဗ္ဘံ တမာ တမံ။
သ ဝေ တာဒိသကော ဘိက္ခု၊
ပေစ္စ ဒုက္ခံ နိဂစ္ဆတိ။

သ- သော- ထိုသို့ ငရဲကျစေသော အကုသိုလ်ကိုမသိသော၊ တာဒိသကော ဘိက္ခု- ထိုကပိလ ကဲ့သို့သော ရဟန်းသည်၊ ဝိနိပါတံ သမာပန္နော- ပျက်စီးကျရာ အပါယ်ဘုံသို့ ရောက်လျက်၊ ဂဗ္ဘာ ဂဗ္ဘံ- အမိဝမ်းတခုမှ ဝမ်းတခုသို့ရောက်လျက်၊ တမာ တမံ- အမှောင်ဘဝတခုမှ အမှောင်ဘဝတခုသို့ ရောက်

လျက်၊ ပေစ္စ- နေ့ာင်ဘဝ၌၊ ဝေ- စင်စစ်- ဒုက္ခံ နိဂစ္ဆတိ- ဆင်းရဲသို့ ရောက်ရလေတော့သည်။

၆။ ဂူထကူပေါ ယထာ အသာ၊
သမ္ဗုဏ္ဏော ဂဏာဝသိကော။
ယော စ ဝေရူပေါ အသာ၊
ဒုပ္ပိသောခော ဟိ သာင်ဏော။

ဂဏာဝသိကော-နှစ်ပေါင်းများစွာတည်လျက်၊ သမ္ဗုဏ္ဏော-မစင်ပြည့်နေသော၊ ဂူထကူပေါ- အိမ်သာ တွင်းကြီးသည်၊ ဒုပ္ပိသောခော အသာ ယထာ- ဆေးကြောသုတ်သင်ရန် ခဲယဉ်းသကဲ့သို့၊ ယော စ- အကြင်ရဟန်းသည်လည်း၊ ဝေရူပေါ- ဤကပိလကဲ့သို့ သဘောရှိသည်၊ အသာ-ဖြစ်ငြားအံ့၊ သော- ထိုရဟန်းသည်၊ သာင်ဏော- အကုသိုလ် အညစ် အကြေး များလှသည်ဖြစ်၍၊ ဒုပ္ပိသောခော ဟိ- သန့်ရှင်းစင်ကြယ်စေရန် ခဲယဉ်းသည်သာတည်း။

၇။ ယံ ဝေရူပံ ဇာနာထ၊
ဘိက္ခဝေါ ဂေဟနိဿိတံ။
ပါပိစ္ဆံ ပါပသင်္ကပ္ပံ၊
ပါပအာစာရဂေါစရံ။

၈။ သဗ္ဗေ သမဂ္ဂါ ဟုတွာန၊
အဘိနိဗ္ဗဇ္ဇယာထ နံ။
ကာရဏ္ဍဝံ နိဒ္ဓမထ၊
ကသမ္ဗုံ အပကဿထ။

[ဒုတိယအကြိမ်]

ဘိက္ခဝေ - ရဟန်းတို့၊ တုမ္ဟေ - သင်တို့သည်၊ ဝေရူပံ-ဤကပိလ ကဲ့သို့ သဘောရှိသော၊ ယံ - အကြင် ရဟန်းကို၊ ဂေဟနိဿိတံ-နေအိမ်နှင့် အလားတူသော ကာမဂုဏ်ကို မှီနေသည်ဟူ၍ လည်းကောင်း၊ ပါပိစ္ဆံ-မရှိသောဂုဏ်ဖြင့် ထင်ရှားစေလိုသည့် အလိုဆိုးရှိသည်ဟူ၍ လည်းကောင်း၊ ပါပသင်္ကပ္ပံ-ကာမဝိတက် စသော ယုတ်မာသည့် အကြံဆိုး ရှိသည်ဟူ၍ လည်းကောင်း၊ ပါပအာစာရဂေါစရံ-ယုတ်မာသော အကျင့် ယုတ်မာသော ကျက်စားရာရှိသည်ဟူ၍လည်းကောင်း၊ (သတ်ခြင်း ခိုးခြင်း လိမ်ခြင်း စသော ဒုစ္စရိုက် ၁၀-ပါးကိုလဲ ယုတ်မာသော အကျင့်ဟု ဆိုသည်၊ မိမိအား ကြည်ညို ခင်မင်အောင် မြူဆွယ်သည့်အနေဖြင့် ဝါးပေးခြင်း သစ်ရွက် ပန်း သစ်သီး စသည်ကိုပေးခြင်း စသော အကျင့်ကိုလဲ ယုတ်မာသော အကျင့်ဟုဆိုသည်၊ ပြည့်တန်ဆာမ မုဆိုးမ အပျိုကြီး ပဏ္ဍုက် ဘိက္ခုနီ သေရည်ဆိုင်တို့၌ ရင်းရင်းနှီးနှီး သွားလာနေလျှင် ထိုဌာနများကို ယုတ်မာသော ကျက်စားရာဟု ဆိုသည်။) ဇာနာထ-အသိအမှတ်ပြုကြရာ၏၊ ဝါ-သိကြပါမူ၊ သဗ္ဗေ သမဂ္ဂါ ဟုတွာန-အားလုံးတို့ပင် အညီအညွတ် ဖြစ်ကြ၍၊ နံ-ထိုယုတ်မာသော ရဟန်းကို၊ အဘိနိဗ္ဗဇ္ဇယာထ - ကြဉ်ကြ ပယ်ထုတ်ကြကုန်လော့၊ ကာရဏ္ဍဝံ - အညစ် အကြေး သဖွယ် ဖြစ်သော ထိုရဟန်းကို၊ နိဒ္ဓမထ-ပယ်ရှင်းထုတ်ပစ်ကြကုန်လော့၊ ကသမ္ဗုံ-အမှိုက်သဖွယ်ဖြစ်သော ထိုရဟန်းကို၊ အပကဿထ-ဖယ်ထုတ်ကြကုန်လော့။

[ဒုတိယအကြိမ်]

(ဤသည်ကား မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်သော ဝိနည်းတော် တရားတော်နှင့် မညီပဲ အကျင့်ပျက်နေသူကိုသာ ကြဉ်ထုတ်ပယ်ရှားရန် ညွှန်ကြားသောသြဝါဒဖြစ်သည်၊ ဝိနည်းတော် တရားတော်တို့နှင့်အညီ ကျင့်နေသောရဟန်းကောင်းကိုမူ ကြဉ်ရန် ညွှန်ကြားခြင်းမရှိပါ၊ ဤအချက်ကို အလေးအနက် သတိပြုသင့်လှပါသည်။)

၉။ တတော ပလာပေ ဝါဟေထ၊
အဿမဏေ သမဏမာနိနေ။
နိဒ္ဓမိတွာန ပါပိစ္ဆေ၊
ပါပအာစာရဂေါစရေ။

၁၀။ သုဒ္ဓါ သုဒ္ဓေဟိ သံဝါသံ၊
ကပ္ပယျဝှေါ ပတိဿတာ။
တတော သမဂ္ဂါ နိပကာ၊
ဒုက္ခဿန္တံ ကရိဿထ။

ယတော-ထို့ကြောင့်၊ အဿမဏေ-ရဟန်းအစစ် မဟုတ်ကြပါပဲ၊ သမဏမာနိနေ - သက်န်းဝတ်ထားရုံမျှဖြင့် ရဟန်းဟုတ်ယောင် မာန်ထောင်နေကြသော၊ ပလာပေ - ရဟန်းအဖြစ်ကင်းသည့် စပါးဖျဉ်းတို့ကို၊ ဝါဟေထ-ထုတ်ပစ်ကြကုန်လော့၊ ပါပိစ္ဆေ-ယုတ်မာသည့် အလိုဆိုး ရှိကုန်သော၊ ပါပ-အာစာရဂေါစရေ - ယုတ်မာသည့် အကျင့်လဲရှိကြ, ယုတ်မာသည့် ကျက်စားရာလဲ ရှိကြကုန်သော ပုဂ္ဂိုလ်တို့ကို၊ နိဒ္ဓမိ-တွာန - ပယ်ရှင်းထုတ်ပစ်ကြပြီး၍၊ သုဒ္ဓါ - စင်ကြယ်ကြသော

ရဟန်းတို့သည်၊ ပေတိဿတာ အချင်းချင်း ရှိသေကြကုန်လျက်၊ သုဒ္ဓေဟိ - စင်ကြယ်ကြသော ရဟန်းတို့နှင့်၊ သံဝါသံ-ပေါင်းသင်းဆက်ဆံခြင်းကို၊ ကပ္ပယေ့ါ-ပြုကြကုန်လော့၊ တတော-ထိုသို့ ပြုသောအခါ၌၊ သမဂ္ဂါ - အယူသီလ တူညီကြသဖြင့် အချင်းချင်း ညီညွတ်ကြကုန်သည်ဖြစ်၍၊ နိပကာ - ဉာဏ်ပညာ ရင့်ကျက်ကုန်လျက်၊ ဒုက္ခဿ-ဆင်းရဲဟူသမျှ၏ အန္တံ အဆုံးဖြစ်သော အရဟတ္တဖိုလ် နိဗ္ဗာန်ကို၊ ကရိဿထ-ပြုကြ, ရကြပါလိမ့်မည် တဲ့။

အဲဒါဟာ မြတ်စွာဘုရားဟောသွားတဲ့ ကပိလသုတ်တရားတော် အပြည့်အစုံပါပဲ။ အဲဒီတရား နာကြရပြီးတော့ ကပိလငါးကို ဖမ်းလာကြတဲ့ တံငါသည်တို့ သားဖြစ်သူတွေ ငါးရာဟာ သာသနာတော်မှာ ဝင်ရောက် ရဟန်းပြုကြ ပြီးလျှင် တရားကျင့်သုံးကြသဖြင့် မကြာမီပင် ရဟန္တာ ဖြစ်ကြကြောင်း အဲဒီသုတ်အဖွင့် အဋ္ဌကထာမှာ ပြဆိုထားပါတယ်။

## နိဒါနဝဂ္ဂသံယုတ် ပါပဘိက္ခုသုတ် (နှာ-၄၅၁)

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ်က အရှင်လက္ခဏနှင့် အရှင် မဟာမောဂ္ဂလာန်တို့ဟာ ဂိဇ္ဈကုဋ်တောင်ပေါ်၌ သီတင်းသုံးနေကြပါသတဲ့။ တနေ့သောအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ဟာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံရန် အရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာတယ်၊ အဲဒီလို ဆင်းလာစဉ်မှာ တနေရာ၌

[ဒုတိယအကြိမ်]

အရှင်မဟာမောဂ္ဂလာန်က ပြုံးတော်မူတယ်၊ အဲဒီလို ပြုံးတာကို မြင်ရတော့ အရှင်လက္ခဏက ဘာကြောင့် ပြုံးပါသလဲလို့ မေးတယ်၊ ယခုတော့ ဖြေကြားဖို့ အချိန်မကျသေးပါဘူး၊ မြတ်စွာဘုရားထံတော်ကျမှ မေးပါလို့ အရှင်မဟာမောဂ္ဂလာန်က ပြန်ကြားတယ်။

အရှင်လက္ခဏနှင့် အရှင်မဟာမောဂ္ဂလာန်တို့ဟာ ဆွမ်းခံပြီးတော့ ဆွမ်းကိစ္စလဲ ပြီးတဲ့အခါ မြတ်စွာဘုရားထံ လာရောက်ကြတယ်၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးသင့်လျော်တဲ့ နေရာမှာ ထိုင်နေကြတယ်။ အဲဒီအခါ အရှင်လက္ခဏက "ငါ့ရှင် မောဂ္ဂလာန်၊ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာကြစဉ်က တနေရာမှာ ငါ့ရှင်က ပြုံးတယ်၊ အဲဒါ ဘာ့ကြောင့်ပါလဲ"လို့ မေးပါတယ်။ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က ဒီလို ဖြေကြားတော်မူပါတယ်။

အာဝုသော - ငါ့ရှင် လက္ခဏ၊ ဣဓ - ဤဥာနန္ဒ၊ (ဤပုဒ်ဟာ စကားချောမောအောင် ပြောရိုးပြောစဉ်မျှ ဖြစ်ဖွယ်ရှိပါတယ်၊ အနက်ထူးတော့ ပြစရာမရှိပါ။) အဟံ-ငါသည်၊ ဂိဇ္ဈကူဋာပဗ္ဗတာ - ဂိဇ္ဈကုဋ်တောင်မှ၊ ဩရောဟန္တော - ဆင်းလာစဉ်၊ ဝေဟာသံ ဂစ္ဆန္တံ-ကောင်းကင်တို့ဖက်သွားနေသော ဝါ - ကောင်းကင်ထဲ၌ သွားနေသော၊ ဘိက္ခုံ - ရဟန်းကို၊ အဒ္ဒသံ - မြင်ခဲ့ပါသည်၊ တဿ - ထိုရဟန်း၏၊ သံဃာဋိပိ-သက်န်းသည်လည်း၊ (သင်းပိုင်ရော ကောသိရော သာမန်သင်္ကန်းကို ဆိုလို၏၊) အာဒိတ္တာ - မီးရဲရဲ တောက်လောင် နေသည်၊ သမ္ပဇ္ဇလိတာ-မီးရောင်တောက်လျက်ရှိသည်၊ သဇောတိဘူတာ-

[ဒုတိယအကြိမ်]

မီးရောင်ရှိနေသည်၊ ပဋ္ဌောဝပိ- သူ့ပွေ့ပိုက်ထားသော သပိတ် သည်လည်း အာဒိတ္တော သမ္ပဇ္ဇလိတော သဇောတိဘူတော- မီးရဲရဲ တောက်လောင်လျက် မီးရောင်တောက်လျက် မီးရောင် ရှိနေသည်၊ ကာယဗန္ဓနမ္ပိ- သူ့ခါးပန်းကြိုးသည်လည်း၊ ကာ- ယောပိ- သူ့ကိုယ်သည်လည်း၊ အာဒိတ္တော- မီးရဲရဲ တောက် လောင်လျက်မီးရောင်တောက်လျက် မီးရောင်ရှိနေသည်၊ သော- ထိုရဟန်းသည်၊ အဋ္ဌဿရံ- ပူလောင်နာကျင်လှသဖြင့် ငိုယို မြည်တမ်းသောအသံကို၊ ကရောတိ-ပြုနေ၏၊ အာဝုသော- ငါ့ ရှင်၊ တဿ မယှံ- ထိုရဟန်းကို မြင်ရတွေ့ရသော ငါ့မှာ၊ စေ- တသော- ဤသို့သော စိတ်အကြံ ဖြစ်ခဲ့ပါသည်၊ အစ္ဆရိယံ- ဝတ ဘော- အချင်းတို့ အံ့ဩစရာကောင်းလှပါတကား၊ အ- ဗ္ဘုတံ ဝတ ဘော- အချင်းတို့ မဖြစ်စဘူး ထူးလှပါတကား၊ ဧဝရူပေါပိ နာမ သတ္တော ဘဝိဿတိ- ဤသို့သော သတ္တ ဝါတောင်မှ ဖြစ်လျက်ရှိနေတုံဘိ၏၊ ဧဝရူပေါပိ ယက္ခော ဘဝိ- ဿတိ- ဤသို့သော ပြိတ္တာတောင်မှ ဖြစ်လျက် ရှိနေတုံဘိ၏၊ ဧဝ ရူပေါပိ နာမ အတ္တဘာဝပဋိလာဘော ဘဝိဿတိတိ- ဤသို့သော ရုပ်ကိုယ်ကို ရခြင်းတောင်မှ ရှိနေတုံဘိ၏လို့ စိတ် အကြံ ဖြစ်ပါသတဲ့။

(အဲဒါဟာ "သံသရာဘဝထဲ ကျင်လည်နေတဲ့ သတ္တဝါ ဟာ ဒီလို ဆင်းရဲတဲ့အဖြစ်မျိုးမှ မလွတ်မကင်းနိုင်ဘူး"လို့ ဆင် ခြင်ပြီး သတ္တဝါတွေအပေါ်မှာ ဖြစ်တဲ့ သနားခြင်းကို မှီပြီး သံဝေဂဖြစ်ပုံပါပဲ၊ အရှင်မဟာ မောဂ္ဂလာန်က မိမိမှာတော့

ဒီလိုဆင်းရဲတဲ့ အဖြစ်မျိုးမရှိတော့ဘူး ဆိုတာကိုလဲ ဆင်ခြင်မိပြီးတော့ ဝမ်းမြောက်လို့ ပြုံးမိဘာပါတဲ့။) အဲဒီအခါ မြတ်စွာဘုရားက ဒီလို မိန့်ကြားတော်မူပါတယ်။

ရဟန်းတို့ တပည့်သာဝကတွေဟာ မျက်စိပွင့်လျက် အသိဉာဏ်ဖြစ်လျက် နေကြပါပေစွ- ချီးမွမ်းရခြင်း၏ အကြောင်းကတော့ တပည့်သာဝကမျှ ဖြစ်ပါလျက် ဒီလိုသတ္တဝါကို သိပါပေစွ မြင်ပါပေစွ ငါဟောသည့်တရားအတွက် ကိုယ်တိုင်တွေ့ ...က်သေအဖြစ်ကို ပြုနိုင်ပါပေစွ၊ ငါသည် ဘုရားဖြစ်ခါနီး ညဉ့်သန်းခေါင်ယာမ် ရှေးကပင် ဒီသတ္တဝါကို မြင်ခဲ့ပြီ၊ သို့သော်လဲ မပြောကြားခဲ့သေးပါ၊ ဘာကြောင့်လဲ ဆိုတော့ ငါပြောဟောတာကို မယုံတဲ့သူတွေမှာ အကျိုးမဲ့ဖြစ်ဖို့ ဆင်းရဲဖို့သာ ဖြစ်ဖွယ်ရှိသောကြောင့် ကိုယ်တိုင်တွေ့ သက်သေမရှိမီ ရှေးကာလက မပြောကြားခဲ့ပဲ ရှိသည်။ (အလွယ်တကူ သိနားလည်ရအောင် ပါဠိမပါပဲ ဗမာစကား သက်သက်ဖြင့် ပြဆိုခဲ့ပါသည်၊ ယခု ပါဠိပါ ပြဆိုပါမည်။)

ဘိက္ခဝေ- ရဟန်းတို့၊ သော ဘိက္ခု- ထိုရဟန်းသည်၊ ကဿပဿ သမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ- ကဿပဘုရား၏ သာသနာ၌၊ ပါပဘိက္ခု အဟောသိ-ယုတ်မာသော ရဟန်းဖြစ်ခဲ့၏၊ သော- ထိုရဟန်းသည်၊ တဿ ကမ္မဿ ဝိပါကေန- ထိုယုတ်မာသော အကျင့်ကံ၏ အကျိုးအဖြစ်ဖြင့်၊ ဗဟူနိ ဝဿာနိ-များစွာသော နှစ်တို့ပတ်လုံး၊ ဗဟူနိ ဝဿသတာနိ ဗဟူနိ-ဝဿသဟဿာနိ ဗဟူနိ ဝဿသတသဟဿာနိ-အနှစ်ရာပေါင်း

[ဒုတိယအကြိမ်]

များစွာ ထောင်ပေါင်းများစွာ သိန်းပေါင်းများစွာတို့ ကာလပတ်လုံး၊ နိရယေ ပစ္စိတွာ- ငရဲ၌ အပူလောင် ခံခဲ့ရပြီး၍၊ တဿေဝ ကမ္မဿ ဝိပါကာဝသေသေန- ထိုကံ၏ပင်လျှင် အကျိုးကြွင်းအဖြစ်ဖြင့်၊ ဧဝရူပံ အတ္တဘာဝပဋိလာဘံ ဤသို့သော ရုပ်ကိုယ်ကို ရနေခြင်းကို၊ ပဋိသံဝေဒယတိ- ခံစားနေရချေသည်—လို့ မြတ်စွာဘုရားက ဖော်ပြ ဟောကြားတော်မူပါသည်။

အဲဒီမှာ အဋ္ဌကထာကလဲ ဒီလို ဖွင့်ပြထားပါသေးတယ်။

ပါပဘိက္ခူတိ- ပါပဘိက္ခုဟူသည်မှာ၊ လာမကဘိက္ခု- ယုတ်ညံ့သော ရဟန်းတည်း၊ သော - ထိုရဟန်းသည်၊ လောကဿ- လူအပေါင်း၏၊ သဒ္ဓါဒေယျ-ရဟန်းမြတ်တို့အား ပေးလှူခြင်းကြောင့် နတ်လူချမ်းသာ များစွာသောအကျိုးကို ရပေလိမ့်မည်ဟုယုံကြည်၍ ပေးလှူအပ်ကုန်သော၊ စတ္တာရော ပစ္စယေ- ပစ္စည်းလေးပါးတို့ကို၊ ပရိဘုဉ္ဇိတွာ- သုံးဆောင်၍၊ ကာယ-ဝစီဒွါရေဟိ- ကိုယ်နှင့်နှုတ်ဟူသောဒွါရတို့ဖြင့်၊ အသံယတော- မစောင့်စည်းမူ၍၊ ဘိန္နာဇီဝေါ- မတရားသဖြင့် ပစ္စည်းကိုရှာကာ အသက်မွေးမှုအကျင့်လဲ ပျက်သည်ဖြစ်၍၊ စိတ္တကေဠိံ- ကီဠန္တော ဝိစရိ-စိတ်၏ပျော်ပါးကစားခြင်းကိုပြုလျက် နေထိုင်ခဲ့လေသည်၊ (စိတ်ဖြင့် ပြုလိုရာကို ပြုလုပ်လျက် နေခဲ့သည်ဟု ဆိုလိုပါတယ်။) တတော- ထိုရဟန်းဘဝမှ နောက်ကာလ၌၊ ဧကံ ဗုဒ္ဓန္တရံ- ဘုရားနှစ်ဆူတို့၏ အကြား ကာလ တခုလုံး၊ (ကဿပဘုရား လက်ထက်မှ ယခု ဂေါတမဘုရား လက်ထက်

အထိလို့ ဆိုလိုပါတယ်)၊ နိရယေ ပစ္စိတွာ- ငရဲ၌ အပူလောင်ခံခဲ့ရပြီး၍၊ ပေတလောကေ- ပြိတ္တာလောက၌၊ နိဗ္ဗတ္တန္တော- ဖြစ်လတ်သော်၊ ဘိက္ခုသဒိသေနေဝ အတ္တဘာဝေန- ရဟန်းပုံစံနှင့်တူသော ရုပ်ကိုယ်အသွင်ဖြင့်သာလျှင်၊ နိဗ္ဗတ္တိ- ဖြစ်နေခဲ့လေသည်၊ ဘိက္ခုနီ သိက္ခမာန သာမဏေရ သာမဏေရီ ဝတ္ထုသုပ်-ဘိက္ခုနီပြိတ္တာ သိက္ခမာန်ပြိတ္တာ သာမဏေပြိတ္တာ သာမဏေရီပြိတ္တာ အကြောင်းအရာ တို့၌လည်း၊ အယမေဝ ဝိနိစ္ဆယော- ဤအဆုံးအဖြတ်ကိုပင် သိအပ်၏—တဲ့။

ယခု ပါဠိအနက် အပြည့်အစုံပြခဲ့တာဟာ ယုတ်မာသော ရဟန်းက ငရဲကျပြီးနောက် ပြိတ္တာဖြစ်နေပုံပဲ၊ အဲဒီပြိတ္တာကို သာမန်ပုဂ္ဂိုလ်တွေတော့ မမြင်ရဘူး၊ အရှင်လက္ခဏ ဆိုတဲ့ ရဟန္တာတော်င် မမြင်ရဘူး၊ အဲဒီပြိတ္တာဟာလဲ တယောက်ထဲ ဟုတ်မှာမဟုတ်ဘူး၊ ကဿပဘုရားလက်ထက်က အကျင့်ပျက်ခဲ့တဲ့ ရဟန်းတွေ ရှိသလောက် ပြိတ္တာတွေလဲ အများကြီး ရှိမှာပါပဲ။

ထို့အတူပင် ရဟန်းမပြိတ္တာကိုလဲ မြင်ရပြီးအရှင်မောဂ္ဂလာန်က ပြုံးလို့ မေးတာဖြေတာလဲ နည်းတူပင်ရှိပါတယ်၊ ရဟန်းမပြုရန်ကျင့်ဆဲ သိက္ခမာန်မှ ဖြစ်လာတဲ့ ပြိတ္တာ၊ ရှင်သာမဏေက ဖြစ်လာတဲ့ ပြိတ္တာ၊ ရှင်သာမဏေမက ဖြစ်လာတဲ့ ပြိတ္တာ အကြောင်းများ ကိုလဲ သံယုတ်ပါဠိ ပါရာဇိကဏ်ပါဠိ တို့၌ နည်းတူပင် ပြထားပါတယ်၊ အဲဒီလို ပြိတ္တာတွေလဲ များမည့် လက္ခဏာရှိပါတယ်၊ အဲဒီရဟန်းဘဝ ရဟန်းမဘဝ စသည်မှ

ငရဲကျရောက်ပြီး ပြိတ္တာ ဖြစ်နေကြရတာ တွေဟာ မြတ်စွာဘုရား၏ ညွှန်ကြား တိုက်တွန်းချက် အတိုင်း တရားအမွေကို ခံယူနိုင်ရန် သီလ သမာဓိ ပညာ အကျင့်တွေကို မကျင့်ကြပဲ အကျင့်ပျက်နေကြလို့ပဲ၊ အထူးအားဖြင့် သီလပျက်နေကြလို့၊ ဓာပိလရဟန်း လိုပင် ဘုရား၏တရားကို မရှိမသေ ပြောဆိုနေကြလို့ပါပဲ၊ ဒါကြောင့် တရားအမွေ အစစ်ကို ခံယူရန်၊ သို့မဟုတ် တရားအမွေအတုကို ခံယူရန် သီလစသော အကျင့်ကို ရိုသေစွာ ကျင့်ကြဖို့ အလွန်အရေးကြီးပါတယ်။

သီလသမာဓိပညာ အကျင့်မြတ်များကို ရိုသေစွာကျင့်ကြ၍ တရားအမွေကို ခံယူနိုင်ကြပါစေ။

ဓမ္မဒါယာဒသုတ် တရားတော်၏ နောက်ဆက်တွဲ

ဤတွင် ပြီး၏။

[ဒုတိယအကြိမ်]

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော် ဘုရားကြီး

## ဟောကြားပြုစုတော်မူသောကျမ်းစာများ


| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၁။ | ဝိပဿနာလမ်းညွှန်ကျမ်း | (၁၃၀၀) |
| ၂။ | ဝိပဿနာရှုနည်းကျမ်း (ပထမ) | (၁၃၀၆) |
| ၃။ | ဓမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း | (၁၃၀၈) |
| ၄။ | ဝိပဿနာရှုနည်းကျမ်း(ဒုတိယ) | (၁၃၀၉) |
| ၅။ | မဟာသတိပဋ္ဌာနသုတ်ပါဠိ-နိဿယ | (၁၃၁၀) |
| ၆။ | မဟာသတိပဋ္ဌာန်တရားတော် (အကျဉ်း ၄-ပိုင်း) | (၁၃၁၃) |
| ၇။ | ၎င်းအကျယ် (ကာယာနုပဿနာပိုင်း) | (၁၃၁၃) |
| ၈။ | ဝေဒနာနုပဿနာ တရားတော် | (၁၃၁၃) |
| ၉။ | နှုတ်ခွန်းဆက် မိန့်ခွန်းတရားတော် | (၁၃၁၄) |
| ၁၀။ | မဟာစည်ဓမ္မဒေသနာဆောင်ပုဒ်များ | (၁၃၁၅) |
| ၁၁။ | ဝိပဿနာ အလုပ်ပေးတရားတော် | (၁၃၁၆) |
| ၁၂။ | ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်ကြီး | (၁၃၁၇) |
| ၁၃။ | ဝိသုဒ္ဓိဉာဏကထာ(ပါဠိ) | (၁၃၁၈) |


[ဒုတိယအကြိမ်]

| ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|
| ကမ္မဋ္ဌာန်း ဘုရားအားထုတ်ရခြင်း အကြောင်း | (၁၃၁၈) |
| ဓမ္မစကြာအသံလွှင့်တရားတော် | (၁၃၁၉) |
| အနတ္တလက္ခဏသုတ်အသံလွှင့်တရားတော် | (၁၃၁၉) |
| ဘဝပြဿနာ | (၁၃၂၀) |
| အင်ဒိုနီးရှား သာသနာပြုမှတ်တမ်း | (၁၃၂၁) |
| ဝိပဿနာ အခြေခံတရားတော် | (၁၃၂၃) |
| ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ | (၁၃၂၄) |
| ဝိသုဒ္ဓိမဂ်မြန်မာပြန် (အခြေခံများနှင့် တကွ ဝိပဿနာပိုင်း) | (၁၃၂၄) |
| အရိယာဝါသ တရားတော် | (၁၃၂၅) |
| မဟာစည် ဝတ်ရွတ်စဉ် | (၁၃၂၆) |
| ဝမ္မိကသုတ် တရားတော် | (၁၃၂၇) |
| ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယ (ပထမ) | (၁၃၂၈) |
| ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ (ဒုတိယ) | (၁၃၂၉) |
| ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ (တတိယ) | (၁၃၂၉) |
| ဝိပဿနာရှုနည်းအကျဉ်းချုပ် | (၁၃၂၉) |
| ပုရာဘေဒသုတ်တရားတော် | (၁၃၂၉) |
| ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယ (စတုတ္ထ) | (၁၃၃၀) |
| ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး (ပထမ) | (၁၃၃၀) |

[ဒုတိယအကြိမ်]

| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၃၂။ | ပဋ္ဌာနသမုဒ္ဒါန် တရားတော်ကြီး(ဒုတိယ) | (၁၃၃၀) |
| ၃၃။ | ဗြဟ္မစိုရ် အသံလွှင့်တရားတော် ၄-ပိုင်း | (၁၃၃၀) |
| ၃၄။ | ဘာရသုတ္တန်တရားတော်ကြီး | (၁၃၃၁) |
| ၃၅။ | ရက်လည်ဆွမ်းအနုမောဒနာတရားတော် | (၁၃၃၁) |
| ၃၆။ | မဟာစည်သတိပဋ္ဌာန်အဖွဲ့လုံးဆိုင်ရာ စည်းမျဉ်းဥပဒေ | (၁၃၃၁) |
| ၃၇။ | ကျောင်းအနုမောဒနာ တရားတော် | (၁၃၃၂) |
| ၃၈။ | လောကဓံတရားတော် | (၁၃၃၂) |
| ၃၉။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (စတုတ္ထတွဲ) | (၁၃၃၃) |
| ၄၀။ | ။ (ပထမတွဲ) | (၁၃၃၄) |
| ၄၁။ | ၂၃-ကြိမ်မြောက်ပူဇော်ပွဲသြဝါဒကထာ | (၁၃၃၄) |
| ၄၂။ | သလ္လေခသုတ်တရားတော်ကြီး (ပထမ) | (၁၃၃၄) |
| ၄၃။ | ။ (ဒုတိယ) | (၁၃၃၅) |
| ၄၄။ | ဟေမဝတသုတ္တန်တရားတော် | (၁၃၃၅) |
| ၄၅။ | ၂၄-ကြိမ်မြောက်ပူဇော်ပွဲသြဝါဒကထာ | (၁၃၃၅) |
| ၄၆။ | ကာမသုတ္တန်တရားတော် | (၁၃၃၅) |
| ၄၇။ | ဒုလ္လဘဝိနည်း သြဝါဒကထာ | (၁၃၃၅) |
| ၄၈။ | ဝိသုဒ္ဓိမဂ် မြန်မာပြန် (ဒုတိယ) | (၁၃၃၆) |
| ၄၉။ | ။ (တတိယ) | (၁၃၃၆) |
| ၅၀။ | မဟာစည် သြဝါဒကထာပေါင်းချုပ် (ငွေရတုသဘင်) | (၁၃၃၆) |


[ဒုတိယအကြိမ်]

| စဉ် | ကျမ်းစာအမည် | စာအုပ်ထွက်ပေါ်သည့်ခုနှစ် |
|---|---|---|
| ၅၁။ | နိဗ္ဗာန်ဆိုင်ရာ တရားတော် | (၁၃၃၆) |
| ၅၂။ | ဓမ္မစကြာတရားတော်ကြီး | (၁၃၃၇) |
| ၅၃။ | ၂၆-ကြိမ်မြောက်ပူဇော်ပွဲသြဝါဒကထာ | (၁၃၃၇) |
| ၅၄။ | သီလဝန္တသုတ္တန်တရားတော် | (၁၃၃၈) |
| ၅၅။ | တုဝဋ္ဋကသုတ်တရားတော် | (၁၃၃၈) |
| ၅၆။ | ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင်တရားတော် | (၁၃၃၉) |
| ၅၇။ | အနတ္တလက္ခဏသုတ်တရားတော် | (၁၃၃၉) |
| ၅၈။ | ဗြဟ္မဝိဟာရတရားတော် | (၁၃၃၉) |
| ၅၉။ | သမ္မာပရိဗ္ဗာဇနီယသုတ်တရားတော် | (၁၃၃၉) |
| ၆၀။ | [illegible]ဝိပဿနာတရားတော် | (၁၃၄၀) |
| ၆၁။ | မ[illegible]ပုတ္တသုတ်တရားတော် | (၁၃၄၀) |
| ၆၂။ | [illegible]သုတ်တရားတော် | (၁၃၄၀) |
| ၆၃။ | မဟာသမယသုံးသုတ်တရားတော် | (၁၃၄၀) |
| ၆၄။ | သာသနာ့ရိပ်သာ ငွေရတုတရားတော် | (၁၃၄၀) |
| ၆၅။ | အနုမောဒနာတရားတော် | (၁၃၄၀) |
| ၆၆။ | ဓမ္မဒါယာဒသုတ်တရားတော် | (၁၃၄၀) |
| ၆၇။ | စူဠဝေဒလ္လသုတ်တရားတော် | (ရိုက်လတ္တံ့) |


[ဒုတိယအကြိမ်]

-၁၆၁၂-

# ဆောင်ပုဒ်များ

၁။ ဓမ္မဒါယာ၊ သုတ်မြတ်မှာ၊ မြတ်စွာဟောမိန့်သည်။
၂။ ငါ့တပည့်တွေ၊ တရားမွေ၊ ခံစေချင်လှသည်။
၃။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်လှသည်။
၄။ တရားအမွေ၊ အစစ်ပေ၊ ၉-ထွေ လောကုတ်ပါ။
၅။ နိဗ္ဗာန်ရည်ငြား၊ ကုသိုလ်များ၊ တရား မွေတုပါ။
၆။ စစ်,တု ၂-ထွေ၊ တရားမွေ၊ ခံစေလိုလှပါ။
၇။ အာမိသမွေ၊ အစစ်ပေ၊ ၄-ထွေ ပစ္စည်းပါ။
၈။ လူ,နတ် သုခ၊ ရည်သန်က၊ ဒါန,သီလ,ဘာ၊
၉။ အာမိသမွေ၊ အတုတွေ၊ မှတ်လေ မွေညံ့သာ၊
၁၀။ ပစ္စည်းမွေမျှ၊ ခံယူက၊ ဒုက္ခ မကင်းပါ။
၁၁။ အိုနာ မစဲ၊ သေမစဲ၊ ဆင်းရဲနေကြမှာ၊
၁၂။ အပါယ်မှလဲ၊ မလွတ်ပဲ၊ ကျမြဲ ကျနေ
၁၃။ သို့ဖြစ်မည်များ၊ င မြင်ထား၊ သနား
၁၄။ ငါ့ဘပည့်တွေ၊ တရားမွေ၊ ခံစေချင်လှ
၁၅။ အာမိသမွေ၊ ပစ္စည်းတွေ၊ ပယ်စေချင်

စာကြည့်တိုက်
စိန်ငှက်ဘားသာပြန်စာပေ